www.burmeseclassic.com

# Sixth Sense

No.27
April.2016

## ဆဋ္ဌမအာရုံ

မဂ္ဂဇင်း




- ပီယသိဒ္ဓိ အစွမ်းထက်ခြင်းများ
- အဆောင်လက်ဖွဲ့ကောင်းဖြစ်လာအောင် စီရင်နည်း
- မှဲ့ပုံရိပ်၊ မှဲ့နိမိတ်နှင့် လူ့သဘော၊ လူ့မနော
- Dream Catcher အသုံးပြု မော်အစီအရင်
- ဝင်ငွေတိုးပွားစေမည့် လာဘ်ခေါ်အစီအရင်
- အိပ်မက်ဆိုးများ စေလွှတ်နိုင်တဲ့ အစီအရင်
- အစီအရင်တစ်ခုရဲ့ အောင်မြင်ခြင်းလျှို့ဝှက်ချက်

www.burmeseclassic.com

www.burmeseclassic.com

Sixth Sense
Publishing House

စေတန်၏တတိယမြောက်စာအုပ်သစ်

# ဝိညာဉ်ဘုံသားများ

ထွက်ပြီ




အလွန် ထူးခြား ဆန်းပြားလှသည့် အကြောင်းအရာကို ရေးသားထားသည့် စာအုပ်သစ်ဖြစ်သည်။ ဝိညာဉ်ဘုံသားများအကြောင်းကို အသေးစိပ် ရေးဖွဲ့ထားပြီး ဩကာသ လောက၊ သတ္တလောက၊ သင်္ခါရလောက ဟူသော လောက သုံးပါးရှိသည့် အနက် သတ္တလောကထဲက လူသား(၈)ယောက် သင်္ခါရလောကထဲကို ရောက်ရှိသွားသည့်အခါ..

ထိတ်လန့်၊ တုန်လှုပ်၊ ကြောက်မက်ဖွယ်ရာများနှင့် တွေ့ကြုံရပုံများကို သင်တို့တစ်ခါမှ မဖတ်ခဲ့ဖူးသည့်ပုံစံဖြင့် ဖတ်ရှုရမည်ဖြစ်ပါကြောင်း။



www.burmeseclassic.com

www.burmeseclassic.com

# EDITOR's LETTER



ဆဋ္ဌမအာရုံ မဂ္ဂဇင်းမှ အထူး အစီအစဉ်အနေဖြင့် အကောင်းဆုံး စာအုပ် (၆)အုပ် ထုတ်ဝေသွားပါမည်။ ယခု အမှတ်စဉ် (၂၆)မှ စတင်၍ (၃၁)အထိ ဖြစ်ပါသည်။

“ဂမ္ဘီရ အသိပညာများ တိုးပွားဖို့ ဆဋ္ဌမအာရုံ မဂ္ဂဇင်း ဖတ်ကြစို့” ဆိုသည့် ဆောင်ပုဒ်ကို ရည်ညွှန်းမည်ဖြစ်ပြီး ဂမ္ဘီရ အတတ်ပညာ၊ ဗဟုသုတများကို ဖော်ညွှန်းသည့် စာအုပ်များ ဖြစ်မည်။

အထူး ဝယ်သိမ်း စာအုပ်ကောင်း ဖြစ်အောင် ဖန်တီး ထားပြီး ပရိသတ်များအနေဖြင့် လက်မလွတ်ရလေအောင် စာအုပ်အရောင်းဆိုင်များတွင် ကြိုတင်မှာကြားပြီး ဝယ်ယူနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# သင့်အတွက် မရှိမဖြစ် ဆောင်ထားသင့်သည့် Dream Catcher များ ဝယ်ယူနိုင်ပြီ



ဖက်ရှင်လည်းကျ၊ လှပဆန်းကြယ်သည့် Dream Catcher များကို ဆောင်ထားပါက အိပ်မက်များကို မှတ်မိစေခြင်း၊ မိမိအပေါ်ကျရောက်လာမည့် ဘေးဆိုးအန္တရာယ်များ၊ မကောင်းကြံစည်ခြင်းများကို Dream Catcher ၏ Spider Web ပင့်ကူအိမ်ကွန်ရက်က ဖမ်းဆီးထားမည်ဖြစ်ပါသည်။

မိမိနေအိမ်၊ အိပ်ခန်း၊ ကားများတွင် အလှဆင်ပစ္စည်းအဖြစ် သာမက အဆောင်အဖြစ်ပါ ဆောင်ထားနိုင်ပါပြီ။

# ဂျူပီတာ အင်းပြားအဆောင်များ ဝယ်ယူနိုင်ပါပြီ


ဂျူပီတာ အင်းပြား အဆောင်အကြောင်းကို ဆဋ္ဌမအာရုံ မဂ္ဂဇင်း အမှတ်(၂၆)တွင် ဖော်ပြထားပြီး လုပ်ငန်းများတွင် ထားရှိပါက လုပ်ငန်းများ တိုးတက် ကြီးပွား အဆင်ပြေခြင်း၊ လာဘ်လာဘ ရှင်သန်ခြင်း၊ အန္တရာယ် ကင်းခြင်းများကို ရရှိနိုင်သည့် ဂျူပီတာ အင်းပြား အဆောင်များ ဝယ်ယူရရှိနိုင်ပါပြီ။



www.burmeseclassic.com


www.burmeseclassic.com

## ငါးထောင့်ကြယ် အဆောင်များ
## "ဆဌမအာရုံ" မဂ္ဂဇင်းတွင် ဝယ်ယူနိုင်ပါပြီ



ငါးထောင့်ကြယ် အဆောင်နှင့် ဆွဲကြိုးကို အစွမ်းသတ္တိ သိပ္ပံသွင်းနည်းကို လည်း "ဆဌမအာရုံ" မဂ္ဂဇင်း အမှတ်စဉ် (၂၆)တွင် ဖော်ပြထားပါသည်။ သင့် အတွက်ကံကောင်းခြင်းအဆောင်လက်ဖွဲ့တစ်ခုအနေဖြင့် ဆောင်နိုင်ပါပြီ။

## ရောင်စုံ ဖယောင်းတိုင်များ
## "ဆဌမအာရုံ" မဂ္ဂဇင်းတွင် ဝယ်နိုင်ပြီ





အစီအရင်များအတွက် အဖြူရောင်၊ အပြာရောင်၊ အဝါရောင်၊ ပန်းရောင်၊ လိမ္မော်ရောင်၊ အနက်ရောင်၊ အစိမ်းရောင်၊ ခရမ်းရောင် ဖယောင်း တိုင်များ ဝယ်ယူနိုင်ပါပြီ။ ဖယောင်းတိုင်စိုက်ရန် Candle Holder ဖယောင်း တိုင်စိုက် ခွက် အလှများလည်း ရရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# အိမ်အရောက် ပို့ဆောင်ပေးမည်

**"ဆဋ္ဌမအာရုံမဂ္ဂဇင်း"** ကို

လစဉ်မှာယူလိုသူ ပရိသတ်များအနေဖြင့်

**ကမ္ဘောဇဘဏ်၊ ပုစွန်တောင်ဘဏ်ခွဲ၊ ရန်ကုန်မြို့၊**

**ဘဏ်အကောင့်နံပါတ် ၀၁၄၁ - ၂၂၀၀ - ၄၃၆၀၇ သို့**

မိမိနှင့် နီးစပ်ရာဘဏ်မှ ငွေလွှဲခနှင့်အတူ မိမိမှာယူလိုသော (၆) လ (သို့) (၁)နှစ်စာအတွက် ငွေလွှဲပေးပို့၍ မှာယူနိုင်ပါသည်။ ငွေလွှဲခကို မှာယူသူဘက်မှ တစ်ပါတည်းပေးချေ၍ ငွေလွှဲပေးပို့ရပါမည်။

**(၆)လ ၂၀၀၀၀ ကျပ်**

**(၁၂)လ ၄၀၀၀၀ ကျပ်**

**ဖုန်း - ၀၉ ၇၃၁ ၇၆၆၅၀** သို့ မိမိ ငွေလွှဲပေးပို့ကြောင်းနှင့် စာအုပ်ပေးပို့ရမည့်လိပ်စာ၊ မှာယူသူ၏ နာမည်နှင့် ဖုန်းနံပါတ်တို့ကို အကြောင်းကြားပေးရပါမည်။

ဘဏ်တွင် ငွေလွှဲပေးပို့မှုရောက်ရှိကြောင်း စစ်ဆေးပြီး ဖော်ပြပါ အချက်အလက်များ ပြည့်စုံပါက စာတိုက်မှတဆင့် အိမ်အရောက် ပို့ဆောင်ပေးပါမည်။ စာတိုက်မှပေးပို့နိုင်သော နေရာတိုင်း ရောက်ရှိပါလိမ့်မည်။

အိမ်အရောက်ပို့ကြိုတင်ငွေပေးမှာယူသူများ

ဆက်သွယ်ရန် –၀၉ ၇၃၁ ၇၆၆၅၀

စာအုပ်ဆိုင်များနှင့်ဖြန့်ချိရေးကိုယ်စားလှယ်များ

ဆက်သွယ်ရန် –၀၉ ၃၀၀ ၅၀၁၆၀



www.burmeseclassic.com

www.burmeseclassic.com

# စာပေမြင့်မှ လူမျိုးတင့်မည်

ဆဋ္ဌမအာရုံ မဂ္ဂဇင်းကို ဖတ်စရာ၊ မှတ်စရာများစွာဖြင့် ဝယ်သိမ်း စာအုပ်ကောင်း တစ်အုပ်ဖြစ်အောင် အထူး ကြိုးစားထားပါသည်၊ လစဉ် လဆန်းပိုင်းတွင် ထွက်ရှိနိုင်အောင် ကြိုးစားပါမည်။

ပရိသတ်များအနေဖြင့် မိမိ ဝယ်ယူနေကျ စာအုပ်ဆိုင်များတွင်လည်း ကြိုတင် မှာကြားထားနိုင်ပါသည်။ ဆဋ္ဌမအာရုံ မဂ္ဂဇင်း၊ ထွက်မည့်ရက်ကို လည်း ကြိုတင် ဖုန်းဆက် မေးမြန်းနိုင်ပါသည်။

သင်သည် ဆဋ္ဌမအာရုံ မဂ္ဂဇင်း ပရိသတ်တစ်ဦး ဖြစ်လျှင် စာပေကို ချစ်မြတ်နိုးသူ၊ စာပေ၏ရသကို ခံစားတတ်သူ၊ စာအစုံ ဖတ်တတ်သူများ ဖြစ်ကြပါစေ။ စာအုပ်၊ စာပေ လူ့မိတ်ဆွေ - စာပေမြင့်မှ လူမျိုးတင့်မည်။

ဆဋ္ဌမအာရုံ မဂ္ဂဇင်း
အယ်ဒီတာအဖွဲ့

Sixth Sense
Publishing House

**ဆဋ္ဌမအာရုံ စာပေတိုက်**

အမှတ်(၁၇၀-၁၇၂)၊ ဒုတိယထပ်၊ လမ်း(၅၀)အထက်၊ ပုစွန်တောင် မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၇၃၁၇၆၆၅၀

www.burmeseclassic.com

www.burmeseclassic.com

Sixth Sense သဘောအကြံ

# Contents

No.27, APRIL , 2016

မီးခိုးရောင် လောကီပညာရပ် (၂၇) ၃၀

ခေတ်သစ်ကို

အဘဇင်ယော်နီပြောသော ဂမ္ဘီရနည်းလမ်းများ ၅၅

ဂမ္ဘီရ ဆရာပြည့် (ကသာမြေ)

ပီယ သိဒ္ဓိ အစွမ်းထက် အင်းများ ၆၀

ဝေယံဘုန်းပြည့်

ငပဲ ခြောက်သည် ၈၂

လူရှိန်အောင်

ထူးခြားဆန်းပြား ဂမုန်းပင်များ ၁၁၅

မင်းလက်ဝဲ

## ထူး ဆန်း ထွေ လာ အံ့ ဖွယ် စီ ရင် နည်း များ

Dream Catcher အသုံးပြု မှော်အစီအရင် ၁၄

ဝင်ငွေတိုးပွားစေမည့် လာဘ်ခေါ်အစီအရင် ၁၈

အဆောင်လက်ဖွဲ့ကောင်း ဖြစ်လာအောင် စီရင်နည်း ၂၀

အိပ်မက်ဆိုးများ စေလွှတ်နိုင်တဲ့ အစီအရင် ၂၇

အစီအရင်တစ်ခုရဲ့ အောင်မြင်ခြင်းလျှို့ဝှက်ချက် ၂၈



www.burmeseclassic.com

www.burmeseclassic.com

# Contents Contents Contents

No.27, APRIL , 2016


| | |
|---|---|
| ရိုဝ်၊ မွဲနမိတ်နှင့် လူ့သဘော၊ လူ့မနော | ၁၂၅ |
| င်းသင်္ကြံဝင်း | |
| တ်ပြီး၊ မားပြီး | ၁၅၀ |
| ခေါင်မြင့်မား (ဗိုလ်ကလေး) | |
| အစီပန်းတို့နှင့် ပါရမီလမ်းကို ရည်ရွယ် | ၁၇၄ |
| အောင်ငြိမ်း | |
| ၀သစ်တွက်တာ | ၂၀၈ |
| င့်ထူး (ဇေယျာဝတီ) | |
| ဆန်းတွေလာ အဲ့ဖွယ် စီရင်နည်းများ | ၁၃ |
| ခေတ်သစ်ကို | |


## သု တ / ၇ သ ဖြစ် ရပ် ဆန်း ကြယ်


| | |
|---|---|
| ပ်မက်ဖမ်း အခေဆာင် Dream Catcher | ၄၆ |
| တ်သားဟင်းဖြစ်စေတဲ့ ပဥ္စလက်ဆေးမှုန့် | ၁၄၆ |
| ဆိပ်အတွက် အဆိပ်ကျနည်းလမ်းများ | ၁၄၈ |
| င်းခွေချပ်နှင့် နတ်မျက်စိ အကြေးခွံ | ၁၆၄ |
| မာ့ရိုးရာ အာရုဏ်ချိန်မှတ်သားမှုများ | ၁၇၁ |
| ရီးသွားခြင်းဆိုင်ရာ အခါပေး နည်းလမ်း | ၂၀၂ |




www.burmeseclassic.com

www.burmeseclassic.com

# ကလောင်ရှင်သစ်များ ပေါ်ထွက်လာရေး အစီအစဉ်

ဆင့်မအာရုံ မဂ္ဂဇင်းအယ်ဒီတာအဖွဲ့သည် ဂန္ထဝင်ရပ်ဝန်းတွင် ကလောင်ရှင်အသစ်များ မွေးဖွားပေးနိုင်ရေးကို အထူး အလေးထား ပါသည်။ ကလောင်ရှင်သစ်များပါဝင်လက်စွမ်းပြရေးသားနိုင်ရန်နေရာ များကိုလည်း ချန်လှပ်ပေးထားပါသည်။

သာမန်ထက် ထူးခြားဆန်းကြယ်သည့် အဖြစ်အပျက်များ၊ ဂန္ထဝင် ပညာရပ်ဆိုင်ရာ အချက်အလက်များကို ခေတ်အမြင်၊ ခေတ်အတွေးဖြင့် ပေါင်းစပ်ရေးသားသည့် ဝတ္ထု/စာမူကောင်းများကို အမြဲတမ်း တံခါးဖွင့် ကြိုဆိုလျက် ရှိပါသည်။

ပုံနှိပ်ဖော်ပြခံရသည့် ဝတ္ထု/စာမူများကို ကလောင်ပေါင်း၊ ကလောင်သစ်မခွဲခြားဘဲ ထိုက်တန်သည့်စာမူခနှင့်စာအုပ်လက်ဆောင် တို့အား ချီးမြှင့်သွားပါမည်။

ဆင့်မအာရုံမဂ္ဂဇင်း
အယ်ဒီတာအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

# သဒ္ဓမအာရုံ မဂ္ဂဇင်း

## ၏
## ဦးတည်ချက်

ကျွန်ုပ်တို့မဂ္ဂဇင်းသည် အရိုးခံဂမ္ဘီရမဂ္ဂဇင်းတစ်စောင်မဟုတ်ပါ။ "သဒ္ဓမအာရုံစိတ်အဟုန်" ဆိုသည့်ဆောင်ပုဒ်ကို လက်ကိုင်ပြု၍ထူးထွေဆန်းပြားမှုများကို ခေတ်စနစ်နှင့် လိုက်ဖက်ညီအောင် ပုံဖော်ထားသည်၊ ဂမ္ဘီရလောကကို အလုပ်အကျွေးပြုရန် ဦးတည်ချက်ဖြင့် မွေးဖွားလာသည့်ခေတ်မီ ဂမ္ဘီရမဂ္ဂဇင်းတစ်စောင်ဖြစ်သည်။

အစွမ်းထက်သည့်ဂါထာမန္တန်နှင့် လောကီအစီအရင်များ၊ မှော်ဝိဇ္ဇာ၊ စုန်းကဝေနှင့် သဘာဝလွန်စွမ်းအားရှင်များအကြောင်း၊ အတိတ်သမိုင်းတွင်ဖြစ်ပျက်ခဲ့သည့် ဂမ္ဘီရဆန်သောဖြစ်ရပ်များ၊ ဖတ်စရာ ဂမ္ဘီရဝတ္ထုများ၊ သုတ/ရသ ဖြစ်ရပ်ဆန်းကြယ်နှင့်လျှို့ဝှက်အပ်သော ပညာရပ်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများကို တစ်အုပ်ထက် တစ်အုပ် ပိုမိုကောင်းမွန်အောင် အစဉ်အမြဲ ပြောင်းလဲတွင်ဆက်ပါမည်။

ကိုမိုး(တောင်ကြီး)

သဒ္ဓမအာရုံမဂ္ဂဇင်း(အယ်ဒီတာချုပ်)

www.burmeseclassic.com

www.burmeseclassic.com

# ဆွေမအာရုံ မဂ္ဂဇင်း


## ပုံနှိပ်မှတ်တမ်း

အယ်ဒီတာချုပ်
ကိုမိုး(တောင်ကြီး)
အကြံပေးအယ်ဒီတာ
ဦးငွေစိုး၊ ဒေါက်တာမိ
အမှုဆောင် အယ်ဒီတာအဖွဲ့
နွေသင်နိုင်၊ ဝေယံမိုး၊ မိုးထက်မြင့်
အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးမှူး
ဒေါ်ဒွေးဒွေးလှိုင်
ထုတ်ဝေသူ
ကိုမိုး(တောင်ကြီး) {(၀၀၅၀၈)}
ပုံနှိပ်သူ
ဦးကျော်သင်း {(၀၀၆၂၆)}
(သံလွင်ဦး ပုံနှိပ်တိုက်)
မျက်နှာဖုံး ဒီဇိုင်းနှင့် လိုဂို
အောင်မိုး
ပန်းချီ သရုပ်ဖော်
ရဲရင့်နိုင်၊ ဖိုးအောင်၊ လှသစ်အောင်
ကွန်ပျူတာ
ဆွေမအာရုံ ဝိုင်းတော်သားများ
ဖြန့်ချိရေး
ဆွေမအာရုံစာပေတိုက်
အမှတ် (၁၇၀ - ၁၇၂)၊ ဒုတိယထပ်၊ လမ်း(၅၀)အထက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၀ ၅၀ ၁၆၀၊ ၀၉ ၇၃၁ ၇၆၆၅၀။
တန်ဖိုး - ၂၀၀၀ကျပ်



www.burmeseclassic.com


www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


# Dream Catcher အသုံးပြု မှော်အစီအရင်



Dream Catcher လို့ခေါ်တဲ့ အိပ်မက်ဖမ်းအဆင်တန်ဆာဖြင့် အစီအရင်ပြုလုပ်နည်းဖြစ်ပါတယ်။ Dream Catcher ကို အသုံးပြုမှာ ဖြစ်တဲ့အတွက် သင့်မှာ ငှက်မွေး၊ ပုတီးစေ့၊ နွယ်ခွေများနဲ့ ပြုလုပ်ထားတဲ့ Dream Catcher တစ်ခုတော့ ရှိဖို့လိုပါတယ်။

အခု အိပ်မက်ဖမ်း အဆင်တန်ဆာ Dream Catcher နဲ့ သင်ဟာ ကိုယ့်ရဲ့အနာဂတ်ဘဝကို (၃)ရက်အတွင်းခေါ်ယူပြီး ကြည့်ရှုနိုင်ပါတယ်။ တစ်ဦးချင်းစီရဲ့ယုံကြည်မှုနဲ့သက်ဆိုင်ပြီး ဘယ်လိုအစွမ်းပြသလဲဆိုတာ သိချင်ရင်တော့ ဒီအစီအရင်ကို လုပ်ကြည့်ပါ။

အစီအရင်အတွက် လိုအပ်တဲ့ပစ္စည်းများကတော့ -

၁) အနီရောင် ဖယောင်းတိုင်တစ်တိုင်

၂) အဖြူရောင် ဖယောင်းတိုင်တစ်တိုင်

၃) Dream Catcher တစ်ခုတို့ ဖြစ်ပါတယ်။

လိုအပ်တဲ့ပစ္စည်းများရပြီဆိုရင် အနာဂတ်ကို ကြည့်နိုင်ဖို့အတွက် အစီအရင်ကိုတစ်ဆင့်ချင်းစီ လုပ်ဆောင်သွားပါမယ်။

www.burmeseclassic.com

www.burmeseclassic.com





Step (1)

ကိုယ်အစီအရင်လုပ်မယ့် နေရာ(သို့မဟုတ်) အစီအရင် စားပွဲကို အရင်ဆုံးပြင်ဆင်ပါ။ စားပွဲခင်းခင်းတာ၊ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးတာ၊ ဖုန်မရှိအောင် လုပ်ဆောင်တာစသည်ဖြင့် သန့်ရှင်း သပ်ရပ်အောင်လုပ်ပါ။

Step (2)

ပြီးရင် သင်ဝယ်ယူထားတဲ့ Dream Catcher ကို စားပွဲရဲ့ အလယ်တည့်တည့်မှာ တင်လိုက်ပါ။ D.C ရဲ့ ဘယ်ဘက်မှာ အနီရောင် ဖယောင်းတိုင်နဲ့ ညာဘက်မှာ အဖြူရောင် ဖယောင်းတိုင်များကို Candle Holder ဖယောင်းတိုင်ထည့် ခွက်လေးများထဲမှာ ထည့်ပြီး စိုက်ထူထားလိုက်ပါ။

Step (3)

ဖယောင်းတိုင်များကို မီးမညှိခင်မှာ ဒီအစီအရင်၌ ကိုယ်သိလိုတဲ့ အကြောင်းအရာ(သို့မဟုတ်) အနာဂတ်မှာ ဘာတွေတွေ့ရှိနိုင်မလဲ စသည်ဖြင့် မိမိသိလိုတဲ့အကြောင်းအရာများကို စိတ်အာရုံပြုထားလိုက်ပါ။

Step (4)

ပြီးရင်တော့ ဖယောင်းတိုင်အနီ၊ အဖြူတို့ကို အစဉ်လိုက် မီးညှိလိုက်ပါ။ ဒါဆိုရင် သင့်အစီအရင် စတင်ပါပြီ။ ဖယောင်းတိုင်

www.burmeseclassic.com

www.burmeseclassic.com




မီးညှိပြီးရင် Dream Catcher ကို လက်ကကိုင်ပြီး ရွတ်ဆိုရမှာက -

"ကျွန်ုပ် . . ယခုအခါ၌
ကျွန်ုပ်ရဲ့အတွင်းအား
စိတ်စွမ်းအားများကို အသုံးပြုလိုက်သည်၊
အိပ်မက်ဖမ်း အဆောင်မှတဆင့်
ကျွန်ုပ်ကို လမ်းညွှန်မှုပေးနိုင်မယ့်
အိပ်မက်တစ်ခုကို ပေးဆောင်ပါ"လို့ မာန်ပါပါနဲ့ ရွတ်ဆိုလိုက်ရပါမယ်။

**Step (5)**

သင့်မှာ အထူးတလည် ရွေးချယ်စရာ ကိစ္စရပ်တစ်ခုခု (သို့မဟုတ်) သိလိုတဲ့ မေးခွန်းတစ်ခုခု (သို့မဟုတ်) အနာဂတ်အတွက် သိချင်တာ တစ်ခုခုရှိနေမယ်ဆိုရင်တော့ အဲဒီအရာကို သင့်ဦးနှောက်မှတဆင့် ထင်မြင်လာသည်အထိ အာရုံစိုက်ထားပါ။

(ဥပမာ - ခြံရောင်းချင်တယ် ဆိုပါစို့။ အဲဒါကို ထင်မြင်လာအောင် အာရုံစိုက်ပေးဖို့ဖြစ်ပါတယ်) ပြီးရင် ကိုယ်တွေးနေတဲ့ အဲဒီအတွေးအာရုံကို အနီရောင်ဖယောင်းတိုင်ဆီ ရောက်အောင်ပို့လွှတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



Step (6)

သင့်မေးခွန်း (သို့မဟုတ်) အနာဂတ်မှာ သိလိုတဲ့ အကြောင်းအရာကို အနီရောင် ဖယောင်းတိုင်ပေါ်မှာပဲ အာရုံရောက်နေအောင် စူးစိုက်ထားပါ။ (၃)မိနစ်တိတိ အနီရောင် ဖယောင်းတိုင်ကိုပဲ စိုက်ကြည့်ပြီး အာရုံယူနေရမှာ ဖြစ်ပါတယ်။



Step (7)

(၃)မိနစ် အာရုံစူးစိုက်မှုတွေပြီးရင်တော့ သင့်အစီအရင်ဟာ ပြီးဆုံးပါပြီ။ ပြီးရင် ဖယောင်းတိုင်များကို မီးမှုတ်လိုက်ပြီး သင် စားပွဲပေါ်မှာတင်ထားတဲ့ Dream Catcher ကို ယူဆောင်ပြီး သင် အိပ်တဲ့ ခုတင်(သို့မဟုတ်) အိပ်ရာရဲ့အပေါ် အမြင့်တစ်နေရာမှာ ချိတ်ဆွဲထားလိုက်ပါ။

Step (8)

အိပ်မက်ဖမ်းအဆောင် D.C ကနေတဆင့် သင်သိချင်နေတဲ့အကြောင်းအရာ (သို့မဟုတ်) အနာဂတ်မှာ ပြောင်းလဲလာမယ့် ကိစ္စတစ်ခုခုကို (၃)ရက်အတွင်း အိပ်မက်အဖြစ် မြင်မက်စေပြီး အသိပေးပါလိမ့်မယ်။

အိပ်မက်ဖမ်းအဆောင် Dream Catcher ကိုရွေးချယ်ရာမှာ Spider Web ပင့်ကူအိမ်ပုံစံရက်လုပ်ထားတဲ့ D.C ပုံစံမျိုးကိုသာ ရွေးချယ်သင့်ပါကြောင်း ဖော်ပြလိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


# ဝင်ငွေတိုးပွားစေမည့် လာဘ်ခေါ်အစီအရင်



ဒီအစီအရင်ကတော့ ငွေကြေးတွေတိုးပွား၊ ငွေဝင်စေမယ့် လာဘ်ခေါ်အစီအရင်တစ်ခုဖြစ်ပါတယ်။ အစီအရင်အတွက် လိုအပ်တဲ့ပစ္စည်းများကတော့ -

၁) ရှင်သန်နေတဲ့ အိမ်တွင်း အလှဆင်အပင်ငယ်

၂) ငွေအကြွေစေ့တစ်စေ့

၃) နံ့သာရည်(သို့မဟုတ်) အမွှေးရည်တစ်ခုခုတို့ ဖြစ်ပါတယ်။

အိမ်တွင်းအလှဆင်အပင်ငယ်ဆိုတဲ့နေရာမှာ မိမိကြိုက်နှစ်သက်ရာအပင်ငယ်ကို အသုံးပြုနိုင်ပါတယ်။ ဒါပေမယ့် ကိုယ်ဝယ်ယူတဲ့အပင်လေးဟာ ဈေးမဆစ်ဘဲဝယ်ယူထားတဲ့ အပင်လေးဖြစ်ဖို့တော့ လိုအပ်ပါတယ်။

ကျောက်ခက်ပင်မျိုးဆိုရင် ပိုမိုအလုပ်ဖြစ်ပါတယ်။ အဲဒီအပင်ရဲ့မြေကြီးခဲတွေပေါ်ကို အရင်ဆုံး အမွှေးနံ့သာရည်လေးတွေကို ပက်ဖျန်းပေးလိုက်ပါ။ ကိုယ့်စိတ်ထဲကနေလည်း ဒီနေရာမှာရှိနေတဲ့ နတ်ဒေဝတာတွေက ကျွန်ုပ်ရဲ့အစီအရင်အပေါ်ကို အကူအညီတွေပေးကြပါလို့ ဆုတောင်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com




ပြီးရင်တော့ ကိုယ်ရှာဖွေထားတဲ့ ငွေအကြွေစေ့လေးကို ပန်းအိုးထဲက မြေကြီးနဲ့ ပွတ်သပ်ပေးလိုက်ပါ။ ဒီလိုပွတ်သပ်ပေးနေရင်းဖြင့် ပါးစပ်ကနေ -

"မြေဓာတ်ထဲမှာ ဒီငွေအကြွေစေ့လေးကို ကျွန်ုပ်စိုက်ပျိုးမှာ ဖြစ်ပါတယ်။

မြေပေါ်မှာစိုက်ပျိုးထားတဲ့ အပင်ငယ်လေးကြီးထွားလာသလို၊ ကျွန်ုပ်ထည့်သွင်းထားတဲ့ ငွေအကြွေစေ့လေးက ဆင့်ပွား များပြားလာတဲ့ ငွေကြေးတွေဟာလည်း ကျွန်ုပ်ထံသို့ ရောက်ရှိပါစေသား" လို့ ဆုတောင်းပေးပါ။

ပြီးရင်တော့ ကိုယ့်ရဲ့ငွေအကြွေစေ့လေးကို အပင်ရဲ့အောက်ခြေမြေထဲမှာ တစ်ဝက်ခန့်မြှုပ်အောင် နှစ်မြှုပ်လိုက်ပါ။ ငွေအကြွေစေ့ရဲ့ တစ်ဝက်က မြေပေါ်သို့ ထွက်ပေါ်နေပါစေ။ အစီအရင်လုပ်ပြီးရင်ကိုယ်ဟာ အပင်ငယ်လေး ရှင်သန်လာအောင် ရေလောင်းပေးဖို့ပဲ လိုပါတော့တယ်။

ဒီလို စိုက်ပျိုးထားရင်း ငွေဝင်လာခဲ့မယ်ဆိုရင်တော့ မြေပေါ်မှာ တစ်ဝက်မြှုပ်ထားတဲ့ ငွေအကြွေစေ့ကို ချက်ချင်းပြန်ဖော်ပြီး ဒီတစ်ကြိမ်အတွက် သင့်အတွက် ဝင်ငွေအစီအရင်ဟာ ပြီးပြီလို့ သတ်မှတ်ရပါမယ်။ ငွေအကြွေစေ့လေးကိုတော့ ညောင်ပင်ကြီးတစ်ပင်အောက်မှာ မြှုပ်ပေးရပါလိမ့်မယ်။

နောက်ထပ် ငွေအသစ်ဝင်ချင်ရင်တော့ နောက်ထပ်အကြွေစေ့နောက်တစ်စေ့နဲ့ အထက်ပါနည်းအတိုင်း လုပ်ဆောင်ပါ။ ရိုးရှင်းလွယ်ကူပေမယ့် အလွန်အစွမ်းထက်မြက်တဲ့ ငွေကြေးအစီအရင်ကောင်းတစ်ခုဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



# အဆောင်လက်ဖွဲ့ကောင်းဖြစ်လာအောင် စီရင်နည်း



အဆောင်လက်ဖွဲ့ပစ္စည်းများ ဘယ်လိုအစွမ်းထက်အောင် လုပ်ရမလဲဆိုတာ အသီးသီးရှိပါတယ်။ ဒါပေမယ့် ဒီအဆောင်လက်ဖွဲ့ဟာ ကိုယ့်အတွက်၊ ကိုယ့်အဆောင်ဖြစ်လာဖို့ကိုတော့ လုပ်ဆောင်တတ်ဖို့ လိုပါတယ်။ ကိုယ့်အဆောင်ဟာ ကိုယ်နဲ့တစ်သားတည်းဖြစ်နေဖို့ လိုပါတယ်။ ဒါမှသာ အစွမ်းပိုမိုထက်မြက်မှာ ဖြစ်တယ်။

ဘာလို့ ဒီလိုပြောရသလဲဆိုတော့ အကယ်၍ သင်ဟာ အဆောင်လက်ဖွဲ့ပစ္စည်း အသစ်တစ်ခုခုကို အပြင်ဆိုင်တစ်ခုခုက ဝယ်ယူခဲ့တယ်ဆိုပါစို့။ ဒီအဆောင်မှာ မကောင်းတဲ့အရာတွေ ကပ်ငြိနေနိုင်ပါတယ်။

မကောင်းတဲ့အရာတွေဆိုတာက ဒီအဆောင် ပြုလုပ်ရာမှာ ပြုလုပ်နေသူအတွက် မကောင်းတဲ့၊ စိတ်ညစ်စရာ အလွန်ကောင်းတဲ့ နေ့တစ်နေ့ဖြစ်နေတာမျိုး၊ ဒါမှမဟုတ် သင်ဟာ အဆောင်လက်ဖွဲ့တစ်ခုခုကို မှာယူလိုက်တဲ့အခါမှာ လာပို့သူဟာ စိတ်ညစ်နေတာမျိုး စတဲ့ အမျိုးမျိုးသော လူများရဲ့ မကောင်းတဲ့ Bad Energy တွေဟာ အဆောင်ပေါ်မှာ ကပ်ငြိနေတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သင့်ဆီ ရောက်ရှိလာတဲ့ အဆောင်ပစ္စည်း တစ်ခုခုကို ကိုယ့်အဆောင်၊ ကိုယ်နဲ့ တစ်သားတည်း၊ ကိုယ့်အပေါ် ကောင်းချီးပေးမယ့် အဆောင် တစ်ခုဖြစ်လာအောင် ဆောင်ရွက်ပေးရမယ့် အချက်များရှိပါတယ်။



**Step (1)**

အဆောင်ပစ္စည်း တစ်ခုခုရပြီဆိုရင် သင်ဟာ အရင်ဆုံး ဒီအဆောင်ပေါ်ကနေ မကောင်းတဲ့ အညစ်အကြေးများ ကင်းရှင်းသွားအောင်ဖယ်ရှားဖို့ ဒီအဆောင်လေးကို ရေပိုက်ခေါင်းက ရေဖွင့်ချပြီး ခွက်သဏ္ဍာန်ပြုလုပ်ထားတဲ့ သင့် လက်ဖဝါးနှစ်ဘက်ပေါ်မှာ အဆောင်ကို တင်ထားရပါမယ်။

စီးကျနေတဲ့ ရေအလျှင်ဟာ သင့်အဆောင်ပေါ် မှာ ကပ်ငြိလာတဲ့ လူတွေရဲ့မကောင်းတဲ့ အညစ်အကြေး၊ မကောင်းသောစွမ်းအင်များကို ပါသွားစေမှာ ဖြစ်ပါတယ်။ Flow Water ဟာ Negative Emotion တွေကို အကောင်းဆုံး ဖယ်ရှားပေးနိုင်ပါ တယ်။ ဒီလိုလုပ်ဆောင်မှုကို မိနစ် အနည်းငယ်လုပ်ပါ။

**Step (2)**

အဆင့်(၂)မှာ ဒီအဆောင်ကို သန့်သွားအောင်၊ မကောင်းတာတွေ ဖယ်ရှားသွားအောင် ကိုယ့်ကိုစောင့်ရှောက်တဲ့ အစောင့်အရှောက်များက ဖယ်ရှားပေးပါလို့ မျက်စိမှိတ်ပြီး ဆုတောင်းပါ။ မိနစ်အနည်းငယ်ကြာသည်အထိ အဆောင်လေးကို ကိုယ့်လက်ဖဝါးအပေါ်တင်ထားပြီး ကိုယ့်အစောင့်အရှောက်များရဲ့ စွမ်းနဲ့ အဆောင်လေးဟာ စင်ကြယ်သွားပြီ၊ လင်းလက် တောက်ပလာပြီ

www.burmeseclassic.com





လို့ မှတ်ယူပါ။

ပြီးတော့မှ ဒီအဆောင်လေးကို ယူဆောင်ပြီး ရေများကို သန့်စင်တဲ့ အဝတ်တစ်ခုနဲ့ သုတ်လိုက်ကာ အဆောင်ကို အစွမ်းသိဒ္ဓိပြောက်စေဖို့ သက်ဆိုင်ရာမန္တန်ကို ရွတ်ဆိုပေးပါ။

**Step (3)**

အဆောင်မှာ မန္တန်စွမ်းအင် ဝင်ရောက်သွားပါသော်လည်း နောက်ဆုံးအဆင့်မှာ ဒီအဆောင်နဲ့ ကိုယ်ဟာ တစ်သားတည်းဖြစ်ဖို့ဆိုတဲ့ အဆင့်လိုပါတယ်။ ဒီလို ကိုယ်နဲ့တစ်သားတည်းဖြစ်ဖို့ဆိုရင် ဒီအဆောင်ကို ကိုယ့်ကိုကိုယ်မှာ ဝတ်ဆင်ထားပြီး ကိုယ့်အသားနဲ့ ထိထားတာကို (၇)ရက် (သို့မဟုတ်) (၉)ရက်ကြာသည်အထိ လုပ်ဆောင်ပေးပါ။

ခဏတာလောက် ချွတ်ထားခြင်းကလွဲလို့ (၇)ရက် (သို့မဟုတ်) (၉)ရက်အတွင်းမှာ တတ်နိုင်သမျှ ကိုယ့်အသားနဲ့ မကြာခဏ ထိကပ်ပေးဖို့ လိုပါတယ်။

ဒါမှသာ အဆောင်လက်ဖွဲ့ပစ္စည်းတစ်ခုခုဟာ သင့်အတွက် အကျိုးရှိစေတဲ့၊ အစွမ်းထက်မြက်တဲ့၊ ကိုယ့်အပေါ် ကောင်းခြင်းတွေပေးတဲ့ အဆောင်တစ်ခုဖြစ်လာမှာ ဖြစ်ပါတယ်။ ဒီလို (၇)ရက်၊ (၉)ရက် ကိုယ့်အသားနဲ့ထိပြီး ဝတ်ဆင်ထားတုန်းမှာ ဘယ်သူမှ ကိုယ့်အဆောင်ကို "ဘာအဆောင်လေးလဲ . .၊ ဘာလေး ဝတ်ထားတာလဲ" ဆိုပြီး လာရောက်မထိကိုင်ဖို့ လိုပါတယ်။

မတော်တဆ ထိမိကိုင်မိတာမျိုးမှလွဲလို့ စူးစမ်းလိုစိတ်၊ ရည်ရွယ်ချက်ရှိရှိ လာရောက်ကိုင်တာမျိုးဆိုရင် ကိုယ်နဲ့တစ်သား



www.burmeseclassic.com

www.burmeseclassic.com




တည်းဖြစ်ဖို့ လုပ်ဆောင်နေတဲ့ (၇)ရက်၊ (၉)ရက်မှာ လုံးဝ ထိကိုင် ခွင့်မပေးဖို့ လိုပါတယ်။ ဒီလို တခြားသူ တစ်ယောက်ယောက်က ထိကိုင်ခဲ့ရင်တော့ အဆောင်နဲ့ ကိုယ်နဲ့ တစ်သားတည်း မဖြစ်တော့ဘဲ သင့်ရဲ့အဆောင်အစီအရင်ကို အစကနေ ပြန်လုပ်ရပါမယ်။

ဒါကတော့ အဆောင်လက်ဖွဲ့များကို ကိုယ်နဲ့တစ်သားတည်း၊ ကိုယ့်အတွက် အဆောင်ကောင်းဖြစ်လာအောင် လုပ်ဆောင်တဲ့ စီရင်နည်းဖြစ်ပါတယ်။

ဒီအချက်များနဲ့ပတ်သက်လို့ သင်မယုံဘူးဆိုရင် တကယ်လို့ သင်ဟာ ရွှေထည်ပစ္စည်းတစ်ခုခုကို အပေါင်ဆိုင်မှာထားပြီး အပေါင်ဆိုင်ကနေ ပြန်ရွေးယူလာတဲ့အခါ၊ ရေနဲ့ဆေးကြောသန့်စင်ခြင်းများ မပြုလုပ်ဘဲ တန်းဝတ်လိုက်တယ်ဆိုပါစို့။

ဒီပစ္စည်းမှာ မကောင်းတဲ့ အညစ်အကြေးများဟာ ကပ်ငြိနေပြီး ဒီအရာဟာ သင့်ထံမှာ ကြာကြာမနေဘဲ နောက်ထပ် အပေါင်ဆိုင်ရောက်ရင်ရောက်၊ မရောက်ရင် ဒီပစ္စည်းဟာ သင့်ထံကနေ မကြာမတင်မှာပဲ ထွက်သွားမှာ ဖြစ်ပါကြောင်း ဖော်ပြလိုက်ပါတယ်။

ငါးထောင့်ကြယ်အဆောင်ကို သိဒ္ဓိစွမ်းအားသွင်းနိုင်တဲ့ ရှားပါးမန္တန်ကို ဆင္ဌမအာရုံမဂ္ဂဇင်း၊ အမှတ်စဉ်(၂၆)မှာ ဖော်ပြထားပြီး ငါးထောင့်ကြယ်အဆောင်ကို အကာအကွယ်အဆောင်အဖြစ် ဆောင်ကြကြောင်းနဲ့ ငါးထောင့်ကြယ်၊ ပဥ္စဂံကြယ်တံခွန်အကြောင်း အသေးစိပ်ကို ဆဋ္ဌမအာရုံမဂ္ဂဇင်း၊ အမှတ်(၁၆)မှာ ဖော်ပြခဲ့ပြီး ဖြစ်ပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com


# အိပ်မက်ဆိုးများ စေလွှတ်နိုင်တဲ့ အစီအရင်



Dream Catcher လို့ခေါ်တဲ့ အိပ်မက်ဖမ်းအဆောင်ဖြင့် သင့်အပေါ် မကောင်းတဲ့လူ (သို့မဟုတ်) သင့်ရန်သူကို အိပ်မက်ဆိုးများ မက်စေခြင်းဖြင့် အနိုင်ယူတဲ့ စီရင်နည်းတစ်ခုပဲဖြစ်ပါတယ်။

ဒီအဆောင်အပေါ်မှာ ထားရှိတဲ့ သင့်ရဲ့ယုံကြည်မှုအတိုင်း အတာအပေါ် မူတည်ပြီး အခုအစီအရင်က အစွမ်းထက်မြက်စေမှာ ဖြစ်ပါတယ်။ အစီအရင်က ရိုးရှင်းလွယ်ကူလို့ အထင်မသေးသင့်သလို၊ ပေါ့ပေါ့ဆဆလည်း မလုပ်သင့်ပါဘူး။

သင့်ဘက်က အမှန်တကယ် ပြန်လည်အနိုင်ယူချင်မှသာ လုပ်ပါလို့ အကြံပြုချင်ပါတယ်။ အခုအစီအရင်အတွက် လိုအပ်တဲ့ ပစ္စည်းများကတော့ -

၁) သင်မနှစ်သက်သူရဲ့ဓာတ်ပုံ(သို့) ကိုင်ဆောင်ပစ္စည်း


၂) ပြာ (သို့မဟုတ်) ကြပ်ခိုး (သို့မဟုတ်) မှိုင်း

၃) Dream Catcher အပေါ် အကြွင်းမဲ့ ယုံကြည်မှုတို့ ဖြစ်ပါတယ်။

လိုအပ်တဲ့ပစ္စည်းများရပြီဆိုရင် သင့်ဘက်က သင့်ရန်သူ

www.burmeseclassic.com

www.burmeseclassic.com

အပေါ် အလွန် ကြောက်မက်ဖွယ်ကောင်းတဲ့ အိပ်မက်ဆိုးများ ကျရောက်စေအောင် စီရင်ပေမယ့် အချိန်အတိုင်း အတာတစ်ခုမှာ ဒီအရာတွေကို ပြန်လည်ပယ်ဖျက်မယ်ဆိုတဲ့ စိတ်ကိုထားပေးပါ။

သင်ဟာ သူ့ကို ထိတ်လန့်သွားအောင်၊ နောက်နောင် ကိုယ့်အပေါ် ဒုက္ခမပေးတော့အောင် ချောက်လှန့်တဲ့ သဘောမျိုးလောက်သာ သုံးသင့်ပါတယ်။ ဒီထက်တော့ မပိုစေနဲ့လို့ ဆိုပါရစေ။


အစီအရင်စလုပ်တော့မယ်ဆိုရင် သင် အစီအရင်လုပ်မယ့် နေရာဟာ မြေကြီးဖြစ်ဖို့ လိုပါတယ်။ မြေနေရာရှာဖွေရာမှာ ကိုယ်တစ်ယောက်တည်း လွတ်လပ်စွာ ပြုလုပ်နိုင်မယ့် နေရာမျိုးကို ရှာပါ။

ဥပမာ . . ပန်းခြံ (သို့မဟုတ်) လမ်းကြားတစ်ခုခုတို့ကို ရွေးချယ်နိုင်ပါတယ်။ ဒါပေမယ့် လူပြတ်တဲ့နေရာ မဖြစ်ဖို့ရယ်၊ သင့်အတွက် ဘေးကင်းစိတ်ချရမယ့်နေရာမျိုးကို ရွေးပါလို့ အကြံပြုချင်ပါတယ်။

မြေနေရာရပြီဆိုရင် အရင်ဆုံး မြေပေါ်ကို သင့်အပေါ် မကောင်းတဲ့လူ (သို့မဟုတ်) သင့်ရန်သူရဲ့ဓာတ်ပုံကို မြေပေါ်ချလိုက်ပါ။ ပြီးရင် အဲဒီအပေါ်ကနေ သင့်မှာ အဆောင်အဖြစ် ရှိထားတဲ့ သင့်ရဲ့ Dream Catcher ကို ဓာတ်ပုံပေါ်ကနေ ထပ်အုပ်ပြီး ချလိုက်ပါ။

အနေအထားအားလုံး အသင့်ဖြစ်နေပြီဆိုတော့မှ သင် ထုတ်ပိုးယူဆောင်လာတဲ့ ပလတ်စတစ်အိတ်ထဲက ပြာ(သို့မဟုတ်) ကြပ်ခိုးတို့ကို Dream Catcher အပေါ် ဖြူးချလိုက်ရမှာ ဖြစ်ပါတယ်။

www.burmeseclassic.com

ဒီလိုဖြူးချစဉ်မှာ သင့်စိတ်ထဲကနေလည်း ငါဟာ မင်းအတွက် အလွန်ထိတ်လန့်စရာကောင်းတဲ့ အိပ်မက်ဆိုးတွေကို Dream Catcher မှတဆင့်စေလွှတ်လိုက်ပြီလို့ စိတ်ထားပေးရမှာ ဖြစ်သလို၊ အသံထွက်ပြီး မာန်ပါပါနဲ့ ရွတ်ဆိုရမှာကတော့-

"အိပ်မက်ဖမ်းအဆောင် . .
အိပ်မက်ဖမ်းအဆောင်လေး . .
ငါခေါ်တာကို အသင်ကြားပါ။
ငါ့စကားတွေကို တစ်ကြိမ်တစ်ချီထဲနဲ့
ကြားနာပါ။
(မောင်ဖြူ၊ မောင်မဲ စသည်) သူ့ရဲ့
အိပ်မက်အားလုံးဟာ တစ်သက်တာ
ကြောက်ရွံ့ထိတ်လန့်စရာတွေနဲ့
ဖုံးလွှမ်းသွားပါစေ . .
(ကိုယ်ဖြစ်စေလိုတာတွေ ထပ်မံရေရွတ်နိုင်)
Dream Catcher သင်ဟာ ကျွန်ုပ်ရဲ့
တစ်ဦးထဲသော မျက်မြင်သက်သေပါ"လို့ တိုင်တည်ရွတ်ဆိုပေးရမှာ ဖြစ်ပါတယ်။ ပြာတွေကုန်တာနဲ့ သင့်ရဲ့ရွတ်ဆိုမှု ပြီးဆုံးတာကို တိုင်ပင်ကိုက်ခဲ့ရင် သင့်ရဲ့ဒီအစီအရင်ဟာ ပိုမိုပြီးအောင်မြင်ထက်မြက်တာကိုတွေ့ရမှာ ဖြစ်ပါတယ်။

ဒီအစီအရင်ကို (၃)ရက်ဆက်တိုက်လောက် ပြုပ်ပေးရုံနဲ့


www.burmeseclassic.com

www.burmeseclassic.com





သင့်အပေါ် မကောင်းတဲ့လူဟာ အိပ်မက်ဆိုးတွေနဲ့ နပန်းလုံးနေရမှာ ဖြစ်ပါတယ်။ အစီအရင်ကို ဒီနေရာမှာ လုပ်တယ်ဆိုရင် နောက်နေ့မှာလည်း နေရာ မပြောင်း၊ အချိန် မပြောင်းဘဲ အဲဒီနေရာမှာပဲ လုပ်ရမှာ ဖြစ်ပါတယ်။

နေရာပြောင်းခြင်း၊ အချိန်ပြောင်းခြင်းတွေဟာ အစီအရင်ရဲ့ အစွမ်းထက်မြက်မှုကို လျှော့နည်း ကျဆင်းစေပါတယ်။ ဒီနေ့၊ ဒီနေရာ၊ ဒီအချိန်မှာ လုပ်တယ်ဆိုရင် နောက်နေ့မှာလည်း ဒီနေရာ၊ ဒီအချိန်မှာပဲ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဒါက သုတအနေဖြင့် မှတ်သားနိုင်ဖို့ ပြောခြင်းဖြစ်ပါတယ်။

အိပ်မက်ဆိုးအစီအရင်ကို သင်လုပ်ခဲ့ပြီးပြီဆိုရင်တော့ (၃)လလောက်အကြာမှာ ဒီလိုအစီအရင်ပုံစံ၊ အဲဒီနေရာမှာပဲ သူ့ကို ဒီအစီအရင်က ပြန်လည်လွတ်မြောက်စေဖို့ လုပ်ဆောင်ပေးဖို့ လိုပါတယ်။


သင်အစီအရင်လုပ်ခဲ့တဲ့နေရာကိုပဲ ပြန်သွားပြီး Dream Catcher အပေါ်မှာ ရွှေမှုန့်၊ ငွေမှုန့်လေးများ ပြန်လည်ဖျန်းပက်ကာ သူ့ကို ပျော်ရွှင်စရာကောင်းတဲ့ အိပ်မက်တွေသာ ပြန်မက်ပါစေလို့ ပြန်ဖြေပေးလိုက်ပါ။ ဒါဟာဆိုရင် သင့်အပေါ် မကောင်းတဲ့လူကို တစ်ခဏသာ အိပ်မက်ဆိုးတွေနဲ့သာ နောင်ကြဉ်အောင် သတိပေးဆုံးမလိုက်တာပဲ ဖြစ်ပါကြောင်း။



www.burmeseclassic.com

www.burmeseclassic.com


# အစီအရင်တစ်ခုရဲ့ အောင်မြင်ခြင်းလျှို့ဝှက်ချက်



ငွေကြေးအစီအရင်၊ အချစ်အစီအရင်၊ အလုပ်အတွက် အစီအရင် စသည်ဖြင့် အမျိုးမျိုးပြုလုပ်ကြရာမှာ အောင်မြင်သူတွေ ရှိသလို၊ မအောင်မြင်ကြသူများလည်း ရှိပါတယ်။

မအောင်မြင်ကြသူများဟာ မိမိပြုလုပ်တဲ့ အစီအရင်အပေါ် ယုံကြည်မှု နည်းပါးခြင်း၊ စိတ်အာရုံ စူးစိုက်မှု အားနည်းခြင်း၊ စိတ်စွမ်းအားပါဝါ မပြည့်ဝခြင်း စသည်တို့ဖြစ်ပါတယ်။ တချို့ဆိုရင် အောင်မြင်လိုသော်လည်း ဝီရိယစိုက်ထုတ်မှု အားနည်းသည်များကိုလည်း တွေ့ရပါတယ်။

ဒါကြောင့် အစီအရင်များ အောင်မြင်ရခြင်းရဲ့ လျှို့ဝှက်ချက်ကို ဖော်ပြပေးပါမယ်။

၁) အစီအရင်တစ်ခု လုပ်တော့မယ်ဆိုရင် အရင်ဆုံး သင်ဟာ ကိုယ်ပြုလုပ်တဲ့ အစီအရင်ကို လုံးဝ အကြွင်းမဲ့ ယုံကြည်မှု ထားရပါမယ်။ သင်ပြုလုပ်လိုက်တဲ့ အစီအရင်ကြောင့် သင်လိုချင်တာဟာ ဖြစ်ကိုဖြစ်လာမယ်လို့ စိတ်ထားရပါမယ်။

၂) အစီအရင်လုပ်ဆောင်တဲ့နေရာမှာ တိကျတဲ့အချိန်


www.burmeseclassic.com

www.burmeseclassic.com




တစ်ခုကို သတ်မှတ်ရပါမယ်။ (ဥပမာအားဖြင့် သင်ဟာ ည - ၉ နာရီမှာ ပြုလုပ်တယ်ဆိုရင် နောက်နေ့မှာလည်း အဲဒီအချိန်မှာပဲ သင့်ရဲ့ အစီအရင်ကို ထပ်လုပ်ရပါမယ်)

၃) ပြီးရင် တိကျတဲ့နေရာ သတ်မှတ်မှု ရှိရပါမယ်။ ကိုယ့်အခန်းထဲမှာ လုပ်မှာလား၊ အပြင်မှာ လုပ်မှာလား စသည်ဖြင့် နေရာတစ်ခု သတ်မှတ်ရမယ်။ ကိုယ့်ကို ဘယ်သူမှ အနှောင့်အယှက်မပေးနိုင်တဲ့ နေရာတစ်ခုကို ရှာဖွေဖို့ လိုအပ်သလို၊ မြေခွာတ်နဲ့ ပြုလုပ်ရမယ့် အစီအရင်မျိုးဆိုရင်တော့ အပြင်ထွက်လုပ်ဖို့ လုပ်ပါတယ်။ ဒါပေမယ့် ကိုယ့်အတွက် အန္တရာယ်ကင်းနိုင်မယ့် နေရာမျိုးကို ရွေးချယ်တတ်ဖို့ လိုပါမယ်။



၄) အစီအရင် တစ်ခုလုပ်ရာမှာ တိကျတဲ့ ရက်သတ်မှတ်မှု ရှိဖို့လည်း လိုအပ်ပါတယ်။ (ဥပမာ အားဖြင့် ၃ ရက်၊ ၅ ရက်၊ ၉ ရက်၊ ၁၁ ရက်) စသည်ဖြင့် သတ်မှတ်ဖို့ လိုပါတယ်။ ပြန်လုပ်ဖို့ ခက်ခဲတဲ့

www.burmeseclassic.com



အစီအရင်များကလွဲလို့ အစီအရင် တော်တော်များများကို အစီအရင် မလုပ်ခင် ကိုယ်ဟာ (၃)ရက်၊ (၅)ရက်၊ (၉)ရက် ပြုလုပ်မယ်လို့ တစ်ခါတည်း သတ်မှတ်ပါ။

၅) သက်ဆိုင်တဲ့ အစီအရင်တစ်ခုကို ပြုလုပ်ပြီးချိန်မှာ သင်ဟာ ကိုယ်လိုချင်တာကို တောင်းဆိုမယ်ဆိုရင် တစ်ခုတည်းကိုသာ တောင်းရပါမယ်။ ဟိုဟာလည်း လိုချင်တယ်၊ ဒီဟာလည်း လိုချင်တယ် စသည်ဖြင့် စိတ်နှစ်ခွဖြစ်နေတဲ့ အနေအထားမျိုး မဖြစ်ရပါဘူး။



သင်ကိုယ်တိုင်က ဒီလိုစိတ်နှစ်ခွ ဖြစ်နေရင် သင့်ရဲ့အစီအရင်ဟာ ဘယ်လိုလုပ်ပြီး အောင်မြင်ပါ့မလဲ။ သင်ကိုယ်တိုင်က သင့် အစီအရင်အပေါ် ယုံကြည်မှု မရှိခဲ့ရင်လည်း သင့်အစီအရင်ဟာ ဘယ်လိုလုပ်ပြီး အောင်မြင်ပါ့မလဲ။ ဒါတွေကို သိထားဖို့ လိုပါတယ်။


၆) နောက်ဆုံးအချက်ကတော့ ဂါထာမန္တန် ရွတ်ဆိုခြင်းအတွက် အကြိမ်ရေ၊ အစီအရင်ပြုလုပ်တဲ့ အကြိမ်ရေ၊ အစီအရင်ပြုလုပ်တဲ့ ရက် အရေအတွက်တို့ကို အမြဲတမ်း မ ဂဏန်းသာ သတ်မှတ်သင့်ပါတယ်။ အစီအရင်ပြုလုပ်တဲ့ အချိန်နာရီကိုတော့ မိမိနှစ်သက်တဲ့ စုံဂဏန်း၊ မဂဏန်း ကြိုက်သလို ရွေးချယ်နိုင်ပါတယ်။

ဂါထာမန္တန်တစ်ခုကို ရွတ်မယ်ဆိုရင် (၉)ခေါက်၊ (၁၁)ခေါက် စသည်ဖြင့် ရွတ်ကြပါ။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


# မီးခိုးရောင် လောကီပညာရပ် (၂၇)



## အိပ်ငွေ့ချခြင်းအတတ်ပညာ

အိပ်ငွေ့ချခြင်းအတတ်ပညာမှာ မိမိကိုယ်ကို အိပ်မွေ့ချခြင်းနဲ့ တစ်ပါးသူတို့ကို အိပ်မွေ့ချခြင်းဆိုပြီး ရှိပါတယ်။ အိပ်မွေ့ချခြင်းအတတ်ပညာဟာ လေ့ကျင့်ရင်းနဲ့မှ တဖြည်းဖြည်းတိုးတက်လာတဲ့ ပညာရပ်မျိုးဖြစ်ပါတယ်။

သတိပြုဖို့အကောင်းဆုံးအချက်ကတော့ -

"သင်ဟာ လူတိုင်းကိုတော့ အိပ်မွေ့ချနိုင်မှာ မဟုတ်"ဆိုတာဖြစ်ပါတယ်။ အိပ်မွေ့ချဖို့ အခက်ဆုံးလူတွေကတော့ အတွေးများနဲ့ အမြဲတမ်း ချာလပတ်ရမ်းနေတတ်သူများ၊ စိုးရိမ်ပူပန်စရာများကို အမြဲလို တွေးပူပင်နေသူများ ဖြစ်ပါတယ်။ ဒီလိုလူစားမျိုးတွေကိုတော့ သင် အိပ်ငွေ့ချလို့ ရနိုင်မှာ မဟုတ်ပါဘူး။

အိပ်မွေ့ချခြင်းအတတ်ပညာကိုသိနိုင်ဖို့အတွက် သင်ဟာ ကိုယ့်ရဲ့စိတ်နဲ့ခန္ဓာကို ရှေးဦးစွာ လျှော့ချနိုင်ရပါမယ်။ ဒါကို Relax လုပ်တယ်လို့ ခေါ်ပါတယ်။ သင့်ရဲ့ဦးနှောက်နဲ့စိတ်ထဲမှာ အရာအားလုံးကို ရှင်းထုတ်ပစ်ရပါမယ်။

www.burmeseclassic.com

www.burmeseclassic.com





အိပ်မွေ့ချပညာကို သူတစ်ပါးကို မပြုလုပ်မီမှာ ရှေးဦးစွာ ကိုယ့်ကိုကိုယ် အိပ်မွေ့ချခြင်းနည်းကို အသုံးပြုပြီး အိပ်မွေ့ချပညာကို လေ့လာပါလို့ ကျွန်ုပ်က အကြံပြုချင်ပါတယ်။

အိပ်မွေ့ချခြင်း အတတ်ပညာနဲ့ ပတ်သက်လို့ ကိုယ့်ကို ကိုယ် အရင်ဆုံး အိပ်မွေ့ချကြည့်မယ်ဆိုရင် -

၁) ခါးမတ်သောအနေအထားဖြင့် ခြေဆန့်နိုင်တဲ့ ခုံရှည်တစ်လုံးပေါ်မှာ သင်ဟာ သက်တောင့်သက်သာ အရင်ဆုံး ထိုင်ပါ။ မျက်လုံးများကို မှိတ်ထားပါ။ လက်မောင်းနှစ်ဖက်ကို ကိုယ့်ဘေးမှာ ပြေလျော့စွာ ချထားပါ။ ဒါမှမဟုတ် လက်များကို ဆန့်တန်းထားတဲ့ ပေါင်ပေါ်မှာ အေးချမ်းစွာ တင်ထားပါ။


ဟိုမှသည်မှ လှုပ်ရှားခြင်းမပြုဘဲ တည်ငြိမ်အေးချမ်းစွာ ဖြေလျော့မှုများ ပြုလုပ်ထားပါ။ မိနစ်အနည်းငယ်ကြာသည်အထိ ဒီလိုနေပါ။

၂) ပြီးရင် ဦးနှောက်အတွင်းမှ အတွေးများကို ရှင်းထုတ်ပစ်ပါ။ စိတ်ထဲမှာ မိမိဦးခေါင်းထက်မှာ သေတ္တာပုံးလွတ်တစ်ခုရှိပြီး အဲဒီအထဲကို သင့်ရဲ့ယောက်ယက်ခတ်နေတဲ့ အတွေးများ၊ ပူပန်မှုများကို တစ်ခုချင်းစီလိုက် သေတ္တာထဲထည့်လိုက်ပြီလို့ မှတ်လိုက်ပါ။ ပြီးရင် သေတ္တာကိုသော့ခတ်ပြီး ပိတ်လိုက်ပြီ။ သင့်အတွေးထဲမှာ ဘာဆိုဘာမှ မရှိတော့ဘူးလို့ မှတ်ပါ။

၃) အတွေးအားလုံးကို ဖျောက်ပြီးတာနဲ့ ဘာအတွေးမှ မတွေးဘဲ တစ်မိနစ်လောက် ဒီအတိုင်းနေပါ။ ဒီအချိန်မှာ သင့်ခန္ဓာ

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ဟာ ပို၍ ပို၍ အေးဆေးငြိမ်သက်၊ သက်တောင့်သက်သာဖြစ်လာတာကို ခံစားရမှာပါ။ "သင့်တစ်ကိုယ်လုံးဟာ စိတ်ရောကိုယ်ပါ ငြိမ်သက်အေးချမ်းလာပြီ"လို့လည်း စဉ်ဆက်မပြတ် ကိုယ့်ကိုကိုယ် ပြောပေးပါ။

၄) ပြီးရင်တော့ ကိုယ့်ကိုကိုယ် အိပ်မွေ့ချဖို့အတွက် ဦးခေါင်းပိုင်းကနေ အရင်စတင်ရပါမယ်။ သင့်ခေါင်းတစ်ခုလုံးဟာ နေရာတိုင်း သက်တောင့်သက်တာရှိလာပြီလို့ စွဲမှတ်ပါ။ ပြီးရင် မျက်စိနေရာကို ရောက်လာပါပြီ။ ဒီနေရာမှာလည်း မျက်စိများကို အတင်းအကြပ်မှိတ်ထားခြင်းမျိုး မဟုတ်ဘဲ သက်သာစွာမှိတ်ထားတဲ့ အနေအထားဖြစ်နေပြီလို့ မှတ်ပါ။

၅) မျက်စိပြီးရင် နားနေရာရောက်ပါပြီ။ သင့်နားကလည်း ဘာမှ မကြားတော့ဘူးလို့ မှတ်ပါ။ ပြီးရင် ပါးစပ်နေရာကို ဆက်သွားပါ။ ပါးစပ်ပြီးရင် မျက်နှာမှ ကြွက်သားများကို ဖြေလျှော့ပါ။ ဦးခေါင်း၊ မျက်စိ၊ နှာခေါင်း၊ နား၊ မျက်နှာ၊ ပါးစပ် စသည်ဖြင့် ခေါင်းပိုင်းတစ်ခုလုံး သက်သောင့်သက်သာဖြစ်သွားပြီလို့ စိတ်ဖြေလျှော့ပါ။

၆) ဒီအဆင့်မှာတော့ သင့်လည်တိုင်၊ လည်ဂုတ်၊ ကြွက်သား၊ အရိုးအဆစ်များအထိ ဖြေလျှော့ပါ။ ပြီးရင် ရင်ခေါင်းတစ်ခုလုံးဆီ သွားပါ။ ရင်ဘတ်၊ အစာအိမ်(ဝမ်းဗိုက်)၊ တဒုတ်ဒုတ်ခုန်နေတဲ့


www.burmeseclassic.com

www.burmeseclassic.com


သင့်နှလုံးသား နေရာ စသည်တို့ စီးချက်နှေးကွေးပြီး ငြိမ်းချမ်းစွာ ဖြေလျှော့ပါ။ ရင်ဘတ် ကြွက်သားများကို ဖြေလျှော့ပြီး အစာအိမ် ဝမ်းဗိုက်နေရာကိုလည်း ဖြေလျှော့ပါ။



၇) အနု အဆင့်ဟာ အရေးပါတဲ့ အဆင့်ကို ရောက်ပါပြီ။ သင်သက်တောင့်သက်သာ ချထားတဲ့လက်မောင်း နှစ်ဘက်ဟာ အားမရှိသလို၊ ပျော့ကျသွားပြီလို့ မှတ်ယူလိုက်ပါ။ သင့် လက်ချောင်းလေးများက စတင်ပြီး သင့်လက်မောင်း တစ်လျှောက်ဟာ လုံးဝ ပြေလျှော့ကျသွားပြီလို့ စိတ်လျှော့လိုက်ပါ။ ပြီးရင်ဆီးစပ်၊ ဆီးအိမ်နေရာကို ရောက်ပါပြီ။ အားလုံး အဲဒီနေရာတစ်ဝိုက်ပြေလျှော့သွားအောင် စိတ်လျှော့ပါ။

၈) ခန္ဓာကိုယ် အထက်ပိုင်းတစ်ခုလုံး ပြေလျှော့သွားတဲ့နောက် ခြေထောက်နှစ်ချောင်းဆီ ရောက်ပါပြီ။ သင့်ရဲ့ပေါင်တံများမှ စတင်ပါ။ ခြေထောက်များဆီအထိ ဖြေလျှော့ချသွားခြင်းဟာ ခြေချောင်းလေးတွေအထိ ရောက်အောင် လျှော့ချပါ။ (ခြေချောင်း၊ ခြေမတွေ တင်းနေ၊ ထောင်နေတာမျိုး ဖြစ်မနေစေရပါ)

၉) ဒါတွေအားလုံးပြီးရင်တော့ သင့်တစ်ကိုယ်လုံးဟာ ဘာမှတန်ဖိုးမရှိတော့တဲ့ ဖွဲအိတ်ကြီးတစ်အိတ်လို သဘောထားလိုက်ပါ။ ဒီလိုမှတ်လိုက်တာနဲ့ သင့်တစ်ကိုယ်လုံးဟာ မယုံနိုင်စရာကောင်းလောက်အောင် ပြေလျှော့ပြီး ငြိမ်းချမ်းနေတာကို တွေ့ရပါလိမ့်မယ်။

ဒါဆို ပျော်စရာကောင်းတဲ့အချိန်ကို ရောက်ပါပြီ။ ဒီလိုအခြေအနေရောက်လာပြီဆိုရင် သင့်ကိုသင် အိပ်မွေ့ချခြင်းကို လုပ်နိုင်၊ မလုပ်နိုင် စမ်းသပ်ကြည့်ရတော့မှာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com




၁၀) သင်ထိုင်နေတဲ့ ညောင်စောင်းသဏ္ဌာန် Dream Bed ပေါ်မှာ သင့်လက်နှစ်ဖက်ဟာ ဘေးမှာချလို့ဖြစ်စေ၊ ပေါင်ပေါ်မှာ တင်ထားလို့ဖြစ်စေ၊ ထားပြီးလျှင် သင့်ရဲ့ညာဘက်လက်မောင်းဟာ တဖြည်းဖြည်းနဲ့ အလွန့်အလွန်ပေါ့ပါးလာပြီလို့မှတ်ပြီး စိတ်ထဲက နေလည်း ငါ့လက်မောင်းတွေ ပေါ့ပါးလာပြီလို့ ပြောနေပေးပါ။

၁၁) ပြီးရင် နောက်တစ်ဆင့်အနေဖြင့် ငါ့လက်မောင်းဟာ ပေါ့လွန်းလို့ ငါ့ပေါင်ပေါ်တင်ထားတာကနေ မြောက်တက်ပြီး လေထဲကို တက်လာပြီလို့ ပြောပေးပါ။ သင့်လက်မောင်းတွေ ပေါင်ပေါ်ကနေ လေထဲမြောက်တက်လာတာကို ခံစားကြည့်ပါ။ စက္ကန့်နဲ့အမျှ လက်တွေဟာ ပေါ့ပါးလာနေပြီး တဖြည်းဖြည်းနဲ့ ပေါင်ပေါ်ကနေ လေထဲကိုကြွတက်လာတယ်လို့ ခံစားရသည်အထိ စေစားလိုက်ပါ။

၁၂) အဲ့ဒီလို လက်မောင်းဟာပေါ့ပြီး လေထဲကိုပျံတက်လာပြီးတဲ့နောက် လက်မောင်းတွေဟာ တစ်ခါပြန်ပြီး လေးလံလာပြီလို့ မှတ်ယူလိုက်ပြီး အဲဒီလက်တွေဟာ တဖြည်းဖြည်း ပေါင်ပေါ်ကို ပြန်ကျလာပါလိမ့်မယ်။

ဒီအချိန်မှာ သင့်ကိုယ်သင် ပြောရမှာကတော့-

"ငါဟာ အလွန်ကြည်လင် လန်းဆန်းစွာ စွမ်းအင်စွမ်းအား


www.burmeseclassic.com

www.burmeseclassic.com


အပြည့်နဲ့ ပြန်လည်နိုးကြားလာပြီး ငါ့ရဲ့ဦးခေါင်းဟာလည်း လုံးဝ ကြည်လင်သွားပြီ" ဆိုတာပါပဲ။ ဒါဟာ မိမိကိုယ်ကို အိပ်မွေ့ချခြင်း အထက်ပညာ ဖြစ်ပါတယ်။

၁၃) ပြီးရင်တော့ သင့်မျက်စိတွေကို ဖွင့်နိုင်ပါပြီ။ သင်ပြု လုပ်ခဲ့တာတွေကို ပြန်လည်ဆန်းစစ်ပါ။ အဲဒီက အတွေ့အကြုံများ ကိုလည်း စာအုပ်နဲ့ ရေးမှတ်ပါ။ သင်ဟာ အခုလိုလုပ်ကြည့်ပေမယ့် အောင်မြင်မှု မရဘူး၊ အာရုံမစူးစိုက်နိုင်ဘူး၊ လက်တွေလည်း မလှုပ် နိုင်ဘူး အစရှိသည်ဖြင့် မအောင်မြင်ခဲ့ဘူးဆိုရင် အဲဒီနေ့အတွင်း မှာပဲ နောက်တစ်ကြိမ် ထပ်လုပ်ကြည့်ပါ။

ဒါမှမဟုတ်ရင်လည်း သင်စိတ်ကျေနပ်သည်အထိ နောက် ထပ်၊ နောက်ထပ် အားလပ်တဲ့အချိန်၊ ဆိတ်ငြိမ်တဲ့အချိန်၊ တစ်ဦး တည်းလွတ်လပ်စွာ ရှိနေတဲ့အချိန်တို့မှာ ကြိုးစားကြည့်ပါ။

အကြိမ်ကြိမ် လုပ်ကြည့်လို့မှ ခြေတွေ၊ လက်တွေမြှောက် တက်လာပြီး တဖြည်းဖြည်းပြန်ကျသွားတာမျိုး မရှိဘူးဆိုရင်တော့ သင်ဟာ အိပ်မွေ့ချလို့မရတဲ့ လူစားမျိုးထဲမှာ ပါတယ်လို့သာ သိလိုက်ပါ။

ဒါပေမယ့် လွယ်လွယ်နဲ့တော့ မရဘူးလို့ မဆိုစေချင်ဘူး။ ကြိုးစားကြည့်ပါ။ ကိုယ့်ကိုကိုယ် အိပ်မွေ့ချနိုင်တော့မှ သင်ဟာ သူ တစ်ပါးကို အိပ်မွေ့ချလို့ရမှာ ဖြစ်ပါတယ်။

၁၄) အခုပြောတဲ့အတိုင်း သင်ဟာ လုပ်ဆောင်ကြည့်လို့ အောင်မြင်တယ်ဆိုရင်တော့ သင်ဟာ တခြားတစ်စုံတစ်ယောက် အပေါ် အိပ်မွေ့ချနည်းကို အသုံးချကြည့်လို့ရပါပြီ။ ပထမဆုံး ကိုယ့်ရဲ့အခင်မင်ဆုံး မိတ်ဆွေတစ်ယောက်ကို အိပ်မွေ့ချကြည့်စေ ချင်ပါတယ်။

သူ့ကို အစပိုင်းမှာ သင်လေ့ကျင့်ခဲ့သလို၊ ညောင်စောင်းလို Dream Bed ပေါ်မှာ နေရာယူခိုင်းပြီး သူ့ရဲ့ခန္ဓာကိုယ်အစိတ်အပိုင်း တစ်ခုချင်းစီကို အစပိုင်းမှာ သင့်ကိုကျွန်ုပ်ကပြောပြခဲ့သလို၊ သင့် သူငယ်ချင်းဘေးမှာ သင်ကနေရာယူပြီး သူ့ကို ဖြေလျှော့ခိုင်းရမှာ ဖြစ်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com




အဓိက မှတ်သားဖို့ကောင်းတဲ့အချက်ကတော့ သင်က သင် အိပ်မွေ့ချသူကို သူ့ရဲ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေ ပြေလျော့လာပြီ၊ ပြေလျော့လာပြီလို့ အထပ်ထပ်၊ အခါခါပြောပြီး ဖြေလျော့နေချိန်မှာ သူ့တစ်ကိုယ်လုံးဟာ ပျော့ကျသွားပြီး ငိုက်မြီးလာဖို့ လိုအပ်ပါတယ်။

သင်ဟာ သူ့ကို သူ့လက်မောင်းတွေ ပြေလျော့လို့ လေထဲကို မြောက်တက်သွားပြီလို့ ပြောတာနဲ့ သူ့လက်ဟာ မြောက်တက်လာမှာဖြစ်ပြီး တဖြည်းဖြည်း လေးလံလာပြီ၊ ပြန်ကျလာပြီ . . ပြန်ကျလာပြီလို့ ပြောတာနဲ့ သူ့လက်တွေ ပြန်ကျလာမှာပဲ ဖြစ်ပါတယ်။

ဒါဆိုရင် သူ့စိတ်ထဲမှာ ဘာတွေဖြစ်ချင်နေတာလဲ၊ သူ့ဆန္ဒအမှန်ဟာ ဘာလဲ။ အမျိုးမျိုးလည်း မေးနိုင်ပါတယ်။ သူဟာ အိပ်မက်ဆိုးတွေကို ကြောက်နေတာဆိုရင်လည်း အိပ်မက်ဆိုးတွေကို ဘာကြောင့် ကြောက်ရတာလဲမေးပြီး သူကြောက်နေတဲ့စိတ်ကို မကြောက်အောင် လုပ်ဆောင်ကြပါတယ်။

အိပ်မွေ့ချဆရာများဟာ ဒီနည်းလမ်းနဲ့ လူနာများကို ကုသကြပါတယ်။ ဒါပေမယ့် ဒီပညာကို သုံးမယ်ဆိုရင် သင် အထူး လိုက်နာရမှာကတော့ -

ဘယ်တော့မှ သင်ဟာ အိပ်မွေ့ချသူရဲ့ အတွင်းရေးကို အပြင်သို့ ပေါက်ကြားအောင် မလုပ်ရဘူး။ သူ့ကို နစ်နာစေမယ့်၊ နာကျင်ခံစားရစေမယ့်၊ အကျိုးယုတ်စေမယ့် အရာများကို လုံးဝလုပ်ပါဘူးလို့ ကတိခံရပါမယ်။ ဒီကတိကိုမှ မတည်ခဲ့ရင်တော့ သင်ဟာ

www.burmeseclassic.com




လူသား မဟုတ်တော့ပါဘူး။

အိပ်မွေ့ချအတတ်ပညာကိုအသုံးပြုပြီး လူတစ်ယောက် မေ့တတ်မိတော့တဲ့ အကြောင်းအရာများ ပြန်လည်သတိရစေဖို့ (ဥပမာ - လူသတ်မှု၊ မုဒိန်းမှု၊ ခိုးမှု) စသည်တို့ကို ပြန်လည် အမှတ်ရစေတာတွေကို မှုခင်းစိတ်ပညာရှင်တွေက အသုံးပြုခဲ့ကြတာ ရှိပါတယ်။

အိပ်မွေ့ချခြင်းအတတ်ဟာ တကယ်ရှိသလို၊ လူတွေ အများကြီးကိုတောင် အိပ်မွေ့ချပြနိုင်သူတွေ ရှိပါတယ်။ ဒီစမ်းသပ်မှုကို လူတွေအများကြီး ရှေ့မှာပြသပြီး အောင်မြင်ခဲ့သူတွေလည်း ရှိပါတယ်။ အိပ်မွေ့ချခြင်းအတတ်ကို စာပေသင်ယူမှတ်သားနိုင်စွမ်းအား မြင့်မားဖို့၊ ကိုယ်ခန္ဓာအလေးချိန် လျှော့ချဖို့ စတာတွေမှာပါ အသုံးချနိုင်ပါတယ်။

မိတ်ဆွေ လေ့ကျင့်လို့ အောင်မြင်ပြီဆိုရင် ကျွန်ုပ်က သင့်ကို Congraturation ပါ။ သင် ဘယ်လို အိပ်မွေ့ချရမယ်ဆိုတာ သိပြီနော်။

## အချိန်နှင့် ခရီးသွားခြင်းအတတ်ပညာ

နောက်အတတ်ပညာတစ်ခုကတော့ အချိန်နဲ့ ခရီးသွားခြင်း အတတ်ပါပဲ။ ဒါကိုလည်း မှော်အတတ်ကို လေ့လာသူတွေ သိသင့်တဲ့အချက်ပါပဲ။ အချိန်ယန္တရားဖြင့် ခရီးသွားနိုင်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com


အမှန်တကယ်လည်း ဖြစ်ပါတယ်။ Astral Projection လို့ခေါ်တဲ့ ဝိညာဉ်လွှင့်ခြင်းနဲ့ ဆင်တူပေမယ့် သူ့မှာ ကွဲလွဲမှုတွေ ရှိပါတယ်။

တကယ်တော့ သင့်ရဲ့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ရဲ့ပုံရိပ်တွေဟာ သင့်လက်ညှိုးညွှန်ရာမှာပဲ ရှိနေတာပါ။ အနုအတတ်ပညာမှာ သင်ဟာ အချိန်ဆိုတဲ့ စက်ကွင်းထဲကို ဝိညာဉ်လွှင့်ပြီး သွားလို့ရပါတယ်။

အဓိကအချက်က သင့်ရဲ့စိတ်သဏ္ဍာန်မှာ ယန္တရားတစ်ခုတော့ တည်ဆောက်ဖို့ လိုပါတယ်။ ဒီလိုတည်ဆောက်ပြီးရင် သင်ဟာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်စသည်တို့ကို သွားနိုင်ပြီး အဆင်သင့်ဖြစ်နေချိန်မှာ ပြန်လာလို့ ရပါတယ်။

မှတ်ထားဖို့ကတော့ ကျွန်ုပ်တို့ဟာ ရုပ်ရှင်တွေထဲကလို အချိန်ယန္တရားစက်ကြီးထဲ ဝင်ရောက်ပြီး အတိတ်၊ အနာဂတ်တို့ကို သွားမှာမဟုတ်ပါဘူး။ ဒါပေမယ့် အချိန်ယန္တရားတစ်ခုကိုတော့ စိတ်ထဲကနေ တည်ဆောက်ပေးရပါမယ်။

ပြီးရင် ခန္ဓာကိုယ်ကြီးကို အသုံးပြုပြီး အချိန်စက်ကွင်းထဲကို သွားမှာမဟုတ်ဘဲ သင့်ရဲ့စိတ်အာရုံဝိညာဉ်တို့ကသာ သွားမှာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်နိုင်ဖို့အတွက် လိုအပ်တဲ့အချက်များကို ဆက်ကြည့်ပါ။


၁) မှော်အတတ်သာမက၊ တခြားသော သဘာလွန် အတတ်များဟာ စိတ်စွမ်းအားအပေါ်မှာ အရမ်းကို အကျိုးသက်ရောက်မှုရှိပါတယ်။ ဒါကြောင့် သင်ဟာ စိတ်ကိုစုစည်းတတ်ဖို့၊ စိတ်တည်ငြိမ်ဖို့ အလွန်ပင် လိုအပ်ပါတယ်။ တရားထိုင်သကဲ့သို့ စိတ်အစဉ် မပျံ့လွင့်ရအောင် ထိန်းချုပ်ခြင်းကို သမာဓိတည်ဆောက်တယ်လို့ ခေါ်ပါတယ်။

ဒီလိုရှိတော့မှသာ သင်ဟာ အဆင့်မြင့် အတတ်ပညာတွေကို ဆက်လုပ်နိုင်မှာ ဖြစ်ပါတယ်။ စိတ်တည်ငြိမ်အောင် လုပ်ဆောင်တဲ့နေရာမှာ ကာလအတော်ကြာသည် အထိ တရားထိုင်မှုကို လေ့ကျင့်ပေး ဖို့လိုပါတယ်။ အဓိက စိတ်ရှင်းလင်း အောင်


www.burmeseclassic.com

www.burmeseclassic.com





ထားနိုင်ဖို့ပါပဲ။ သင့်အတွေးရှင်းရင် အရာရာကို လုပ်နိုင်ပြီလို့သာ မှတ်လိုက်ပါ။

၂) ဒုတိယအချက်ကတော့ သင်ဟာ ဆိတ်ငြိမ်တဲ့နေရာ တစ်ခုကို ရှာရပါမယ်။ ဒီနေရာဟာ အသံရှင်းလင်းမှုတွေလည်း ရှိတဲ့နေရာ ဖြစ်ရပါမယ်။ ဘာလို့လဲဆိုတော့ အသံရှင်းလင်းမှု မရှိဘူးဆိုရင်လည်း သင်ဟာ စိတ်စုစည်းမှု မလုပ်နိုင်ခင်မှာ အဲဒီအသံနောက်ကို စိတ်ရောက်ပြီး အာရုံစူးစိုက်မှုတွေ မလုပ်နိုင်မှာ ဖြစ်လို့ပါပဲ။


အသံဆိုတာက ဥပမာ (လူတစ်ဦးတစ်ယောက်က သင်တရားထိုင်နေတဲ့နေရာမှာ ဆဲဆိုလိုက်တယ်ဆိုပါတော့။ သင့်စိတ်ဟာ ဘယ်လောက်ကြည်လင်နေပါစေ။ ဒီဆဲတဲ့အသံနောက်ကို လိုက်ပြီး ဒီအရာနဲ့ဆက်စပ်လို့ သင့်စိတ်ထဲမှာလည်း ဒေါသစိတ်တွေဝင်လာတတ်လို့ ဖြစ်ပါတယ်။ ဒါကြောင့် စိတ်စုစည်းမှု စွမ်းအားတစ်ခုကို တည်ဆောက်တဲ့နေရာမှာ ဆိတ်ငြိမ်အေးချမ်းတဲ့နေရာမျိုးကို ရှာဖွေပါလို့ အကြံပြုချင်ပါတယ်။

မိမိနေအိမ်မှာရှိတဲ့ ဘုရားခန်း၊ အိပ်ခန်းတို့မှာ ဆိတ်ငြိမ်တဲ့အချိန်တွေမှာ သင့်မှာ သမာဓိအားရဖို့ တရားထိုင်ပေးပါ။ သို့မဟုတ်ပါကလည်း မိမိကိုးကွယ်ရာဘာသာရဲ့တရားစာကို ပုတီးစိပ်ပေးပါ။ ဒါဟာ သမာဓိစွမ်းအားတစ်ခုရဖို့အတွက်ပဲ ဖြစ်ပါတယ်။

၃) သင့်ဘက်က အကုန်အဆင်ပြေပြီဆိုရင်တော့ အရေးကြီးတဲ့အပိုင်း စတင်ပါပြီ။ ဒီလိုအချိန်မှာ သင်ဟာ စိတ်ထဲမှာ ကွင်းပြင်ကျယ်တစ်ခုရဲ့ အလယ်ကိုရောက်နေတာမျိုး၊ သို့မဟုတ် ဘယ်

www.burmeseclassic.com

www.burmeseclassic.com

နေရာလို့ မသိတဲ့ နေရာရဲ့ အလယ်ဗဟိုကိုရောက်နေပြီ။ ပတ်ဝန်းကျင်မှာ ဘာဆိုဘာမှမရှိတော့ဘူးလို့ စိတ်မှတ်ပါ။

၄) အစပိုင်းမှာ သင်ဟာ ဒီလိုမျိုး မကြာခဏလုပ်ပေးပါ။ ဒီလိုနေရာမျိုးကို သင်ဟာ ဝိညာဉ်လွှင့်ပြီးတော့ပဲဖြစ်ဖြစ်၊ အာရုံပြုပြီးတော့ပဲဖြစ်ဖြစ် မကြာခဏသွားကြည့်ပါ။ ဒီလိုသွားလာနိုင်ပြီဆိုရင် လူသူကင်းဝေးတဲ့ ကွင်းပြင်လိုဖြစ်နေတဲ့နေရာမှာ သင်ဟာ ကိုယ့်စိတ်ထဲကနေ နှစ်သက်ရာ အဆောက်အအုံပုံသဏ္ဌာန်တစ်ခုကို ထားရှိပါ။


လေးဒေါင့်(သို့မဟုတ်) ပိရမစ်ပုံ၊ မိမိကြိုက်နှစ်သက်ရာဖြစ်ပါစေ။ အတွင်းအပြင်အဆင်ကိုလည်း ကိုယ့်စိတ်ကြိုက် ထားပါ။ ဒီ အဆောက်အဦမှာ အရေးကြီးတဲ့အချက်ကတော့ ပြတင်းပေါက်တွေမပါဖို့ပါပဲ။ ပြတင်းပေါက်မပါတဲ့အတွက် ပြင်ပ ပယောဂတစ်ခုမှ မဝင်ရောက်နိုင်စေတဲ့သဘောပါ။ သင်စိတ်တွေ မွန်းကြပ်လာရင် သင့်အတွက် သွားရောက်နိုင်တဲ့ စိတ်အေးချမ်းတဲ့နေရာမျိုးလေး ဖြစ်ပါစေ။

၅) ဒီအဆောက်အဦရဲ့အခန်းထဲမှာ သင်ထိုင်ဖို့အတွက် အထူးစပါယ်ရှယ်ဖန်တီးထားတဲ့ ကုလားထိုင်ကြီး ရှိရပါမယ်။ မည်းနက်ပြီး နောက်မှီနဲ့ လက်တန်းနှစ်ဖက်ပါတဲ့ ကုလားထိုင်မည်း


www.burmeseclassic.com

www.burmeseclassic.com





ကြီး ဖြစ်ပါစေ။ ဒီကုလား ထိုင်မည်းကြီးရဲ့ လက်တန်း နှစ်ဘက်မှာတော့ Control Button လို့ခေါ်တဲ့ ထိန်း ချုပ်တဲ့ ခလုတ်တွေ ပါဝင် ရမှာ ဖြစ်ပါတယ်။

ခလုတ်တွေကို ကိုယ်နှစ်သက်တဲ့ ပုံစံ ဖန် တီးပါ။ အတိတ်ကိုသွားတဲ့ ခလုတ်၊ ပစ္စုပ္ပန်နဲ့ အနာ ဂတ်ကိုသွားတဲ့ ခလုတ်ဆိုပြီး ခလုတ်(၃)ခုထားပါ။ ဒီဂျစ်တယ် နံပါတ်ပြားတွေပါဝင်တဲ့ LED မီးတွေနဲ့ ခင်းကျင်းထားတဲ့ ခလုတ် ပြားတစ်ခုလည်း ပါဝင်ရမှာဖြစ်ပါတယ်။ အဲဒီခလုတ်တွေကို နှိပ်ပြီး သင်ဟာ သင်ရောက်ရှိလိုတဲ့ အချိန်ကာလတစ်ခုဆီကို အရောက် သွားနိုင်မှာ ဖြစ်ပါတယ်။

၆) အချိန်ယန္တရား အခန်းထဲမှာ နောက်ထပ်ရှိရမယ့် အရာ တစ်ခုကတော့ သင်လှမ်းပြီး ကြည့်နိုင်မယ့် Screen ကဲ့သို့ မြင်ကွင်း တစ်ခုကို ထားပါ။ အလွန်ကြီးမားတဲ့ ရုပ်ရှင်ကြည့်သလို ကြည့်နိုင် မယ့် ပိတ်ကားမြင်ကွင်းမျိုးဖြစ်ရင် ပိုကောင်းပါတယ်။ အခု စိတ်ကူး နဲ့ ဖန်တီးရမယ့် အရာတွေအားလုံးကို သင်ဟာ သည်းလှိုက်၊ အူ လှိုက်ရှိစေချင်ပြီး အဆောက်အဦ၊ ကုလားထိုင်၊ မြင်ကွင်းကျယ် စသည်တို့ကို ကိုယ့်စိတ်ကူးထဲမှာ ကိုယ်အလိုရှိတဲ့ အချိန်တိုင်း ဒီပုံစံ၊ ဒီနေရာ၊ ဒီအသုံးအဆောင်တွေ ပေါ်လာအောင် မှန်းဆလို့ရပြီ ဆို ရင်တော့ စိတ်ယန္တရားနဲ့ အချိန်ခရီးစဉ် စတင်ဖို့ သမာဓိကို ထူထောင် လိုက်ပါ။

၇) သင့်တစ်ကိုယ်လုံး စိတ်ရောကိုယ်ပါ အေးချမ်းသွားပြီ ဆိုတာနဲ့ စိတ်ကူးနဲ့ အထူးစပါယ်ရှယ်ဆောက်လုပ်ထားတဲ့ အဆောက် အဦထဲကို လျှောက်လှမ်းဝင်သွားပြီး တံခါးကို ပိတ်လိုက်ပါ။ ပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ယန္တရားခုံနက်ကြီးပေါ်မှာ ဝင်ထိုင်လိုက်ပြီး စိတ်ကို မိနစ်အနည်းငယ်ကြာ ငြိမ်းချမ်းအောင် လုပ်ပါ။ အဆင်သင့်ဖြစ်ပြီဆိုရင် သင့်ရှေ့နံရံက ပိတ်ကားမြင်ကွင်းကို အောက်သို့ဆွဲချလိုက်ပြီး သင်သွားချင်တဲ့ အတိတ်၊ ပစ္စုပ္ပန်နဲ့ အနာဂတ်တို့ကို ခလုတ်နှိပ်လိုက်ပြီး သွားရမှာ ဖြစ်ပါတယ်။ ပိတ်ကား မြင်ကွင်းကျယ်ကြီးဟာ သင် ရွေးချယ်ထားတဲ့ အချိန်အပိုင်းအခြားရဲ့ ပုံရိပ်တွေကို ထင်ဟပ်ပြမယ့်နေရာ ဖြစ်ပါတယ်။ (ဥပမာ- အခု အိမ်ထောင်သက် ၁၅ နှစ်ဆိုရင် အိမ်ထောင်မပြုမီ အပျို၊ လူပျိုဘဝ (၁၉၇၉-၁၉၈၀)ကို ပြန်သွားချင်တယ်ဆိုရင် စိတ်မှန်းနဲ့ သွားလိုက်တာမျိုးပါ)

သင့်စိတ်ထဲမှာ ဒီလိုမျိုး စနစ်တကျ မတည်ဆောက်ဘဲနဲ့ အတိတ်၊ အနာဂတ်တို့ကို လွယ်လွယ်ကူကူသွားနိုင်မှာ မဟုတ်ပါဘူး။ အဲဒီမှာ သင်ဟာ ကိုယ်သွားချင်တဲ့နေရာဒေသ၊ တိုင်းပြည်တို့ကို အရောက်သွားနိုင်ပါတယ်။ စိတ်အေးလက်အေး စိတ်အာရုံဖြင့်သာ သွားရမှာဖြစ်တဲ့အတွက် မိမိစိတ်ကို အတင်းဖြစ်ညှစ်ပြီးတော့ မသွားပါနဲ့။

အဲဒီခုံကြီးပေါ်မှာထိုင်ကာ ပိတ်ကားပေါ်မှာ ပေါ်လာမယ့်ပုံရိပ်တွေကို စိတ်အေးလက်အေး စိတ်လျှော့ပြီး ကိုယ့်ကိုပြလာမယ့်အရာတွေကို စောင့်မျှော်ကြည့်နေပါ။ ဘာမှမပေါ်လာလို့ သင်က စိတ်မရှည်ဘူးဆိုရင်တော့ ဘာမှလည်း ဖြစ်လာမှာ မဟုတ်ပါဘူး။

"အချိန်နှင့် ခရီးသွားခြင်း အတတ်ပညာ"ကို နေ့လရက်တွေ ကြာရှည်စွာ အချိန်ယူပြီး လေ့ကျင့်ရပါတယ်။ လွယ်လွယ်ကူကူတော့ ဘယ်အရာမှ မရနိုင်သလို၊ ကိုယ့်ဘက်က ကြိုးစားမှုရှိရင်တော့ တကယ်မြင်တွေ့လာရပါလိမ့်မယ်။ နောက်လမှာတော့ အစီအရင်များရဲ့ အကျိုးသက်ရောက်မှုနဲ့ လမင်းရဲ့သဏ္ဌာန်ကို လေ့လာခြင်းတို့ကို ဖော်ပြပါမယ်။

"God Bless You, See you again Next Month."

နောက်လမှာ ပြန်ဆုံကြပါမယ်။

❑



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# အိပ်မက်ဖမ်းအဆောင် Dream Catcher



ရှေးနှစ်ပေါင်းများစွာကအစပြုပြီး လူသားမျိုးနွယ်စုတွေမှာ ဘာသာအသီးသီး၊ ကိုးကွယ်ရာအမျိုးမျိုး၊ ယုံကြည်ရာ အယူအဆအမျိုးမျိုးစသည်ဖြင့် ရှိကြပေမယ့် လူရယ်လို့ဖြစ်လာချိန်မှ အစပြုပြီး အိပ်မက်မက်ခြင်းဟာ ယှဉ်တွဲပါလာခဲ့တာ ဖြစ်ပါတယ်။

အိပ်မက်ဆိုးတွေကို တားဆီးခြင်း၊ အိပ်မက်ကောင်းတွေကို မက်ဖို့ကြံဆောင်ခြင်း၊ အိပ်မက်တွေကို ပြန်လည်မှတ်မိအောင် ဖမ်းယူခြင်းအစရှိတာတွေဟာ လူသားတွေနဲ့ယှဉ်တွဲလို့ ဖြစ်တည်ခဲ့ပါတယ်။


ဒီအထဲမှာ အိပ်မက်ကို ဘယ်လိုဖမ်းထားမယ်ဆိုတဲ့ ခေါင်းစဉ်ဟာ အလွန်ပဲ စိတ်ဝင်စားဖွယ်ကောင်းလှပါတယ်။ အိပ်မက်တွေကို ဖမ်းယူကြည့်နိုင်ဖို့အတွက် အကောင်းဆုံးအဆောင်(သို့မဟုတ်) အဆင်တန်ဆာ Dream Catcher ဟာလည်း ယနေ့ခေတ်မှာ ထင်ပေါ်ကျော်ကြားလာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


## Dream Catcher ဆိုတာ ဘာလဲ



အိပ်မက်ဖမ်းအဆောင်ပစ္စည်း Dream Catcher ရဲ့မူလအစဟာ အမေရိကန်မှာရှိတဲ့ Native American People (လူနီမျိုးနွယ်စု)တွေရဲ့ ယုံကြည်မှုကနေ စတင်လာခဲ့တာ ဖြစ်ပါတယ်။

Dream Catcher ဟာ အနုပညာမြောက်စွာ ဖန်တီးထားတဲ့ လက်မှုပစ္စည်းဖြစ်လို့ တချို့ကတော့ အလှအပ အဆင်တန်ဆာအဖြစ် သုံးစွဲကြပါတယ်။ ဒါပေမယ့် မူလအစမှာကတည်းက ဒီအရာကို ပင့်ကူအိမ်သဖွယ် သွယ်ယှက်ထားတဲ့ အိပ်မက်ဖမ်းအဆောင်ဖြစ်တဲ့အတွက် သဘာဝပညာရပ်တွေကို လေ့လာသင်ယူနိုင်ဖို့ ရည်ရွယ် ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။

သဘာဝတရားဟာ လူတွေအတွက် လက်ဦးဆရာဖြစ်ပါတယ်။ ရှေးနှစ်ပေါင်းများစွာကတည်းက လူနီလူမျိုးစုတွေဟာ Dream Catcher များကို သစ်ခက်သစ်နွယ်များ၊ ပုတီးစေ့များ၊ ငှက်တောင်မွေးများနဲ့ ပြုလုပ်ခဲ့ကြပါတယ်။

မွေးဖွားလာတဲ့ ကလေးငယ်တွေကို အဘိုးအဘွားတွေက အဆောင်အဖြစ်လည်းကောင်း၊ ကလေးငယ် ငြိမ်းချမ်းစွာ အိပ်စက်နိုင်ဖို့၊ အိပ်မက်လှလှလေးတွေ မက်စေနိုင်ဖို့အတွက် ပုခက်ကြိုး၊ ပုခက်စင်ထက်မှာ ချိတ်ဆွဲပေးပြီး မကောင်းဆိုးဝါးနဲ့ ဘယ်အရာကမှ မခြောက်လှန့်၊ မနှောင့်ယှက်၊ အနားမကပ်နိုင်အောင် အဆောင်အဖြစ် ထားခဲ့ကြတာဖြစ်ပါတယ်။

ညဥ့်ကာလရောက်ပြီဆိုရင် လူသားတို့အတွက် အိပ်မက်

www.burmeseclassic.com

www.burmeseclassic.com





တွေ အပြည့်အဝလာပါပြီ။ ကောင်းတဲ့ အိပ်မက်တွေဟာ ကြည်လင် ရှင်းလင်းပြီး အိပ်မက်မက်သူဆီကို ဘယ်လိုသွားရမယ်ဆိုတာ လမ်းသိနေသလို၊ ငှက်တောင်မွေးလေးက နေတဲ့ဆင့် ကလေးငယ်ဆီကို ဆင်းသက်သွားပါတယ်။

ငှက်တောင်မွေးလေးတွေ နည်းနည်းလှုပ်သွားပြီဆိုတာနဲ့ နောက်ထပ် အိပ်မက်လှလှ တစ်ခု ရောက်လာပြီဆိုတဲ့ သဘောပါပဲ။ ဒါပေမယ့် အိပ်မက်ဆိုးတွေဟာ ရှုပ်ထွေးသလို၊ ထိတ်လန့်အောင်လည်း ပြုလုပ်တတ်ကြပါတယ်။

ဒါတွေကိုတော့ Dream Catcher ရဲ့ ပင့်ကူအိမ်သဖွယ် ကွန်ရက်တွေကနေတဆင့် လမ်းရှာမတွေ့နိုင်အောင် ထောင်ချောက်မိနေအောင် D.C က ဖမ်းယူထားမှာ ဖြစ်ပါတယ်။

နံနက်မိုးသောက် အလင်းရောက်လို့ နေထွက်လာတာနဲ့ D.C ကဖမ်းယူထားတဲ့ အိပ်မက်ဆိုးတွေဟာ နှင်းပေါက်တွေနေခြည်လာလို့ အရည်ပျော်ကျသွားသလို၊ အငွေ့ပျံပျောက်ကွယ်သွားလိမ့်မယ်လို့ Dream Catcher ကို ကောင်းစွာ နားလည် သဘောပေါက်တဲ့ လူတွေက ယုံကြည်ကြပါတယ်။

**Dream Catcher တစ်ခု တည်ဆောက်ပုံ**

အမေရိကန် လူနီလူမျိုးစုတွေဟာ Dream Catcher တွေကို မိုးမခပင်ရဲ့ နွယ်ရှည်တွေကိုအသုံးပြုပြီး ဆူးစူးတတ်တဲ့ ဖက်ယားပင်ရဲ့ ပင်စည်ရိုးကိုယူပြီး ပြုလုပ်ကြတာ ဖြစ်ပါတယ်။ နွယ်ပင်တွေကို လတ်လတ်ဆတ်ဆတ် အစိမ်းရွေးယူပြီး စက်ဝိုင်းသဏ္ဍာန်ပြုလုပ်အခြောက်ခံပါတယ်။ မိမိအသုံးပြုမယ့် ကိစ္စရပ်အတွက် ရည်ရွယ်



www.burmeseclassic.com

www.burmeseclassic.com




ပြီး လိုအပ်တဲ့အခွေအရစ်တွေကို စိတ်တိုင်းကျပြုလုပ်ကြပါတယ်။

သဘာဝငှက်မွေးတွေနဲ့ ကျောက်မျက်ရှိုင်းများကိုတော့ ကိုယ်ပြုလုပ်တဲ့ ပင့်ကူအိမ်ကွန်ရက်တစ်ခုချင်းစီမှာ ထည့်သွင်းပြီး အိပ်မက်ဖမ်း ပင့်ကူအိမ်ကွန်ရက်ကို တည်ဆောက်ကြပါတယ်။ စက်ဝိုင်းအတွင်း ပင့်ကူအိမ်သဖွယ် ကြိုးယှက်သွယ်တန်းနေတဲ့ နေရာတွေဟာ D.C ရဲ့ အသက်ဝင်နေတဲ့နေရာပဲ ဖြစ်ပါတယ်။


## Dream Catcher ရဲ့ သမိုင်းကြောင်း

ရှေးဒဏ္ဍာရီလာပြောစကားများအရ "လာကိုတာ"အမည်ရတဲ့ ဝိညာဉ်ပိုင်းဆိုင်ရာ အကြီးအကဲတစ်ဦးဟာ တောင်တန်း အမြင့်ကြီးတွေပေါ်မှာ ရှိခဲ့ဖူးပြီး သူ့မှာ ထူးခြားတဲ့အမြင်တစ်ခု ရှိခဲ့ပါတယ်။

သူ့ရဲ့အမြင်ထဲမှာ အစ်တိုမီအမည်ရတဲ့ ပဋ္ဌလက်ဆရာလည်းဖြစ်၊ ပညာရှိတစ်ဆူလည်းဖြစ်တဲ့ သူ့ဆရာဂုရုကြီး ပင့်ကူတစ်ကောင်ပုံစံနဲ့ ပေါ်နေပါတယ်။ အစ်တိုမီက လာကိုတာကို လူတွေမသိနိုင်တဲ့ ဘာသာစကားတစ်ခုနဲ့ မှာကြားခဲ့တယ်လို့ ဆိုပါတယ်။

လာကိုတာကို သစ်နွယ်ခွေတစ်ခုကို စက်ဝိုင်းသဏ္ဌာန် ခွေခိုင်းခဲ့ပြီး ငှက်တောင်၊ မြင်းမွေးတွေ၊ ပုတီးစေ့တွေနဲ့ ပင့်ကူပိုက်ကွန် အဆင်တန်ဆာလေးဖြစ်အောင် လုပ်ခိုင်းခဲ့ပါတယ်။ ဆရာကြီး အစ်တိုမီပြောခဲ့တဲ့စကားကတော့ ဒါဟာ ဘဝရဲ့စက်ဝိုင်းကြောင်း

www.burmeseclassic.com

ပဲလို့ ပြောဆိုခဲ့ပါတယ်။

လူတွေဟာ ဘဝကို ကလေးလေးအဖြစ် ကနေ စတင်ပြီး ကလေးကြီးဘဝ၊ အဲဒီကနေ အရွယ်ရောက်တဲ့ ဘဝ ကိုရောက်ပါ တယ်။ ဒါပေမယ့် နောက်ဆုံးမှာတော့ အိုမင်းလာပြီး အိုမင်းလာချိန်မှာ ကလေးလေးဘဝတုန်းကလိုပဲ သူများတွေက ပြန်ကြည့်ပေးရတာ၊ ကျွေးမွေးတာ၊ စောင့်ရှောက်တာတွေကို ပြန်ခံရပါတယ်။

ဒါကိုကြည့်ခြင်းအားဖြင့် ဘဝဆိုတာ ကလေးကနေစတင်ပြီး နောက်ဆုံးကလေးဘဝတုန်းကလိုပဲ ပြန်လည်အဆုံးသတ်သွားတဲ့ စက်ဝိုင်းတစ်ခုလို့ ဆိုပါတယ်။

## ဘဝစက်ဝိုင်းထဲက လူတစ်ယောက်

ပင့်ကူကြီး အစ်တိုမီက သူ့ရဲ့ ပင့်ကူကွန်ရက်ကို ပတ်ချာလှည့်နေရင်းနဲ့ ဘဝဆိုတဲ့စက်ဝိုင်းထဲမှာ လူတစ်ယောက်ဟာ တစ်ချိန်မှာတော့ အခြားသော တွန်းအားတွေ၊ တစ်ခါတရံ ကောင်းတဲ့ တွန်းအား၊ တစ်ခါတရံ မကောင်းတဲ့တွန်းအားတွေ ရှိတတ်တယ်လို့ ဆိုပါတယ်။

ကိုယ်က ကောင်းတဲ့တွန်းအားဘက်ကို လိုက်မယ်ဆိုရင် အဲဒီတွန်းအား Good Force တွေက ကိုယ့်ကို မှန်ကန်တဲ့လမ်းကြောင်းကို ဦးတည်ပေးမှာဖြစ်ပါတယ်။ မကောင်းတဲ့တွန်းအားတွေဘက်ကို နားယောင်မိရင်တော့ လမ်းမှားကို ရောယောင်ရောက်သွားပြီး ကိုယ်လည်းခံစားရမှာ ဖြစ်ပါတယ်။

အဲဒီအတွက် သဘာဝတရားရဲ့ ပုံမှန်လမ်းစဉ်အရ ကောင်းဆိုးတွန်းအား နှစ်ခုစလုံးဟာ လူတစ်ယောက်ကို အကူအညီတွေ

www.burmeseclassic.com

www.burmeseclassic.com





ပေးနိုင်သလို၊ နှောင့်ယှက်တာမျိုးတွေ နှစ်မျိုးစလုံး လုပ်နိုင်တယ်လို့ ဆိုပါတယ်။ ပင့်ကူကြီးက ပြောလိုက်၊ သူ့ရဲ့ပင့်ကူအိမ်ကိုဆက်ပြီး ဆက်လိုက်လုပ်နေခဲ့တယ်လို့ ဒဏ္ဍာရီက ဆိုပါတယ်။

ပင့်ကူကြီးဟာ သူ့ရဲ့ပင့်ကူအိမ်ကို ယက်လုပ်လို့အပြီးမှာတော့ လာကိုတာကို ပင့်ကူအိမ်ကိုပေးလိုက်ပြီး ဆက်လက်ပြောတာကတော့ -

"ဒီပင့်ကူအိမ်ဟာ ပြီးပြည့်စုံတဲ့စက်ဝိုင်းဖြစ်ပြီး အလယ်တည့်တည့်မှာ ဗဟိုပေါက်ရှိပါတယ်။ ဒီပင့်ကူမျှင်အိမ်ကို ကိုယ့်ရည်မှန်းချက်ပြည့်ဖို့ လိုအပ်တဲ့လူတွေ၊ ကိုယ့်ရဲ့ကောင်းမြတ်တဲ့ အကြံအစည်စိတ်ကူးတွေကို အကောင်အထည်ဖော်နေသူတွေ၊ ကိုယ့်အိပ်မက်တွေ၊ ကိုယ့်ရဲ့စိတ်ကူးအတွေးတွေအတိုင်းဖြစ်ချင်တဲ့လူတွေကို ကူညီနိုင်ဖို့ ဒီ Spider Web ပင့်ကူကွန်ရက်ကို အသုံးပြုနိုင်တယ်လို့ ဆိုခဲ့ပါတယ်။

လာကိုတာဟာ သူ့ဆရာ အစ်တိုမီပေးခဲ့တဲ့အတိုင်း ပင့်ကူအိမ် Dream Catcher ကို လူတွေအဆောင်အဖြစ် ဆောင်နိုင်ဖို့ ပြုလုပ်ခဲ့ပါတယ်။

## Dream Catcher ရဲ့ စွမ်းအားစုများ

ဒါကြောင့် သင့်ရဲ့ ကောင်းမြတ်တဲ့စိတ်ကူးအိပ်မက်တွေ အကောင်အထည်ပေါ်ချင်ရင် ဒါတွေကို ဒီပင့်ကူအိမ်ကွန်ရက် Dream Catcher က ရေစစ်လို စစ်ပေးထားမှာဖြစ်ပြီး မကောင်းတာ

www.burmeseclassic.com

www.burmeseclassic.com




တွေကိုလည်း ဒီကွန်ရက်ကနေ လွတ်မထွက်သွားအောင် ဖမ်းထားပေးမှာ ဖြစ်ပါတယ်။ မကောင်းတာတွေဟာ ဒီကွန်ရက်ကို ဖြတ်ကျော်မသွားနိုင်ဘူးလို့ ယုံကြည်ခဲ့ကြပါတယ်။

ဒီလို အယူအဆများကြောင့် Dream Catcher ကို လူတွေဟာ အဆောင်အဖြစ် ဆောင်လာကြတာဖြစ်ပါတယ်။ ကားအတွင်းရဲ့ နောက်ကြည့်မှန်တွေမှာ Dream Catcher တွေကို ချိတ်ဆွဲကြပါတယ်။ သဘောက မကောင်းတာတွေ ကိုယ်ဆီမလာနိုင်ဖို့အတွက် ဖြစ်ပါတယ်။ ယာဉ်အန္တရာယ်ကို ကင်းရှင်းစေနိုင်ပါတယ်။

**အဆောင်နှင့် အဆင်တန်ဆာ Dream Catcher**

ယနေ့ခေတ်မှာ Dream Catcher အဆောင်ပစ္စည်းဟာ အနုပညာလက်ရာမြောက်တဲ့ လက်မှုအနုပညာအဖြစ် သာမက အိပ်ခန်းထဲက ခုတင်တွေရဲ့အထက်မှာပါ နေရာယူလာပါပြီ။

အိပ်မက်ဆိုးတွေ၊ မကောင်းတာတွေကို လမ်းလွှဲဖို့၊ ကောင်းတဲ့အမြင်တွေကိုဖြစ်ပေါ်လာစေဖို့ Dream Catcher အဆောင်များကို တချို့က ရင်ဘတ်ပေါ်မှာ အဆင်တန်ဆာအဖြစ် သေးငယ်တဲ့ D.C လေးတွေကို ဆွဲထားတတ်ကြသလို၊ တချို့ကကျတော့ မိမိတို့အိပ်စက်တဲ့ ခုတင်တွေရဲ့အထက်၊ ကိုယ့်ဦးခေါင်းပေါ်တည့်တည့်နေရာမှာ ချိတ်ဆွဲထားတတ်ကြပါတယ်။

ဒီလိုချိတ်ဆွဲထားခြင်းအားဖြင့် ညအချိန်ရောက်လာတဲ့ အခါမှာ အိပ်မက်ကောင်းတွေဟာ အိပ်နေတဲ့လူဆီကို ပင့်ကူအိမ်

www.burmeseclassic.com

www.burmeseclassic.com




ကွန်ရက်အောက်မှာရှိနေတဲ့ ငှက်မွေးလေးတွေမှတဆင့် အိပ်နေတဲ့ သူဆီကို ရောက်လာမှာဖြစ်သလို၊ မကောင်းတဲ့အရာတွေ၊ အိပ်မက်ဆိုးတွေကိုလည်း D.C ရဲ့ပင့်ကူအိမ်ကွန်ရက်က ဖမ်းထားပေးမှာ ဖြစ်တဲ့အတွက် D.C ကို ဆောင်ထားတဲ့ လူတစ်ယောက်ဟာ နစ်မြိုက်စွာ အိပ်ပျော်နိုင်သလို၊ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ နံနက်ခင်းကိုလည်း ပျော်ရွှင်ချမ်းမြေ့စွာ ဖြတ်သန်းနိုင်ပါတယ်။



### Dream Catcher အဆောင် သိဒ္ဓိတင်ခြင်း

Dream Catcher တစ်ခုကို သိဒ္ဓိတင်ရာမှာ ရိုးရှင်းလွယ်ကူစွာပဲ ပြုလုပ်ပါလို့ အကြံပြုချင်ပါတယ်။ သူ့အတွက် သိပ်ခမ်းနားစရာတော့ မလိုပါဘူး။ ဒါပေမယ့် ဈေးဆိုင်က ဝယ်လာပြီးရင်တော့ အနည်းဆုံး ကိုယ့်အတွက် ယုံကြည်မှုတစ်ခုရအောင် သိဒ္ဓိတော့ တင်ပေးပါ။

ဒီလို သိဒ္ဓိတင်ပြီးမှသာ သင့်ရဲ့အဆောင်ပစ္စည်းဟာ သင်နဲ့အတူ တစ်သားတည်းရှိနေမှာ ဖြစ်ပါတယ်။ ဒါမှသာ သင်အလိုရှိရာ တောင်းဆိုနိုင်မှာလည်း ဖြစ်ပါတယ်။ D.C တစ်ခု ဝယ်ပြီးပြီဆိုရင် ပထမဆုံး အိပ်မက်ဖမ်းအဆောင်လေးကို အိမ်ရဲ့ ဘယ်နေရာမှာ ချိတ်ဆွဲမလဲဆိုတာ ဆုံးဖြတ်ပါ။

အိပ်ခန်းသာမက အိမ်မှာလည်း လက်မှု အလှဆင်ပစ္စည်းအနေနဲ့ရော၊ အဆောင်ပစ္စည်းအနေဖြင့်ပါ ထားရှိလို့ရပါတယ်။ အိမ်ရှေ့ခန်းမှာပဲ ထားထား၊ သင့်အိပ်ခန်းထဲမှာပဲ ထားထား၊ သင်

www.burmeseclassic.com

www.burmeseclassic.com


ချိတ်ဆွဲထားပြီးပြီဆိုရင် သိဒ္ဓိတင်ခြင်းအဖြစ် မကောင်းဆိုးဝါးပြေးစေတဲ့ ပင်စိမ်းရွက်ကို မီးရှို့ပေးရမှာ ဖြစ်ပါတယ်။

ပင်စိမ်းရွက်မီးရှို့လိုက်လို့ ထွက်လာတဲ့ အခိုးအငွေ့များ ပေါ်ထွက်လာချိန်မှာ ကိုယ့်ရဲ့အိပ်မက်ဖမ်းအဆောင်ကို ဆုတောင်းနိုင်ပါတယ်။ ဘယ်လိုဘယ်ပုံ ကိုယ့်အိမ်ကိုစောင့်ရှောက်စေချင်ပါတယ်ဆိုတာကို ဆုတောင်းနိုင်ပါတယ်။ ပြီးရင်တော့ ဒီအဆောင်လေးကို ကိုယ့်ရဲ့အကာအကွယ်ပစ္စည်းအဖြစ်၊ ကိုယ်နဲ့တစ်သားတည်းဖြစ်သွားပြီ၊ ကိုယ့်ကို ဒီအဆောင်လေးက အဖက်ဖက်က အကာအကွယ်များပေးနေပြီလို့ စိတ်အာရုံပြုရမှာ ဖြစ်ပါတယ်။

ဒါဆိုရင်တော့ သင့်ရဲ့ D.C ကို သိဒ္ဓိတင်ပေးတာ ပြီးမြောက်အောင်မြင်ပါပြီ။ မော်တော်ကားမှာဆိုရင်လည်း အဲဒီအနီးအနားတစ်ဝိုက်မှာ ပင်စိမ်းရွက်ကို မီးရှို့ပေးပြီး မကောင်းဆိုးဝါးများကို ထုတ်ကာ D.C ကို သိဒ္ဓိတင်ပေးနိုင်ပါတယ်။ ပင်စိမ်းမရရင်လည်း ရှားမီးကို ရှို့ပေးနိုင်ပါတယ်။

အဓိကက အနံ့စူးရှတဲ့အရာမျိုးကို မီးရှို့ပေးရမှာ ဖြစ်ပါတယ်။ မကောင်းဆိုးဝါးနဲ့ မကောင်းတဲ့ အဆိုးအညစ်တွေဟာ အနံ့စူးရှတာကို အလွန်ကြောက်ရွံ့ကြပါတယ်။ သူတို့ကို မောင်းထုတ်ပြီးမှ သင့်ရဲ့ D.C ကို ဆောင်ထားပါ။

ပြီးရင်တော့ နောက်ဆုံးမှာ ကိုယ့်ရဲ့အိပ်မက်ဖမ်း အစောင့်အရှောက်အဆောင်လေးကို ကျေးဇူးတင်ကြောင်းပြောပြီး အခုအချိန်ကစလို့ ဒီအဆောင်လေးက ကိုယ့်ကို မကောင်းတာတွေက ကာကွယ်စောင့်ရှောက်ပြီး ကောင်းတာတွေ ကိုယ့်ဆီလာအောင် စေညွှန်နေပြီလို့ ယူဆရမှာဖြစ်ပါကြောင်း Dream Catcher အကြောင်းကို ပြည့်စုံစွာ ဖော်ပြပေးလိုက်ရပါတယ်။


www.burmeseclassic.com

www.burmeseclassic.com


# အဘဇင်ယော်နီ ပြောသော ဂမ္ဘီရနည်းလမ်းများ

ဂမ္ဘီရဆရာပြည့်
(ကသာမြေ)




www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ဂမ္ဘီရဆန်သော ပညာရပ်များကို လွန်စွာမှ စိတ်ဝင်စားလေသည်။ ထို့အတွက်ကြောင့် ကျွန်ုပ်သည် အဘဖင်ယော်နီ ပြောသော ဂမ္ဘီရနည်းလေးများကို စုဆောင်းထားခဲ့ပေသည်။

ယခုအခါ ခုနစ်ရက်သားသမီးတို့ အရေးကြုံလျှင် အသုံးချစေနိုင်စေရန်အလို့ငှာ လက်တွေ့အသုံးချ ဂမ္ဘီရနည်းလေးများကို ဖော်ပြလိုက်ရပေတော့သည်။

**၁) ကားလေးတစ်စီး ရောင်းဖို့**

အင်္ဂါနေ့၊ သောကြာနေ့၊ စနေနေ့ နေ့သုံးနေ့မှာ သံပုရာသီးတစ်လုံးကို နွေးအောင် မီးကင်ပြီး ထိုသံပုရာသီးကို ခွဲကာ ရောင်းမည့်ကား၏ ကားနံပါတ်ကို ခွဲထားသော သံသရာသီးခြမ်းနှင့်ပွတ်တိုက်ကာ ဆုတောင်းရပါကြောင်း။

**၂) ကားလေးတစ်စီး ဝယ်ဖို့**

ကားလေးတစ်စီးဝယ်ဖို့ အခက်ကြုံနေလျှင် ဗုဒ္ဓဟူးနေ့ နံနက် (၆း၃၀)နာရီမှာ အိမ်က မြတ်စွာဘုရားကို မုန့်ဟင်းခါးကပ်



www.burmeseclassic.com

www.burmeseclassic.com



လူ့ပြီးလျှင် တစ်အိမ်သား
လုံးလည်း မုန့်ဟင်းခါးစား
ကာ ဝယ်ချင်သော ကားကို
ဆုတောင်းရပါကြောင်း။



၃) **လက်ဖက်ရည် ရောင်းကောင်းဖို့**

လင်ဗန်းတစ်ချပ်ပေါ်မှာ ချင်း(ဂျင်း)လုလု (၂)တက်ထင်၊ အဲဒီ ဂျင်းတက် (၂) တက်ပေါ်မှာ ဖယောင်းတိုင် (၁)တိုင်စီထွန်းပြီး အိမ်ရှိဘုရားမှာ လက်ဖက်ရည်ကပ်လှူ ဆုတောင်းရပါကြောင်း။

၄) **မုန့်ဟင်းခါးဆိုင် ရောင်းကောင်းဖို့**

လင်ဗန်းတစ်ချပ်ပေါ်မှာ ညောင်ရွက်(၃)ရွက်ကို တိပ် (သို့မဟုတ်) ကော်နှင့်ကပ်၍ ထိုညောင်ရွက်ပေါ်တွင် ဖယောင်းတိုင် (၁) တိုင်စီထွန်းကာ အိမ်ရှိဘုရားတွင် ဆုတောင်းရပါကြောင်း။

၅) **မကောင်းသော ဘေးဆိုး၊ ကပ်ဆိုးများ ကျော်လွှားနိုင်သော 'ဝိဇ္ဇာ နဝင်းဆေး'**

ကွမ်းရွက်နှင့် ထန်းလျက်ကို သင့်တော်ရုံကြို၍ ကလေး၊ လူကြီး အားလုံးပါမကျန် သောက်ခြင်းအားဖြင့် ကျော်လွှားနိုင်စေပါကြောင်း။

၆) **ကား၊ လှေ၊ လှည်း၊ ဆိုင်ကယ်ကယ်ရီတို့ နှားဖို့ အခက်ကြုံလျှင်-**

အကြွေစေ့လေး တစ်စေ့ကို ဖလထဲသို့ ခေါင်းပန်းလှန်သလို မြှောက်လိုက်၊ ကျလာသောအခါ ပြန်ဖမ်းလိုက်လုပ်ရင်း ဆုတောင်းရပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



၇) **အရေးကြီးကိစ္စ တစ်စုံတရာ ဆောင်ရွက်စရာရှိလျှင်-**

မိမိ၏ တေဇအရပ်ကို လှည့်ပြီးတော့ ဆုတောင်းသွား ပါလေ။

❖

| နေ့သားသမီး | တေဇအရပ် |
|---|---|
| ၁) တနင်္ဂနွေသားသမီး | အနောက်အရပ် |
| ၂) တနင်္လာသားသမီး | အနောက်မြောက်အရပ် |
| ၃) အင်္ဂါသားသမီး | မြောက်အရပ် |
| ၄) ဗုဒ္ဓဟူးသားသမီး | အရှေ့မြောက်အရပ် |
| ၅) ကြာသပတေးသားသမီး | အရှေ့တောင်အရပ် |
| ၆) သောကြာသားသမီး | အနောက်တောင်အရပ် |
| ၇) စနေသားသမီး | အရှေ့အရပ် |

## ဂြိုဟ်ရှစ်ခွင် အရပ်ပြပုံ




www.burmeseclassic.com

www.burmeseclassic.com



# 5

**၈) သားသမီး၊ အောက်လက်ငယ်သား တွေကို အေးအေးဆေးဆေး နေစေ ချင်လျှင်**

ထိုသူတို့၏အကျီကို ရေထည့်ထားသော သောက် ရေအိုး၏ အောက်မှာ ထည့် ထားရပါကြောင်း။

**၉) ဈေးဆိုင် ရောင်းကောင်းဖို့**

ရွှေရောင်စက္ကူကို အင်္ဂလိပ်အက္ခရာနံပါတ် (5) ပုံစံညှပ်ပြီး ဆိုင်အဝင်ဝမှာ ကပ်ထားရပါကြောင်း။ (ရွှေရောင် သဘော်ဆေးလည်း ရပါသည်။)

**၁၀) တစ်ခုခု တိုးတက်အောင်မြင်ဖို့အတွက်**

ဘုရားစေတီမှာ ဘူးသီးကြော်၊ ငှက်ပျောကြော်၊ ကြက်သွန် ကြော်၊ ဘယာကြော် (၄)မျိုးကို ကပ်လှူပြီး မိန်းမဆိုရင် ခေါင်းလောင်း ထိုးပြီးဆုတောင်း။ ယောကျ်ားဆိုရင် ကြေးစည်တီးရပါကြောင်း။

**၁၁) အင်တာဗျူး ဖြေဆိုလျှင်**

ကျောက်စရစ်ခဲတစ်လုံးကို လမ်းဘေးမှာ ရှာကောက်ပြီး နောက် ရေမိုးသန့်စင်စွာဆေး၍ ညာလက်နှင့်ဆုပ်ကိုင်ကာ ပါးစပ် [illegible]းတော့၍ (လောကဝိဒူ)ဂုဏ်တော်ကို (၁၀၈)လုံးဖြင့် (၁၆)ပတ် ရအောင် ရွတ်ဆိုရပါမယ်။ အင်တာဗျူးဖြေသောအခါ ဆောင်သွား ရပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com


၁၂) လမ်းခရီးအန္တရာယ် ကင်းစေလိုလျှင်

စံပယ်ပန်း (၆၃)ပွင့်ကို ရေမိုးသန့်စင်စွာဆေး၍ ညာလက်နှင့် ဆုပ်ကိုင်ကာ ပါးစပ်နားတေ့၍ သမ္ဗုဒ္ဓေဂါထာတော်ကြီး (၆) ခေါက်စုပ်ကာ အိတ်ထဲ၌ ဆောင်သွားရပါကြောင်း။ (လက်နှင့် ကိုင်လို့ မရလျှင် ဖက်ကတော့ထဲ ထည့်၍ စီရင်နိုင်ပါကြောင်း)

၁၃) ငွေကြေးကိစ္စ အကူအညီတောင်းလိုလျှင်

စံပယ်ပန်း (၃၈)ပွင့်ကို ရေမိုးသန့်စင်စွာဆေး၍ ညာလက်နှင့် ဆုပ်ကိုင်ကာ ပါးစပ်နားတေ့၍ (သမ္ဗုဒ္ဓေဂါထာတော်)ကြီး (၅) ခေါက်စုပ်ကာ ဆောင်သွားရပါကြောင်း။

၁၄) အပျက်များတဲ့ ပစ္စည်းများအတွက်

တဲရှော့နံပါတ်(၁၄)၊ ရေခွက်(၂)ခွက်ပုံကို အပျက်များတဲ့ မည်သည့် ပစ္စည်းများကိုမဆို ကပ်ထားခြင်းအားဖြင့် အပျက်နည်းစေပါကြောင်း။


၁၅) မကောင်းသောအတတ်နှင့် ပြုစားထားသည်ဟု သံသယရှိလျှင် -

ညနေစောင်းတစ်ခုမှာ နေအိမ်အဝင်ဝတွင် စလောင်းဖုံးကို ပက်လက်လှန်လျက် ထိုစလောင်းဖုံးပေါ်တွင် မီးထွန်းပြီး ဆုတောင်းရပါကြောင်း။

ဂမ္ဘီရဆရာပြည့် (ကသာမြေ)


www.burmeseclassic.com

www.burmeseclassic.com



# ဝိယသိဒ္ဓိ
# အစွမ်းထက် အင်းများ

ဝေယံဘုန်းပြည့်

**Good kama Produce good effect.**

**Bad kama Produce bad effect.**

www.burmeseclassic.com

www.burmeseclassic.com





ပီယသိဒ္ဓိ အစွမ်းထက် အင်းများသည် ရှေးမြန်မာ လောကီပညာရှင်ကြီးများမှ စီရင်ထားခဲ့ခြင်း ဖြစ်သည်။

တန်ဖိုးကြီးမားသော အစွမ်းထက်အင်းများဖြစ်၍ တန်ဖိုးထား လုပ်ဆောင်ကြရန် ဖြစ်သည်။ အထူးသဖြင့် သစ္စာရှိရန် လိုပါသည်။ အပျော်သဘော မလုပ်မိကြဖို့လည်း ဂရုစိုက်သင့်ပါသည်။

သင်ပြသော "ကံ" သင့်ထံ ပြန်လာပါလိမ့်မည်။

(မေတ္တာ အင်းတော်ကြီး)

| | | | | | |
|---|---|---|---|---|---|
| | ဖြ | သု | တ္တ | ဒါ | |
| သု | သု | မု | ဟ္မ | ဒ္ဓ | မော |
| လာ | တြေ | ပိ | ဒ္ဓ | နာ | မု |
| ပိ | နာ | ဒ | သု | သ | ဗု |
| ကာ | ယာ | မာ | ဒွေ | သ | တ္တိ |
| | နာ | ဌု | ဂု | ဓိ | |

လူချစ်၊ လူခင်များစေရန်နှင့် မေတ္တာသက်ဝင် ချစ်ခင်စေသော အင်းဖြစ်သည်။ ဖယောင်းတိုင်တွင် ပတ်၍ တစ်နေ့(၃)တိုင် ထွန်း၍ (၃)ရက် ဆုတောင်းပါလေ။

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ပီ | ယေ | သွား |
| ယေ | | ယာ |
| ဝါ | ဟာ | ပီ |

| | | |
|---|---|---|
| ဦ | ပ | တွေ့ |
| ယု | | ယာ |
| ယေ | ယာ | ရုံ |

(ပီယ အဆောင်)

အဆောင်(၁)နှင့် အဆောင်(၂) ပေါင်း၍ ဆောင်နိုင်ပါသည်။

| | | | | |
|---|---|---|---|---|
| | ၂ | ၄ | ၆ | |
| | ၁ | ၂ | ၃ | |
| ၃ | ၆ | | ၄ | ၅ |
| | ၈ | ၅ | ၇ | |
| | ၇ | ၈ | ၁ | |

| | | |
|---|---|---|
| ၅ | ၃ | ၆ |
| ၄ | | / |
| ၇ | ၁ | ၈ |

(ပီယအကျော် အင်း)

“ဂဠုန်ပုတ်သင်ကိုက်” အင်းဖြစ်သည်။ လက်ဖွဲ့ထိုး၍ ဆောင်ပါလေ။ ပီယအကျော် ပွဲထွေအင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



| | | | |
|---|---|---|---|
| သု | ဒိ | နော | ပံ |
| [illegible] | ဝါ | ဝါ | [illegible] |
| [illegible] | နာ | ၃ | [illegible] |
| [illegible] | [illegible] | ရ | ဃ |

(ပီယသိဒ္ဓိ အင်း)

ဧင်းအင်းကို အိုးသစ်တွင် ချ၊ မဆစ်ဆီကို ဝယ်၍ချက်။ ထင်းကား ဖီးသားထင်း၊ ဖီးသားယောင်းမ သုံးပုံတစ်ပုံ ချန်၍ယူ၊ ဆံစ သုတ်ချစ်၏ ။ ပွဲတွေ့ ပီယသိဒ္ဓိအင်း စီရင်နည်း ဖြစ်၏ ။

| | | | |
|---|---|---|---|
| ကျွံ | ကျွံ | ကျွံ | ကျွံ |
| ၄၇ | ၃၆ | ၂၂ | ၂၉ |
| ကျွံ | ကျွံ | ကျွံ | ကျွံ |

(ပီယသိဒ္ဓိ အင်း)

ဧင်းအင်းကို ခါးတွင်ရေး၍ ချ၊ မြင်သမျှ အပျိုတိုင်း ချစ်၏ ။ ယုံမှား မရှိနှင့်။ ပွဲတွေ့လှပြီ။

| | | |
|---|---|---|
| | မာ ၃ | |
| ၇၄ | ဦ ၁ | သွား ၅ |
| | ကု ၂ | |



www.burmeseclassic.com

www.burmeseclassic.com


## (ပီယအင်း အစီအရင်)

တစ်ဘက်တွင် ဖော်ပြထားသော အင်းကို အသုံးပြုသော အခါ ယောကျာ်း ညာလက်မ လက်သည်းခွံပေါ်မှာ ရေး၊ မိန်းမ ဘယ် သက်မ လက်သည်းခွံပေါ်မှာ ရေး။ မိမိ အလိုရှိသောသူကို သွား၍ စကားပြောပါ။ အဆင်ပြေလိမ့်မည်။ ပွဲတွေ့ဖြစ်၏ ။ သစ္စာရှိမှ ပြုလုပ် ပါ။ အပျော်အပျက် မလုပ်ပါနှင့်။ ကညစ်နှင့် ရေးရမည်။

| | | | | |
|---|---|---|---|---|
| က | ဗ | ဈ | န | ဂ |
| ဘ | ဓ | ခ | ဏ | ည |
| ဍ | ဇ | နံ | ဃ | ပ |
| ဒ | ဗ | စ | ဋ | တ |
| ဆ | ဌ | ထ | ဖ | င |

## (ပြန်ပေါင်းအင်း)

အကြောင်းကြောင်းကြောင့် ချစ်သူရည်းစား၊ လင်မယားတို့ ဖွဲ့ကွာနေလျှင်၊ သို့တည်းမဟုတ် စိတ်ကောက်နေလျှင် ချစ်စိတ်ဝင် ၍ ပြန်လည်ဆုံစည်း ပေါင်းဖက်ရစေသော အလွန်အဖိုးထိုက်တန် သည့် “ပြန်ပေါင်း အဆောင်အင်း”ဖြစ်သည်။

| | | |
|---|---|---|
| ၃ | ၉ | ၂ |
| / | ၁ | ၆ |
| ၄ | ၈ | ၇ |

## (ပီယလက်ဖွဲ့ အဆောင်)

၎င်းအင်းကို ရွှေ၊ ငွေတွင် ထိုး၍ ရောင်မှာဆောင်၊ မျက်နှာ


www.burmeseclassic.com

www.burmeseclassic.com


ပွင့်ကောင်းလှပေ၏ ။ ပွဲတွေ့။

| | | | |
|---|---|---|---|
| ပီ | ၁၅ | ၂၄ | သွား |
| ၂၈ | ယေ | ယာ | ၃၆ |
| ၇၈ | ယေ | ဟုံ | ၇၈ |
| ဝါ | ၅၄ | ၆၁ | ပီ |

| | | | |
|---|---|---|---|
| သွား | ၄၂ | ၅၁ | ပီ |
| ၃၆ | ယာ | ယေ | ၂၈ |
| ၇၈ | ဟုံ | ယေ | ၇၄ |
| ပီ | ၄၅ | ၁၆ | ဝါ |

**(ပြန်ပေါင်းပီယအင်း)**

ချစ်သူ၊ ရည်းစား၊ လင်ကွဲ၊ မယားကွဲ အမြန် ပြန်ပေါင်းစေ သည့်အင်းဖြစ်သည်။ (နှစ်ခုပေါင်းမှ အစွမ်းထက်ပါသည်။)

| | | |
|---|---|---|
| ၅ | ၄ | ၆ |
| ၃ | နံ | ၂ |
| ၇ | ၁ | ၈ |

**(ပီယအင်း)**

လူချစ်၊ လူခင်ပေါ်များစေသော ပီယအင်းဖြစ်သည်။ အလယ် (နံ)နေရာတွင် မိမိမွေးနံ ထည့်ပါ။ အဆောင်အဖြစ် အသုံးပြုနိုင် သလို၊ ဖယောင်းတိုင်တွင်ပတ်၍ မီးထွန်းနိုင်သည်။


www.burmeseclassic.com

www.burmeseclassic.com



**(ပီယအင်း အစီအရင်)**

"ကြနှာ - အာမ"

ဤအင်းကို ဆောင် လည်းဆောင်၊ ရေစိမ်၍ ပက်၊ ကုန်တိုက် ပီယအကျော်။

| | |
|---|---|
| ကြ | မ |
| အာ | နှာ |

| | | |
|---|---|---|
| ဒု | ဇာ | မ |
| ယံ | ရန့် | ဒွ |
| ရာ | မ | ပီ |

| | | |
|---|---|---|
| ဓ | ဇာ | မ |
| ယံ | ရန့် | မွ |
| ရာ | မ | ပီ |

| | | |
|---|---|---|
| သံ | ဇာ | မ |
| ယံ | ရန့် | ယ |
| ရာ | မ | ပီ |

**(အပွင့် ပီယအင်း)**

ဤ အင်းသုံးလုံးကို တစ်ကြိုးတည်း သီ၍ အင်းဖုံ ဂါထာနှင့် ထက်အားသမျှ စုပ်လေ။ ကုန်တိုက်၊ စကားပြော၊ အရောင်းအဝယ်၊ အပွင့်တို့၌ အလွန်ကောင်း၏ ။ အင်းဖုံဂါထာကား . . "သဗ္ဗရတနာ ပီယံမမ" အစုံရသောအင်း။ ပွဲတွေ့ကောင်းလှပေ၏ ။

| | | | |
|---|---|---|---|
| / | ၈ | ၉ | ၃ |
| ၃/ | ၃ | ၆ | ၅၃ |
| ၃၃ | ၃၅ | ၅ | ၉ |
| ၇ | ၈ | ၉၅ | ၀ |

| | | | |
|---|---|---|---|
| ၁၆ | ၅၇ | ၉ | ၅ |
| ၃ | ၆ | ၁၃ | ၅၀ |
| ၆၈ | ၆၈ | ၅၂ | ၈ |
| ၁ | ၇ | ၆ | ၅၆ |

**(မိန်းမ၊ ယောကျ်ား အဆောင်လက်ဖွဲ့)**

ဤ အင်းကို ရွှေ၊ ငွေတွင်ချ၍ လက်ဖွဲ့ထိုး၊ မိန်းမဆောင်



www.burmeseclassic.com

www.burmeseclassic.com



ပါက ယောကျာ်းလာ၏ ။ အကယ်၍ သား၊ သမီး အဖတ်မတင်သော် ဤလက်ဖွဲ့ကို ထိုးဆောင်လေ။ ဒိဋ္ဌပင်။ သား၊ သမီး အဖတ်တင်၏ ။

| | | |
|---|---|---|
| / | ၃ | / |
| ၂ | နံ | ၃ |
| ၂ | ၄ | / |

**(ပီယလက်ဖွဲ့ အဆောင်)**

“ငစင်မှုဆိုး- ကျွန်းကိုလို” (၃၇)အုပ်စုပ်။ အင်းဆံအလယ်မှာ ဆောင်သူနံ ထည့်ပါ။ ပီယအကျော်ဖြစ်၏ ။

| | | | |
|---|---|---|---|
| | ဥုံ | ဣ | |
| ပ္ပ | ထိ | ယံ | ရာ |
| ပီ | ဏ | ဏ္ဍိ | ဍ္ဍိ |
| | နံ | ဏ္ဍ | |

**ပီယအဆောင် (အမျိုးသမီး သီးသန့်)**

အမျိုးသမီးများ မိမိကို လူအများ ချစ်ခင်၊ နှစ်သက်စေရန်နှင့် အကြံအစည် အထမြောက်စေရန် ကိုယ်နှင့်မကွာ ဆောင်ထားနိုင်သည်။ လိုအပ်ပါက ဖယောင်းတိုင်တွင် ပတ်၍ မီးထွန်းပါလေ။ တစ်နေ့ (၆)တိုင်၊ (၆)ရက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| သ္သ | သ္သ |
| တ္တ | တ္တ |

(ပီယ လက်ဖွဲ့)

ရွှေ၊ ငွေတွင် ထိုး၍ ဆောင်ပါလေ။ ကောင်း၏ ။

| | |
|---|---|
| ဥုံ | သာ |
| မွံ | သွံ |

(ပီယ သိဒ္ဓိအကျော်)

အင်းဆံမှာ "ဥုံ- သာ- မွံ- သွံ" ဖြစ်၏ ။

၎င်းကို လက်ဖွဲ့ထိုးရမည်မှာ -

၁) မိမိ မွေးနံ့ဆန်းလတွင် လဆန်း(၁)ရက်နေ့၌ အင်းပေါင်တား၍ "ဥုံ" တစ်လုံး ရေး၍ ထားရမည်။

၂) လဆန်း (၃)ရက်နေ့ကျလျှင် "သာ" တစ်လုံး ရေးထားရမည်။

၃) လဆန်း (၅)ရက်နေ့ကျလျှင် "မွံ" တစ်လုံး ရေးထားရမည်။

၄) လဆန်း (၇)ရက်နေ့ကျလျှင် "သွံ" တစ်လုံး ရေးထားရမည်။

၎င်း အက္ခရာလေးလုံး စုံသည့်နေ့မှ လက်ဖွဲ့လိပ်ရပါသည်။ ပြီးလျှင် ၎င်း လက်ဖွဲ့အဆောင်ကို ဂါထာ (၁၀၀၀)နှင့် ပူဇော်ရမည်။



www.burmeseclassic.com

www.burmeseclassic.com


ဂါထာကား -

"ဦ - သာ - မွံ - သွံ - သွာဟာ" ဟူ၍ ဖြစ်သည်။


| က - ပ - အ |
|---|

**(ပီယလက်ဖွဲ့ကျော်)**

၎င်း စာတမ်းကို ကြက်ထီးနှင့် ကြက်မ မေထုန်သံဝါသ ပြု
နေစဉ် ပြီးအောင်ရေး၍ လက်ဖွဲ့ထိုး၊ ပီယလက်ဖွဲ့ကျော် ဖြစ်သည်။

**၁။ (တနင်္ဂနွေနေ့ /နံ အတွက် ပီယသိဒ္ဓိအဆောင်)**

| | | | |
|---|---|---|---|
| ၆ | ၁ | ၈ | ၁၅ |
| ၇ | ၅ | ၃ | ၁၅ |
| ၂ | ၉ | ၄ | ၁၅ |
| ၁၅ | ၁၅ | ၁၅ | |



- နောက်ကျောတွင် စက်ဝိုင်းထားရှိရပါမည်။
- အလျားလိုက်၊ ဒေါင်လိုက်ပေါင်းပါက (၁၅)ရသည်။

အဆောင်အဖြစ် အသုံးပြုနိုင်သလို ဖယောင်းတိုင်တွင် ပတ်၍ မီး
ထွန်း။ ဉာဏ်ရှိသလို သုံးပါလေ။


www.burmeseclassic.com

www.burmeseclassic.com



## ၂။ (တနင်္လာနေ့ /နံ အတွက် ပီယသိဒ္ဓိအဆောင်)

| | | | |
|---|---|---|---|
| ၇ | ၂ | ၉ | ၁၈ |
| ၈ | ၆ | ၄ | ၁၈ |
| ၃ | ၁၀ | ၅ | ၁၈ |
| ၁၈ | ၁၈ | ၁၈ | |




- နောက်ကျောတွင် ထားရှိရမည့် ကြယ်ပုံ။

- အလျား၊ ဒေါင်လိုက်ပေါင်းပါက (၁၈)ရသည်။ အဆောင်အဖြစ် အသုံးပြုနိုင်သလို ဖယောင်းတိုင်တွင် ပတ်၍ မီးထွန်း။ လိုရာဆန္ဒပြုပါလေ။

## ၃။ (အင်္ဂါနေ့ /နံ အတွက် ပီယသိဒ္ဓိအဆောင်)

| | | | |
|---|---|---|---|
| ၈ | ၃ | ၁၀ | ၂၁ |
| ၉ | ၇ | ၅ | ၂၁ |
| ၄ | ၁၁ | ၆ | ၂၁ |
| ၂၁ | ၂၁ | ၂၁ | |



- နောက်ကျောတွင် လေးထောင့်ပုံ ရှိပါစေ။

- အလျား၊ ဒေါင်လိုက်ပေါင်းပါက (၂၁)ရသည်။ အဆောင်အဖြစ် ထားရှိနိုင်သည်။ လိုအပ်ပါက ဖယောင်းတိုင်တွင် ပတ်၍ မီးထွန်းပြီး လိုရာဆုတောင်းပါလေ။ သိဒ္ဓိအောင်မည်။




www.burmeseclassic.com

www.burmeseclassic.com



## ၄။ (ဗုဒ္ဓဟူးနေ့ /နံ အတွက် ပီယသိဒ္ဓိအဆောင်)


| | | | |
|---|---|---|---|
| ၉ | ၄ | ၁၁ | ၂၄ |
| ၁၀ | ၈ | ၆ | ၂၄ |
| ၅ | ၁၂ | ၇ | ၂၄ |
| ၂၄ | ၂၄ | ၂၄ | |



- နောက်ကျောတွင် လခြမ်းပုံ ကပ်ပါ။
- အလျား၊ ဒေါင်လိုက်ပေါင်းပါက (၂၄)ရသည်။ အဆောင် အဖြစ် ထားရှိနိုင်သည်။ လိုအပ်ပါက ဖယောင်းတိုင်တွင် ပတ်၍ မီးထွန်း၊ လိုရာဆုတောင်းပါ။

## ၅။ (ကြာသပတေးနေ့ /နံ အတွက် ပီယသိဒ္ဓိအဆောင်)

| | | | |
|---|---|---|---|
| ၁၀ | ၅ | ၁၂ | ၂၇ |
| ၁၁ | ၉ | ၇ | ၂၇ |
| ၆ | ၁၃ | ၈ | ၂၇ |
| ၂၇ | ၂၇ | ၂၇ | |



- နောက်ကျောတွင် ထားရှိရမည့် တြိဂံပုံ ထားရှိပါ။
- အလျား၊ ဒေါင်လိုက်ပေါင်းပါက (၂၇)ရသည်။ အဆောင် အဖြစ် အသုံးပြုနိုင်သည်။ လိုအပ်ပါက ဖယောင်းတိုင်တွင် ပတ်၍ မီး ထွန်း၊ လိုရာ ဆုတောင်းဆုယူပြုပါလေ။


www.burmeseclassic.com

www.burmeseclassic.com



## ၆။ (သောကြာနေ့ /နံ့ အတွက် ပီယသိဒ္ဓိအဆောင်)


| | | | |
|---|---|---|---|
| ၁၁ | ၆ | ၁၃ | ၃၀ |
| ၁၂ | ၁၀ | ၈ | ၃၀ |
| ၇ | ၁၄ | ၉ | ၃၀ |
| ၃၀ | ၃၀ | ၃၀ | |



- နောက်ကျောတွင် ဆဋ္ဌဂံပုံ ထားရှိပါ။
- အလျား၊ ဒေါင်လိုက်ပေါင်းပါက (၃၀)ရသည်။ အဆောင် အဖြစ် အသုံးပြုနိုင်သလို၊ ဖယောင်းတိုင်တွင်ပတ်၍ မီးထွန်း၍ လိုရာ ဆုတောင်းပါလေ။

## ၇။ (စနေနေ့ /နံ့ အတွက် ပီယသိဒ္ဓိအဆောင်)

| | | | |
|---|---|---|---|
| ၄ | ၉ | ၂ | ၁၅ |
| ၃ | ၅ | ၇ | ၁၅ |
| ၈ | ၁ | ၆ | ၁၅ |
| ၁၅ | ၁၅ | ၁၅ | |



- နောက်ကျောတွင် ထားရှိရမည့် တြိဂံပုံ။
- အလျား၊ ဒေါင်လိုက်ပေါင်းပါက (၁၅)ရသည်။ အဆောင် အဖြစ် အသုံးပြုနိုင်ပါသည်။ ဖယောင်းတိုင်တွင် ပတ်၍ မီးထွန်းညှိပြီး လိုရာဆုတောင်းနိုင်သည်။


www.burmeseclassic.com

www.burmeseclassic.com



## ဂ။ (ရာဟုနေ့ /နံ အတွက် ပီယသိဒ္ဓိအဆောင်)

| | | | |
|---|---|---|---|
| ၁၃ | ၈ | ၁၅ | ၃၆ |
| ၁၄ | ၁၂ | ၁၀ | ၃၆ |
| ၉ | ၁၆ | ၁၁ | ၃၆ |
| ၃၆ | ၃၆ | ၃၆ | |



- နောက်ကျောတွင် ရှိရမည့် လပုံ။

- အလျား၊ ဒေါင်လိုက်ပေါင်းပါက (၃၆)ရသည်။ အဆောင်အဖြစ် အသုံးပြုနိုင်သလို၊ လိုအပ်ပါက ဖယောင်းတိုင်တွင် ပတ်၍ မီးထွန်းစီရင်နိုင်သည်။ ဆန္ဒပြည့်မည်။

ဉုံ- သူရဿဒီ ဒေဝီရာ မေပီယံ

ချိုး ဘုံ အဝေ ဘုံ

| | | |
|---|---|---|
| ဉုံ | ဝါ | ယေ |
| ပီ | ဟုံ | ပီ |
| ယ | သွား | ယေ |

လောင်း ဓာ ဓမ္မိ ဓာ

မမဏ္ဍာတ္တိမမ ချိုးဆရာ

၎င်းအင်းကို ရွှေ၊ ငွေမှာ ထိုးလေ။ ဘုရားတွင် ပန်းဖြစ်စေ၊ မီးဖြစ်စေ၊ ဆွမ်းဖြစ်စေ လှူဒါန်း၍ လိုသော ဆုကိုတောင်း၊ အင်းကွက်ဘေးရှိ ဂါထာကို (၁၀၀၀)စုပ်။ ကုန်ရောင်းလိုသော် ရေစိမ်၍ပက်။ အနူပီယလိုသော် နှုတ်မှာ ငုံ၍ပြောပါလေ။

www.burmeseclassic.com

www.burmeseclassic.com



(သဗ္ဗ ဏ္ဍာသယ လက်ဖွဲ့)

| | | | |
|---|---|---|---|
| | | ဏ | |
| ဥုံ | ဥ | ကိတ္တိ | ဒိ |
| | | ဃ | |

ငင်းကြီးလေးကြီး အက္ခရာကို လက်ဖွဲ့ထိုး၍ ဆောင်။ လိုသမျှ ကိစ္စအဝဝ ပြီးစေ၏ ။

(ဆန္ဒပြည့်အင်း)

| | | | |
|---|---|---|---|
| | ဏ | နုံ | |
| ဒ | က | ဆ | လ |
| ဓ | ပ | ထ | ခ |
| | ဝ | သ | |

အသုံးပြုနည်းကား -

- မင်းချစ်စေလိုသော် "ဆ"ကို ထောင့် (၄)ထောင့်မှာ ရေး။
- သူတကာ ချစ်စေလိုသော် "က"ကို ထောင့် (၄)ထောင့် မှာ ရေး။
- မယား ချစ်စေလိုသော် "ဓ"ကို ထောင့် (၄)ထောင့်မှာ ရေး။
- ရန်သူ ပျောက်စေလိုသော် "လ"ကို ထောင့် (၄)ထောင့်မှာ ရေး။

ရွှေ၊ ငွေစက္ကူတွင် အင်းချပါ။ ပွဲတွေ့ကျော်ဖြစ်၏ ။



www.burmeseclassic.com

www.burmeseclassic.com


## (သျှို ပီယ နှုတ်ငုံအင်း)

| | |
|---|---|
| ဥုံ | နာ |
| / | ယှိုင်း |

| | |
|---|---|
| ဥုံ | ပီ |
| ဇ | ယှိုင်း |

(ကျား)(မ)
"ဥုံ - ဖြဟ္မာ မြေသို့ဆင်း" (၇)အုပ်။
"ဥုံ - သူရဿဒီ နေမင်း ကောင်းကင်ချင်း၊
လမင်းစန္ဒာ ဖြဟ္မာမြေသို့ဆင်း"
(၃၇)အုပ်၊ မန်းပါ။

အထဲက "မ"ကို ထား၍၊ အပြင် "ကျား"ထားပြီး လိပ်၍ငုံ။ လိုသူကို ပြော။ ပွဲတွေ့အစွမ်းပြလိမ့်မည်။

## "တနင်္ဂနွေနံ အင်းအစီအရင်"

| | | | |
|---|---|---|---|
| ၁ | ၀ | ၀ | ၁ |
| ၅ | ၈ | ၈ | ၅ |
| ၅ | ၈ | ၈ | ၅ |
| ၁ | ၀ | ၀ | ၁ |

တနင်္ဂနွေနံနှင့် ပတ်သက်သမျှတွင် ဆန္ဒရှိသလို၊ ဆုတောင်း ဆုယူပြု၍ ဆောင်ထားနိုင်ပါသည်။ အရေးကြီးသော ကိစ္စရပ်များ ရှိပါက ဖယောင်းတိုင်တွင် ပတ်၍ တစ်နေ့ (၆)တိုင်၊ (၆)ခေါက် မီးထွန်းပါ။


www.burmeseclassic.com

www.burmeseclassic.com



## "တနင်္လာနံ အင်းအစီအရင်"

| | | | |
|---|---|---|---|
| န | က | က | န |
| ည | သ | သ | ည |
| ည | သ | သ | ည |
| န | က | က | န |

တနင်္လာနံနှင့် ပတ်သက်ဆက်နွယ်သမျှတို့တွင် ဆန္ဒရှိသလို ဆုတောင်းဆုယူပြု၍ ဆောင်ထားနိုင်ပါသည်။ အရေးကြီးသော ကိစ္စရပ်များ ရှိလျှင်ဖြင့် ဖယောင်းတိုင်တွင် ပတ်၍ တစ်နေ့ (၁၅)တိုင်၊ (၁၅)ရက် မီးထွန်းပါ။

## "အင်္ဂါနံ အင်းအစီအရင်"

| | | | |
|---|---|---|---|
| န | ဂ | ဃ | န |
| ဗ | မ | မ | ဗ |
| ဗ | မ | မ | ဗ |
| န | ဃ | ဃ | န |

အင်္ဂါနံနှင့် ဆက်နွယ်သမျှတို့တွင် ဆန္ဒရှိသလို ဆုတောင်း၊ ဆုယူပြု၍ ဆောင်ထားနိုင်ပါသည်။ အရေးကြီးကိစ္စရှိပါက ဖယောင်းတိုင်တွင် ပတ်၍ တစ်နေ့ (၈)တိုင်၊ (၈)ရက် မီးထွန်းပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဗုဒ္ဓဟူးနံ အင်းအစီအရင်"

| | | | |
|---|---|---|---|
| ဏ | ဘ | ဘ | ဏ |
| ရ | တ | တ | ရ |
| ရ | တ | တ | ရ |
| ဏ | ဘ | ဘ | ဏ |

ဗုဒ္ဓဟူးနံနှင့် ဆက်နွယ်သမျှတွင် ဆန္ဒရှိသလို ဆုတောင်းဆုယူပြု၍ ဆောင်ထားနိုင်ပါသည်။ အရေးကြီးကိစ္စရှိပါက ဖယောင်းတိုင်တွင်ပတ်၍ တစ်နေ့(၁၇)တိုင်၊ (၁၇)ရက်မီးထွန်းညှိပါ။

"ကြာသပတေးနံ အင်းအစီအရင်"

| | | | |
|---|---|---|---|
| င | ဝ | ဝ | င |
| ထ | စ | စ | ထ |
| ထ | စ | စ | ထ |
| င | ဝ | ဝ | င |

ကြာသပတေးနံနှင့် ဆက်နွယ်မှုမှန်သမျှတို့တွင် ဆန္ဒရှိသလို ဆုတောင်းဆုယူပြု၍ ဆောင်ထားနိုင်သည်။ အရေးကြီးကိစ္စ ရှိပါက ဖယောင်းတိုင်တွင် ပတ်၍ တစ်နေ့ (၁၉)တိုင်၊ (၁၉)ရက် မီးထွန်းညှိရမည်။



www.burmeseclassic.com

www.burmeseclassic.com



## "သောကြာနံ အင်းအစီအရင်"

| | | | |
|---|---|---|---|
| အာ | ဝ | ဝ | အာ |
| ဓာ | သော | သော | ဓာ |
| ဓာ | သော | သော | ဓာ |
| အာ | ဝ | ဝ | အာ |

သောကြာနံနှင့် ဆက်နွယ်သမျှတို့တွင် အလိုရှိသလို ဆုတောင်း၊ ဆုယူပြု၍ ဆောင်ထားနိုင်သည်။ အရေးကြီးကိစ္စရှိပါက ဖယောင်းတိုင်တွင်ပတ်၍ တစ်နေ့ (၂)တိုင်၊ (၂)ရက် မီးထွန်းညှိပါ။

## "စနေနံ အင်းအစီအရင်"

| | | | |
|---|---|---|---|
| နံ | ဒွိ | ဒွိ | နံ |
| ဗု | မော | မော | ဗု |
| ဗု | မော | မော | ဗု |
| နံ | ဒွိ | ဒွိ | နံ |

စနေနံနှင့် ပတ်သက် ဆက်နွယ်သမျှတို့တွင် ဆန္ဒရှိသလို၊ ဆုတောင်းဆုယူပြု၍ အဆောင်အဖြစ် ထားရှိနိုင်သည်။ အရေးကြီးကိစ္စဆိုပါက ဖယောင်းတိုင်တွင် ပတ်၍ တစ်နေ့ (၁၀)တိုင်၊ (၁၀)ရက် မီးထွန်းညှိပါ။



www.burmeseclassic.com

www.burmeseclassic.com



## (ပီယအင်း လက်ဖွဲ့)

| | | |
|---|---|---|
| ဥုံ | ဥုံ | ဟာ |
| မ | ဘံ | သိ |
| ဝ | လာ | စ |

အင်းစံ ဂါထာမှာ-

"ဥုံ . . သိဝလိစ မဟာလာဘံ"

ရင်းအင်းကို ရွှေပြား၊ ငွေပြားတွင် လက်ဖွဲ့ထိုး။ အပွင့်မှာ အတုမရှိ။

## (ပီယအင်း အစီအရင်)

| | | |
|---|---|---|
| န | ရုံ | ပိ |
| တ္တေ | နံ | ယေ |
| ပ | ယာ | ယု |

| | | |
|---|---|---|
| ပိ | ယေ | သွား |
| ယေ | နံ | ယာ |
| ပ | ဟုံ | ပိ |

"ပီယာဝါယေ"အင်းကို လိုသူနံထည့်။

"နယေပရုံ"ဂါထာကို (၁၀၀၀)စုပ်။ အိပ်ရာအောက်မှာ ထား။ အကျိုးကား အိပ်မက်မြင်လိမ့်မည်။ အိပ်မက်တွင် မြင်မည့် သည့်အတိုင်း ပြောပါလေ။ အလိုဆန္ဒပြည့်မည်။ ပွဲတွေ့။



www.burmeseclassic.com

www.burmeseclassic.com



## (ပီယအင်း အကျော်)

| | | |
|---|---|---|
| ပီ | ယေ | သွား |
| ယေ | နံ | ယာ |
| ပ | ဟုံ | ပီ |

မန္တန်ကား- "ဥုံ . . ဘန္တေ သံယော၊ သုသရခေါ၊ အာသသွတော၊ ဒေဇွေး၊ မည်သူ၊ ဝစန်၊ ပီယံမမ၊ ချဉ်းဆရာ ချဉ်း၊ ကပ်ဆရာ ကပ်" ရေဆိပ်၊ လမ်းဆုံ၊ ဘုရားစင်၊ နတ်စင်ရှေ့မှာ ရှုပ်လေ။ ၎င်းအင်းကို ငွေပြားထိုး၍ဆောင်။ ပီယအင်း ပွဲတွေ့။

## (ပီယအင်း အစီအရင်)

| | | | | | |
|---|---|---|---|---|---|
| | နှ | ဇော | တ | ဂ | |
| သု | ဂေါ | ဏံ | ရာ | သ | မော |
| ရ | တေ | ခ | ဏ္ဍာ | ယော | သိ |
| သ္သ | မိ | တ္တံ | နိ | တ | ဣု |
| ဟာ | သ | တ္တော | သံ | ယော | ဂိ |
| | မ္ဗ | မ | သ္သ | ပု | |

"နရာသီဟော၊ မဟာတေဇော၊ သက်ကျ၊ ပုတ္တော၊ ဂေါတမော၊ တသ္သ- သရဏံ ဂစ္ဆာမိ။ သုဓောမ္ဗတ္တိယော ဂိနိသ္သ"

ယင်းဂါထာ (၁၀၀၀)စုပ်။ အကျိုးကား မျက်နှာပွင့်လန်း၏ ။ ဘုန်းတန်ခိုး ကြီး၏ ။ လူခပ်သိမ်းတို့ ချစ်၏ ။ ယင်းပီယအင်းကို ရှိသေ၊ ကောင်းမွန်စွာဆောင်ပါလေ။

ဝေပုံဘုန်းပြည့်



www.burmeseclassic.com

www.burmeseclassic.com



လူရှိန်အောင်

# ငပဲ ခြောက်သည်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





”

သူကြီးမင်းက
ကောင်းတာတွေဝတ်၊
ကောင်းတာတွေစားပြီး
အဆီရစ်နေတဲ့
သန်တုန်း၊ မြန်တုန်း (၅၃)ကြီးလေ။
လုအုန်းစိန်ကလည်း
ဟိုချစ်၊ ဒီချစ် (၂၂)ကလေးလေ။
ကြောင်ခံတွင်းပျက်နဲ့ ဇရက်တောင်ပံကျိုး
ပက်ပင်းတိုးကြတာ။

ဦးဦး၊ ဒေါ်ဒေါ်၊ ကိုကို၊ မမတို့က အစပေါ့ဗျာ။ ရွှေပန်းဝေါက်တော်ချွတ်တားလေးတွေပါ မကျန်ပေါ့။ သူတို့ရဲ့ စိတ်လှိုင်းတွေဟာ သူကျင်လည်ခဲ့ရာ ဝန်းကျင်မှာ ကပ်ပြီး ကျန်ရစ်ခဲ့တတ်ကြပါတယ်။

ဟဲဗီး ကျလွန်းတဲ့စိတ်လှိုင်းတွေ ကျန်ရစ်ခဲ့ရင်တော့ အခြားသူတွေ ကျွတ်စဉ်ဖြစ်ရလောက်အောင် ပက်ပင်းတိုးမိတတ်ကြပါတယ်။

အဲ့သဟာကြီးကို -

( . . . . ) ခေါ်တာပေါ့နော့။

❖

“ငပဲ ထောင်ကလွတ်တော့မယ်တဲ့ဟေ့”

မြို့မှပြန်လာသော မော်တော်ကလေးသည် ရွာထိပ် ရေဆိပ်



www.burmeseclassic.com

www.burmeseclassic.com


သို့ မကပ်ရသေး။ အနီသတင်းထူးသည် ကမ်းပေါ်သို့ အရင်ရောက်နှင့်လေ၏ ။ ဖုတ်ပူမီးတိုက် လေကညော့ရာ တရှုတ်တိုက်လာသော အနီသတင်းကြောင့် အေးရာအေးကြောင်းရွာကလေးမှာ ဟတ္တာအိမ်ဝှလိပ်ပိုင်းသည့်အလား နားကားသွားချေ၏ တကား။

ရွာသားများမှာ ကိုယ့်အထာနှင့်ကိုယ်၊ ဘာသိဘာသာ၊ သာယာနေနေရဲတော့။ ပြာလောင်ခတ်ကုန်လေတော့၏ ။ ခြံစည်းရိုး၊ ခြံတံခါးများကို ကြံ့ခိုင်မှုရှိ၊ မရှိ စစ်ကြ၏ ။ ဆေးကြ၏ ။

ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်၊ သိုးမှန်သမျှကို ခြံထဲမောင်းသွင်းကြလေ၏ ။ ဖိုသီဖတ်သီ၊ ရုတ်ရုတ်သဲသဲနဲ့ တစ်ရွာလုံး ကျွတ်ကျဲနေကြတာပါ။

"အဲဒီလောက်ကြီး ကျွတ်ကျဲနေရအောင်ပေါ့ . .

ငပဲဆိုတဲ့သူက ဖိုးကြီးလား။

ဖိုက်တာကြီးလား"

"ဟင့်အင်း"

"နီးပါ"

"သူခိုး"

❖

လုံးကြီးပေါက်လှ လှအုန်းစိန်သည် သားငယ်ကိုခါးထစ်ခွင်ချီကာ သူကြီးမင်း၏ ခြံဝိုင်းထဲသို့ ကော့ပက်ကော့ပက်နှင့် ဝင်လာချေ၏ ။ မယားသေ၍ အလုပ်လက်မဲ့ဖြစ်နေတာ အတော်ကြာပြီဖြစ်သော သူကြီးမင်းသည် ဘတ်ခနဲ . . ရင်ခုန်သွား၏ ။

ငိုက်ကျနေသော နှုတ်ခမ်းမွှေးသည် ဖိုးကနဲ . . ဖတ်ကနဲထောင်တက်သွားလေတော့၏ ။ လက်ရှိသမယမှာ လှအုန်းစိန်သည် တလေးအမေ၊ မုဆိုးမ ဟုဂရန်ပေါက်နေသော်လည်း အလတ်ကြီးရှိသေး၏ ။ လက်ရှိကွမ်းတောင်ကိုင်ကို ရုပါတိုက်စားပေးလို့ ရနိုင်၏ ။ လှအုန်းစိန်ကား ခေသူမဟုတ်။ တစ်ခါတုန်းက ရွာမှာတိုလျှင်ဘာဆိုလားပေါ့ . . ။


www.burmeseclassic.com

www.burmeseclassic.com


လှအုန်းစိန်သည် သားငယ်လေးအားခုံပေါ်တွင် အရုပ်တစ်ရုပ်လို ဘုတ်ခနဲ . . ကောက်တင်လိုက်ပြီး သူကြီးမင်း၏ မျက်စောင်းထိုးတွင် ကပိုကရိုလေးဝင်ထိုင်လိုက်၏ ။

"သူကြီး"

"ဘယ်သူက နင်ကို မဟားဒရား . ."

"အလွဲတွေကို ကြိုမတွေးစမ်းပါနဲ့ သူကြီးရယ်"

"ငါက သူကြီး လကွယ်၊ နင့်အတွက် . . အဲ . . ရွာအတွက် ကြိုတွေးရမယ်ဟ . . ဟီး"

သူကြီးမင်းက သူ့စကားကို သူ့ဟာသူ ပြန်ဖာလေ၏ ။ ဒါပေမဲ့ပေါ့ . . ။ အရောင်တောက်နေသော မျက်လုံးကိုဖာဖို့ လုံးဝသတိမရ။ အဲ့မှာပဲ -

"အီး . . ဝါး" သားငယ်သည် ဖြဲခနဲ . . ထငိုလေ၏ ။

"ဟင့်" ဟု မခို့တရို့လေးအသံပြုကာ လှအုန်းစိန်သည် သားငယ်ကို မျက်စောင်းခဲ၏ ။ ပွေ့ချီ၏ ။ ဖိုးကနဲ . . ဖတ်ကနဲ လှန်လှောပြီး၊ အဲ . . ဆိုတော့ကာ သားငယ်လေးသည် တပြွတ်ပြွတ်နှင့် ငိုသံတိတ်သွားလေတော့၏တကား။

ဖြိုးဖြိုးလက်လက်မြင်လိုက်ရသော မြင်ကွင်းကြောင့် သူကြီးမင်းခမျာ ရင်ထဲမကောင်း။ ဘာသာသိလိုက်ရသည်ဆိုသလို ဟတ်ကော့ကြီးဖြစ်သွားရလေ၏ ။ သူကြီးမင်းသည် ဆောင့်တက်လာသောတံတွေးကို ဂလု . . ကနဲ မြိုချကာ -

"စို့ . . အဲ . . ဆိုစမ်းပါဦးဟဲ့"

လှအုန်းစိန်က ညှော်သံလေးဖြင့် -

"ငပဲ ထောင်ကလွတ်တော့မယ်တော့"

"လွတ်ပေ့ါ၊ ဘာဖြစ်လဲဟ . . ညည်းနယ်"

လှအုန်းစိန်သည် သေနင့်နေပြီဖြစ်သော လင်တော်မောင်ကြီးအား ထိုးနေကျ မခို့တရို့မျက်စောင်းဖြင့် သူကြီးမင်းအားလှမ်းထိုးကာ -

"ပိန်းလိုက်တာ သူကြီးရယ်"

www.burmeseclassic.com


"ဟော! .."

"ဒင်းက ရွာကိုပြန်လာမှာတော့"

"အဲ .. အဲတော့ကော"

"ဝေးပြန်ပြီ၊ ရွာကိုပြန်လာမှတော့ ကျွန်မဆီပြန်လာမှာပေါ့တော့ .. ဟင့်"

လှအုန်းစိန်သည် ကြက်သီးထဖွယ်ဖြင့် လှသောသူမရဲ့ခန္ဓာကိုယ်ကို တွန့်တက်ပြလေ၏။ သူကြီးမင်းက နှုတ်ခမ်းမွှေးကိုပွတ်သပ်ပြီး -

"ဟ .. နင်က ငပဲရဲ့အမေလေ၊ မေမေလေးလေဟယ် .. သားက အမေ့ဆီပြန်လာမှာပေါ့ဟဲ့"

လှအုန်းစိန်က လှသောနှုတ်ခမ်းကိုစူကာ -

"မိထွေးပါတော် .. သက်တူ၊ ရွယ်တူတွေတော့ .. ဟင့်"

သူကြီးမင်းသည် လှအုန်းစိန်ရင်ခွင်ထဲမှ သားငယ်ကို ကြည့်သလို နှင့် သူကြည့်လိုရာကို အမိအရရှိုးပြီး -

"သူတို့ညီအစ်ကို အဖော်ရတာပေါ့ဟ .. ဟေး"

ရယ်တောင် ရယ်လိုက်သေး။ သူမရဲ့သောကကို ဟာသလုပ်နေသောသူကြီးမင်းကို စိတ်ပိန်စွာကြည့်ကာ လှအုန်းစိန်က -

"အဲဒီ အစုတ်ပလုတ်ကောင်က ကျုပ်ကို ရည်းစားစကားပြောဖူးတယ်တော့ .. သူ့အဖေ လက်ဦးသွားလို့ မိထွေးဖြစ်နေတာ၊ အဲသဟာဆို ပေါက်လိုက်နော် သူကြီး"

သူကြီးမင်း ပေါက်သွားရှာလေ၏ ။

"မိဘအိမ်ကို သားသမီးပြန်လာတာ .. မလာနဲ့လို့ ပြောလို့ရဘူးလေ .. ပိုး"

သူကြီးမင်း တော်တော်ကြီးကို ခေါင်းစားနေတာ။ လှအုန်းစိန်က ကောက်ကာငင်ကာကြီးဖြင့် -

"ဒီလို လုပ်ကြည့်ပါလားလို့"

"ဘယ်လို"

တင်ပါးကို ပုရွက်ဆိတ်ကိုက်တာလားမသိ။ လှအုန်းစိန်က


www.burmeseclassic.com

www.burmeseclassic.com


ထမီကိုပြင်ဝတ်ကာ -

"သူကြီးမင်းကို ပေးမယ်နော်"

"ညင်"

ဟိုက ဘာပေးမှန်းမသိ။ သူကြီးမင်း ဗိုသီဖတ်သီကြီးကို မြင်နေတာ။ လှအုန်းစိန်က သူ့ဟာသူဇယားနောက်နေတာ။ သူကြီးမင်းရဲ့ သောကကိုမသိ။ မကြည့်။

"အိမ်မှာ လားတွေရှိတယ်လေ။ သူကြီးကို လားတစ်ကောင်ပေးမယ်လေ . . နော်"

အဲလိုကြီးပါ။

"လား . . လား . . လား"

သူကြီးမင်းက ဖွဖွရွတ်ကြည့်၏ ။ ရွတ်လို့တော့ အကောင်းသား။

"အဲတော့ . . ငါက. ."

လှအုန်းစိန်က -

"အစုတ်ပလုတ်ကောင်ကို မသက်မှု၊ ကြိုတင်ကြံစည်မှု၊ ပိုင်နက်ကျူးလွန်မှု၊ ခြိမ်းခြောက်မှု၊ ကျော်ဖောမှု။ အဲဒီပုဒ်မတွေတပ်ပြီး ထောင်ချပစ်လိုက်စမ်းပါ သူကြီးရယ်"

မေတ္တာထားတာ တကယ့်ပါပဲ။ သူကြီးမင်းက -

"ညည်းပေးတဲ့လားလေးကို ယူချင်ပါတယ်ဟယ် . . နွားလှည်းစီးရတာ စိတ်လေလှပါပြီ။ ဒါပေမယ့်ဟာ . . ငါက မှန်တဲ့ဘက်လိုက်တဲ့ သူကြီး၊ အားငယ်သူတွေကို အားပေးတဲ့ သူကြီး၊ ရိုးသားတဲ့သူကြီး၊ မမှန်တဲ့ဟာကြီးကြောင့် လားတစ်ကောင်နဲ့ ငါ့နာမည်ကိုအပြားမခံနိုင်ပါဘူးကွယ်"

လားတစ်ကောင်နှင့် အခေါ်အပြောမညက်တော့ချေ။ လှအုန်းစိန်သည် စက်တော်ခေါ်နေသော သားသားလေးအား ဗလာဆွဲဆိတ်၏ ။

"ဝါး" ခြံခနဲ ငိုလေပြီ။ သူကြီးမင်းက -

"နို့ပေမဲ့ . . မတရားမှုတွေကို လက်ပိုက်ကြည့်မနေပါဘူး ဗ



www.burmeseclassic.com


www.burmeseclassic.com



... သိလား၊ ဒီရွာမှာ ငါသူကြီးမင်း
...နေသမျှ မလိုအပ်ဘဲ ငါ့ရွာသား
...တွေ ချွေးတစ်ပေါက် မစို့စေရ
...။

သူကြီးမင်းရဲ့တော်ကီ
...တွေကို လှအုန်းစိန် ဖီးလ်မလာ
...တော့ပါ။ သားငယ်ကို ဖတ်ခနဲ ..
...ခွ့ချီကာ -

"ဟွန့်" ဆိုပြီး ခြံ
...ထဲမှကော့ပက်၊ ကော့
...တ်နင့် ထွက်သွား
...လေတော့၏တကား။



...ကြီးမင်းသည် လှအုန်းစိန် နောက်ပိုင်းအလှကို ကြည့်ကာ
...တွေးကို -

"ဂလု" ခနဲ မြိုချလိုက်လေတော့၏တကား။

❖

ခိုးမှုတွေဖြင့် ထောင်ကိုဝင်စို့၊ ထွက်စို့လုပ်နေသော ငပဲ
...သည် သူခိုးဟုဆိုပေမဲ့ မျိုးရိုးကပေါ့ခေခေမဟုတ်။ တစ်ရွာလုံးကို
...နှံ့ဟင်းခါး အဝကျွေး၊ ဖဲအဝရိုက်ခိုင်းကာ ရှော(သေ)ပေးသွားသော
...ပဲ၏ဖခင်ဦးငမဲသည် တောဒွှာစိကြီးဖြစ်လေ၏ ။ လယ်ပိုင်ရှင်
...ကြီးဖြစ်လေ၏ ။

သူခိုးနက္ခတ်နှင့် ယှဉ်မွေးခဲ့သည်ဆိုသော ငပဲသည် ရွှေပန်း
...ဝေါက်တောက်၊ တောက်တောက်ခြေးသည့်အရွယ်မှစကာ မိဘ
...ဆွေမျိုးများကို သောကပေးလေတော့၏ ။

သားက စတာပါ .. ဆိုပြီး သူတစ်ပါးပစ္စည်းကို လစ်ရင် လစ်
...သလို တိုလေတော့၏ ။ တွမ်လေတော့၏ ။ ငပဲသည် မခိုးရပျှင်
...အားမဝင်၊ အိပ်မပျော်သောရောဂါ စွဲကပ်လာချေတော့၏။



www.burmeseclassic.com

www.burmeseclassic.com


အရွယ်ရောက်လာသော ငပဲသည် အင်ပါယာရဲ့ထွင်လာ
တော့၏ ။ ရှာစဉ်လှည့်ကာ နိုးလေတော့၏ ။ ငပဲတစ်ယောက် ရှာ
အကြာကြီး ပျောက်သွားလျှင် ထောင်ကျနေပြီလို့ မှတ်လိုက်တော့
နိုးလိုက်၊ ထောင်ကျလိုက်နှင့် ဘတ်လဘိုင် လိုက်နေသော
ငပဲကို ဖခင်ဖြစ်သူ စိတ်ကုန်လာလေ၏ ။ မယားကလည်း သေသွား
တာ ကြာပြီကိုး။ ဦးငမဲ ဘာလုပ်တယ်မှတ်လဲ။ လော်စပီကာ
အကျယ်ကြီး ဖွင့်။ တစ်ရွာလုံး မီးနိုးတိတ် ထမင်းကျွေး၊ မိန်းမ တစ်
ယောက် ကောက်ယူလိုက်တယ်။ လှအုန်းစိန်ကို . . ကြာလို့။

❖

ကဲ . . ငပဲ ထောင်က လွတ်ပါပြီ။

နွားရိုင်းသွင်းချိန်။ အပုပ်ချိန်။ သမီးနဲ့အမေ မှားတတ်တဲ့
အချိန်။ ညီအစ်ကို မသိတသိအချိန်။ ကြာပါတယ်နော့ . . မိုးချုပ်
တော့မယ်ပေါ့။

ခြံဝိုင်းထဲသို့ဝင်လာသူကို ဒက်ကနဲ မြင်လိုက်ရသည်နှင့်
သူကြီးသမီးစာဥ၏ ရွှေရင်အစုံသည် ဖတ်ဖတ်တုန်လေပြီ။ ငပဲလေ
. . သူ့နိုးငပဲပေါ့။ ဗီဇအရ သူနိုးဖြစ်နေပေမဲ့ ငပဲရဲ့ရုပါက မခေချေ
အသားညိုသည်။ အရပ်အမောင်း ကောင်းသည်။ နှုတ်ခမ်း
မွေးစစနဲ့။ ငပဲသည် လူညိုချောတစ်ယောက် ဖြစ်လေ၏ ။ ငပဲသည်
စာဥအား ပြုံတီတီကြည့်ကာ နာသံလေးဖြင့် -

"ဥကလေး"

ကြည့် . .။ အဖျားဆွတ်ပစ်လိုက်တာ။ ဥကလေးတဲ့။ စာဥ
ကလည်း ညုကလီးယားအသံလေးနဲ့ -

"ရှန် . . " တဲ့။

ရွှေရင်သိမ်းသစ် စာဥကလေးမှာ ဖိုးသိုးဖတ်သတ်နဲ့။ ရှက်
စလူးခါနေတာ။ သူကြီးမင်းသည် လှေကားအတိုင်း ဒေါင်တောင်
မောင်းတင်ဆင်းလာကာ ဒေါသီးသံကြီးဖြင့် -

"ဘယ် . . အကောင်လဲကွ၊ ငါ့သမီးကို ဥကလေးလို့ ခေါ်


www.burmeseclassic.com

www.burmeseclassic.com



...သာ"

"တောက်! . . ခွီး"

ငပဲက မခို့တရို့လေးပြုံးကာ -

"ဥကလေး လို့ခေါ်တာကြိုက်ဘူးလား"

"အေး"

"ဒါဖြင့် . . စာကလေး"

"ရှန်"

ဖအေရဲ့ဒေါသတွေ ငယ်ထိပ်တက်ဆောင့်နေပါတယ်။ ...ါပေမဲ့ သမီးက ရှန်ချင်တိုင်း ရှန်နေတာပါ။

"ဟော့ကောင် . . ငပဲ"

"ဗျာ . . သူကြီး"

"ငါ့သမီးကို ဘယ်လိုမှမခေါ်နဲ့ . . သမီး"

"ဘာဒုံး . ."

မှတ်လိုက်ကြဗျာ။ ဘာဒုံးတဲ့။ သမီးအလိမ္မာလေး။

"အထဲဝင်"

"ခုလား"

"မနက်မှ . . အာ . . ငါလုပ်လိုက်ရ၊ ခွီး"

စာဥသည် အိမ်ထဲသို့ လှစ်ခနဲဝင်ပြေးသွား၏ ။ ငပဲကို ...လျှာ ထုတ်ပြသွားလေ၏ ။ မခန့်တာ။ ငပဲသည်သူ့နိုးမျက်လုံးဖြင့် သူကြီးမင်း၏အိမ်ကို အကဲခတ်၏ ။

နိုးချင်စိတ်တွေ နန့်နန့်တက်လာလို့မဟုတ်။ ဝါသနာပါလို့ ကြည့်တာ။ သူကြီးမင်းက -

"ဒီတစ်ခေါက် စောသလားလို့ . . ဘယ်တော့ပြန်ဝင်မှာလဲ ...တွ၊ ပြန်ဝင်ရင် အကြာကြီးနေပစ်လိုက်နော်။ မင်းအတွက်လည်း ကောင်း၊ အားလုံးအတွက်လည်း ကောင်းဟ"

အငေါ်တူးစကားကို ငပဲ စိတ်မဝင်စားပါ။ မှောင်ရိပ်မို ...ချက်လုံးဖြင့် လဲ့လဲ့ကလေးပြုံးလို့။

"ဆိုစမ်းပါဦး၊ လာရင်းကိစ္စ . . မြန်မြန်ပြော၊ မြန်မြန်လေး



www.burmeseclassic.com

www.burmeseclassic.com


ပြန်နော်"

ငပဲနှင့်ပတ်သက်လာရင် သူကြီးမင်းမှာ ဖော်လိုမရှိ။ အထာမရှိ။ ဖွတ်ကို နင်နေတာ။ ဥပဒေမရှိဘူးဆိုလျှင်ပေါ့၊ သူခိုးလုပ်တမ်းကစားနေတဲ့ငပဲကို နှစ်လုံးပြူးနဲ့သက်စေ့ဆော်ပစ်ချင်တာ ကြာပေါ့။

"သူကြီးက ဒီရွာမှာသူကြီးမင်းလေ။ အဲတာ . . ကျွန်တော်က သူကြီးကို"

ငပဲသည်ဆိုလိုရင်းကို ဒဲ့မရွှေ့။ ကွေ့ဝိုက်ကာ တိုင်ပတ်နေလေ၏ ။ သူကြီးရဲ့စိတ်က လက်တစ်ဆစ်။ အဲဒီမှာ စတွေ့တာဆိုပါတော့။

"ဟော့ကောင် . . ငပဲ၊ ဟင် ! .. နင့်ကို ဘယ်သူကချည့်ဝတ်ပြုနိုင်းလို့လဲ။ ဟာ . . ကွာ . . တောက်"

ငပဲနှင့်ဖယားက မပြတ်သေး။ သမီးချောလေးစာဥက တမှောင့်။ လက်ဖက်သုတ်၊ ရေနွေးကြမ်းနဲ့ ငပဲကိုဧည့်ခံနေတာကိုး။ စာဥက ငပဲကို အီစကလီလေးကြည့်ကာ –

"မောင်ကြီးပဲ . . ဆာနေသလားလို့ . . ဟင့်"

သူစိမ်းယောက်ျားလေးအရှေ့ဆိုတော့ ဆူရခက်၊ ရိုက်ရခက်ကြီးကိုး။ ငပဲသည် မျက်နှာပြောင်တိုက်ကာ လက်ဖက်သုပ်စား၏ ။ ရေနွေးကြမ်းကို –

"ဖလူး . . ဖလူး" နှင့် မှုတ်သောက်လေ၏ ။သူကြီးမင်းက သက်ပြင်းကိုအနေတော်ချကာ –

"ကဲ . . သွား . . သွား . . သမီးလေး"

"ဟုတ် . . ဖေ့"

စာဥသည် အိမ်ထဲသို့ပြန်ဝင်သွားပြန်၏ ။ ရိုးရိုးသွားတာမဟုတ်။ ဖခင်အလစ်မှာ ငပဲကိုမျက်စိမှိတ်ပြပြီး ရှယ်ဝင်သွားတာ။

"ကဲ . . ငပဲ၊ လိုရင်းပြော"

"ဟုတ် . . ကျွန်တော့အတွက်ပေါ့ . . လုံခြုံရေးလေး၊ ဘာလေး စီစဉ်ပေးနိုင်မလားလို့ပါ"

"ဘာရယ် . . မင်းအတွက်"



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်"

"လုံခြုံရေး"

"ဟုတ်ပါတယ်ဆို"

သူကြီးမင်းသည် စားပွဲကို လက်နှင့်ပုတ်၊ မြေကြီးကို ခြေစုံ ခိုက်ကာ -

"ခွီး . . ခွီး" အူတက်အောင် ရယ်လေတော့၏။ ငပဲက ရုပ် တည်ကြီးဖြင့် -

"ကျွန်တော်တစ်ခုခုဖြစ်သွားရင် သူကြီးမှာတာဝန်ရှိတယ်နော်"

သူကြီးမင်းက အရယ်ကိုဘရိတ်ကာ ရုပ်ကြီးအခန့်လုပ် လိုက်၏။

"နင့်ကို အပျင်းပြေသတ်ချင်တဲ့ကောင်တွေ ရှိနေလို့လားကွ၊ အေးလေ . . မင်းက သောက်ကျင့်မှမကောင်းတာ"

သူခိုးငပဲက ခပ်တည်တည်ပါပဲ။

"စားစားချင်း၊ လုံလုံချင်းဆို ငပဲတို့ကဝက်ခြံအညွှစ် မပျက် ပါဘူး"

"ဒါဖြင့် . . နင်က ဘယ်သူ့ကိုစက်စက်ယို ကြောက်ချေးပါ နေရတာလဲဟဲ့"

ငပဲက လေသံပိပိကလေးဖြင့် -

"လှအုန်းစိန်"

"ဘာရယ်"

"အဟုတ်ဆို"

သူကြီးမင်း အံ့ပြီး ဩသွား၏ ။ ငပဲကသူ့ရဲ့ မေမေလေး လှတပတ ချောစမောလေး လှအုန်းစိန်ကို ကျွတ်စဉ်ဖြစ်နေတာဆိုပဲ။ ကြောက်စရာလားနော့။ ချစ်ချင်စရာ့လေးဟာကို။

"မင်းရဲ့ မေမေလေးကိုကြောက်တယ် . . ဟုတ်စ"

ငပဲက ကျွတ်ကျဲအထာဖြင့် -

"သက်တူရွယ်တူတွေပါဗျာ"

"ငါ့အမြင်မှာတော့ကွာ . . လှအုန်းစိန်မှာ ကြောက်စရာ


www.burmeseclassic.com

www.burmeseclassic.com


တစ်စက်မှမရှိပါလားဟ၊ နင်ကကြောက်တယ်ဆိုတော့ ရယ်စရာကြီးဟ"

ငပဲက သက်ပြင်းကို အရှည်ကြီးချသည်။

"ကျွန်တော် မျက်ကွင်းဟောက်ပက်ကြီးဖြစ်နေတာကိုပဲကြည့်ဗျာ၊ ထောင်ကလွတ်လာတာ (၃)ရက်ရှိပြီ။ တစ်ရက်မှ ကောင်းကောင်း မအိပ်ရဘူး"

သူကြီးမင်း စဉ်းစားရကြပ်သွား၏ ။

"လုအုန်းစိန်နဲ့ ဘာဆိုင်လဲဟ"

"ဒင်းက အတွေ့အကြုံရှိတဲ့ မုဆိုးမဗျ။ လက်ကယဉ်ပြီးသား။ ကျွန်တော်က ရင်တောင်မခုန်ဘူးသေးတဲ့ လူပျို နုနုထွတ်ထွတ်ကလေး။ အဖူးအငုံလေး။ ဒင်းကြောင့် . . ရေတိမ်တိမ်မှာ"

"ဘာကွ"

"ညင်"

"တော် . . တန် . . တိတ်၊ သူခိုးကများကွာ"

ဘဇာကြောင့်မှန်းတော့ မသိ။ သူကြီးမင်းခမျာ လုအုန်းစိန်ကိုထိတာနဲ့ မချိစွာနာလေပြီတကား။

"ကျွန်တော်က လေးပါးသီလတော့ မြဲတယ်ဗျ"

သူကြီးမင်း နားကလော်လာ၏ ။ သူခိုးက သီလတွေရွတ်ပြနေတာကိုး။

"စိတ်ချလက်ချ အိပ်ရအောင် တစ်ယောက်လောက်ထားပေးပါလားလို့"

"ငါက ဘယ်သူ့ကို မင်းနဲ့လာနေခိုင်းရမှာလဲကွ"

တိုက်ဆိုင်လွန်းလှပါတယ်။ စာဥက အပြင်ထွက်ဖို့ခတ်ကွင်းပြင်နေပါတယ်။ ငပဲမျက်လုံးပြူးသွား၏ ။ စာဥလှေကားပေါ်မှပြုတ်ကျမလို -

"စာဥ"

"ဘာကွ! .."

သူကြီးမင်း နှစ်လုံးပြူးပြေးဆွဲ၏ ။ ငပဲလေ . . ငနဲ့မှ မဟုတ်

www.burmeseclassic.com


ဘာ။ ပြေးလိုက်တာမှမှန်လို့။

❖



မေမေလေးနှင့် သားတော်မောင်တို့သည် တစ်ခြံတဲမှာ တူတူနေကြပေမဲ့ ခတ်တည့်တာ မဟုတ်။ အခေါ်အပြော မညက်။ အကြောတည့်ကြချေ။ ယုံကြည်မှုတည်ဆောက်လို့ မရသေး။ ပေကြောင်ပေကြောင်လုပ်နေကြတာ။

တစ်နေ့ -

ငပဲသည် အိမ်ရှေ့တွပ်ပျစ်တွင် ပက်လက်လှန်နေချိတ်ကာ စဉ်းစားခန်း ဖွင့်နေလေ၏ ။ လှအုန်းစိန်သည် သားငယ်လေးကို ခါးထစ်ခွင်ချီကာ ရောက်လာပြီး -

"ဟဲ့ . . ဟဲ့"

"အာ . . ဘာတုန်းဟ၊ လန့်တာဟ"

ငပဲ ငေါက်ကနဲ . . ထထိုင်လိုက်လေ၏ ။ လှအုန်းစိန်က -

"ခစ်"ကနဲ လှောင်ရယ်ကာ -

"မကောင်းတာတွေကြံနေတာဆိုတော့ လိပ်ပြာမလုံတာ ရိုးရာပဲလေ ခစ် . . ခစ်"

ညီငယ်လေးက ကိုကိုကြီးငပဲ့ကို -

"ခစ်" ကနဲ ရယ်ပြကာ မဟာမိုက်ဖွဲ့လေ၏ ။ ငပဲက သားအမိနှစ်ယောက်စလုံးကို ဂြိုဟ်ကြည့်ကြည့်ကာ -

"ဟဲ့ . . လှအုန်းစိန်"

"ပြောကြည့်လေ"

"ပရောပရီလုပ်ဖို့ မကြံနဲ့ . . ကလေးတစ်ယောက်အမေ


www.burmeseclassic.com

www.burmeseclassic.com


မုဆိုးမနဲ့ နာမည်အပျက်မခံနိုင်ဘူး၊ သိက္ခာကျတယ်။ ဝေးဝေးနေ
ဟွင့်"

ငပဲရဲ့တော်ကီတွေကြောင့် လှအုန်းစိန် တင်းလေပြီ။

"သူခိုးကများ . . ဟွင့်"

ငပဲက မျက်နှာကြီးကို တည်သထက်တည်ကာ -

"အတည်ပြောတာနော် . . ကြည့်နေ၊ ကြည့်စား။ ငါ့ဒေါသ
ကို လာမဆွနဲ့၊ တင်းနေတာကြာပြီ"

လှအုန်းစိန်က မခန့်သည့်အထာဖြင့် -

"ခစ် . . ခစ်" ရယ်ကာ -

"ငါက ဘာပြစ်မှုတွေများ ကျူးလွန်ခဲ့လို့လဲဟယ်"

ငပဲသည် ကွပ်ပျစ်ပေါ်မှဆင်းကာ ခြေလှမ်းသုံးလှမ်းခန့်
လျှောက်၏။ ဘတ်ကနဲ . . ရပ်၏။ ဖတ်ကနဲ . . ခါးထောက်ကာ သမင်
လည်ပြန်ကြည်းရင်း -

"နင်နဲ့ မညားခင်တုန်းက ငါ့အဖေက အလတ်ကြီး"

"ငါ သိတယ်လေ"

"နင်နဲ့ညားပြီး သုံးလတောင် မခံဘူး။ ဝေါက်ကနဲ သေတာ
ရက်စက်တယ်ဟာ . . ငါ့ အဖေကိုနင် . . နင်"

"ပြောပါဟဲ့ အားမနာကြေး"

"ဒဏ်ရာမပေါ်တဲ့နည်းနဲ့ သတ်ပစ်လိုက်တာ"

"ဘာရယ်! . ."

စွဲချက်က အသဲပျက်စရာကြီး။ အနာပေါ်တုတ်ကျသည့်
အလား။ လှအုန်းစိန်သည် ဆွေ့ဆွေ့ခုန်လေပြီ။ သားငယ်ကို
ကွပ်ပျစ်ပေါ်သို့ ဘုတ်ကနဲ . . ကောက်တင်ထားလိုက်၏။ မေမေနှင့်
ကိုကိုတို့၏ ပေါက်ကွဲလုဆဲဆဲအရေးအခင်းကို သားငယ်လေး
သဘောမပေါက်။

"ခစ် . . ခစ်" ရယ်။ လက်ခုပ်လက်ဝါးတီးပြီး အားပေးနေ
လေ၏။ လှအုန်းစိန်က လော်စပီကာသံကြီးဖြင့် -

"ကောင်းကြသေးရဲ့လား အရပ်ကတို့ရဲ့ . . ဖဘာမကောင်း



www.burmeseclassic.com

www.burmeseclassic.com


တို့ အိုကြီးရွှတ်တွကြီးကို လင်တော်ခဲ့ရပါတယ်တော်၊ ကလေးတစ်ယောက်လည်း အံကြိတ်ပြီး မွေးပေးခဲ့ရပါတယ်တော် . . ကျေးဇူးတောင်တဲ့အပြင် စွပ်စွဲခံနေရပြီတော့"

မောင်းကွဲသံကြီးနဲ့ကို အော်ချက်ထုတ်တာ။ ငပဲက ရှက်တတ်တယ်လေ။

"တိုးတိုးပြောပါဟ"

လှအုန်းစိန်က အသံဖော်လူးကိုပါဝါထပ်တင်ကာ -

"တတ်နိုင်သမျှ တားပါတယ်တော်၊ နင့်အဖေက ငစမန်ထနေတာဟဲ့ . . နေ့ခင်းကြောင်တောင် ဖွတ်ကြီးဟဲ့၊ သူ့ဟာသူမြှော့ပြီး ဒူတ်ခနဲ အသက်ထွက်သွားတာဟဲ့"

"ဟာ . . ဟဲ့"

နားရှက်စရာတွေ။ ငပဲ ရှက်တော်မူနေပြီ။

"အဲဒီနေ့ကအလှူမှာ ဝက်သားနဲ့ပဲကြီးဟင်းစားလာတာ တဲ့ . . သိလား"

ခေါင်းငိုက်စိုက်နေသော ငပဲကိုမရမက လက်တို့ပြီး -

"နေကြီးက ကျဲကျဲကြီးပူနေတာနော်၊ ပါလာတဲ့ ထန်းရည်နဲ့ ဝက်သားကို ဆက်ဆွဲတာဟဲ့ . . ငါက တားတယ်။ လုံးဝပဲ . . ဖွတ်ဆို ဖွတ် သိလား"

လက်တို့ပြန်၏ ။ လေသံက အနည်းငယ် ပျော့သွား၏ ။ သားငယ်လေးသည် ငပဲ၏ပေါင်ပေါ် ဘယ်အချိန်က ရောက်နေသည် မသိ။ ငပဲက ညီငယ်လေးအား ပွတ်သပ်ကာ လှအုန်းစိန်အား ချက်နာသသေလေးနှင့် မော့ကြည့်နေလေ၏ ။

"မကြာဘူးနော်၊ ဝမ်းတွေသွားတာ ဗလစ်ဗလစ်နဲ့ . . စက်သေနတ်ပစ်သလိုပဲဟဲ့ သိလား၊ ဆေးဆရာ ရောက်လာတော့ အသက်က ဖလွတ်ကနဲ ထွက်သွားတာ . . အဲဒါ ငါ့အပြစ်လား ငပဲရဲ့၊ အီး . . ဝါး"

ဖခင်ရဲ့ သေခြင်းတရားကို သိခွင့်ရလိုက်လေပြီ။ လှအုန်းစိန်ရဲ့လက်ချက်မဟုတ်။ ငပဲက အရှူးကွက်ဖမ်းနင်းကာ -



www.burmeseclassic.com

www.burmeseclassic.com


"နင်ကဘာပြောချင်လို့လဲ"

လှအုန်းစိန်က နပ်နပ်ကို "ရှလွတ်"ကနဲ ညှစ်ကာ အထက်ဆင်စဖြင့် ပြီးစလွယ်သုတ်ရင်း -

"နင် . . နိုးဖို့၊ ဝက်ဖို့ စိတ်ကူးမရှိတော့ဘူးလား"

"ညင်"

"စောရနက္ခတ်နဲ့ယှဉ်မွေးတဲ့ နင်တို့သူနိုးတွေက မနိုးရရင် ဂေါက်တယ်ဆို"

"အဲဒါ နင်နဲ့ဘာဆိုင်လဲ"

"သိပ်ဆိုင်တာပေါ့"

"ဟတ်လား . . ပါးစပ်ကြီးနဲ့ပြောကြည့်"

"နင် အိမ်မှာရှိတော့ မနိုပ်ဘူးဟဲ့ . . အိပ်ကောင်းခြင်း မအိပ်ရဟဲ့ . . ပေါက်လား၊ နင် မြန်မြန်နိုးပြီး မြန်မြန်ထောင်ကျပစ်လိုက်စမ်းပါဟယ်"

"ဂန်းမ" ဟု မျက်စောင်းခဲကာ ငပဲ ထွက်သွားလေတော့၏ တကား။

❖

ငပဲတစ်ယောက် ခေါက်တုံ့ခေါက်ပြန်လျှောက်နေတာကြာပြီ။ ဝေးဝေးကို ရွှေ့တာလည်းမဟုတ်။ သူကြီးရဲ့ခြံရှေ့မှာ ပတ်ချွေနေတာ။ အဲဒီမြင်ကွင်းကိုကြည့်ကာ သူကြီးမင်း မျက်စိနောက်လာ၏ ။

မကြာပါဘူး။ ဆယ်အိမ်ခေါင်းချက်ဖောင်း ထွက်လာပါတယ်။

"ဟေ့ရောင်"

"ဘာလဲ"

"ဘာလဲ မလုပ်နဲ့ . . ဟုတ်ကဲ့လို့ ဖြေ"

ချက်ဖောင်းက သူကြီးရဲ့တပည့်လို့ မပြောရဘူး။ သိပ်ဟောက်စားလုပ်တာ။ ငပဲက စပ်ဖြဲဖြဲနဲ့။


www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ကဲ့"

"အေး . . အဲလိုမှပေါ့ဟ။ သူကြီးခေါ်တယ် . . လာ"

ငပဲ ခြံထဲသို့ဝင်လာခဲ့ပါတယ်။ သူကြီးက -

"သူခိုးတစ်ယောက်က ငါ့အိမ်ရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတာ အင်မတန်ကျက်သရေယုတ်သဟ"

ဘယ်လိုမြှောက်မြှောက် မမြောက်တဲ့အထဲမှာ ငပဲပါပါ တယ်။ ငပဲက ခယဝပ်တွားသံလေးဖြင့် -

"အကူအညီတောင်းချင်လို့ပါ ခင်ဗျ"

"ပြော"

"ကြာရင် လူသတ်မိတော့မှာဗျ"

ငတိုစောရက လူသတ်မှာဆိုတော့ သူကြီးနှင့်ချက်ဖောင်း မြူးစတုံ့ ဖြစ်သွားကြတယ်။ လူသတ်မှုဆိုတော့ ထောင်ထဲမှာ အကြာကြီး အောင်းရမှာလေ။

"ကိုယ့်ကို လာကြောလို့ကတော့ကွာ . . မင်းရဲ့ဇကို ငါသိ ပြီးသားပါဟ၊ ခံစရာလား"

သူကြီးက အရောက်ပို့လေ၏ ။

"နို့ . . ဘယ်သူ့ကို သတ်ချင်ရတာလဲဟ"

ငပဲက အံကိုကြိတ်ကာ -

"လှ . . အုန်း . . စိန်"

"ဘာကွ! .."

သူကြီးမင်း အသံကုန်နှအော်ကာ -

"မုဆိုးမမျက်နှာမွဲလေးကို ဘာလို့သတ်ချင်ရတာလဲကွာ . . ဟေ"

ငပဲက သွေးအေးမျက်နှာကြီးဖြင့် -

"သူ့ . . သားလေး"

"မင်းရဲ့ ညီလေးပေါ့"

ချက်ဖောင်းက ဝင်ကလိ၏ ။

"အဲဒီ ချွတ်တားလေးရဲ့အခွက်က သွားလေသူ အဖေ့မျက်နှာ


www.burmeseclassic.com

www.burmeseclassic.com


နဲ့ တစ်စက်ကလေးမှ မတူဘူး။ ရွာမှာရှိတဲ့ယောက်ျားတွေနဲ့ တူနေ တာ . . သေချာကြည့်ရင် သူကြီးနဲ့ပိုတူသေးတယ်ဗျ"

"ဟော! . ."

သူကြီးမင်း ပါးစပ်ဟောင်းလောင်းကြီး ဖြစ်သွား၏ ။

"အဲလိုပြောမိတာနဲ့ ဂန်းမကကျွန်တော့်ကို ဓားနဲ့လိုက်ခုတ် တာ . . မလုပ်ချင်လို့နော် ဟွင့် "

ငပဲက သူ့မေမေလေးကိုပေါက်ကွဲနေ၏ ။ ချောစမောမှဆိုး မလေးအတွက် ရတက်မအေးဖြစ်နေရှာသော သူကြီးမင်းက -

"ဒေါ်သကိုရှေ့ထားရင်မှားတတ်တယ်ကွဲ့"

ပလီသောသူကြီးပါတကား။ အစကတော့ ချတဲ့။ ခုကြည့် . . ရွှေပြည်အေးဇာတ်ခင်းနေပြီ။

"လုအုန်းစိန်ဆိုတာ မင်းအဖေရဲ့မယားပါကွယ်"

ငပဲက -

"သိတယ်။ သူကြီး ပြဿနာမတက်ခင် အဝေးကိုထွက်သွား မှဖြစ်မှာ"

"အဲတော့"

"ကျွန်တော့်ကို ခရီးသွားထောက်ခံစာလုပ်ပေးပါလားဗျာ"

"ဟ . . သိပ်ရတာပေါ့၊ ချက်ဖောင်း တံဆိပ်တုံးယူခဲ့ကွာ မြန်မြန်ဟေ့"

စိတ်ထဲကလာလို့ ကူညီတာမဟုတ်။ လုတပတမှဆိုးမ လေးကို ရန်ရှာမှာစိုးလို့။

"ရော့ . . ဗျား"

ငပဲကထောက်ခံစာကိုယူကာ အိမ်အတွင်းသို့ ဝေ့ဝိုက်ကာ ကြည့်၏ ။

"ဥကလေးမမြင်ပါလား . . သူကြီးရဲ့"

ထွက်ခတ် ခတ်တယ်ဆိုတာ အဲ့တာကိုခေါ်တာပါ။ ဥကလေး တဲ့။ နားကြားပြင်းကတ်ပါဘိတောင်း။ သူကြီးမင်းသည် ကျလိ ကျလိဖြစ်နေသောစိတ်ကို ဘရိတ်ကာ -



www.burmeseclassic.com

www.burmeseclassic.com


"မင်းတူမ မမြင်ပါလားကွ . . ချက်ဖောင်းရဲ့၊ အဖော"

ချက်ဖောင်းက နှုတ်ခမ်းကြီးကိုထော်ကာ -

"ဒီကောင်ကဘာကောင်လဲ၊ သူကြီးရဲ့ . . လေးတိုင်ပင်ရွာက အမျိုးတွေဆီသွားလည်တာ ပြောစရာလားဗျ ဟွင့်"

အကင်းပါးသော ချက်ဖောင်းပင်တည်း။ သူကြီးစိတ်လေသွား၏ ။ ငပဲက -

"ရှီ . . ရှီ"

လေချွန်ကာ ခြံထဲမှထွက်သွားလေတော့၏တကား။

❖

တိတ်ဆိတ်ငြိမ်သက်ခြင်း၏အောက်မှာ ရွာကလေးသည် အိပ်မောကျနေပါပြီ။ လှအုန်းစိန်သည် ဝါးရင်းတုတ်ကို ခြင်ထောင်အောက်တွင် ချထားလိုက်၏ ။ မီးခွက်ကိုမှုတ်ကာ ခြင်ထောင်ထဲဝင်လိုက်၏ ။

မကြာပါချေ။ အိပ်မက်လား၊ အတည်လား။ မသိစိတ်တို့သည် ဝါးတားတားနဲ့။ သူစိမ်းဆန်သော လက်တစ်ဖက်သည် ခြင်ထောင်ထဲသို့ ကျူးကျော်ဝင်ရောက်လာလေ၏။

ထိုးစစ်ဆင်ရန် ဗျူဟာဆင်လေ၏ ။ လှအုန်းစိန်သည် မအော်ရဲပါ။ အသက်ကိုအောင့်ကာ ဝါးရင်းတုတ်ကိုလိုက်စမ်း၏ ။ တွေ့ပြီ . . လာထား။

"ဒုတ် . . ဒုတ်"

တွေ့ကရာကို တွယ်ထည့်လိုက်တာ။

"အု . . အု . . ဖလွတ်"

ကျူးကျော်သမားသည် အံ့သံထွက်ပြီး မအော်ရဲပါ။ ဝေဒနာကိုမြိုသိပ်ကာ ပြေးထွက်သွားလေတော့၏ ။

"လူ . . လူ"

"ကယ်ကြပါဦး"

အိမ်နီးချင်းများရောက်လာကြ၏ ။ အကြောင်းစုံသိသော် -



www.burmeseclassic.com

www.burmeseclassic.com




"ငပဲလား"

"ငပဲကရွာမှာ မ
ဘူး ဟ"

"ပြန်လာရင် ရတာ
ပဲ ဟ"

တစ်ယောက်တစ
ပေါက် ပြောကြ၏ ။ လူအုန်
စိန်ကတော့ ဘာမှမပြော
အမည်မသိကို ဝါးရင်းတုတ်
စာ ကျွေးလိုက်ရတာကိုး။

နံနက်ခင်းမှာ နှင်း
တွေဝေနေ၏ ။

လေးတိုင်စင်ရွာမှ
သူကြီးမင်း၏တူ ပေတလုံး
သည် လှည်းပေါ်မှ အမောတကော ပြေးဆင်းလာကာ -

"ဘကြီး . . ဘကြီး"

"ပေတလုံး . . ဘာဖြစ်လာတာလဲဟ"

"စာ . . စာ . . စာဥ"

"ငါ့ သမီး . . ဘာဖြစ်လို့လဲကွ"

"ငပဲက စာဥကို ခိုးပြေးသွားလို့"

"ဟေ! . . ခွေးကောင်ငပဲ . . အား . . ကျွတ်"

သူကြီးမင်းသည် နှစ်လုံးပြူးကိုပြေးဆွဲဖို့ကြိုးစား၏ ။ သို့
သော် ဗိုင်းကနဲ . . လဲကျသွား၏ ။ ညာဘက်ခြေထောက်မှာ ပတ်တီး
ကြီးနဲ့ကိုး။

ကြုံလို့ပေါ့။

"ခြေထောက်က ဘာဖြစ်တာလဲ သူကြီး"

အဲ့လိုမေးကြည့် -

"ကြမ်းပေါက်ကျွံလို့"


www.burmeseclassic.com

www.burmeseclassic.com


အဲလိုဖြေမှာ။ အတွန့်တက်ပြီး -

"ဘယ်အိမ်မှာ ကျွံတာလဲ" လို့ အာချောင်ကြည့်ပါလား။ နှစ်လုံးမြှူးနဲ့လိုက်မပစ်ရင် ပြောချင်တိုင်းပြော။

❖

ငပဲ စာဥကိုခိုးပြေးတာ ရက်လည်သွားပါပြီ။ အဲဒီနေ့ မှောင်ရီပျိုးစမှာပေါ့ . . လူပြတ်တဲ့ရွာနဲ့ ခပ်လှမ်းလှမ်းမှာပါ။

"အ . . အ"

ကျီးတွေပြုံနေတဲ့ လက်ပံပင်အိုကြီးအောက်မှာ ဆိုပါတော့။ လက်ပံပွင့်တွေ ကြွေနေပါတယ်။ စုံတွဲတစ်တွဲရှိပါတယ်။ သမီးရည်းစား ချိန်းတွေ့နေကြတဲ့ သဘောပေါ့။

သူတို့စတိုင်က ဆန်းပါတယ်။ ချောတဲ့မိန်းမမှာ သားသားလေး ပါလာတာကိုး။ ဟုတ်ပါတယ်။ မုဆိုးမ ချောစမောလေး လှအုန်းစိန်ပါ။ ပြီးတော့ သူကြီးမင်းပေါ့။

သူကြီးမင်းက -

"လှကလေး" တဲ့။ လှအုန်းစိန်ကလည်း ခေသူမှမဟုတ်တာ။

"ရှန်" ဆိုပဲ။

"ဟိုနင်းလေ . . ကိုကြီးတောင်းထားတဲ့ အဖြေလေး။ ဟီး . . သီခွင့်ပေးပါလားလို့ . . ဟီး"

"အို"

လှအုန်းစိန်က ရက်တဲ့အထာဖြင့်မျက်လွှာလေးချသွားသည်။ ဂယ်တော့ မှူနေကြတာပါ။ နှစ်ယောက်စလုံးက ခေသူတွေမှမဟုတ်ကြတာ။ ကိုယ်စီအတွေ့အကြုံနွှံတွန်နဲ့။ ဘာဆိုလားတွေပါ။ သူကြီးမင်းက ကောင်းတာတွေဝတ်၊ ကောင်းတာတွေစားပြီး အဆီရစ်နေတဲ့ သန်တုန်း၊ မြန်တုန်း (၅၃)ကြီးလေ။

အတူတူပဲ။ လှအုန်းစိန်ကလည်း ဟိုချစ်၊ ဒီချစ် (၂၂)အလေး။ ကြောင်ခံတွင်းပျက်နဲ့ ဇရက်တောင်ပံကျိုး ပက်ပက်စက်စက်တိုးကြတာ။ လှအုန်းစိန်က စိတ်မပါ့တပါသြော်သံလေးဖြင့် -


www.burmeseclassic.com

www.burmeseclassic.com


"လှကလေးမှာ"

သူကြီးမင်းက ချစ်ရည်ရွှန်းလဲ့သောမျက်လုံးအမွဲကြီးဖြင့် သိမ်းကျုံးကြည့်ကာ -

"ဘာဖြစ်လဲကွာ"

"သား . . သားလေးနဲ့"

"ဒါလေးများ" ဟုဆိုကာ သူကြီးမင်းကသားငယ်လေးကို ဆွဲယူပွေ့ချီယူပြီး -

"မွ . . မွ . . မွ" ဟု အာဘွားပေးရင်း -

"မ, ကိုကြင်မှတော့ ဥကိုခင်ရတာပေါ့ကွဲ့ . . မွ"

"ဟင့်"

လှအုန်းစိန်က နွဲ့ပြီးရင်းနွဲ့ကာ -

"နောက် . . ကိုကြီးရဲ့သမီးစာဥက သဘောတူပါ့မလားလို့ . . ဟင့်"

သူကြီးမင်းက လက်ပံပင်အိုကြီးဆီလက်ဖဝါးတင်ကာ -

"တောက် ! . . ဂန်းမ"

"ရှန်"

"လှကလေးကိုပြောတာ မဟုတ်ဘူး။ ခွေးထက်မိုက်တဲ့ ခွေးသမီးကိုပြောတာ၊ ဒင်းတောင် . . ကိုကြီးသဘောမတူတဲ့ ဟို ခွေး သူခိုးနောက်လိုက်ပြေးသေးတာပဲ၊ လှကလေး"

"ရှန်"

"ပေါ်တင်ပဲမေးမယ်ကွာ"

"ဟုတ်"

"ကိုကြီးကိုလက်ထပ်နိုင်မလားဟင်"

လှအုန်းစိန်က မူနွဲ့ဟန်လေးဖြင့် -

"ကိုကြီးက . . ဖွတ် . . ဟင့်" ဟု ဆိုကာ သားငယ်လေးအား သူကြီးမင်းဆီလှမ်းပေးလေ၏။ သူကြီးမင်းက သားငယ်လေးအား -

"မွ . . မွ . . မွ" ဟု ဆိုကာ အာဘွားပေးရပါတော့ တကား။



www.burmeseclassic.com

www.burmeseclassic.com


❖

သူကြီးမင်းနှင့်လှအုန်းစိန်တို့သည် အမှောင်ကိုအားကိုးကာ ရွာအတွင်းသို့ ဝင်လာခဲ့ကြလေ၏။ လှအုန်းစိန်တို့သားအမိကို သူကြီးမင်းက သူ့အိမ်သို့အပါခေါ်လာခြင်းဖြစ်လေ၏ ။ ဒီညမှာ ကြုံသလိုတူတူရေဝါးမယ်။ မိုးသောက်တာနဲ့ အားလုံးကိုပြောပြပြီး အတည်လက်ထပ်မယ်ပေါ့။

စိတ်ကူးတွေနှင့်ဖဲရိုက်ကာ ပျော်စလူးခါနေသော သူကြီးမင်းက လေသံပိပိလေးဖြင့် -

"နောက်ဖေးပေါက်က ဝင်ကြမယ် . . လှကလေး"

"ရှင်"

"ဟုတ် . . လှကလေးကိုအပျော်ကြံတာတော့ မဟုတ်ပါဘူးနော်"

လှအုန်းစိန်က စိုးနောင့်ဗျာပါသံလေးဖြင့် ညု၏ ။

"အတည်ပေါ်တင်ကြီး ကြံတာပါကွယ်၊ မိုးလင်းတာနဲ့ အဟုတ်ကြီးလက်ထပ်ယူပစ်မှာ . . အဟီး"

ပတ်ဝန်းကျင်ကိုအကဲခတ်ကာ နောက်ဘက်ဆီသို့ တိတ်တိတ်ကလေးထွက်လာခဲ့ကြလေ၏ ။ သူကြီးမင်းက ခြံအတွင်းသို့ လက်နှိုက်ကာ -

"ဂျလောက်"

"ဟာ ! . ."

"ဟင် ! . ."

"အမလေး! . ."

ခြံထဲအရင်ရောက်နေသော ငပဲတို့လင်မယားနှင့် ပက်ပင်းတိုးမိခြင်းပင် ဖြစ်လေ၏ ။

"ဟင် . . ခွေးသမီး"

"ဟုတ် . . ဖွေ့သမီး"

"မေမေလေး . . ဟီး"


www.burmeseclassic.com

www.burmeseclassic.com


"ဟင့်"

ဦကလေးက မျက်ရည်အဝဲသားဖြင့် -

"သမီးတို့ချစ်ခြင်းကို မခွဲပါနဲ့ ဖေ့ရယ် . . ဟင့်"

"ခွဲမယ် . . ခွဲမယ်၊ လုံးဝကို သဘောမတူဘူးဟေ့"

အဲမှာပဲ -

"ဂီး . . ဂစ်"

ငှက်ဆိုးထိုးသံများကြားရ၏ ။

"အု . . အူ . . အူး"

အသဲပျက်ဖွယ် ခွေးအူသံများကြားရ၏ ။ သူကြီးမင်းနှင့် လှအုန်းစိန်တို့၏ကျောထဲမှာ စိမ့်ကနဲ . . ဖြစ်သွား၏ ။ သားငယ်လေးကတော့ -

"ခစ် . . ခစ်" ရယ်လို့။ ငပဲက -

"ဟီ" ကနဲ မခန့်စွာရယ်ကာ -

"သူကြီးက ကျွန်တော်တို့ကို သဘောမတူဘူးလား"

"လုံးဝပဲ"

ငပဲက -

"ဦကလေး"

"ရှင်"

"သွားကြမယ်"

"ဟုတ်"

"ဟင့်"

ငပဲက စာဥရဲ့လက်ကိုဆွဲကာ ခြံဝလျှောက်သွားပြီး -

"သူကြီးမင်းက ကျွန်တော့မေမေလေး လှအုန်းစိန်ကို ခိုးလာတယ်လို့ အော်ချက်ထုတ်လိုက်ရုံပဲ၊ ဟဲ . . ဟဲ"

ငပဲက အညာကိုကိုင်လေပြီ။

"ဟာ . . ဟေ့ကောင်"

သူကြီးမင်း နားကားလေပြီတကား။ လှအုန်းစိန်ကာ -

"အရှက်တွေ ကွဲကုန်တော့မှာပဲ . . ဟင့်"


www.burmeseclassic.com

www.burmeseclassic.com


သူကြီးမင်းက ငပဲကိုပြေးဖက်ကာ -

"နောက်တာ . . တူတယ်၊ ဟီး"

စာဥက -

"ဂယ်လား ဖေ့"

"ဂယ်ပေါ့ကွယ် . . ဟီး"

❖

"ဝါး"

သူကြီးမင်း အိပ်ချင်လှပါပြီ။ လှအုန်းစိန်ထံမှ အမိန့်မကျသေးဘူးလေ။ သားငယ်လေးက ဂျီကျနေတာကိုး။ ဒါကြောင့် အခန်းပြင်ထွက်ကာ မသက်မသာကြီး ထိုင်နေရရှာလေ၏ ။

အပေါ်ထပ်မှ ငပဲတို့လင်မယား၏ဟောက်သံကို ကြားရ၏ ။ ကောင်းကောင်းနှပ်နေကြပြီ။ သူကြီးမင်းသည် သားမက်ငပဲရဲ့ဘဝကို တိတ်တခိုးလေးအားကျနေမိချေ၏ ။

ကလေးအငိုတိတ်ကာ အိပ်ပျော်သွားဟန်တူလေ၏။ ဘာသံမှမကြားရ။

"ကို . . ကြီး . . ရေ"

လှအုန်းစိန်ရဲ့အီပလီသံလေးကို ကြားရ၏ ။ ဝင်လို့ရပြီဆိုတဲ့ အထာပေါ့။ သူကြီးမင်းက -

"ဟီး" ကနဲ ပြုံး၏ ။ ပြီးတော့ ဘယ်ခြောက်ကာညာလှမ်း ခြေလှမ်းများဖြင့် အခန်းတွင်းသို့ ကြွလှမ်းလာခဲ့လေ၏ ။

"လှကလေး . . အဟီး"

"ဟွင့်"

လှအုန်းစိန်၏နံဘေးတွင် သူကြီးမင်းကပ်ကာ ခွေလိုက်၏ ။ အဲမှာပဲ -

"သူကြီး"

"သူကြီး"


www.burmeseclassic.com

www.burmeseclassic.com


"ဗျို့ . . သူကြီး"

ခြံအပြင်မှ ခေါ်သံ၊ အော်သံများကြားရ၏ ။ သူကြီးမင်းသည် -

"တောက်! . ."

စိတ်ဆင်းရဲခြင်းများစွာဖြင့် ထထိုင်ကာ -

"လှကလေး"

"ရှင်"

"ထွက်မလာနဲ့နော် . . ကြားလား"

"ဟုတ်"

အလိုမကျ၍အော်တိုစိတ်တိုနေသော သူကြီးမင်းသည် -

"ဝါး" ကနဲသန်းကာ အပြင်သို့ထွက်လာခဲ့၏ ။ မီးတုတ်အလင်းရောင်များ ယိမ်းကနေသည်ကိုတွေ့ရလေ၏ ။

"သူကြီး"

"သူကြီး"

တိတ်တခိုးမင်္ဂလာဦးညမှာ အလိုက်မသိရောက်လာသောရွာသားများကို အလိုလိုတင်းနေသောသူကြီးမင်းက -

"လာပြီဟေ့ . . လာပြီ"

ဟု ဆိုပြီး ခြံအပြင်သို့ထွက်လာခဲ့လေ၏ ။ မီးတုတ်များ၊ တုတ်များ၊ ဓားများကို ကိုင်ဆောင်လာသောရွာသားများကို တွေ့ရ၏ ။

"ဘာဖြစ်တာလဲကွ . . ညကြီး . . မင်းကြီး"

"ငပဲ"

"ငပဲ . . ဘာဖြစ်လဲ"

"သူ့ရဲ့အသံကို သဲ့သဲ့ကြားရတယ်။ ပြီးတော့ . . အိမ်ကနွားကြီးမရှိတော့ဘူးဗျ"

ကျန်ရွာသားများက -

"ကျုပ်က . . ဝက်"

"ကျုပ်က . . ဆိတ်"

"ကျုပ်က . . ကြက်"



www.burmeseclassic.com

www.burmeseclassic.com


။

ငပဲသည် စာဥအား ဖက်ကာ နစ်မြှုပ်စွာ အိပ်ပျော်နေလေပြီ။
မသင်္ကာစရာ ဘာမှ မတွေ့။ သူကြီးမင်း အသာအယာ
ပြန်ဆင်းလာခဲ့၏ ။ အဲ့မှာပဲ -

---

"ကျုပ်က . . ဘဲ"

အသီးသီးတိုင်ချက်ဖွင့်ကြလေ၏ ။ သူကြီးမင်းက ခေါင်းကို ချင်းချင်းကုတ်ကာ -

"မဖြစ်နိုင်ဘူး ထင်တယ်နော်"

ဟုတ်တယ်လေ။ သူ့သမက်ငပဲက သူ့သမီးနဲ့သူ့အိမ်မှာနပ် နေတာဆိုပေမယ့် အချိန်တိုအတွင်းမှာ အဲ့ဒီလောက်ကြီးမစွမ်းဘူး ဆိုတာ အချိန်တိုတွင်းမှာ အဲဒီလောက်ကြီးမစွမ်းဘူးဆိုတာ သိ သည်လေ။

"မင်းတို့လည်းသိတယ်နော်၊ ငပဲက ငါ့သမီးလေးကိုသုတ် သွားတာလေ"

ရွာသားတစ်ယောက်က -

"သိတာပေါ့ဗျ"

"ခုထိ စာမလာ . . သတင်းမကြားဟ၊ ငပဲ ဟုတ်တယ်ထားဦး . . ခဏအတွင်းမှာ မင်းတို့ရဲ့အုကောင်ဗလောင်တွေကို ခိုးနိုင်ပါ့ မလားဟ"

သူကြီးမင်းက ဖောရှောရိုက်၏ ။ အားလုံး တစ်ယောက်တစ် ပေါက် ဖြစ်ကုန်ကြ၏ ။ အဲမှာပဲပေါ့ . . ။

"ပဲ . . ဟဲ . . ဟဲ"

"ကတော် . . ကတော်"

"ဝတ်ဘဲ . . ဟဲ . . ဟဲ"

"ဂတ် . . ဂတ် . . ဂတ်"

www.burmeseclassic.com

www.burmeseclassic.com



အိမ်အနောက်ဘက်မှ ရုတ်တရက် ထွက်လာသော အသံများ ပင်တည်း။

"ခြံအနောက်ဘက်က ကြားတယ်ဟေ့"

ရွာသားများခြံအနောက်ဆီသို့ ပြေးသွားကြလေ၏ ။ သူကြီး မင်းလည်း လိုက်သွား၏ ။

"ဟင်! . ."

သူကြီးမင်း နားကားသွားလေ၏ ။

ပျောက်နေသော တိရိစ္ဆာန်တွေကို တွေ့လိုက်ရတာကိုး။ ခွေးတွေ၊ ကြောင်တွေ တောင်ပါသေးရဲ့။ သူကြီးမင်းက ခြေဆောင့် ကာ ငိုသံကြီးဖြင့် -

"ငါ ခြေဆော့၊ လက်ဆော့မနိုင်တာ မင်းတို့အသိပါဟယ်၊ ကိုယ့်အကောင်ကိုယ် ပြန်ဆွဲသွားကြပါတော့ဟဲ့ . . ဟီး"

ရွာသားများက ဘာမှမပြောတော့။ သူတို့ပစ္စည်းကို ပြန်ဆွဲ သွားကြလေတော့၏ ။ သူကြီးမင်းသည် -

"တစ်ခုခုတော့ မှားနေပြီ"ဟုဆိုကာ အိမ်အတွင်းသို့ ပြန်ဝင် လာခဲ့လေ၏ ။ ခြေဖွကာ အပေါ်ထပ်သို့တက်လာခဲ့လေ၏ ။ စေ့ ထားသောတံခါးကို -

"ကျွီ" အသာအယာ တွန်းဖွင့်ကြည့်၏ ။ ငပဲသည် စာဥအား ဖက်ကာ နစ်မြိုက်စွာ အိပ်ပျော်နေလေပြီ။ မသင်္ကာစရာ ဘာမှ မတွေ့။ သူကြီးမင်း အသာအယာပြန်ဆင်းလာခဲ့၏ ။ အဲ့မှာပဲ -

((( အောက် . . အီး . . အီး . . အွတ် )))

ရင်ထဲမှာ ဒိန်းကနဲ . .။ သူကြီးမင်းသည် မီးအိမ်ကို ဖြုတ်ကာ တိုင်ကပ်နာရီကြီးကို ကြည့်၏ ။

"ခွီး . . နစ်နာရီတောင် ထိုးပြီ"

မီးအိမ်ကို ပြန်ချိတ်။ အခန်းထဲသို့ပြန်ဝင်ရန် ခြေလှမ်းပြင် စဉ် -

"ဟင့် . . ဟင့် . . ဟင့်"

လှအုန်းစိန်၏ ကြိတ်ငိုသံကိုကြားရ၏ ။



www.burmeseclassic.com

www.burmeseclassic.com





"ကျွီ" တံခါးကို တွန်းဖွင့်စဉ် ခုတင်ပေါ်တွင် ငုတ်တုတ်ထိုင် ငိုနေသော လှအုန်းစိန်ကို တွေ့ရလေ၏ ။ ဆံပင်ဖားလျားချလို့။

"လှကလေး . . ဘာဖြစ်ရတာလဲကွယ်"

လှအုန်းစိန်က မျက်ရည် အဝဲသားဖြင့် မော့ကြည့်ကာ -

"သား . . သားလေး မရှိတော့ဘူး . . ကိုကြီးရဲ့"

"ဟေ! . ."

"ဟင့် . . လှကလေး မေးကန်အိပ်ပျော်သွားတာ ဇတ်ကန်နိုးတော့ . . ဟင့် . . သားလေးမရှိ . . ဟင့်"

အဲမှာပဲ -

"ခစ် . . ခစ် . . ခစ်"

သားလေးရဲ့ ရယ်သံ။

"ခိ . . ခိ . . ခိ"

စာဥရဲ့ ရယ်သံ။

"ကျွီ . . ကျွီ . . ကျွီ"

ဒန်းလွှဲသံတို့ကို ကြားရ၏ ။ ဘာမှမဘာရသေးသော လင်မယားနှစ်ယောက်သည် အသံကြွှးရာခြံအနောက်ဘက်သို့ ပြေးထွက်လာခဲ့ကြလေ၏ ။

"ဟင်! . ."

"ဟယ်! . ."

ကြည့်စမ်းပါ။ လရောင် နှင်းစက်ကြားမှာပေါ့။

"ခစ် . . ခစ် . . ခစ်"

စာဥက ဒါန်းလွှဲပေးနေ၏ ။ သားငယ်လေးက -

"ခစ် . . ခစ် . . ခစ်" ရယ်လို့။



www.burmeseclassic.com

www.burmeseclassic.com


သူကြီးမင်းက အသာအယာ လျှောက်သွားကာ သမီးစာဥ
ရဲ့ပုခုံးကို ညင်သာစွာကိုင်ကာ -

"ဘာလုပ်နေတာလဲ . . သမီးလေးရယ်"

စာဥကလေးက လှအုန်းစိန်၏ ရင်ခွင်ထဲမှ သားငယ်ကို
ကြည့်ရင်း -

"မောင်လေးက ဒါန်းစီးချင်တယ်ဆိုလို့ . . ခစ်"

"ဟုတ်လား . . အိပ်တော့နော် သမီးလေး"

"ဟုတ်"

အိမ်ထဲပြန်ဝင်လာခဲ့ကြ၏။ စာဥက အပေါ်ထပ်တက်သွား
လေ၏။ အဲမှာပဲ -

((( အောက် . . အီး . . အီး . . အွတ် )))

"ခွီး . . သုံးနာရီထိုးပြီဟ၊ သောကပဲ"

ဟု ဆိုကာ သူကြီးမင်း လှအုန်းစိန်၏နံဘေးတွင် ဝင်ခွေလိုက်
၏ ။ ကွိုင်နေတာပေ့ါနော်။

"ခစ် . . ခစ် . . ခစ်"

သားငယ်လေးက တော်တော်နဲ့မအိပ်သေးဘူး။ သူ့အမေ
ကိုချွဲပြီး ပလီကလူနေတာကိုး။

"ဟင်း"

သူကြီးမင်းသည် စိတ်လေစွာဖြင့် သက်ပြင်းကို ကြိတ်ချ
လေ၏ ။ မကြာပါချေ။ သားငယ်လေး အိပ်ပျော်သွားလေ၏ ။ သူကြီး
မင်းက -

"ဟီး" ဟု အောက်သွားကြီးလွတ်အောင်ပြုံးပြီး လှအုန်းစိန်
ရဲ့ ငါးရံ့ကိုယ်လုံးလေးအား ပွေ့ဖက်ရန်လှုံ့လပြု၏ ။ အဲမှာပဲပေါ့ -

"အစ်ကိုကြီး"

"အစ်ကိုကြီး"

"တောက်! . . ဘယ်ကောင်တွေလဲကွ"

သူကြီးမင်းသည် အိမ်ရှေ့သို့ပြေးထွက်လာခဲ့၏ ။ လှည်းတစ်စီး
ခြံအပြင်မှာ ရပ်ထား၏ ။ မီးတုတ်ကိုကိုင်ထားသော လူနှစ်ယောက်

www.burmeseclassic.com


သည် ခြံထဲသို့ဝင်လာကြလေ၏ ။

"ဟ . . သာဒင်နဲ့ သာရင်"

သာဒင်နှင့် သာရင်တို့သည် ခမောက်စုရွာမှာနေထိုင်ကြ၏ ။ သူကြီးမင်းနှင့် ညီအစ်ကိုဝမ်းကွဲတော်စပ်ကြလေ၏ ။ သူကြီးမင်းက -

"အချိန်မတော်ကြီးပါလားကွ"

"အစ်ကိုကြီး . . ဟင့်"

ညီအစ်ကိုနှစ်ယောက်စလုံး မျက်နှာမကောင်း။

"ငါ့ညီတွေ . . ဘာဖြစ်လာကြတာလဲဟ"

သာဒင်က လှည်းဆီသို့မေးငေါ့ကာ မီးတုတ်ကိုပေးရင်း -

"သွားကြည့်လိုက်ပါ . . အစ်ကိုကြီးရာ၊ ဟင့် . . အီး"

သူကြီးမင်းကမီးတုတ်ကိုယူကာ လှည်းဆီသို့လျှောက်သွား၏ ။ ကြည့်၏ ။

"ဟင်! . ."

သူကြီးမင်း ကြက်သေ သေသွား၏ ။

"မဖြစ်နိုင်တာကွာ"

ဟု ဆိုကာ အနီးကပ် ထပ်ကြည့်၏ ။

"ဟာ! . ."

လက်ထဲမှ မီးတုတ် ပြုတ်ကျသွားလေ၏ ။ အကြောင်းသား ငေးနေသော သူကြီးမင်းအား သာရင်က သိုင်းဖက်ကာ -

"တူမလေးတို့လင်မယား . . ဟာင့် . . ရွာကိုရောက်လာကြတယ်လေ ။ ဟင့် . . တူမလေးတွ ချောင်းထဲမှာ ရေဆင်းကူးတာဗျ၊ ဟင့် . . သူ့ရေနစ်တော့ သူ့ယောက်ျားက ဆင်းကယ်တာဗျ . . သိလား။ အီး . . ခုတော့ နှစ်ယောက်စလုံး ဆုံးရှာပြီ အစ်ကိုကြီးရဲ့ . . အီး . . ဝါး"

သူကြီးမင်းက -

"မဖြစ်နိုင်ဘူး . . လုံးဝ မဖြစ်နိုင်တာကွာ"

သာဒင်က အင့် . . ကနဲ ရှိုက်ကာ -

"စိတ်ကိုထိန်းပါ အစ်ကိုကြီးရယ် . . ဟင့် . . လှည်းပေါ်မှာ


www.burmeseclassic.com

www.burmeseclassic.com


ကလေးတွေရဲ့အလောင်းလေ၊ ဟင့် . . အီး"

သူကြီးမင်းက -

"တိတ်စမ်းကွာ"

"အစ်ကိုကြီး"

"ငါ့ သမီးလေးတို့လင်မယား ငါ့ အိမ်ရောက်နေပြီကွ"

"ဗျာ! . ."

ဘာမှ မပြောတော့။ သူကြီးမင်း အိမ်ထဲဝင်လာခဲ့၏ ။

ငပဲတို့လင်မယားအိပ်သော အပေါ်ထပ်သို့တက်လာခဲ့၏ ။ လှအုန်းစိန်သည် အနောက်မှကပ်လိုက်သွား၏ ။ သူကြီးမင်းက ဓေ့ ထားသောတံခါးကို -

"ကျွီ" တွန်းဖွင့်လိုက်၏ ။

"အား! . ."

လှအုန်းစိန်၏ငယ်သံပါအော်သံကြီးကို ကြားလိုက်ရလေ တော့၏ တကား။

❖

ဆိုတော့ကာ -

သတ္တဝါတွေဟာ သူတို့ကျင်လည်ခဲ့ရာဝန်းကျင်မှာ သူတို့ စိတ်လှိုင်းတွေကျန်ရစ်ခဲ့တတ်ကြပါတယ်။ ဟဲဗီးကျလွန်းတဲ့ စိတ် လှိုင်းတွေကျန်ရစ်ခဲ့ရင်တော့ အခြားလူတွေ ကျွတ်စဉ်ဖြစ်ရလောက် အောင် ပက်ပင်းတိုးမိတတ်ကြပါတယ်။

အဲသဟာကြီးကို -

သ . . ရဲ . . ခြောက် . . သည် . . လို့ ခေါ်တာပေါ့နော့။

ငပဲ ခြောက်သည်။

စာဥ ခြောက်သည် . . ပေါ့။

နော့ . .။

လူရှိန်အောင်


www.burmeseclassic.com

www.burmeseclassic.com



# ထူးခြားဆန်းပြား ဂမုန်းပင်များ

မင်းလက်ဝါး



www.burmeseclassic.com

www.burmeseclassic.com




**ဂမုန်းဆိုသည်မှာ**

"ဂမုန်း"ဟူသောအမည်မှာ ဥရှိတဲ့ အပင်ငယ်များစွာတို့ကို ခြုံ၍ခေါ်သော အမည်ဖြစ်ပါတယ်။ အချို့မှာ မြေပေါ်မှာပေါက်ပြီး အချို့မှာ အပင်ကြီးတွင် တွယ်ကပ်ပေါက်သော ပင်ဆင့်မျိုး ဖြစ်ပါတယ်။ ပင်ဆင့်မျိုးမှာ ရုက္ခဗေဒအလိုအားဖြင့် ပါရာဆိုက်များဖြစ်ပါတယ်။

သာမာန်အားဖြင့် ဂမုန်းဆိုတာ ပုတတ်စ၊ နနွင်း၊ တောက်တာ စသည်တို့နှင့်အတူ "ကင်ဖီးရှီးယား"မျိုးစုတွင် ပါဝင်တယ်လို့ ဆိုနိုင်ပါတယ်။

သို့ပေမယ့် မြန်မာအခေါ်ဂမုန်းမှာ အလွန်များပြားလှ၍ ရုက္ခဗေဒအမည်တစ်ခုတည်းကို စွဲ၍ မယူအပ်တော့ဘဲ ကျောက်ကျမ်း ဂမုန်းကျမ်းနှင့် ကဝေသာရကျမ်းတို့မှာ ဂမုန်းမျိုးပေါင်း (၁၀၉)မျိုးပြ ထားပါတယ်။

*** စိုက်သင့်သောဂမုန်းနှင့် မစိုက်သင့်သောဂမုန်း ***

အထက်ကဆိုခဲ့တဲ့အတိုင်းပဲ ဂမုန်းမျိုးပေါင်း (၁၀၉)မျိုးတို့ အထဲကမှ အကျဉ်းချုံးလျက် စိုက်သင့်သောဂမုန်းနှင့် မစိုက်သင့်သော ဂမုန်းဆိုပြီး စာရှုသူပရိတ်သတ်ကြီးအား ဖော်ပြလိုက်ပါမယ်။


www.burmeseclassic.com

www.burmeseclassic.com



## …က်သင့်သော ဂမုန်း (၃၇)မျိုး

၁) အိမ်တွင်းမင်္ဂလာဂမုန်း
၂) ရှင်သူငယ်ဂမုန်း
၃) ငှက်ပျောရှင်သူငယ်ဂမုန်း (အသေး)
၄) ငှက်ပျောရှင်သူငယ်ဂမုန်း (အကြီး)
၅) ရှင်သူငယ်ဂမုန်း (အနီ)
၆) ပြည်လုံးချမ်းသာဂမုန်း
၇) ရတနာဂမုန်း
၈) ဒေါင်းဂမုန်း (အဖို၊ အမ)
၉) ငွင်းထိုးဂမုန်း
၁၀) ဇော်ဂျီမှတ်ဆိတ်ဂမုန်း
၁၁) ဘောဂကြီးဂမုန်း
၁၂) အင်းဂမုန်း
၁၃) လဝန်းဂမုန်း (အဖို၊ အမ)
၁၄) ပတ္တမြားဂမုန်း
၁၅) ပြောက်ကလေးဂမုန်း
၁၆) စီးပွားဂမုန်း
၁၇) ကိုယ်ရံကြီး ဂမုန်း
၁၈) မြွေနိုင်ဂမုန်း
၁၉) ဟသာ်ဂမုန်း
၂၀) ချိုးဂမုန်း
၂၁) ငုံးဂမုန်း
၂၂) သူတော်ကြီးဂမုန်း
၂၃) အမုန်းပလ္လင်ဆင့် (အဖြူ၊ အနီ)
၂၄) ဂမုန်းနီ
၂၅) ဂမုန်းနက်
၂၆) ချမ်းသာကြီးဂမုန်း
၂၇) သူကြွယ်ဂမုန်း



www.burmeseclassic.com

www.burmeseclassic.com


၂၈) သူရသတိဂမုန်း
၂၉) ဂမုန်းစေတီ
၃၀) ဆရာကြီးဂမုန်း
၃၁) ဆရာမကြီးဂမုန်း
၃၂) ရှင်ပျံဂမုန်း
၃၃) ရှင်သီဝလိဂမုန်း
၃၄) မယ်တော်ကြီးဂမုန်း
၃၅) ခတ္တာဖြူဂမုန်း
၃၆) ကျီးဂမုန်း (အဖို၊ အမ)
၃၇) ကုစ္ဆသယကျီးမင်းဂမုန်းတို့ပဲ ဖြစ်ပါတယ်။

တစ်ဖန်ဆက်လက်ပြီး မစိုက်သင့်သောဂမုန်း(၇)မျိုးကိုပါ စာရှုသူ ပရိတ်သတ်ကြီးနှင့်တကွ ဂမုန်းဝါသနာအိုးများအတွက်ပါ ဖော်ပြပေးလိုက်ရပါသော် -

**မစိုက်သင့်သော ဂမုန်း (၇)မျိုး**

၁) နန်းထိုင်ဘီလူးဂမုန်း
၂) ဆင်ဂမုန်း
၃) ကမုဒ်ကြာဂမုန်း
၄) ဖော်မဂမုန်း
၅) မြွေဂမုန်း
၆) ပေဒါဂမုန်း
၇) ဆင်စွယ်ဂမုန်း တို့ပင်ဖြစ်ပါတယ်။

ယခု ဖော်ပြပေးလိုက်ရတဲ့ စိုက်သင့်သောဂမုန်း (၃၇)မျိုး နှင့် မစိုက်သင့်သောဂမုန်း(၇)မျိုးတို့ကို စာရှုသူပရိတ်သတ်ကြီး နှင့်တကွ ဂမုန်းစိုက်ဝါသနာပါသူများအတွက်ပါ ဖော်ပြပေးပြီး နောက် မစိုက်သင့်သောဂမုန်း (၇)မျိုးအနက်မှ "နန်းထိုင်ဘီလူး ဂမုန်း"အကြောင်းကို ရှင်းလင်းဖော်ပြပေးလိုက်ရပါတယ်။

❖


www.burmeseclassic.com

www.burmeseclassic.com



## နန်းထိုင်ဘီလူးဂမုန်း

နာမည်ကြားရတာနဲ့ ပင်စိတ်ဝင်စားစရာ ကောင်းလှပါတယ်။ ဒါပေမယ့် ကြောက်စရာလည်း အလွန်အမင်းကောင်းလှပါတယ်။ အခန့်သင့်ရင် လူကိုပါ အသက်သေတြေ ပျက်သုန်းတဲ့အထိ ဒုက္ခပေးနိုင်ပါတယ်။

နန်းထိုင်ဘီဘူးဂမုန်းရဲ့ သဏ္ဍာန်ကိုဖော်ပြရမည်ဆိုပါက -

အရွက်အောက်ဘက်က ပြီး အပေါ်ဘက်က လုံးဝစိမ်းပြီးနေပါတယ်။ ဥကိုနှုတ်ပြီး သေသေချာချာကြည့်ပါက ပိုပြီး ကြောက်စရာကောင်းလှပါတယ်။ ဇာတ်ပွဲထဲက ဘီလူးခေါင်းရဲ့ပုံသဏ္ဍာန်အတိုင်း အစွယ်နှစ်ချောင်းနဲ့ ထိပ်ပေါ်တည့်တည့်မှာလည်း အချွန်ကြီးပါတယ်။ အဲဒါကို "နန်းထိုင်ဘီလူး"လို့ခေါ်ပါတယ်။

အဲဒီ နန်းထိုင်ဘီလူးဂမုန်းထက်ပိုပြီး ကြောက်စရာကောင်းတာက တောဘီလူးဂမုန်းပါ။ တောဘီလူးဂမုန်းဥက ထိပ်ပေါ်မှာ အချွန် မပါပါဘူး။ ကတုံးနဲ့ပါ။ တောဘီလူးဂမုန်းများ စိုက်မိပါက အသေကိုတွယ်တာပါပဲ။ ဒါက နန်းထိုင်ဘီလူးဂမုန်းနဲ့ တောဘီလူးဂမုန်းအကြောင်းကို ရှင်းလင်းဖော်ပြပေးရခြင်း ဖြစ်ပါတယ်။

## နန်းထိုင်ဘီလူးဂမုန်း စိုက်ပျိုးမိလျှင်

ဟိုးရှေးယခင်အချိန်များက နန်းထိုင်ဘီလူးဂမုန်းကို အောက်လမ်းဆရာတွေသာ စိုက်ပျိုးကြပါတယ်။ နန်းထိုင်ဘီလူးဂမုန်းကိုစိုက်ပျိုးရတာ အောက်လမ်းဆရာများ သရဲမွေးခြင်းနှင့်အတူတူပါပဲ။



www.burmeseclassic.com

www.burmeseclassic.com




စိုက်ပျိုးစဉ်ကတည်းက ကြက်လည်ချောင်းသွေး၊ သား ဆေး၊ ငါးဆေးရေတို့နဲ့ စိုက်ပျိုး လျက် နောင်ကိုလည်း ခုနစ်ရက် တစ်ခါ၊ တစ်လ တစ်ခါဆိုသလို သားဆေး၊ ငါးဆေးရေ လောင်းရ တယ်လို့ ဆိုကြပါတယ်။

အိမ်မှာရှိတဲ့ အိမ်သား တွေကိုလည်း နန်းထိုင်ဘီလူး ဂမုန်းပင်ကို ပြသထားရပါတယ်။ အိမ်မှာမွေးထားတဲ့ ကျွဲ၊ နွား၊ ခွေး ဝက်၊ ကြက်ကအစ အားလုံး လည်း ပြသထားရပါတယ်။

အဲဒီလို ပြသပေးထား တယ်ဆိုတဲ့အကြောင်းက နန်း ထိုင် ဘီလူးဂမုန်းက မှားပြီး မန စက်၊ မညှင်းပန်းရန်နှင့် မခြောက် လှန့်အောင်ပဲ ဖြစ်ပါတယ်။ နန်းထိုင်ဘီလူးဂမုန်းမှာ ညဘက်အချိန် အခါတွေမှာ သောင်းကျန်း နိပ်စက်တတ်တယ်လို့လည်း ဆိုပါတယ်။

❖

## နန်းထိုင်ဘီလူးဂမုန်းနှင့် သာဓကဖြစ်ရပ်များ

မိတ်ဆွေစက်သူဌေးတစ်ယောက် နန်းထိုင်ဘီလူးဂမုန်း ကိုစိုက်ထားမိသဖြင့် တစ်ညအိမ်ကိုသူခိုးဝင်ခိုးရာ သူခိုးကို နန်းထိုင် ဘီလူးဂမုန်းက ရိုက်ဖမ်း၍ မိဖူးကြောင်းပြောပြပါတယ်။

အဲဒီ စက်သူဌေးသေဆုံးသွားတော့ နန်းထိုင်ဘီလူးဂမုန်း ပင်ကို ကျွေးမယ့်သူမရှိတော့ဘဲ ဂမုန်းဘီလူးက သောင်းကျန်းပြီး ည အချိန်ခါမျိုးမှာ တုတ်တစ်ချောင်းနဲ့ လျှောက်နေတာကို အနီး ပတ်ဝန်း


www.burmeseclassic.com

www.burmeseclassic.com





ကျင်မှမြင်ကြ၊ တွေ့ကြုံရပါတယ်။

ခွေးများ တရှန်းရှန်းဖြစ်နေ၍လည်း တစ္ဆေ၊သရဲခြောက်တာဟုလည်း ပြောကြကြောင်း၊ စက်သူဌေးရဲ့သားဖြစ်သူက ဂမုန်းဘီလူးပင်ကိုတူးပြီး မြစ်ထဲမျှောလိုက်မှ အေးအေးချမ်းချမ်းဖြစ်သွားကြောင်း ပြောပြပါတယ်။

နောက်ထပ် သာဓကဖြစ်ရပ်တစ်ခုက အဒေါ်ကြီးတစ်ယောက် နန်းထိုင်ဘီလူးဂမုန်းပင်ကိုစိုက်ထားမိ၍ အပင်က အပွင့်ပွင့်ရန် အဖူး နှစ်ခုဖူးလာကြောင်း၊ တစ်ဖူးမှာ အပွင့်ပွင့်လာသောအခါမှာ အဒေါ်ကြီးမှာ ရုတ်တရက် မကျန်းမမာဖြစ်သွားပြီး အိပ်ရာပေါ်မှပင် မထနိုင်လောက်အောင်ဖြစ်သွားခဲ့ရပါတယ်။

အဒေါ်ကြီးမှာ မကျန်း မမာနေရင်း အိပ်ပျော်သွားသောအခါ အိပ်မက်ထဲတွင် ဘီလူးကြီးတစ်ကောင် အသံနက်ကြီးနှင့် -

"ငါ့မျက်စိ တစ်ဖက်သာ ပွင့်သေးတယ်။ နှစ်ဖက်စလုံးပွင့်မှ နင့်ကို ငါစားမယ်" လို့ ပြောတာကြားပြီး လန့်နိုးခဲ့ ရပါတယ်။

မနက်လင်းသောအခါ ဂမုန်းပင်မှ အဖူးနှစ်ဖူးမှာ တစ်ဖူးက ပွင့်နေသဖြင့် ဂမုန်းပင်ကိုနုတ်ပြီး မြစ်ထဲသို့ အမျှောခိုင်းလိုက်ရပါတယ်။ ထိုအခါကျမှ အိပ်ရာထက်မှာ မကျန်းမမာဖြစ်ပြီး မလှုပ်ရှားနိုင်အောင် ရောဂါဝေဒနာကို ခံစားနေရသော အဒေါ်ကြီးမှာ လူကောင်းပကတိ ပြန်ဖြစ်သွားကြောင်း ဖော်ပြပေးလိုက်ရပါတယ်။

❖

www.burmeseclassic.com

www.burmeseclassic.com




**နန်းထိုင် ဘီလူးဂမုန်းရှိလျှင်-**

မှန်ပါတယ်။ နန်းထိုင် ဘီလူးဂမုန်းပင်ရှိခဲ့လျှင် တခြားဂမုန်းများ ဖြစ်ကြတဲ့ ဒေါင်းဂမုန်း၊ ဟင်္သာဂမုန်း ကျီးဂမုန်း၊ ငုံးဂမုန်း စတဲ့ အရွက်များ ဘေးကားပြီး လန့်ဖျန့်နေသလို မအိပ်ဘဲ နေကြပါတယ်။ အဲဒီလောက်အထိ ကြောက်စရာကောင်းလွန်းလှပါတယ်။

**နန်းထိုင် ဘီလူးဂမုန်းကိုနိုင်တဲ့ မင်းသားကြီး**

မင်းသားကြီးဆိုတာ မင်းသားကြီးဂမုန်းကို ဆိုလိုတာပါ။ နန်းထိုင်ဘီလူးဂမုန်းနှင့် အတော်ကိုတူပါတယ်။ သို့ပေမယ့် အသေအချာကြည့်ရင် ခွဲခြားနိုင်ပါတယ်။ မင်းသားကြီးဂမုန်းက အရွက်အောက်ဘက်က နီပြီး အပေါ်ဘက်က အစိမ်းကလေး မသိမသာပါ,ပါတယ်။

**နန်းထိုင်ဘီလူးနှင့် မင်းသားကြီး ဂမုန်းတို့ကို ယှဉ်ထားသော်**

နန်းထိုင် ဘီလူးဂမုန်းပင်နှင့် မင်းသားကြီးဂမုန်းပင်ကို ယှဉ်ထားရင် ဘာဖြစ်သလဲဆိုတာကို ဆက်လက်ဖော်ပြပေးပါမယ်။

(....)မြို့က အဒေါ်ကြီး တစ်ယောက် သူမက ဂမုန်းစိုက်ဝါသနာအိုး၊ သူမခြံထဲမှာ ဂမုန်းပင် အမျိုးအစားပေါင်း စုံလင်စွာရှိတယ်။ တစ်နေ့တော့ ဂမုန်းပင်တစ်ပင်ကို သူမ လက်ဆောင်ရရှိပြီး ခြံထဲမှာရှိတဲ့ အခြား ဂမုန်းပင်တွေရဲ့အရွက်များဟာ ဘေးကားကုန်ကြပါတယ်။ ညဘက်အိပ်တဲ့ ဒေါင်းဂမုန်းလည်း မအိပ်တော့ပါဘူး။


www.burmeseclassic.com

www.burmeseclassic.com



ထူးထူးခြားခြားက အိမ်မှာ မွေးထားတဲ့ ကြောင်နစ်ကောင်မှာ ဒဏ်ရာ ရှိဘဲသေနေတာကို တွေ့မြင်ရကြောင်း။



အဒေါ်ကြီးမှာလည်း ကျန်းကျန်းမာမာနှင့် ရှိနေခဲ့ရာမှ ရုတ်ချည်းဆိုသလို အိပ်ရာထက်မှာ လူမမာတစ်ယောက်လို ဖြစ်သွားခဲ့ပြီး ကျန်မိသားစုဝင်အချို့မှာလည်း ဘေးဥပါဒ် တစ်ခုမဟုတ်တစ်ခုဆိုသလို၊ ရှေ့ဆင့်နောက်ဆင့် ဖြစ်နေကြောင်း ကြုံတွေ့နေရပါတယ်။

တစ်နေ့ အဒေါ်ကြီးကိုးကွယ်နေတဲ့ ဆရာတော်ကြီးတစ်ပါး အိမ်ကိုကြွလာပြီး အဒေါ်ကြီးတို့မိသားစု အခြေအနေကို ရိပ်မိသွားပြီး နင်တို့ -

"နန်းထိုင် ဘီလူးဂမုန်း" စိုက် ထားမိလားဆို၍ မေးတော့မှ အဒေါ်ကြီးက ခြံထဲမှာ သူ လက်ဆောင်ရရှိထားတဲ့ ဂမုန်းပင်တစ်ပင်ကို ဆရာတော်ကြီးအား လိုက်လံပြသပေးပါတယ်။

ဆရာတော်ကြီးမှာ လောကီလောကုတ္တရာ နှံ့စပ်ထက်မြက်တဲ့ ဆရာတော်ကြီးဖြစ်ပြီး ဂမုန်းပင်ကိုမြင်တာနှင့်ပင် အဲဒါ -

"နန်းထိုင် ဘီလူးဂမုန်းပင် . . အဲ့ဒါရှိနေလို့ နင်တို့ ဒီလိုဖြစ်တာ။ ငါ့ကျောင်းမှာ အဲဒီဂမုန်းကို နိုင် တဲ့ မင်းသားကြီးဂမုန်းရှိတယ် လိုက်ယူ"

ဟုဆိုပြီး မိန့်ရာ မိသားစုဝင်တစ်ဦးက ဆရာတော်ကျောင်းတိုလိုက်ပြီး မင်းသားကြီးဂမုန်းကို လိုက်လံယူခဲ့ပါတယ်။

"ဆရာတော်ကြီးက နန်းထိုင်ဘီလူးဂမုန်းနဲ့ မင်းသားကြီး



www.burmeseclassic.com

www.burmeseclassic.com


ဂမုန်းကို ဘေးချင်းယှဉ်စိုက်ပြီး ဘာဖြစ်မလဲဆိုတာ စောင့်ကြည့်ကြ ဆိုပြီး ဆက်လက်မိန့်ကြားခဲ့ပါတယ်။

ဆရာတော်ကြီးမိန့်တဲ့အတိုင်း နန်းထိုင်ဘီလူးဂမုန်းနှင့် မင်းသားကြီးဂမုန်းကို ယှဉ်ပြီး စိုက်ထားလိုက်ရာမှ ညဘက်အချိန် ခါမျိုးမှာ ဖြုန်းဖြုန်း ဒိုင်းဒိုင်းနဲ့ လူနှစ်ယောက်ခြံထဲမှာ ရန်ဖြစ်သံကို ကြားရကြောင်း ခဏကြာတော့ ငြိမ်သွားကြပါတယ်။

မနက်လင်းချိန်ကျတော့ ဘေးပတ်ဝန်းကျင်က ညကခြံထဲ မှာ လူနှစ်ယောက် ထွေးလုံး သတ်ပုတ်နေကြပြီး မည်းမည်းနှင့်လူက ရှေ့ကပြေးပြီး ဖြူဖြူနှင့် လူကခားထမ်းပြီး နောက်ကလိုက်ကြောင်း ကို ပြောကြပါတယ်။

ဒီနောက်ပိုင်း လူမမာတွေလည်း ရောဂါတွေ ပျောက်သွား ကြပြီး အားလုံး အဆင်ပြေသွားကြပါတော့တယ်။ အဲ့ဒီနောက်ပိုင်းမှာ ဂမုန်းဘီလူးပင်လည်း အလိုအလျောက်သေသွားကြောင်း အဒေါ်ကြီး က ပြောပြပါတယ်။

❖

ဒါတွေဟာ မစိုက်သင့်သော ဂမုန်းနဲ့ စိုက်သင့်သော ဂမုန်း အကြောင်းတို့ပဲ ဖြစ်ပါတယ်။ ဂမုန်းအကြောင်း သိကောင်းစရာများ ရေးသားရန် ကျန်ရှိနေပါသေးသဖြင့် စာရှုသူပရိသတ်ကြီးနှင့်တကွ ဂမုန်းစိုက်ဝါသနာပါသူများ၊ ဂမုန်းစိုက်ချင်သူများအတွက် "ထူးခြား ဆန်းပြား ဂမုန်းပင်များ"အကြောင်းကို ဆက်လက်ဖော်ပြပေးသွား ပါ့မယ်။

ဒါပေမယ့် ဂမုန်းပင်များဟာ စိုက်တတ်လျှင် အကျိုးတရား ရရှိပြီး မစိုက်တတ်ရင်တော့ ဘေးတွေ့တတ်တာကို သတိပြုရပါလိမ့် မယ်။ ကောင်းသောမင်္ဂလာရှိတဲ့ ဂမုန်းပင်များ စိုက်ပျိုးပြီး ကောင်း သော နံ့သာရေများလောင်းချကာ ကောင်းခြင်းမင်္ဂလာများရရှိနိုင် ပါစေ။

မင်းလက်ဝါး



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



"

လူတစ်ယောက်၏
ခန္ဓာကိုယ် အစိတ်အပိုင်းဝယ်
မည်သည့်နေရာ၌
မှဲ့ရှိသည်ကို သိလိုပါလျှင်
မြန်မာ့ရိုးရာဗေဒင်ပညာဖြင့်
ဖော်ထုတ်နိုင်ပါသည်။

## မှဲ့၏သဘော စစ်ကြောကြည့်သော်

မှဲ့သည် လူ့ခန္ဓာကိုယ်ပေါ်၌ နေရာမရွေး ရှိနေတတ်သော အမှတ်သင်္ကေတဖြစ်ပါသည်။ မှဲ့တို့သည် လူတို့အား အကျိုးပေး တတ်သည်များရှိနေသကဲ့သို့ အကျိုးမပေးသည်လည်း ရှိလေ၏။

## မှဲ့အရောင် မှဲ့အသွေး

ခန္ဓာကိုယ်ပေါ်ရှိ မှဲ့တို့မှာ အရောင်အသွေးအမျိုးမျိုး ရှိကြပါ သည်။ ယင်းတို့သည်ကား . . မှဲ့ဖြူ၊ မှဲ့နီ၊ မှဲ့ညို၊ မှဲ့နက်၊ မှဲ့ဝါ၊ မှဲ့စိမ်း စသည်တို့ ဖြစ်ကြပါသည်။

## မှဲ့တို့၏ အကျိုးပေးမှုများ

မှဲ့ဖြူ - သာမန်မျှသာ အကျိုးပေးတတ်သည်။ အလယ် အလတ်သဘောမျိုးလောက်သာ အကျိုးပေးပါလိမ့်မည်။

မှဲ့နီ - မကောင်းကျိုးပေးသည့်နေရာတွင် မသိသာလှပေ။ ကောင်းကျိုးပေးသည့်နေရာတွင် သိသိသာသာ ထိထိရောက်ရောက် ပေးတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com


မွဲ့ညို - တစ်ဖက်သားကို ကြင်နာ၊ သနားတတ်သည်။ ...ဗ္ဗာ၊ သမာဓိ ရှိတတ်သည်။

မွဲ့နက် - ကောင်းကျိုးပေးမှု နည်းသည်။ မကောင်းကျိုးသာ ...ပေးတတ်ပါသည်။

မွဲ့ဝါ - စိတ်ကူးယဉ်တတ်သည်။ အနုပညာ ဝါသနာထုံ ...ည်။ သုခုမ အနုပညာရပ်များနှင့် အကျိုးပေးတတ်ပါသည်။

မွဲ့စိမ်း - မွဲ့အားလုံးတွင် အမွန်မြတ်ဆုံးသော မွဲ့ဖြစ်သည်။ ...ကောင်းကျိုးပေးလျှင် ထူးထူးကဲကဲပေးတတ်သည်။ ပါရမီ ထူးကဲ ...သူများ၊ ပုဂ္ဂိုလ်ထူးများထဲ၌ ၎င်း မွဲ့မျိုးကိုတွေ့ရတတ်ပါသည်။

**...အမျိုးအစားများ**

မွဲ့အမျိုးအစား (၃) မျိုးရှိသည်။ ၎င်းတို့မှာ -

၁) မွဲ့ခြောက်

၂) မွဲ့စို

၃) မွဲ့ရှင်တို့ ဖြစ်ကြပါသည်။

မွဲ့ခြောက် - မွဲ့ခြောက်သည် ကောင်းသည့် အမျိုးအစားတွင် ...မပါဝင်။ အကျိုးလည်း မပေးတတ်ပေ။

မွဲ့စို - အသားအရေပေါ်၌ ကြွပြီး တက်နေလေ့ရှိသည်။ အရောင်အဆင်းမှာ စိုနေတတ်ပြီး အသားအရေကို လှပစေပါသည်။

မွဲ့ရှင် - အရောင်အသွေး ခွဲခြားထားမှု အတိအကျ မရှိ ...ပေ။ မွဲ့ရှင်သည် အရောင်အသွေး ပြောင်းလဲတတ်ပါသည်။ နေရာ ...လည်း ရွှေ့တတ်လေ၏။ မွဲ့တစ်လုံး ပျောက်ကွယ်သွားပါက ထပ်မံ ...၍ မွဲ့တစ်လုံး ပေါ်ထွက်လာတတ်သည်။

မွဲ့ရှင်သည် စိမ်း၍ နေတတ်၏။ မွဲ့စိုနှင့် အသွင်သဏ္ဌာန်ချင်း ...တူတတ်၏။ ရွှေ့ပြောင်းသည့်အခါက အရွယ်အစားချင်းလည်း ...တူညီနေတတ်ပါသည်။

မွဲ့ရှင်၏သဘာဝမှာ ကောင်းကျိုးနှင့် ဆိုးကျိုးကိုပေးရာ၌


www.burmeseclassic.com

www.burmeseclassic.com


သိသာထူးကဲစွာ ပေးတတ်ပါသည်။ မှဲ့ရှင်သည် လူကောင်း၊ လူ
များ၌ ရှိတတ်သကဲ့သို့ လူဆိုး၊ သူဆိုးများ၌လည်း ရှိနေတတ်ပါသည်။

**မှဲ့ရှိနေရာ သိလိုပါလျှင်**

လူတစ်ယောက်၏ ခန္ဓာကိုယ် အစိတ်အပိုင်းဝယ် မည်သည့် နေရာ၌ မှဲ့ရှိသည်ကိုသိလိုပါလျှင် မြန်မာ့ရိုးရာဗေဒင်ပညာဖြင့် ဖော် ထုတ်နိုင်ပါသည်။

မိမိ၏ မွေးဖွားသက္ကရာဇ်ကိုတည်ပါ။ (၇)ဖြင့် (÷)ပါ။ အခါ အကြွင်း ထွက်ပေါ်လာပေလိမ့်မည်။

၁) ကြွင်းလျှင် - ပုခုံးထိပ်၌ မှဲ့ရှိတတ်သည်။
၂) ကြွင်းလျှင် - လက်မောင်းနှစ်ဖက်၌ မှဲ့ရှိတတ်သည်။
၃) ကြွင်းလျှင် - ဆီးစပ်၌ မှဲ့ရှိတတ်သည်။
၄) ကြွင်းလျှင် - မျက်ရည်ခံ၌ မှဲ့ရှိတတ်သည်။
၅) ကြွင်းလျှင် - ပါး၌ မှဲ့ရှိတတ်သည်။
၆) ကြွင်းလျှင် - မှဲ့စလွယ် ရှိမည်။
၇) ကြွင်းလျှင် - ကျောပြင်၌ မှဲ့ရှိတတ်သည်။

ဥပမာ -၁၉၁၃ ခုနှစ်ဖွားပါက -
၁၉၁၃ ÷ ၇ = ၃ (ကြွင်း)
(သို့ဖြစ်၍ ထိုနှစ်ဖွားသမားသည် ဆီးစပ်၌ မှဲ့ရှိတတ်ပါသည်။)

**အမျိုးသားတို့အတွက် မှဲ့သဘော၊ မှဲ့သဘာဝများ**

* ရတနာရွှေအိုး *

ရင်ဘတ်အလယ်၌ ထင်ရှားသည့်မှဲ့တစ်လုံးတည်း ရှိပါက ရတနာရွှေအိုးဟု ခေါ်၏ ။

ထိုမှဲ့ရှိသော အမျိုးသားသည် ကြွယ်ဝချမ်းသာမည်။ နာမည် ကျော်ပုဂ္ဂိုလ်ဖြစ်မည်။ အလုပ်ဌာနတစ်ခုခု၌ အကြီးအကဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com


ည်၊ ဆင်းရဲဒုက္ခ ကြုံတွေ့ရလျှင်ခဏသာဖြစ်ပြီး ကြီးပွားချမ်းသာ
တတ်ပါသည်။

* ရတနာရွှေကြုတ် *

ဘယ်ဘက်နားတွင် ထင်ရှားသောမှဲ့ကြီးရှိပါက ထိုမှဲ့အား
"ရတနာရွှေကြုတ်"ဟု ခေါ်သည်။

ထို ရတနာရွှေကြုတ်မှဲ့ရှိသော အမျိုးသားသည် ဆင်းရဲ
ဒုက္ခအမျိုးမျိုးနှင့် တွေ့ကြုံရတတ်သည်။ ပြီးလျှင် ကြီးပွားချမ်းသာ
ည်၊ အကြီးအကဲဖြစ်မည်။ ဆုလာဘ်များ ချီးမြှင့်ခံရပြီး ထင်ရှား
တတ်ပါသည်။ စည်းစိမ်ဥစ္စာများနှင့်လည်း ပြည့်စုံတတ်ပါသည်။

* မျက်ရည်ခံ (ဘယ်ဘက်) *

ဘယ်ဘက်အောက်မျက်ခမ်းနှင့် အထက်နှုတ်ခမ်းကြား
မျက်ရည်ကျရာ လမ်းကြောင်း၌ ထင်ရှားသောမှဲ့ရှိပါက မျက်ရည်ခံမှဲ့
ဟု ခေါ်ပါသည်။

ထိုမှဲ့ပိုင်ရှင် အမျိုးသားသည် စိတ်မြန်တတ်၏ ။ ဆင်ခြင်
ဉာဏ် နည်းပါးတတ်၏ ။ ခန္ဓာကိုယ်၌ ထိခိုက်ခြင်း ဖြစ်တတ်၏ ။
အဆွေဒကကာကံနှင့်လည်း တွေ့ကြုံရတတ်၏။ မမျှော်လင့်ဘဲ ဇနီးမယား
ကွယ်လွန် တိမ်းပါးတတ်၏ ။

* မျက်ရည်ခံ (ညာဘက်) *

ညာဘက်အောက်မျက်ခမ်းနှင့် အထက်နှုတ်ခမ်းကြား မျက်
ရည်ကျရာလမ်းကြောင်း၌ ထင်ရှားသောမှဲ့ရှိပါက "မျက်ရည်ခံမှဲ့"
ဟု ခေါ်ပါသည်။

ထိုမှဲ့ပိုင်ရှင်အမျိုးသားသည် စိတ်ရှည်တတ်၏ ။ ဆင်ခြင်
ဉာဏ်ကောင်းသည်။ သိုသိပ်သပ်ရပ်စွာ နေထိုင်တတ်၏ ။ စိတ်
သဘောကများတတ်သည်။ အလုပ်တစ်ခုခုကို လုပ်ကိုင်မည်ဆိုပါက
စိတ်သန်သန်နှင့် လုပ်ကိုင်ဆောင်ရွက်တတ်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com


* စံပယ်တင်မှဲ့ (ဘယ်ဘက်) *

ဘယ်ဘက်ပါးမို့မို့၌ ထင်ရှားစွာရှိနေသော မှဲ့အား "စံပယ်တင်မှဲ့" ဟု ခေါ်သည်။

၎င်း မှဲ့ပိုင်ရှင်အမျိုးသားသည် စိတ်သဘောထား ကောင်းမွန်တတ်သည်။ အမှန်တရားနှင့် လောကကြီးကိုမြင်တတ်သည်။ အသက်အရွယ်ကြီးရင့်လာပါက သာသနာ့ဘောင်သို့ ဝင်ရောက်တတ်သည်။ စိတ်အေးချမ်းသာစွာ နေထိုင်တတ်ပြီး တရားထူးများ ရရှိတတ်ပါသည်။

* စံပယ်တင်မှဲ့ (ညာဘက်) *

ညာဘက်ပါးမို့မို့၌ ထင်ရှားစွာရှိနေသော မှဲ့အား "စံပယ်တင်မှဲ့" ဟု ခေါ်သည်။ ၎င်း မှဲ့ပိုင်ရှင်အမျိုးသားသည် စန်းပွင့်တတ်၏ ။ လူချစ်လူခင် များတတ်သည်။ အိမ်ထောင်ဆက်များတတ်၏။ မိန်းမနှင့် ပတ်သက်ပြီး ပြဿနာတက်တတ်သည်။ အရွယ်တင်ပြီး ခန့်ညားမည်။ စိတ်စေတနာ ကောင်းတတ်သည်။ ဒုက္ခအားလုံးကို ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိပေ။


**အမျိုးသမီးများအတွက် မှဲ့သဘော၊ သဘာဝများ**

* ရတနာ ဆံကျစ် *

နဖူးအလယ်တည့်တည့်၌ ထင်ရှားသောမှဲ့ရှိပါက "ရတနာ ဆံကျစ်" ဟုခေါ်သည်။ အဆိုပါ မှဲ့ပိုင်ရှင်အမျိုးသမီးသည် အထူးကံကောင်းနေတတ်သည်။ လင်ကောင်း၊ သားကောင်း ရရှိမည်။ ကတော်တစ်ပါးပါး ဖြစ်တတ်သည်။ ဆိုးသွမ်းမိုက်မဲသော ယောကျ်ားကိုရစေကာမူ ထိုယောကျ်ားသည် လူကောင်း၊ သူတော်ကောင်း ဖြစ်သွားတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

* ရတနာဆီမီးထွန်း *

နဖူးဘယ်ဘက်၌ မှဲ့ရှိပါက ထိုမှဲ့အား "ရတနာဆီမီးထွန်း" ဟု ခေါ်သည်။ ၎င်း မှဲ့ပိုင်ရှင် အမျိုးသမီးသည် ပစ္စည်း ဥစ္စာ ကြွယ်ဝတတ်ပါသည်။ သားကောင်း၊ သမီးကောင်း ထွန်းကားတတ်သည်။ သားသမီးအကြောင်းမြင့်၍ စိတ်သောက ရောက်ရတတ်သည်။ နောက်ဘဝမကူးဘဲ မျက်မှောက်ဘဝမှာပင် တရားထူးများကို ရရှိတတ်သည်။

* မျက်ရည်ခံ (ဘယ်ဘက်) *

ဘယ်ဘက်မျက်ခမ်းနှင့် အထက်နှုတ်ခမ်းကြား မျက်ရည်ကျရာလမ်းကြောင်းတွင်ရှိသော မှဲ့ကို "မျက်ရည်ခံမှဲ့"ဟု ခေါ်သည်။ ၎င်း မှဲ့ပိုင်ရှင်အမျိုးသမီးသည် ငွေကြေးချမ်းသာမည်။ စိတ်ဆင်းရဲတတ်သည်။ နာမည်ကျော်ပြီး အိမ်ထောင်ဆက်များ တတ်သည်။ ငယ်စဉ်က ဆင်းရဲ ဒုက္ခအမျိုးမျိုးနှင့် ကြုံတွေ့ရတတ်သည်။ ဥပစ္ဆေဒကံဖြင့် အသက်ဆုံးပါးတတ်သည်။

* မျက်ရည်ခံ (ညာဘက်) *

ညာဘက် အောက်မျက်ခမ်းနှင့် အထက်နှုတ်ခမ်းကြား မျက်ရည်ကျရာလမ်းကြောင်း၌ ထင်ရှားသောမှဲ့သည် "မျက်ရည်ခံကြီး" ဖြစ်သည်။ ၎င်း မှဲ့ရှင်သည် ဘဝ၌ဆုံးရှုံးမှုများစွာနှင့် ကြုံတွေ့ရတတ်သည်။ အသက်ကြီးချိန်၌ ဆင်းရဲနွမ်းပါးတတ်၏ ။ မမျှော်လင့်ဘဲ မုဆိုးမဖြစ်ရတတ်သည်။


www.burmeseclassic.com

www.burmeseclassic.com




* နှုတ်တဆိတ် *

ဘယ်ဘက်ပါးပြင် ပါးစပ်အနား၌မှဲ့ရှိပါက ထိုမှဲ့အား "နှုတ်တဆိတ်မှဲ့" ဟု ခေါ်သည်။ ၎င်း မှဲ့ပိုင်ရှင်သည် နှုတ်ချိုတတ်သည်။ စကားပြောဆိုရာ၌ ပြေပြစ်ချောမောမည်။ စကား ပရိယာယ်ကြွယ်ဝတတ်သည်။ ယောက်ျားဖြစ်သူ၏ ချစ်ခင် စွဲလမ်းမြတ်နိုးမှုကို ခံရတတ်သည်။ မူယာ၊ မာယာများမည်။

(သတိပြုရန်မှာ - စိတ်ကိုမထိန်းနိုင်ပါက ဘဝပျက်သွားတတ်ပါသည်။)

* ရွှေပိတုန်းစုပ် *

ညာဘက်ပါးပြင် ပါးစပ်အနီး၌မှဲ့ရှိပါက ထိုမှဲ့အား "ရွှေပိတုန်းစုပ်မှဲ့"ဟု ခေါ်သည်။ ၎င်း မှဲ့ပိုင်ရှင် အမျိုးသမီးသည် မူယာမာယာများ တတ်သည်။ စန်းပွင့်တတ်သည်။ ယောက်ျားများ၏ ချစ်ခင်စွဲလမ်းမှုကို ခံရတတ်သည်။ ခင်ပွန်းယောက်ျား၏ အကျိုးကျေးဇူးကို ခံရတတ်သည်။

* စံပယ်တင် (ဘယ်ဘက်) *

ဘယ်ဘက်ပါးမို့မို့၌ရှိသော မှဲ့ကို "စံပယ်တင်မှဲ့"ဟုခေါ်သည်။ ၎င်း မှဲ့ပိုင်ရှင်အမျိုးသမီးသည် အညာလွယ်တတ်၏။ နာမည်ကျော်ကြားပြီး ထင်ရှားတတ်သည်။ လင်ယောက်ျား ချစ်ခင်အောင် အမျိုးမျိုး


www.burmeseclassic.com

www.burmeseclassic.com


ပြုစွမ်းတတ်၏။ အချစ်ရေးနစ်ခုကို တစ်ပြိုင်တည်း ကြုံတွေ့တတ်သည်။

## လည်ပင်းပိုင်းရှိ မွဲ့ပုံရိပ်များ

* လည်ပင်းအောက်ပိုင်း၌ မွဲ့ရှိလျှင် *

စီးပွားရေးလုပ်ငန်းတွင် အထက်မရောက်၊ အောက်သို့မကျဘဲ အလယ်အလတ် ဖြစ်နေတတ်သည်။ ပညာရေးဘက်တွင် ထူးချွန်အောင်မြင်သူ ဖြစ်တတ်သည်။ ဘဝ၌ စိတ်ချမ်းသာမှု ရရှိတတ်သည်။

* လည်ပင်း ဘယ်ဘက်၌ မွဲ့ရှိလျှင် *

ရဟန်းဘောင်သို့ဝင်ရောက်ပါက အသက်အရွယ် ကြီးရင့်လာချိန်တွင် ထင်ရှားသော ဘုန်းတော်ကြီး ဖြစ်တတ်သည်။ ကျက်သရေမင်္ဂလာအပေါင်းနှင့် ခညောင်းတတ်သည်။ ဂုဏ်ကျက်သရေရှိ လူကြီးလူကောင်း ဖြစ်တတ်သည်။

* လည်ပင်း ညာဘက်၌ မွဲ့ရှိလျှင် *

မကောင်းမှု အကုသိုလ်များကို ရှောင်ရှားတတ်သည်။ တရားသဘောကိုနှလုံးသွင်းတတ်ပြီး ချမ်းသာကြွယ်ဝတတ်သည်။

* လည်ပင်း အပေါ်ပိုင်း၌ မွဲ့ရှိလျှင် *

ထင်ရှားကျော်ကြားသူ ဖြစ်တတ်၏ ။ အလုပ်အကိုင်တိုင်း၌ အောင်မြင်မှု ရရှိတတ်သည်။ အနုပညာကို ဝါသနာထုံတတ်သည်။

## ရင်ပိုင်းနှင့် ဝမ်းဗိုက်ပိုင်းရှိ မွဲ့ပုံရိပ်များ

* ဘယ်ဘက်ရင်အုံအောက် နံရိုးများအပေါ် မွဲ့ရှိလျှင် *

စိတ်အားငယ်တတ်၏ ။ သူရဲဘောကြောင်တတ်၏ ။ ခွေးရူးပြန်ရောဂါဖြင့် သေဆုံးတတ်၏ ။ မကောင်းမှု၌ မွေ့လျော်စိတ်ဝင်


www.burmeseclassic.com

www.burmeseclassic.com



နေတတ်၏ ။ မိတ်ဆွေများအပေါ်၌ မလိုမုန်းထားစိတ် ရှိနေတတ်၏ ။ သတ္တဝါလေးများကို ချစ်ခင်သနားစိတ်လည်း ရှိတတ်၏ ။

* ဘယ်ဘက် နံကြားအောက်၌ မွဲ့ရှိလျှင် *

ထိုးထွင်းဉာဏ် ကောင်းတတ်၏ ။ ဘဝ၌ ပျော်ပျော်နေတတ်၏ ။ အလိုဆန္ဒကြီးမားခြင်း၊ ခေါင်းမာခြင်း၊ ကြီးကျယ်ခမ်းနားခြင်း ရက်ရောခြင်းရှိသူလည်း ဖြစ်၏ ။

* ညာဘက် နံရိုးအောက် မွဲ့ရှိလျှင် *

လူ့လတ်ပိုင်းအရွယ်တွင် ရပ်ဝေးသို့ထွက်ခွာလျက် စီးပွားရှာဖွေခြင်းဖြင့် ငွေကြေးအမြောက်အမြား ရရှိတတ်၏ ။

* ဘယ်ဘက် ရင်အုံအပေါ်၌ မွဲ့ရှိလျှင် *

ကာမဂုဏ်အာရုံစိတ်များ များနေတတ်၏ ။ ဒေါသများခြင်း ဆူဝေနေတတ်၏။

* ဘယ်ဘက်ရင်အုံအောက်၌ မွဲ့ရှိလျှင် *

လူရွယ်လူလတ်ပိုင်း၌ မိမိကိုယ်မိမိ သေကြောင်းကြံစည်တတ်သည်။ အထမြောက် အောင်မြင်မှုမရှိဘဲ ထောင်နန်းစံရတတ်သည်။ တစ်ပါးသူ၏ ချောက်တွန်းမှုများကို လက်ခံဆောင်ရွက်မိခြင်းများအတွက် စိတ်သောကများစွာ ရတတ်၏ ။

အထက်လူကြီးများအပေါ်တွင် ပမာမခန့်၊ မလေးမစား ပြုမူဆောင်ရွက်မှုများကြောင့် ဒုက္ခရောက်ရတတ်သည်။ တဇောက်ကန်း တဇွတ်ထိုးစိတ်များကြောင့် ဘေးကြမ္မာဆိုးများနှင့် ရင်ဆိုင်ရတတ်သည်။

* ရင်ဘတ် အလယ်တည့်တည့်၌ မွဲ့ရှိလျှင် *

ငယ်ရွယ်စဉ်ကာလ၌ အမြင့်တစ်နေရာရာမှ လိမ့်ကျ၍



www.burmeseclassic.com

www.burmeseclassic.com


ကျိုးပဲ့တတ်၏ ။ စိတ်ဓာတ်ရေးရာ နိမ့်ပါးတတ်၏ ။ ရိုင်းစိုင်းရက်စက်တတ်၏ ။ ကံတရား၏ မျက်နှာသာပေးမှုကြောင့် ကြီးပွားချမ်းသာတတ်၏ ။

*ခင်ဘတ် ညာဘက်အပေါ်၌ မှဲ့ရှိလျှင် *

ဘာသာရေး ကိုင်းရှိုင်းတတ်၏ ။ စာပေ၊ အနုပညာဆိုင်ရာတို့၌ အရည်အသွေး တောက်ပြောင်တတ်ပြီး နိုင်ငံရေးအမြင် ထက်သန်တတ်၏ ။ ဥပဒေဘောင်အတွင်း မှီတင်းနေထိုင်မှုကြောင့် ကျော်စောထင်ရှားမှုဖြင့်သာ ဘဝကိုနိဂုံးချုပ်တတ်၏ ။

ဘဝ၌ ကြီးပွားချမ်းသာတတ်ပြီး၊ မရှိဆင်းရဲသားတို့၏ မှီခိုအားထားစရာ ပုဂ္ဂိုလ်ဖြစ်တတ်၏ ။ အိမ်ထောင်ရေး အဆင်ပြေပြီး သားကောင်းသမီးကောင်းများ ထွန်းကားတတ်၏ ။

* ဝမ်းဗိုက်(ချက်)အောက်ပိုင်း၌ မှဲ့ရှိလျှင် *

ဘဝတွင် ကံကောင်းသောသူ ဖြစ်တတ်၏ ။ ဩဇာ အာဏာထက်မြက်တတ်၏ ။ ချမ်းသာ ကြွယ်ဝတတ်၏ ။ ပညာရေးထူးချွန်ပြီး စည်းစိမ်ဥစ္စာနှင့် ပြည့်စုံတတ်၏ ။

* ဝမ်းဗိုက်(ချက်)ဝန်းကျင်တွင် မှဲ့ရှိလျှင် *

ဘဝတစ်လျှောက်လုံး မပူမပင်၊ မကြောင့်မကျဘဝဖြင့် နေထိုင်နိုင်လေ၏ ။


* ဝမ်းဗိုက် အလယ်အောက်တည့်တည့်၌ မှဲ့ရှိလျှင် *

မည်၍မည်မျှပင် ရိုးသားဖြောင့်မတ်စွာဖြင့် ကောင်းမွန်အောင် လုပ်ကိုင်ဆောင်ရွက်စေကာမူ မကောင်းကျိုး၊ ဒုက္ခအပေါင်းသာ ဘဝတစ်ခုလုံးကို ဖိစီးနေတတ်၏ ။

www.burmeseclassic.com

www.burmeseclassic.com





**ကျောပြင်နှင့် ခါးတို့တွင်ရှိသော မှဲ့ပုံရိပ်များ**

* ကျောရိုးတစ်လျှောက်၌ မှဲ့ရှိလျှင် *

ချမ်းသာကြွယ်ဝ၍ ဥစ္စာပစ္စည်းပေါများသူ ဖြစ်တတ်၏ ။ ဉာဏ်ပညာထူးချွန်ထက်မြက်ပြီး ဩဇာအာဏာရှိသူ ဖြစ်တတ်သည်။

* ကျောပြင်အထက်ပိုင်း လည်ပင်းအနား၌ မှဲ့ရှိလျှင် *

မိမိနေထိုင်ရာ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်များ၌ လူကြီး နေရာရတတ်၏ ။ ဉာဏ်ပညာထူးချွန်ထက်မြက်ပြီး ချမ်းသာကြွယ်ဝတတ်ပါသည်။

* ခါးတွင် မှဲ့ရှိလျှင် *

ဘဝ၌ ဆင်းရဲဒုက္ခမျိုးစုံနှင့် ကြုံတွေ့ရတတ်၏ ။ အသက်ကြာမြင့်စွာ မနေရတတ်ပေ။

* ခါးတည့်တည့်၌ မှဲ့ရှိလျှင် *

သက်တမ်းရှည်မြင့်စွာ နေထိုင်ရတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



* ခါး၏ ညာဘက်ထောင့်၌ မှဲ့ရှိလျှင် *

ဘဝ၌အောင်မြင်မှုများကို ရယူပိုင်ဆိုင်လျက် ဖြတ်သန်းရပေလိမ့်မည်။

**ပုခုံးရိုး၊ ချိုင်း၊ လက်မောင်း၊ တတောင်ဆစ်၊ လက်ရုံး၊ လက်ကောက်ဝတ်၊ လက်ဖျံတို့မှ မှဲ့ပုံရိပ်**

* ညာဘက်ပုခုံး အပေါ်တည့်တည့်၌မှဲ့ရှိလျှင် *

မည်သည့်အလုပ်ကို လုပ်ကိုင်သည်ဖြစ်စေ၊ အလုပ်အကိုင်ဆိုင်း ထမြောက် အောင်မြင်မှုများရရှိတတ်၏ ။ အလုပ်အပေါ်တွင်သစ္စာရှိတတ်၏ ။ ရဲစွမ်းသတ္တိနှင့် ပြည့်စုံတတ်၏ ။ ငယ်ရွယ်စဉ်ကာလ၌ဒုက္ခရောက်ရတတ်သော်လည်း အရွယ်ရောက်လာပါက ကြွယ်ဝချမ်းသာတတ်၏ ။

* ဘယ်ဘက်ပုခုံး အပေါ်တည့်တည့်၌မှဲ့ရှိလျှင် *

ဖောက်ပြန်လော်လီတတ်သော မိန်းမတစ်ဦးကြောင့်ဒုက္ခရေး၊ ဂုဏ်သိက္ခာသာမက ငွေကြေးဥစ္စာများပါ ဆုံးရှုံးတတ်၏ ။ သူ့ယုံသတ်ခံရခြင်း၊ အနိုးခံရခြင်း၊ အလိမ်ခံရခြင်းတို့ ကြုံတွေ့ရတတ်၏ ။ ဆွေမျိုးသင်္ဂဟများ၏ အရိုးခံအကြံဉာဏ်များကို လိုက်နာကျင့်သုံးသော်လည်း တရားစွဲဆိုခံရခြင်း၊ အစော်ကားခံရခြင်း၊ ထိုးဖုတ် ရိုက်နက်ခံရခြင်းများ တွေ့ကြုံရတတ်၏ ။

* ဘယ်ဘက် ပုခုံးရိုးအောက်၌ မှဲ့ရှိလျှင် *

ငယ်ရွယ်စဉ်ကာလ၌ ဆင်းရဲတတ်၏ ။ သက်လတ်ပိုင်းတွင် မတော်တဆ ထိနိုက်ဒဏ်ရာရမှုကြောင့် ဘဝတွင် လူစဉ်မမီအောင် ဖြစ်တတ်၏ ။ သို့သော်ငြားလည်း စီးပွားရေး ကြိုးပမ်းအားထုတ်မှုကြောင့် ပြေလည်ချမ်းသာတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


* ဘယ်ဘက် ချိုင်းကြားအောက်၌ မွဲ့ရှိလျှင် *

နိုင်ငံရပ်ခြားတိုင်းတစ်ပါးနှင့် ဆက်သွယ်လုပ်ကိုင်ရသော အလုပ်များကြောင့် အထူးပင် တိုးတက်ဖွံ့ဖြိုးတတ်ပါသည်။ လူ့ဘ သို့ ဆင်းရဲဒုက္ခများနှင့် ရောက်လာခဲ့သော်ငြားလည်း ရုတ်တရက် မမျှော်လင့်ပါဘဲနှင့် ချမ်းသာကြွယ်ဝတတ်ပါသည်။

* ညာဘက် ချိုင်းကြားအောက်၌ မွဲ့ရှိလျှင် *

လူလတ်၊ လူရွယ်ပိုင်းတွင် သူငယ်ချင်းတစ်ဦး၏ ပယော ကြောင့် ဒဏ်ရာအနာတရ ကြီးစွာရတတ်ပါသည်။ သက်ကြီးပိုင်း တွင် ဒုက္ခပိုတွေ့ရတတ်၏ ။ လျှို့ဝှက်နက်နဲသော ဂမ္ဘီရပညာရပ်များ ဘက်တွင် ထူးချွန်အောင်မြင်၍ လူတို့၏အတွင်းစိတ် သဘော အတိအကျသိနိုင်သည်။ စိတ်စွမ်းအားရှင် ဖြစ်လာတတ်ပါသည်။

* ညာဘက် လက်မောင်း၌ မွဲ့ရှိလျှင် *

ချမ်းသာ၍ အသက်ရှည်တတ်ပါသည်။ ငယ်ရွယ်စဉ် အ မှာ ဆင်းရဲဒုက္ခရောက်ရတတ်၏ ။ စိတ်တည်ငြိမ်မှုမရှိဘဲ အပြောင်း အလဲမြန်တတ်၏ ။ အလုပ်တစ်ခုကို ဖောက်ချ လုပ်ကိုင်လိုစိတ် ရှိ တတ်၏ ။ မိတ်ဆွေ၊ အပေါင်းအသင်းများနှင့် ခင်မင်မှု ပျက်ပြား တတ်ပြီး မိသားစုအသိုက်အမြုံပါ ပြိုကွဲတတ်၏ ။ အိမ်ထောင်ဆက် သုံးဆက်မျှပြုရတတ်ပါသည်။


* ဘယ်ဘက် လက်မောင်း၌ မွဲ့ရှိလျှင် *

အမျိုးသမီးများနှင့် ပတ်သက်ပြီး အမှုအခင်းဖြစ်ကာ အချုပ် ခံရတတ်၊ ထောင်ကျရတတ်၏။ ကာမဂုဏ်စိတ်များ လွန်ကဲနေတတ် ၏ ။ စားဝတ်နေရေး အဆင်ပြေတတ်၏ ။ ဩဇာ အာဏာကြီးမား တတ်၏ ။ ဆန့်ကျင်ဘက်လိင်တို့၏ ချစ်ခင်စွဲလမ်းမှုကို ခံရတတ် ၏ ။ အိမ်ထောင်ဆက် များပြားတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





* ဘယ်ဘက် တံတောင်ဆစ်၌ မှဲ့ရှိလျှင်*

အသက်ရှည်တတ်၏ ။ ဩဇာအာဏာ ရှိတတ်ပါသည်။

* ညာဘက် တံတောင်ဆစ်အောက်တည့်တည့် မှဲ့ရှိလျှင်*

လောင်းကစားမှုဖြင့် ငွေကြေးအမြောက်အမြား ရရှိတတ်၏ ။ လက်နက်ကိုင်အဖွဲ့အစည်းများသို့ ဝင်ရောက်ပါက ရာထူးစည်းစိမ်များ တိုးတက်တတ်၏ ။

* ဘယ်ဘက် လက်ရုံးအပေါ် ၌ မှဲ့ရှိလျှင် *

တစ်ပါးသူအပေါ် ၌ ရန်လိုစိတ်များ ကြီးမားနေတတ်၏ ။ စိတ်တည်ငြိမ်မှုမရှိဘဲ အမြဲလိုပင် လှုပ်ရှားနေတတ်၏ ။

* ဘယ်ဘက် လက်ရုံးအောက်၌ မှဲ့ရှိလျှင် *

အလုပ်၌ ရာထူးဥစ္စာများ တိုးတက်တတ်၏ ။ ဝီရိယအားကောင်းသည်နှင့်အမျှ ကြီးပွားချမ်းသာတတ်၏ ။

* ညာဘက် လက်ကောက်ဝတ်၌ မှဲ့ရှိလျှင် *

အနုပညာသုခုမကိစ္စများ၌ အထူး စိတ်ပါဝင်စားတတ်၏ ။ အကြံအစည် ကြီးမားတတ်၏ ။ သိမ်သိမ်မွေ့မွေ့ နေထိုင်တတ်၏ ။

www.burmeseclassic.com

www.burmeseclassic.com


* ဘယ်ဘက် လက်ကောက်ဝတ်၌ မှဲ့ရှိလျှင် *

အကြံအစည် ကြီးမားတတ်၏။ အလုပ်အကိုင်ပေါ်၌ စိတ်ဝင်စားမှုရှိကာ ချမ်းသာကြွယ်ဝတတ်၏ ။

* ညာဘက် လက်ဖျံအောက်တွင် မှဲ့ရှိလျှင် *

အစုရှယ်ယာဝင်သော ကိစ္စရပ်များ၌ ပြဿနာဖြစ်တတ်သည်။ လူလတ်ပိုင်းတွင် မတော်တဆမှုကြောင့် မျက်လုံး ထိခိုက်ဒဏ်ရာရတတ်၏။ နိုင်ငံရေးခေါင်းဆောင်တစ်ဦး၏ စောင်မမှုကြောင့် ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စများ အခြေအနေ ကောင်းမွန်တတ်၏ ။

လက်နက်ကိုင် အဖွဲ့အစည်း၌သော်လည်းကောင်း၊ အားကစားဘက်၌သော်လည်းကောင်း အကျိုးပေးတတ်ပါသည်။

## လက်ချောင်းများနှင့် မှဲ့ပုံရိပ်များ

* လက်မ၌ မှဲ့ရှိလျှင် *

အကြီးအကဲ ဖြစ်တတ်ပါသည်။

* လက်ညှိုး၌ မှဲ့ရှိလျှင် *

အထွင့်အထိပ်နေရာသို့ ရောက်ရှိတတ်၏ ။ ထို့အတူ ရန်သူစိတ်များလည်း ရှိနေတတ်၏ ။

* လက်ခလယ်၌ မှဲ့ရှိလျှင် *

ပညာဉာဏ်ကြီးမားသူ ဖြစ်တတ်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com




* လက်သူကြွယ် မှဲ့ရှိလျှင် *

မှဲ့နီဖြစ်ပါက သားသမီးများအတွက် ငွေအစုလိုက်၊ အပြုံလိုက်ထွက်တတ်ပါသည်။ ချမ်းသာကြွယ်ဝသော်ငြားလည်း ငွေကုန်ကြေးကျများနေတတ်ပါသည်။

* လက်သန်း၌ မှဲ့ရှိလျှင် *

စိတ်ဓာတ် သေးသိမ်တတ်ပါသည်။

❖




ဂြိုဟ်ခုံများနှင့် မှဲ့ပုံရိပ်များ

၁) တနင်္ဂနွေဂြိုဟ်ခုံ
၂) တနင်္လာဂြိုဟ်ခုံ
၃) အင်္ဂါဂြိုဟ်ခုံ
၄) ဗုဒ္ဓဟူးဂြိုဟ်ခုံ
၅) ကြာသပတေးဂြိုဟ်ခုံ
၆) သောကြာဂြိုဟ်ခုံ
၇) စနေဂြိုဟ်ခုံ တို့ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


၁) တနင်္ဂနွေဂြိုဟ်ခုံ၌ မွဲ့ရှိလျှင် -

အန္တရာယ်ပေးမည့်သူများ ရှိနေတတ်သည်။ ကိစ္စရပ်တို ၌ အခြင်းပွားတတ်၏ ။ လူမှုဆက်ဆံရေး၌ ပြေပြစ်ကောင်းမွန် ဖြစ်တတ်သည်။

၂) တနင်္လာဂြိုဟ်ခုံ၌ မွဲ့ရှိလျှင် -

ကျန်းမာရေးနှင့် ပတ်သက်၍ အာရုံကြောရောဂါ ဖြစ်တ ၏ ။ စိတ်ချောက်ချားပြီးရူးသွပ်ရုံမက ရေနစ်သေဆုံးရတတ် သည်။

၃) အင်္ဂါဂြိုဟ်ခုံ၌ မွဲ့ရှိလျှင် -

တိုက်ခိုက်မိ၍ ဒဏ်ရာရရှိတတ်၏ ။

၄) ဗုဒ္ဓဟူးဂြိုဟ်ခုံ၌ မွဲ့ရှိလျှင် -

ဘဝ၌ အရှုံးနှင့်ကြုံတွေ့ ရင်ဆိုင်ရတတ်သည်။ ပျက် ဆုံးရှုံးမှုများနှင့် ကြုံတွေ့ရတတ်ပါသည်။

၅) ကြာသပတေးဂြိုဟ်ခုံ၌ မွဲ့ရှိလျှင် -

ဘဝ၌ ပျက်စီးမှုများနှင့် ကြုံတွေ့ရတတ်၏။ ပစ္စည်း များ ပျက်စီးဆုံးရှုံးရတတ်သကဲ့သို့ ဂုဏ်သိက္ခာများလည်း ကျဆ တတ်ပါသည်။

၆) သောကြာဂြိုဟ်ခုံ၌ မွဲ့ရှိလျှင် -

ဆီးနှင့် သုတ်ရောဂါဝေဒနာ ခံစားဖြစ်ပွားတတ်၏ ။ အ ကိစ္စ၌နစ်မြောလျက် ပြင်းထန်စွာခံစားရတတ်ပါသည်။

၇) စနေဂြိုဟ်ခုံ၌ မွဲ့ရှိလျှင် -

ဆိုးဆိုးရွားရွားဖြစ်ရပ်များနှင့် ကြုံတွေ့ရတတ်ပါသည်


www.burmeseclassic.com

www.burmeseclassic.com




## ဆီးစပ်နှင့် တင်ပါးရှိ မှဲ့ပုံရိပ်များ

* ဆီးစပ်တစ်ဝိုက်၌ မှဲ့ရှိလျှင် *

မမျှော်လင့်ဘဲ အမွေပစ္စည်းများ ရရှိလာတတ်၏။ ချမ်းသာကြွယ်ဝပြီး သြဇာအာဏာ ကြီးမားတတ်၏။ ဘဝတွင် ရိုးသား ကြိုးစား၍ ခပ်ကုပ်ကုပ်နေတတ်၏။ ပျောက်ဆုံးပြီထင်ရသော ဥစ္စာ ပစ္စည်းများ ပြန်လည် ရရှိတတ်၏။ တည်ငြိမ်အေးချမ်းစွာဖြင့် အသက်ရှည်ရှည်နေရတတ်ပါသည်။

* ဆီးစပ် ညာဘက်တွင် မှဲ့ရှိလျှင် *

အသက်အရွယ်ရလာသည့်အချိန်တွင် အပျော်အပါး လိုက်စားမှုလွန်ကဲသဖြင့် ဦးနှောက်ပိုင်းဆိုင်ရာ ထိခိုက်ပျက်စီးတတ်၏။ အနုပညာကို စာတွေ့၊ လက်တွေ့ လိုက်စားတတ်၏။ ဉာဏ်အားထက် ကံအားက သာလွန်နေတတ်၏။

အနုပညာကိုမြှင့်တင်ပေးသည့်ပုဂ္ဂိုလ်ကြောင့် ထင်ပေါ်ကျော်ကြားလာတတ်၏။ အတတ်ပညာတစ်ခုခုကို အရင်းတည်၍ အောင်မြင်စွာ ဆောင်ရွက်နိုင်မှုကြောင့် ကြီးပွားချမ်းသာတတ်၏။

* ဆီးစပ်အပေါ်နား၊ ဗိုက်သားပြင်၏ညာဘက် မှဲ့ရှိလျှင် *

ဘဝကို စတင်ပျိုးထောင်နေသည့်အချိန်တွင် အမျိုးသမီး


www.burmeseclassic.com

www.burmeseclassic.com


တစ်ဦးနှင့်ပတ်သက်၍ ဝေဒနာခံစားရကာ မိန်းမမုန်းသူ ဖြစ်သွား
တတ်၏ ။ သိပ္ပံဘာသာရပ်အပေါ်၌ စိတ်ပါဝင်စားစွာဖြင့် လေ့လာ
လိုက်စားတတ်၏။ ဂုဏ်ဒြပ်ကြီးမားစွာဖြင့် ဘဝ စတင်ခဲ့သော်ငြား
လည်း ကုသိုလ်ကံအကျိုးပေးနံ့နဲ့ကာ ငွေကြေး မပြေမလည်ဖြစ်
တတ်၏ ။

* ဆီးစပ်အနီး ဘယ်ဘက်ပေါ်၌ မှဲ့ရှိလျှင် *

စည်းကမ်းကလနားမရှိဘဲ အပျော်ယစ်မှူး၊ လွန်ကြူးမှုများ
ကြောင့် ကိုယ်ရောစိတ်ပါ ဆင်းရဲဒုက္ခ ရောက်တတ်၏ ။ ဘဝ၌ ပေါ့ပေါ့
တန်တန်နေရသည်ကို နှစ်သက်တတ်၏ ။

အိမ်ကိစ္စ၊ မြေကိစ္စ၊ လယ်ယာကိစ္စတို့ဖြင့် အမှုအခင်းဖြစ်
တတ်၏ ။ မည်သူမည်ဝါက မတရားပြုသော်ငြားလည်း နောက်ဆုံး
၌ အမှန်တရားပေါ်လာကာ အနိုင်ရတတ်ပါသည်။

* တင်ပါး ဘယ်ဘက်၌ မှဲ့ရှိလျှင် *

အကျင့်စာရိတ္တ ကောင်းမွန်ကာ ရိုးဖြောင့်သူဖြစ်တတ်၏ ။
သို့ရာတွင် ကုသိုလ်ကံအကျိုးပေးမှုမှာ နည်းပါးတတ်၏ ။

* တင်ပါးနှင့် တစ်တန်းတည်းဖြစ်သော ဗိုက်သားပြင်၏ ဘယ်ဘက်
၌ မှဲ့ရှိလျှင် *

ရပ်ဝေးခရီးထွက်ရာ၌ ဘေးဒုက္ခအန္တရာယ်များနှင့် ကြုံတွေ့
ရတတ်၏ ။ အစာအိမ်ရောဂါဖြစ်တတ်ပြီး ငွေကြေးအတန်အသင့်
ချမ်းသာကြွယ်ဝတတ်၏ ။

## လျှို့ဝှက်အပ်သောနေရာများမှ မှဲ့ပုံရိပ်များ

* လိင်အင်္ဂါပေါ်၌ မှဲ့ရှိလျှင် *



www.burmeseclassic.com

www.burmeseclassic.com


ရာဂစိတ်များ လွန်ကဲတတ်၏ ။ လူပျိုလူလွတ်ဖြစ်ပါက ချစ်သူ၊ ရည်းစားများတတ်၏ ။ အိမ်ထောင်ကျပြီး ဖြစ်ပါကလည်း အိမ်ထောင်ဆက် များပြားတတ်၏ ။ အမျိုးသမီးများ၏ စွဲလမ်းမှုကို ခံရတတ်၏ ။

* ယောနိထိပ် အပေါ်တည့်တည့်၌ မှဲ့ရှိလျှင် *

အိမ်ထောင်ဆက် များတတ်၏ ။ အိမ်ထောင်ကျပြီးသောအခါ လင်ယောကျ်ားများ၏ စွဲလမ်းမြတ်နိုးခြင်းကို ခံရတတ်၏ ။

* ယောနိ ဘယ်ဘက်အခြမ်း၌ မှဲ့ရှိလျှင် *

လျှပ်ပေါ်လော်လီတတ်ပြီး ကာမစိတ် ပြင်းထန်တတ်၏ ။ မာယာပရိယာယ်ကြွယ်ဝပြီး အမျိုးသားများ၏ အလွန်အကဲ စွဲလမ်းမှုများကို ခံရတတ်၏ ။ စိတ်ကို လွှတ်ထားပေးပါက ထိန်းချုပ်မှု ကင်းမဲ့စွာ ပျက်စီးသွားတတ်ပါသည်။

* ယောနိ၏ ညာဘက်အခြမ်း၌ မှဲ့ရှိလျှင် *

မာယာပရိယာယ် ကြွယ်ဝတတ်၏ ။ လင်ယောကျ်ားကို အမျိုးမျိုး၊ အဖုံဖုံဒုက္ခပေးတတ်၏ ။ စိတ်အလိုလိုက်ပါက ဘဝ တစ်ခုလုံး ပျက်စီးသွားတတ်ပါ၏ ။

မင်းသကျ်ားဝင်း

www.burmeseclassic.com

www.burmeseclassic.com



# ဝက်သားဟင်းဖြစ်စေတဲ့ ပဥ္စလက်ဆေးမှုန့်



ရှေးနှစ်ပေါင်းများစွာကတည်းက မြန်မာ့လောကီပညာမှာ ဓာတ်သဘောဆိုတာ ရှိပါတယ်။ ဓာတ်သဘောနဲ့ ဓာတ်ခိုက်၊ ဓာတ် တိုက်နည်းလမ်းများ ရှိပါတယ်။ ရုပ်ဆေး၊ နာမ်ဆေးများကို အတည် စမ်းခြင်း၊ ပြောင်းပြန်စမ်းခြင်းဖြင့် ဓာတ်သဘောများ ရှင်သန်ခြင်း သေကြေပျက်စီးခြင်းများကို အမျိုးမျိုး စမ်းသပ်လို့ရပါတယ်။


အခုနည်းလမ်းကတော့ ဘူးသီးဟင်းချက်လိုက်လို့ရှိရင် ဝက်သားဖြစ်စေတဲ့ ဓာတ်သဘောနည်းလမ်းတစ်ခုပဲ ဖြစ်ပါတယ်။ ရိုးရိုးဓာတ်သဘောနည်းလမ်းဖြစ်တဲ့အတွက် ဘာမန္တန်မှ ရွတ်ဆို စရာ မလိုပါဘူး။

ဒါပေမယ့် စီရင်သူဟာ ကိုယ်ကျင့်တရား အထူးကောင်း မွန်ဖို့နဲ့ ကတိသစ္စာတည်ကြည်သူ၊ သူတစ်ပါးအပေါ်မှာ တစ်ခါမှ မထိခိုက်၊ မနာကျင်စေသူတော့ ဖြစ်ရပါမယ်။ ရှေးအခါက မြန်မာ ဆေးဆရာကြီးများဟာ ဆင်းရဲသူ၊ ဆင်းရဲသားများ၊ အလုပ်လုပ်ချင် လျက်နဲ့ မလုပ်နိုင်တဲ့သူများကို စေတနာထားပြီး အခုဓာတ်သဘော



www.burmeseclassic.com

www.burmeseclassic.com

နည်းလမ်းကို ပြုလုပ်ခဲ့တာပဲ ဖြစ်ပါတယ်။

ဗူးသီးဟင်း ချက်လိုက်တဲ့အခါမှာ ဝက်သားဟင်း ဖြစ်စေတဲ့ အလွန်ထူးခြားတဲ့ ဓာတ်သဘော နည်းလမ်းဖြစ်ပြီး ဖြစ်၊ မဖြစ်ကိုတော့ မိမိဘာသာ စမ်းသပ်ကြည့်နိုင်ပါတယ်။ ဗူးသီးဟင်းတစ်အိုးလုံးဟာ ဝက်သားဟင်းဖြစ်စေပြီး ဗူးသီးအခွံက ဝက်ခေါက်၊ ဗူးသီးအသားက ဝက်အဆီတုံး၊ ဗူးစေ့များက ဝက်အရိုးနုများဖြစ်စေတယ်လို့ ရှေးဟောင်းကျမ်းတစ်ခုမှာ ဖော်ပြထားပါတယ်။

ပြုလုပ်မယ့်သူဟာ မိမိရဲ့ကိုယ်ကျင့်တရား ကောင်းမွန်မှုကို အာမခံနိုင်သူ ဖြစ်ရမယ်။ ပြုလုပ်မယ်ဆိုရင် ဝက်ခေါင်းတစ်လုံး လိုအပ်ပြီး အဲဒီဝက်ခေါင်းထဲကို မြေထည့်ရမယ်။ ပြီးရင် အဲဒီထဲကို ဗူးစေ့များ ထပ်ထည့်ရပါမယ်။

ပြီးတဲ့အခါမှာ အဲဒီဝက်ခေါင်းကို ရွာရဲ့အရှေ့ဖျားမှာ သွားမြှုပ်ထားရမယ်လို့ ဆိုပါတယ်။ အပင်ကြီးလာတဲ့အခါမှာ အဲဒီက ဗူးပင်တစ်ပင်ကို အရွက်အမြစ်ပါမကျန် နုတ်ပြီး အခြောက်ခံကာ အမှုန့်ပြုလုပ်ထားရပါမယ်။

အဲဒီလို အခြောက်ခံထားတဲ့အမှုန့်များကို ဗူးသီးဟင်းချက်တဲ့ အခါထည့်ပေးလိုက်ရင် ဗူးသီးဟင်းကျက်သွားတဲ့အခါ အထက်မှာ ဖော်ပြထားသလို၊ ဗူးသီးဟင်းကနေ ဝက်သားဟင်းဖြစ်နေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဝက်အဆီတုံးလိုအရာတွေ အများဆုံး တွေ့ရလိမ့်မယ်လို့ ရှေးကျမ်းရင်းတစ်စောင်မှာ ဖော်ပြထားတဲ့အချက် သုတ / ရသ ဖြစ်ရပ်ဆန်းကြယ်အဖြစ် ဖော်ပြလိုက်ရပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



# အဆိပ်အတွက် အဆိပ်ကျနည်းလမ်းများ



အဆိပ်ဖြေဆေးဆိုတာ လိုအပ်တဲ့အရာတစ်ခု ဖြစ်ပါတယ်။ ခေတ်မီလာပေမယ့် သက်စောင့်အဖြစ် ရှေးအခါက အသုံးပြုခဲ့ကြတဲ့ အဆိပ်ကျနည်းလမ်းများကို သိမှတ်ထားနိုင်ဖို့အတွက် ဖော်ပြလိုက်ရပါတယ်။

မြွေဆိပ်၊ ကင်းဆိပ်များကို ကျဆင်းစေလိုပါက ဂေါ်ဖီထုပ်အမြစ်ကို ပြာချပြီး စားပေးပါ။ ကင်းမြီးကောက်လို အဆိပ်ရှိတဲ့ သတ္တဝါကိုက်ပါက (ကြက်သွန်နီ)ကို ဓားနှင့်ကွင်းလှီးပြီး အစေး ထွက်လာပါက ထိပ်ဝမှာ ကွမ်းစားထုံးသုတ်ကာ ကိုက်တဲ့နေရာကို ပွတ်၊ အရည်ညှစ်ပြီး သုတ်လိမ်းပေးနိုင်ပါတယ်။

မြွေဆိပ်၊ ကင်းဆိပ်တို့ကို ပျောက်ကင်းစေတဲ့ မြန်မာ့ဆေး နည်း နောက်တစ်မျိုးကတော့ ဆူးပန်းအပွင့်ကိုကြိတ်ပြီး သောက်ရင် ပျောက်စေနိုင်ပါတယ်။ ဒီလိုမှ မဟုတ်ရင် မြွေကင်းကိုက်တဲ့ နေရာကို ကုလားချဉ်ပေါင်ကိုကြိတ်ပြီး အုံပေးနိုင်ပါတယ်။

အဆိပ်သင့်အနာအတွက်တော့ ခံပင်အမြစ်ကို ရေနှင့် သွေးပြီး သောက်နိုင်ပါတယ်။ အဆိပ်အတောက်ဖြစ်စေတဲ့ အစာ



www.burmeseclassic.com

www.burmeseclassic.com





ခုခုစားမိပါက မြင်းခွာရွက်၊ ချင်းတို့ကို အမှုန့်ထောင်း ရေနွေးနှင့်သောက်ပေးပါက အဆိပ်ပြေစေနိုင်ပါတယ်။

ခွေးရူးအဆိပ်ပြေနည်းကတော့ ခွေးရူးကိုက် ဒဏ်ပေါ်ကို ထန်းလျက်၊ နမ်းဆီနဲ့ ဖြူကြီးအစေးတို့ကို ရောပြီး မကြာခဏ လိမ်းပေးပါက ခွေးဆိပ်ပြေစေနိုင်ပါတယ်။ နောက်တစ်နည်းကတော့ ဆူးပြုရွက် သတ္တုရည်ကို နွားနို့၊ ထောပတ်နဲ့ ကတိုးအနည်းငယ်တို့ကို သောက်ပေးပါကလည်း ခွေးဆိပ်ကျစေနိုင်ပါတယ်။

အဆိပ်သင့်ရောဂါအတွက်ဆိုရင် ကုက္ကိုအတွင်းခေါက်၊ အမြစ်ခေါက်၊ အစေ့အပွင့်တို့ကို နွားကျင်ငယ်ရည်နဲ့ တစ်နေ့သုံးခါတိုက်ပေးပါ။ ပိတုန်း၊ ပျား၊ ငါးကြီးများ ကိုက်ပါက ကျောက်ချဉ်ကိုသွေးပြီး လိမ်းပေးပါက ပျောက်ကင်းပါတယ်။

ပင့်ကူနက်ကိုက်ခြင်းခံရပါက ဆန်လှော်ကို စားပေးပါက အဆိပ်ကျစေပါတယ်။ ကင်းမြီးကောက်အဆိပ်တက်ပါက နနွင်းကို မီးမှာထည့်ပြီး အခိုးကို ရှုပေးရပါတယ်။

ယခုနည်းလမ်းများဟာ မြန်မာ့ဆေးဆရာကြီးများရဲ့ ဆေးကျမ်းရင်းအစောင်စောင်က ထုတ်နှုတ်ဖော်ပြထားတဲ့ အကောင်းဆုံးအဆိပ်ကျနည်းလမ်းများဖြစ်ပြီး ဆေးရုံဆေးခန်းနဲ့ဝေးတဲ့ နေရာမျိုးတွေရောက်တဲ့အခါ သက်စောင့်အဖြစ် အသုံးပြုနိုင်ဖို့ ဖော်ပြပေးခြင်းသာ ဖြစ်ပါကြောင်း။



www.burmeseclassic.com

www.burmeseclassic.com

# တုတ်ပြီး ဓားပြီး

မောင်မြင့်မား (ဗိုလ်တာလေး)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





"

လူကြီး၊ သူမများ
ပြောစကားအရ
တင့်တယ်သည် တုတ်ပြီး၊
ဓားပြီးဆေးများ
ထိုးထားကြောင်း သိရသည်။
အဲဒီကစ၍ တင့်တယ်ကို
ကျွန်တော်တို့အုပ်စု
အကြောက်ကြီး ကြောက်သွားကြသည်။

ကျွန်တော်၏ဖခင်သည် အသက်(၈၀)နီးပါး ရှိပြီဖြစ်သည်။ ထိုမျှ အသက်ကြီးပြီဖြစ်သော်လည်း ကျန်းမာရေး ကောင်းမွန်ဆဲ၊ သွား မကျိုးသေး။ မျက်စိ မမှုန်သေး။ ဖျတ်ဖျတ်လတ်လတ် သွားလာနေဆဲ။ မနေ့တစ်နေ့ကအချိန်ထိ ကျိုက်ထီးရိုးဘုရားကို သွားရောက် ဖူးမြော်ဆဲ။ ကျိုက်ထီးရိုးဘုရားကို ဆယ့်နှစ်ခေါက်တိတိ ရောက်ခဲ့ဖူးသည်။

ကျွန်တော်၏ဖခင်သည် ငယ်ငယ်က အင်မတန် စပ်စပ်စု ဝါသနာပါသည်။ ထူးထူးဆန်းဆန်းများကို လေ့လာတတ်သည်။ စူးစမ်းတတ်သည်။ လက်တွေ့မဟုတ်ဘဲ သူများအပြောနှင့် ယုံတတ် သူ မဟုတ်။

လွန်ခဲ့သောနှစ်ပေါင်း (၆၀)ခန့်က စာရေးသူ၏ဖခင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော တကယ့်အဖြစ်အပျက်ကို ဖခင်ပြောပြ သည့်အတိုင်း စိတ်ဝင်စားအောင် ပြန်လည်ရေးသားတင်ပြအပ်

www.burmeseclassic.com

www.burmeseclassic.com



သည်။

❖

ကျွန်တော်သည် ငယ်စဉ် သိတတ်သည့်အရွယ်မှစ၍ ယနေ့အထိ မသိတာ၊ နားမလည်တာ၊ မမြင်ဖူးတာ၊ မကြုံဖူးတာများကို သိချင်၊ မြင်ချင်၊ ကြားချင်သောကြောင့် အမြဲ စူးစမ်းလေ့လာပါသည်။ သူများအပြောနှင့်လည်း ယုံတတ်သူ မဟုတ်ပါ။

ကျွန်တော်သည် ရွာဦးကျောင်းဆရာတော်၏ ဘုန်းကြီးကျောင်းသားဘဝနှင့် ဆရာတော်အား အလုပ်အကျွေးပြုရင်း ဆရာတော်ထံမှ ပရိယတ္တိ၊ ပဋိပတ္တိများကို လေ့လာလိုက်စားရင်း အသက် (၂၀)နီးပါး ရောက်လာသည်အထိ ဘုန်းကြီးကျောင်းသားပဲ ဖြစ်သေးသည်။

ဆရာတော်က ကိုရင်ကြီးဘဝမှ ရဟန်းခံပေးရန် အစီအစဉ် ရှိသော်လည်း ကျွန်တော်ကိုယ်တိုင်က လူ့လောကီသံယောဇဉ်မှ မပြတ်နိုင်သေးသောကြောင့် ဘုန်းကြီးကျောင်းသားဘဝမှာပင် ပျော်မွေ့နေပါသည်။

ဘာဖြစ်လို့လဲဆိုတော့ ရွာထဲမှ သူငယ်ချင်းများဖြစ်သော ထွန်းမောင်၊ မဲကြီး၊ သံချောင်းတို့နှင့် အလွန်ချစ်ခင်၍ သူတို့နှင့် မခွဲနိုင်သောကြောင့် ဖြစ်သည်။ သူတို့သုံးယောက်သည် ကျွန်တော်၏ အချစ်ဆုံးသူငယ်ချင်းများ ဖြစ်သည်။

ကျွန်တော်သည် ဆရာတော်၏ ဝတ်ကြီး၊ ဝတ်ငယ်ကိစ္စ၊ ကျောင်းကိစ္စမှလွဲ၍ ကျန်သောအချိန်များတွင် သူငယ်ချင်း သုံးယောက်နှင့် အမြဲတတွဲတွဲပင်ရှိသည်။

အခြားရွာများက သူငယ်ချင်းများရှိသော်လည်း သူတို့နှင့် တွဲ၊ သူတို့နှင့် မခင်ပါ။ သူငယ်ချင်းသုံးယောက်သား ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင်။ ဘယ်သွားသွား၊ ဘယ်လာလာ အတူတူဖြစ်သည်။

ကျွန်တော်တို့ သူငယ်ချင်းလေးဦး (ကျွန်တော်အပါအဝင်) သည် တတွဲတွဲနေကြသော်လည်း အခြားသူငယ်ချင်းများနှင့် ရန်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com


ခြင်းကို လေးယောက်စလုံး ဝါသနာ မပါကြ။ ရှောင်လည်း ရှောင်သည်။ ကြောက်လည်း ကြောက်သည်။

ဆရာတော်ကိုယ်တိုင်ကလည်း ကျောင်းသားအချင်းချင်း ရွာသားအချင်းချင်း ရန်ဖြစ်သည်ကို မကြိုက်။ ရန်ဖြစ်လျှင် မည်သူ လွန်လွန် နှစ်ဘက်စလုံးကျောင်းပေါ်ခေါ်ကာ ကြိမ်နှင့် ဆော်တ သည်။ ထို့ကြောင့် ကျွန်တော်တို့လေးယောက်စလုံး ရန်ဖြစ်ခြင်း ဝါသနာ မပါ။ ဆရာတော်၏ ကြိမ်ဒဏ်ကိုလည်း ကြောက်ကြသော ကြောင့်ဖြစ်သည်။

ရန်ဖြစ်ခြင်းကို ကြောက်ကြသော ကျွန်တော်တို့လေးယော သည် တစ်ကြိမ်တွင် သံချောင်းနှင့်ပတ်သက်၍ ရန်ပွဲကြီး ရင်ဆိုင် လိုက်ရသည်။ တတွဲတွဲနေကြသောကြောင့် တစ်ယောက်ဖြစ်လျှင် အားလုံးနှင့်ဆိုင်နေသောကြောင့် အားလုံးပါလိုက်ရခြင်း ဖြစ်သည်။

သံချောင်းသည် ကျွန်တော်တို့အားလုံးထဲတွင် အပိန်ဆုံး အသေးဆုံး ဖြစ်သည်။ သံချောင်းမှာ နာမည်နှင့်လိုက်အောင် မာ တင်းတင်း မဟုတ်။ ပျော့စိ၊ ပျော့ညံ့ သံချောင်းဖြစ်သည်။

ငင်း ပျော့စိ၊ ပျော့ညံ့ သံချောင်းသည် ရွာထဲမှ ခနီရုံပိုင်ရှင် ဦးကျော်အေး၏ သမီးသုံးယောက်အနက် အငယ်ဆုံးသမီး ပူစူးမနှင့် လူငယ်တို့သဘာဝ မေတ္တာမျှနေသည်မှာ (၂)နှစ်လောက်ရှိပြီဖြစ်သည်။

နှစ်ဘက်မိဘများကလည်း ရိပ်မိသည်။ ငယ်သေးသည် ထင် ၍ နေရာချထား မပေးသေးခြင်းဖြစ်သည်။ ရှေ့နှစ်ဆိုလျှင်တော့ နေရာ ချထားပေးရန် သံချောင်းမိဘများက စိတ်ကူးထားပြီးဖြစ်သည်။

သို့သော် ရွာထဲမှစာရင်းငှား ဦးကျော်အုန်း၏သား တင့်တယ် (ဗလကောင်းသောကြောင့် ရွာအခေါ်နာမည် ဖြစ်သည်) သည် ပူစူးမကို ချိတ်တိတ်တိတ်၊ ရိတိတိလုပ်နေသည်မှာ မကြာခဏဖြစ် သည်။ ပူစူးမကလည်း သံချောင်းသိလျှင် အကျယ်၊ အကျယ်ဖြစ်မှာ စိုးသောကြောင့် သံချောင်းကို မပြော။ တင့်တယ်နှင့် ရွာထဲ ရင် မဆိုင်မိအောင် ရှောင်သည်။ သံချောင်းက နည်းနည်းရိပ်မိသည်။

တစ်နေ့တွင် ရွာထဲမှအသုဘတစ်ခုပို့အပြီး အပြန်မှာ

www.burmeseclassic.com

www.burmeseclassic.com




ဖြစ်သနာပေါ်သည်။ သချိုင်းနှင့် ရွာအကြားတွင် ဝါးတောကြီး ရှိသည်။ အသုဘကို ဝါးတောထဲမှ ဖြတ်၍ သယ်ကြရသည်။ အသုဘကိစ္စပြီး၍အပြန်တွင် ကိုယ့်အုပ်စုနှင့်ကိုယ် ဝါးတောထဲက ဖြတ်၍ ပြန်ကြသည်။

အခွင့်ကောင်းသူရန် ချောင်းနေသော တင့်တယ်က ပူစူးမအပြန်ကို တစ်နေရာက ချောင်းနေသည်။ ပူစူးမအနားရောက်လာသည်နှင့် တင့်တယ်က ချောင်းနေရာမှ ထွက်လာကာ ထုံးစံအတိုင်း ချစ်ရေးဆိုတော့သည်။

ပူစူးမ၏ချစ်သူ သံချောင်းက ပူစူးမ ဘယ်သွားသွား နောက်မှ အရိပ်လို လိုက်နေကြဖြစ်သည်။ ထို့ကြောင့် ပူစူးမ၏ မလှမ်းမကမ်းတွင် သံချောင်းက အမြဲရှိနေသလို၊ သံချောင်းနှင့်တွဲနေသော ကျွန်တော်တို့ သုံးယောက်ကလည်း သံချောင်းအနားမှာ အမြဲ ရှိနေကြသည်။

ပူစူးမကို ချစ်ရေးဆိုသောအနားသို့ ကျွန်တော်တို့ ရောက်သွားသောအခါ တင့်တယ်က အံ့ဩသွားသည်။ သို့သော် ဗလအားကိုးနှင့် တင့်တယ်က ကျွန်တော်တို့အားလုံးကို ဂရုမစိုက်။ သူလုပ်ချင်ရာလုပ်၍ နောက်ဆုတ်မည် မဟုတ်သောပုံမျိုး ဖြစ်သည်။

ကျွန်တော်တို့အားလုံးက တင့်တယ်ကို နောက်ဆုတ်ရန် တောင်းပန်ကြသည်။ သံချောင်း၏ချစ်သူ ဖြစ်သောကြောင့် တစ်ရွာသားချင်း ထိုကဲ့သို့ မလုပ်သင့်ကြောင်း ဖျောင်းဖျသည်။ မရ။ ကျွန်တော်တို့လေးယောက်အား တင့်တယ်က လုံးဝဂရုမစိုက်ဘဲ လက်ရုံးချင်းယှဉ်ချင်သော ပုံမျိုးဖြစ်သည်။

www.burmeseclassic.com


ဗလသေးသော သံချောင်းကို လျစ်လျူရှုကာ ကျွန်တော်တို့ သုံးယောက်ကို ဝင်ထိုးသည်။ သူက တစ်ယောက်တည်းဆိုသော်လည်း ကြံ့ခိုင်သည့် တင့်တယ်က ဝင်ထိုးသည်။ တစ်ခါမျှ ရန်မဖြစ်ဘူးသော ကျွန်တော်တို့ အထိနာကြသည်။ တင့်တယ်က ဒီလိုပွဲမျိုး ကြုံဖူး ပေါင်းများပြီ ထင်ပါသည်။ ကျွန်တော်တို့ သုံးယောက်လုံး အထိနာ ကြသည်။

ကျွန်တော်တို့က ထူပူနေသောကြောင့် တင့်တယ်အား ကြုံသလို စွပ်ထိုးနေကြသည်။ တင့်တယ်က အရှောင်အတိမ်းရော အဝင်အထွက်ရော ကောင်းသည်။ ကျွန်တော်တို့ သုံးယောက်စလုံး သူ့လက်သီးစာမိသော်လည်း သူ့မှာ ကျွန်တော်တို့ လက်သီးစာ တစ်ချက်မျှ မထိ။

ထွန်းမောင်နှင့် မဲကြီးကို သူ မဲ၍ထိုးနေတုန်း ကျွန်တော်က ဝါးတောထဲက လက်လှမ်းမှီရာ ဝါးဆစ်ပိုင်းတစ်ခုကို ကောက်ကိုင် လိုက်ကာ တင့်တယ်၏ခေါင်းကို အားရပါးရရိုက်ချလိုက်သည်။

"ထုံ . ." ခနဲ မြည်သွားသည်။ အားရပါးရ ရိုက်လိုက်ရ သောကြောင့် ကွဲပြီဟု ထင်လိုက်သည်။ တင့်တယ်က တုံ့ခနဲဖြစ် သွားသည်။ သို့သော် နောက်ကို လှည့်မကြည့်၊ ထွန်းမောင်နှင့် မဲကြီးကိုသာ ဆက်ထိုးနေသည်။ ထွန်းမောင်နှင့်မဲကြီးလည်း တင့်တယ်၏လက်သီးဒဏ်ကို မခံနိုင်သောကြောင့် ထွက်ပြေးကြ တော့သည်။

ကျွန်တော်သာလျှင် ဝါးဆစ်ပိုင်းကိုကိုင်ကာ ကြောင်နေမိ သည်။ ကြောက်တတ်၍ ဗလသေးသောသံချောင်းက ဝါးရုံပင် အောက်တွင် ကုတ်နေသည်။ ကြောက်ဒူးတောင် တုန်နေပြီလား မသိ။ ပူစူးမလည်း ဘယ်ပျောက်သွားသည် မသိ။ တင့်တယ်က ကျွန်တော့်ဘက်လှည့်ကာ -

"ဘာလဲကွ . . မင်းတို့ထဲမှာ မင်းက သတ္တိအကောင်းဆုံး လား။ လာလေကွာ၊ မင်း လက်ထဲက တုတ်ကြီးကိုင်ပြီး ဘာလုပ်နေ တာလဲ"



www.burmeseclassic.com

www.burmeseclassic.com





"မင်း . . ဘာမှ မဖြစ်ဘူးနော်"

"ဟား . . ဟား . . ဟား မင်းတုတ်လောက်တော့ ရယ်တာ ပေါ့ကွာ"

ကျွန်တော်၏တုတ်ချက် ကြောင့် တင့်တယ် လဲလျှင်လဲ၊ မလဲလျှင် ကျွန်တော်သည် သူ့ရဲ့ လက်သီးဒဏ်ကို ခံရတော့မည် ဆိုတာ လျှပ်တစ်ပြက် တွေးမိ ပြီး ဖြစ်သည်။

ထို့ကြောင့် သူနှင့် ရင်ဆိုင် စကားပြောချိန် အတွင်း ကျွန်တော်က လက် မြန်မှဖြစ်မည်ဟု သဘောပေါက်သောကြောင့် လက်ထဲတွင် ကိုင် ထားသော ဝါးဆစ်ပိုင်းနှင့်ခေါင်းကို လျှပ်တစ်ပြက် ရိုက်ချလိုက်သည်။

"ခွပ် . ."ခနဲ မမြည်။ "ထုံ . ."ခနဲ မြည်သွားသည်။ သူ ဘာမှမလုပ်မီ နောက်ထပ်ဆက်တိုက် နှစ်ချက်ထပ်ရိုက်လိုက် သည်။ "ထုံ. ."ခနဲ၊ "ထုံ . ."ခနဲသာ မြည်သွားသည်။ တင့်တယ် ဘာမှမဖြစ်။ ခေါင်းလည်း မကွဲ။ ယိုင်လည်း မယိုင်။

ကျွန်တော်သည် ကြောက်စိတ်ဝင်လာကာ သံချောင်းကို ဆွဲပြီး ထွက်ပြေး လာခဲ့ပါတော့သည်။ နောက်ကိုပင် လှည့်မကြည့် နိုင်တော့။ သံချောင်းတို့ အိမ်ရောက်တော့ နှစ်ယောက်လုံးမောနေ ကြသည်။ တော်သေးသည်။ တင့်တယ်က အိမ်ကို လိုက်မလာပေ လို့သာ။

ထိုနေ့မှစ၍ ကျွန်တော်တို့အားလုံး တင့်တယ်ကို မတွေ့ အောင် ရှောင်ကြသည်။ နောက်တော့ လူကြီး၊ သူမ များပြောစကား အရ တင့်တယ်သည် တုတ်ပြီး၊ ဓားပြီးဆေးများ ထိုးထားကြောင်း သိရ သည်။ အဲဒီကစ၍ တင့်တယ်ကို ကျွန်တော်တို့အုပ်စု အကြောက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကြောက်သွားကြသည်။ လက်တွေ့ကြုံခဲ့ရသော ကျွန်တော်က တင့်တယ်အကြောင်းကို ပိုသိသွားသည်။

သို့သော် ကျွန်တော်သည် လက်တွေ့လုပ်လိုက်ရမှ ယုံသူ ပီပီ စိတ်ထဲက မကျေနပ်ချက်တစ်ခုကို စမ်းသပ်ချင်သေးသည်ဟု တေးထားသည်။ ထွန်းမောင်၊ မဲကြီးနှင့် သံချောင်းတို့ကို တိုင်ပင် ကြည့်သည်။ သူတို့က သူတို့ကိုယ်တိုင်တော့ မလုပ်ချင်။ ကျွန်တော် ၏ စမ်းသပ်ချက်ကို အဖော်အဖြစ် လိုက်စေချင်လျှင်တော့ လိုက်ပေး မည်ဟု အာမခံသည်။

(ကျွန်တော်၏စမ်းသပ်ချက်သည် အဆင်မပြေလျှင် လူသတ် မှုပင် ဖြစ်သွားနိုင်သည်။ သို့သော်လည်း ထိုအချိန်က တောရွာများ တွင် ရောင်စုံသူပုန်များ သောင်းကျန်းနေသောကာလဖြစ်၍ တော်ရုံ၊ တန်ရုံလူသတ်မှုသည် ငွေရှိလျှင်သော် လည်းကောင်း။

အရှိန်အဝါရှိလျှင်သော် လည်းကောင်း၊ အလိုက်ကောင်းလျှင် သော်လည်းကောင်း ပျက်ပြယ်သွားနိုင်သောကာလဖြစ်၍ ကျွန် တော် စမ်းသပ်ခြင်းဖြစ်သည်။ နောက်တစ်ချက် ကျွန်တော်၏ စိတ်ထဲတွင် အနိုင်ကျင့်ခံရခြင်းကို လက်စားပြန်ချေခြင်းဖြင့် ပြန် အနိုင်ယူရမည်ဟု ထိုအချိန်က လူငယ်သဘာဝ မိုက်မဲစွာ ဆုံးဖြတ်၍ လုပ်ခဲ့ခြင်းဖြစ်သည်။) ဤကား စကားချပ်။

❖

မှောင်မိုက်သောညတော့ မဟုတ်။ လဆန်းရက်ဖြစ်၍ လရောင်အချို့ ပြောက်တိ၊ ပြောက်ကျား ကျဆင်းနေသည်။ ရွာဖျားက ဝါးရုံအစပ်တွင် ကျွန်တော်တို့လေးယောက် တင့်တယ်ကို စောင့်နေ ကြသည်။


တင့်တယ်သည် (၉)နာရီမှ (၁၀)နာရီကြား တစ်ဘက်ရွာမှ အရက်သောက်ပြီး ပြန်လာနေကျကို သတင်းရထားပြီးဖြစ်သည်။ သူနှင့်အတူ သူ့တပည့် (သို့) သောက်ဖော်၊ သောက်ဖက် မှတ် ဆို သော အဖော်တစ်ယောက်လည်း ပါနေကျဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





လမ်း၏ဝဲယာနှစ်ဘက်ကို ဝါးရုံပင်များက လရိပ်မထိုးအောင် အုံ့ဆိုင်းနေသော်လည်း ပြောက်တိ၊ ပြောက်ကျား လရိပ်များက မြေပြင်ပေါ်သို့ တိုးဝှေ့ကာ ထင်ဟပ်နေသည်။ ကျွန်တော်တို့အုပ်စုက (၈)နာရီလောက်ကတည်းက ဝါးရုံအောက်တွင် ကြိုရောက်နေကြသည်။

လုပ်မည်ဟု ဆုံးဖြတ်ထားချက်ကို ဆင်းရဲဒုက္ခခံကာ စောင့်နေကြခြင်း ဖြစ်သည်။ ခြင်ရိုင်းများ၏ မညှာမတာ သွေးစုပ်မှုဒဏ်ကို အောင့်အည်းသည်းခံကာ အသံမြည်မှာစိုး၍ လက်နှင့်မရိုက်ဘဲ သပ်ချနေရသည်။ ပုရစ်သံများက ပတ်ဝန်းကျင်တွင် တစီစီမြည်နေသည်။


(၁၀)နာရီသာသာလောက်တွင် အရှေ့မှအနောက်သို့ ဒယီးဒယိုင်ဖြင့် လျှောက်လာနေသော လူရိပ်သဏ္ဌာန်နှစ်ခုကို တွေ့လိုက်ရသည်။ တင့်တယ်နှင့် သူ့တပည့်ငမုတ်တို့ နှစ်ယောက် ဖြစ်သည်။ သူတို့နှစ်ယောက်ကို မြင်လိုက်သည်နှင့် ကျွန်တော်၏ ရင်ထဲတွင် တဒိန်းဒိန်းခုန်နေသည်။ တစ်ကြိမ်၊ တစ်ခါမျှ မလုပ်ဖူးသော ကိစ္စမို့ တစ်ကိုယ်လုံး ဇောချွေးများပြန်နေသည်။

စားပြီး၊ တုတ်ပြီးသောပုဂ္ဂိုလ်ကို သည်တစ်ခါတော့ စားပြီး၊ မပြီး စမ်းရတော့မည်။ တုတ်ပြီးတာကတော့ ကိုယ်တွေ့။ ကိုယ်ခံပညာကို အားကိုး၍ နိုင်ထက်စီးနင်းလုပ်သော ပုဂ္ဂိုလ်မျိုးကို ကျွန်တော့် စိတ်ထဲတွင် လုံးဝ သဘောမတွေ့။

မနိုင်၍ သည်းခံရပေမယ့် တစ်နေ့နေ့၊ တစ်ချိန်ချိန်မှာ ပြန်ပြီး ကလဲ့စားချေဖို့ကို ကျွန်တော် အမြဲစဉ်းစားနေခြင်း ဖြစ်သည်။ သူငယ်ချင်းသံချောင်းအတွက် ကလဲ့စားချေခြင်း ဖြစ်သည်။ ထက်အောင် သွေးထားသော ဝါးခုတ်ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ထား

www.burmeseclassic.com

www.burmeseclassic.com

မိသည်။

နှစ်ယောက်သား ကျွန်တော်တို့ ပုန်းအောင်းနေသော ဝါးရုံနားသို့ ရောက်သည်နှင့် ကျွန်တော်သည် ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ မှောင်ရိပ်ထဲမှ ခြေသံမကြားအောင် ထလိုက်ကာ သူတို့နှစ်ယောက်အနားသို့ ကပ်လိုက်သည်။ တစ်ယောက်မျှ လှည့်မကြည့်။ လျှပ်တစ်ပြက်အတွင်း ကျွန်တော်သည် ဝါးခုတ်ဓားကို စုံကိုင်ကာ တင့်တယ်၏ ဦးခေါင်းတည့်တည့်ကို ခုတ်ချလိုက်သည်။

"ထုံ . ." ခနဲမြည်ကာ ဓားကိုင်ထားသော ကျွန်တော်၏လက်က ခါထွက်သွားသည်။ ခေါင်းခွံကို ဓားနှင့်ခုတ်လျှင် "ခွပ် . ." ခနဲ မြည်ရမည်ကိုသာ ကြားဖူးသည်။ "ထုံ . ." ခနဲ မြည်သံကို သည်တစ်ခါပဲ ကြားဖူးသည်။ ဒယီးဒယိုင်ဖြင့် သွားနေသော တင့်တယ်သည် ရှေ့သို့ နည်းနည်းငိုက်သွားကာ လှည့်ကြည့်လိုက်သည်။ ပြီးမှ အရက်မူးသံဖြင့် -

"ငါ့ကို ဓားနဲ့ခုတ်တယ်ကွ"

ဗလုံးဗထွေးသံဖြင့် သူအော်လိုက်ကာ နောက်တစ်ချက် ခုတ်ရန်ပြင်နေသော ကျွန်တော့်ကို မြင်သွားသည်။ သူ ကျွန်တော့်ကို မမှတ်မိ။

"ဘယ်သူလဲကွ . . ခုတ်တာ"

သူနှင့်အတူပါလာသော ငမှတ်က အခြေအနေကို ရုတ်ချည်း သဘောပေါက်ကာ အနောက်ဘက်သို့ ထွက်ပြေးသွားသည်။ ကျွန်တော်၏အသားများ တဆတ်ဆတ်တုန်နေသည်။ တင့်တယ် ဓားပြီးတာ ကျွန်တော့်မျက်စိနှင့် သေသေချာချာ မြင်ရပြီ။



www.burmeseclassic.com

www.burmeseclassic.com





သို့သော်လည်း မြင်ကွင်းတွေ ဘွယ်ပျောက်ကာ မျက်စိထဲတွင် ကြယ်တွေ၊ လတွေ လင်းလက်သွားသည်။

တင့်တယ်၏ လက်သီးချက်ဖြစ်သည်။

ကျွန်တော်၏ ဓားချက်ကြောင့် သူဘာမှမဖြစ်။ သူ့လက်သီးချက်ကြောင့် ကျွန်တော် ဒယီးဒယိုင် လည်ထွက်သွားသည်။ ကျွန်တော်၏အသိတွင် ငါသည် တင့်တယ်လို တုတ်ပြီး၊ ဓားပြီးသော ပုဂ္ဂိုလ်ကို ဤနည်းဖြင့် စမ်း၍မရ။ နောက်ဆုံးလက်နက်ကိုတော့ ထုတ်သုံးရတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

ကျွန်တော်ခံနေရကြောင်းသိသည်နှင့် အလွန်သတ္တိကောင်းကြသော ကျွန်တော်၏ ရဲဘော်၊ ရဲဘက် ထွန်းမောင်၊ မဲကြီးနှင့် သံချောင်းတို့ သုံးယောက်သည် ပုန်းနေရာမှ ထွက်လာကြကာ ကျွန်တော်မှာထားသည့်အတိုင်း သုံးယောက်သား တင့်တယ်ကို ဝိုင်းဖက်၍ ချုပ်ထားလိုက်ကြသည်။ လွယ်လွယ်ကူကူတော့ မဟုတ်။

ကျွန်တော်၏ရဲဘော်သုံးယောက်က တင့်တယ်ကို ဝိုင်းချုပ်ထားသည်ကို မြင်လိုက်ရသည်နှင့် ကျွန်တော်၏ သက်ကယ် လက်နက်ကို ခါးပုံစထဲမှထုတ်လိုက်သည်။ သေသေချာချာ ကိုင်ရသည်။ အဆင်မသင့်လျှင် ကိုယ့်လက်ကို ပြန်ဖေါ်နိုင်သည်။

ကျွန်တော်သည် သူတို့သုံးယောက်အပေါ်ပိုင်းက ချုပ်ထားသည်နှင့် အောက်ပိုင်းမှ ခြေသလုံးကိုသိမ်းဖက်ကာ တုတ်ပြီး၊ ဓားပြီးပုဂ္ဂိုလ်အား ကျွန်တော်၏လက်နက်နှင့် ခြေသလုံးသားများကို ငါးခူကို ဓားနှင့်မွှန်းသလိုမျိုး တဗျစ်ဗျစ်မြည်အောင် မွှန်းလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com





ကျွန်တော်တို့အား ဗလအားကိုး၊ တုတ်ပြီး၊ ဓားပြီး ပညာ အားကိုးနှင့် ဗိုလ်ကျခဲ့သော တင့်တယ်အား အပြုံးနှင့် ပညာပေးနေသည်မှာ မည်မျှကြာသွားသည် မသိ။ တင့်တယ်လည်း ပျော့ခွေကျသွားပြီး ကျွန်တော်၏လက်ထဲတွင် သွေးများ အိုင်ထွန်းနေသည်။ တင့်တယ်အသံပင် မထွက်တော့။

ကျွန်တော်၏ အသက်ကယ်လက်နက်ကြောင့် တင့်တယ် မသေနိုင်ဆိုတာကိုတော့ သိသည်။ ဘယ်လောက် ခံလိုက်ရသည်ကိုတော့ မှန်းဆ၍မရ။ ပုံလျက်လဲကျသွားသော တင့်တယ်ကို ထားခဲ့ကာ ကျွန်တော်တို့လေးယောက် ထိုနေရာမှ ထွက်ပြေးလာခဲ့သည်။

သိပ်မကြာလိုက်။ တင့်တယ်၏သတင်းကို ကြားရပါသည်။ တင့်တယ်အား မြို့ကဆေးရုံကိုပို့၍ (၁)လခန့် ဆေးကုလိုက်ရသည်ဟု သိရသည်။ ဆေးရုံက ပြန်ဆင်းလာသောအခါ လမ်းပင် ကောင်းကောင်း မလျှောက်နိုင်ဟု သတင်းရသည်။

တင့်တယ်လည်း ကျွန်တော်၏သူငယ်ချင်း သံချောင်းအားလုံး၀ မော်မကြည့်ရဲတော့သည့်အပြင် ကျွန်တော်အပါအ၀င် ကျွန်တော်၏သူငယ်ချင်းများ အားလုံးကိုလည်း လုံး၀ မလုန်ရဲတော့ပေ။ တစ်သက်လုံး မှတ်သားသွားလောက်အောင် ပညာပေးလိုက်ပြီးဖြစ်သည်။

တင့်တယ်၏မိဘများကလည်း သူတို့သားအကြောင်းကို သိပြီးဖြစ်၍ ထွေထွေထူးထူး ကျွန်တော်တို့အပေါ်တွင် အရေးမယူပါ။ တင့်တယ်၏မိုက်ပြစ်ကြောင့် "သူ့ဟာ သူခံရတာပဲ"ဟု သဘောထားလိုက်ကြဟန် တူပါသည်။

ထိုနေ့မှစ၍ သံချောင်းနှင့် ပူစူးမတို့၏ ချစ်ခရီးသည် ဖြောင့်ဖြူး သာယာသွားသကဲ့သို့ တုတ်ပြီး၊ ဓားပြီးပုဂ္ဂိုလ်၏ ရန်လည်း အေး



www.burmeseclassic.com

www.burmeseclassic.com



သွားပြီဖြစ်သည်။

(ကျွန်တော်၏ ဇာတ်လမ်းသည် ဤတွင်ဆုံးပြီ ဖြစ်သည်။ သို့သော် ပြောစရာတစ်ခုတော့ ကျန်သေးသည်။ တုတ်ပြီး၊ ဓားပြီး ပုဂ္ဂိုလ်အား ဆုံးမလိုက်သော နောက်ဆုံးပေါ်လက်နက်အကြောင်း ပင်ဖြစ်သည်။



ထွေထွေထူးထူး မဟုတ်ပါ။ ကျွန်တော်၏ ရှေ့မှီ၊ နောက်မှီ အသိကြွယ်လှသော ဘကြီးတစ်ယောက်၏ အကြံပေးချက်အရ မည်သည့် ဂမ္ဘီရနည်းလမ်းမျှ မပါ။ အစီအရင်မျှမပါဘဲ စီမံထားသော လက်နက်ဖြစ်သည်။ ရွာထဲက တရုတ်ကုန်စုံဆိုင်မှ ဝယ်ထားသော ဘလိတ်ဓားတစ်ချောင်းပင် ဖြစ်သည်။

ဘလိတ်ဓားကို တစ်ဝက်ချိုး၍ လက်ကိုင်ရအဆင်ပြေစေရန် ကြေးနန်းကြိုးကလေးနှင့် ပတ်လိုက်သည်။ ကြေးနန်းကြိုး အပေါ်မှ အဝတ်စတစ်ခုနှင့် ထပ်ပတ်လိုက်သည်။ တင့်တယ်၏ ခြေသလုံးသားများကို ထိုဘလိတ်ဓားနှင့် ငါးရှူမှန်းသလို မွှန်းလိုက်သောအခါ တုတ်ပြီး၊ ဓားပြီးပုဂ္ဂိုလ် အဘယ်မျှ ခံစားသွားရမည်ကို တွေးကြည့်နိုင်ပါသည်။


တုတ်ပြီး၊ ဓားပြီးသော်လည်း ဘလိတ်ဓား မပြီးတာကတော့ လက်တွေ့ဖြစ်ပါသည်။) ဤကား စကားချုပ်။

မောင်မြင့်မား (ဗိုလ်ကလေး)

www.burmeseclassic.com

www.burmeseclassic.com


# သင်းခွေချပ်နှင့် နတ်မျက်စိအကြေးခွံ



သင်းခွေချပ်ကို လူတိုင်း တွေ့မြင်နိုင်ဖို့ခဲယဉ်းပါတယ်။ ယနေ့ခေတ်မှာ ပိုလို့တောင်မြင်တွေ့နိုင်ဖို့ မလွယ်တော့ပါဘူး။ ဘာလို့လဲဆိုတော့ တောတောင်၊ သစ်တောများ ရှားပါးကုန်လို့ ဖြစ်ပါတယ်။


သင်းခွေချပ်ဟာ မိကျောင်းနဲ့ ဆင်တူပါတယ်။ အိမ်မြှောင်ကဲ့သို့လည်း တူပြီး ကင်းလိပ်ရှောနဲ့ ပိုလို့တူပါတယ်။ အကြေးခွံများက မိချောင်းအကြေးခွံနဲ့တူသလို၊ အရောင်အဆင်းကတော့ ကင်းလိပ်ရှောနဲ့ တူပါတယ်။

သင်းခွေချပ်ဟာ တွားသွားသတ္တဝါဖြစ်ပြီး မျိုးတူသတ္တဝါများလည်း များစွာရှိပါတယ်။ ထိုသတ္တဝါများထဲမှ သင်းခွေချပ်ကတော့ အများနဲ့မတူတဲ့ ဂမ္ဘီရအစွမ်းသတ္တိများစွာကို ပိုင်ဆိုင်ထားပါတယ်။

စုန်းကဝေ တစ္ဆေသရဲတို့ မပူးကပ်၊ မဖမ်းစားနိုင်ရန်နဲ့ မခြောက်လှန့်နိုင်ရန် ကလေးငယ်များရဲ့ လည်ပင်းမှာ သင်းခွေချပ်အကြေးခွံကို ဆွဲပေးထားနိုင်ပါတယ်။ သင်းခွေချပ်အကြေးခွံကို အမှုန့်ကြိတ်ပြီး ကလေးသူငယ်နာဆေးအဖြစ်လည်း သုံးစွဲနိုင်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com

တကယ်လို့ ကလေးများကို စုန်းနတ်၊ တစ္ဆေသရဲ ဖမ်းစားလို့ တက်ချက်ခြင်း၊ ထိတ်လန့်ခြင်းတို့ဖြစ်ပါက သင်းခွေချပ် အကြေးခွံကို သွေးပြီး လိမ်းပေးပါက ပျောက်ကင်း နိုင်ပါတယ်။

တချို့ကတော့ နေအိမ်တံခါးအပေါ်ဆိပ်မှာ သင်းခွေချပ် အကြေးခွံကို အပေါက်သုံးပေါက်ဖောက်ပြီး ချိတ်ဆွဲထားတတ်ကြပါတယ်။

ဒါဆိုရင် မကောင်းဆိုးဝါးများ မလာရောက်နိုင်ဘူးလို့ ယုံကြည်ကြပါတယ်။ တချို့က တိရစ္ဆာန်မျောက်ရဲ့ မျောက်လက်ကို နေအိမ်တံခါးမှာ ချိတ်ဆွဲထားရင် စုန်းပယောဂ၊ တစ္ဆေသရဲတို့ မနှောင့်ယှက်နိုင်ဘူးလို့ ယုံကြည်သကဲ့သို့ သင်းခွေချပ်အကြေးခွံကို ဆွဲထားခြင်းဖြင့်လည်း အတူတူပဲ ဖြစ်ပါတယ်။

သင်းခွေချပ်တို့ဟာ တောတောင်ထဲရှိ မြေကြီးကျင်း၊ သစ်ခေါင်းများမှာ နေထိုင်တတ်ပြီး ထူးခြားသောအသံနဲ့ အန္တရာယ်တစ်ခုခုကြုံလာပြီဆိုရင် ခန္ဓာကိုယ်ကို ဘောလုံးကြီးလို လုံးထွေးလိုက်ပြီး ထိုအလုံးကြီးဖြင့် လိမ့်ပြီး သွားတတ်ပါတယ်။


သင်းခွေချပ်နဲ့ပတ်သက်ပြီး လူတိုင်းသိကြသလို လက်ခံယုံကြည်မှုတစ်ခုကတော့ တောထဲမှာ သစ်ခုတ်ဝါးခုတ်သူများ၊ ဆေးမြစ်ဆေးပင်ရှာသူများ၊ တောပစ်မုဆိုးများဟာ မိမိရဲ့အဖော်နာမည်ကို မခေါ်ရဘဲ "ဝူး ဝူးဟေးဟေး"လို့သာ ခေါ်ကြထူးကြရပါတယ်။

တောထဲမှာ တစ်ယောက်နဲ့တစ်ယောက် အမည်ကို မခေါ်ရပါဘူး။ ဒီလိုခေါ်ခဲ့မိရင် သင်းခွေချပ်ကကြားပြီး မှတ်ကာ လိုက်ခေါ်ရင်


www.burmeseclassic.com

www.burmeseclassic.com





ထူးလိုက်တာနဲ့ သေတတ်တယ်လို့ ယုံကြည်ထားကြတာ ဖြစ်ပါတယ်။ ဒါကြောင့် သင်းခွေချပ်တော တိရစ္ဆာန်တွေထဲမှာ ဂမ္ဘီရဆန်လွန်းလှတဲ့ သတ္တဝါဆန်းလို့ သတ်မှတ်ထားကြပါတယ်။ သင်းခွေချပ်တစ်ကောင်မှာ အဖိုးတန်တဲ့ အကြေးခွံ တစ်ခု ရှိပါတယ်။ ဒါကို သင် ရယူနိုင်ရင်တော့ ရွှေဖြစ်၊ ငွေဖြစ်နည်းကို ရတာနဲ့ အတူတူပါပဲ။ ရယူနည်းလမ်းကလည်း နှစ်မျိုးရှိပါတယ်။

ပထမတစ်နည်းက ယောနယ်၊ ဂန့်ဂေါနယ်ဘက်က နည်းလမ်းဖြစ်ပြီး နောက်တစ်နည်းကတော့ ဧရာဝတီတိုင်းက နည်းလမ်းဖြစ်ပါတယ်။ မတူကွဲပြားတဲ့ သင်းခွေချပ်အကြေးခွံဆီက အဖိုးတန် အကြေးခွံတစ်ခုကို ရယူနိုင်ခဲ့ရင် သင်ဟာ နတ်မျက်စိအစွမ်းများကို ရလိုက်သလိုပဲလို့ ရှေးကျမ်းများက ဆိုထားပါတယ်။

## သင်းခွေချပ်နှင့် ဂမ္ဘီရနည်းလမ်း (၁)

ယောနယ်၊ ဂန့်ဂေါနယ်ဘက်တို့မှာ သင်းခွေချပ်ဆီကနေ အဖိုးတန်အကြေးခွံတစ်ခုကို ရယူနည်းကတော့ -

၁) ပထမ သင်းခွေချပ်ကို မသေမနာစေဘဲ၊ မပြေးနိုင်အောင် ပြုလုပ်ထားရပါမယ်။


၂) မြေပြန့်အကျယ် မြေပြန့်ပေါ်မှာ သင်းခွေချပ်ကို ချထားပြီး နေကာမိုးအကာ မရှိသောနေရာဖြစ်ရပါမယ်။

၃) လူနှစ်ယောက်ရှိရမှာဖြစ်ပြီး တစ်ယောက်က သင်းခွေချပ်ကို ကျောပေးထိုင်ပြီး နောက်တစ်ယောက်က သင်းခွေချပ်နဲ့ အနီးကပ် ထိုင်ပြီး လက်နဲ့တို့ထိနိုင်ရပါမယ်။

www.burmeseclassic.com

www.burmeseclassic.com





၄) ဒီလိုနေရာယူဆိုင်ပြီးရင် နောက်မှ သင်းခွေချပ်ကို တို့ထိ နိုင်သူဟာ၊ ရှေ့မှ ကျောပေးဆိုင်နေသူရဲ့ လက်တစ်ဖက်မှလက်ညှိုးကို ကိုင်ပြီး သင်းခွေချပ်ရဲ့ ကိုယ်ပေါ်က အကြေးခွံတွေကို တို့ထိပေးရပါမယ်။

၅) ရှေ့ကလူဟာ ခေါင်းကိုမော့ထားပြီး ကောင်းကင်ကို ကြည့်နေရပါမယ်။ နောက်လူမှ လက်ညှိုးကိုကိုင်ပြီး ရွှေ့ပေးတိုင်း၊ ရွှေ့ပေးတိုင်းမှာ "မမြင်ရသေးဘူး . . မတွေ့သေးဘူး . . မဟုတ်သေးဘူး" စသည်ဖြင့် ကိုယ်နတ်မျက်စိ မရသေးသ၍ ပြောပေးရပါမယ်။

၆) အချိန်ကြာလျှင်လည်း ဒီအတိုင်းပဲ ရွှေ့နေ၊ ပြောပေးနေရပါမယ်။ နောက်မှလက်ညှိုးကိုင်ပြီး ရွှေ့ပေးနေသူက သင်းခွေချပ်အကြေးခွံကိုထိတိုင်း "တွေ့ပြီလား၊ မြင်ပြီလား" လို့ မေးနေတာကို "ဟာ . . မြင်ပြီ၊ တွေ့ပြီကွ" လို့ အော်လိုက်ရင်တော့ နေရာရွှေ့ထောက်ပေးထားတဲ့လက်ကိုမရွှေ့စေဘဲ အဲဒီသင်းခွေချပ်အကြေးခွံကိုရအောင် ယူရပါမယ်။

၇) အဖြေကတော့ သာမန်ဆိုရင် လူတွေဟာ နေ့ခင်းဘက်မှာ မိုးကောင်းကင်ကိုကြည့်ပါက မိုးပေါ်ကကြယ်များကိုမမြင်ရနိုင်ပါ။ ဒီလို သင်းခွေချပ်ရဲ့အဖိုးတန်တဲ့ အကြေးခွံကို ရခဲ့ရင်တော့ အဆိုပါ အကြေးခွံကို လက်နဲ့ ထောက်ကြည့်လိုက်တာနဲ့ ကောင်းကင်မှာရှိတဲ့ ကြယ်များ(လကိုပါ)မြင်ရခြင်းကြောင့် ထိုအကြေးခွံဟာ လွန်စွာမှ တန်ဖိုးရှိရခြင်းဖြစ်ပါတယ်။


ဘယ်အရာမဆို ထိုအကြေးခွံကို ထောက်ပြီးကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com





တာနဲ့ မဖုံးမကွယ်ဘဲ မြင်ရမှာဖြစ်ပါတယ်။ ဒါကို မိမိဉာဏ်နဲ့ယှဉ်ပြီး အသုံးချနိုင်ပါတယ်။

## သင်းခွေချပ်နှင့် ဂမ္ဘီရနည်းလမ်း (၂)

နောက်တစ်နည်းကတော့ ဧရာဝတီတိုင်း၊ ဘသိုင်းချောင်း အင်ပူ၊ လေးမျက်နှာမြို့များမှာ သင်းခွေချပ်လိုက်သူ မုဆိုးများရှိပါ တယ်။ သင်းခွေချပ်ရခဲ့ရင် အသားကိုထုတ်ယူပြီး အကြေးခွံထဲက အဖိုးတန်အကြေးခွံကို ရှာဖွေယူကြပါတယ်။

အဖိုးတန် အကြေးခွံရယူနည်းဖြစ်တဲ့ နောက်ထပ် နည်း လမ်းကတော့ -

၁) အကြေးခွံများကို တစ်ယောက်က ခွက် (သို့မဟုတ်) ဗန်း ထဲကို ထည့်ပြီး ရေစီးသန်သော ချောင်း၊ မြစ်စွယ်ရဲ့ရေဆန်အရပ် ကမ်းပါးပေါ်မှာ တစ်ယောက်ကနေပြီး နောက်တစ်ယောက်ကတော့ ရေထဲဆင်းပြီး ရေစီးလာတဲ့ဘက်ကို မျက်နှာပြုရပ်ကာ မိမိဘက်ကို ရေစီးလာသည်ကို ငြိမ်ငြိမ်ကြည့်နေပါတယ်။

၂) ရေဆန်အရပ် ကမ်းပါးပေါ်ကနေ သင်းခွေချပ်အကြေးခွံ များကို ထည့်ထားတဲ့ ဗန်း(ခွက်)ထဲမှ အကြေးခွံများကို ကမ်းပါးမှ လူ က ရေစီးထဲကို ပစ်ချပေးရပါလိမ့်မယ်။ သင်းခွေချပ်အကြေးခွံများ ရေမြုပ်လျှင် နောက်မှ ဆယ်ယူပါ။




www.burmeseclassic.com

www.burmeseclassic.com



၃) ပစ်ချသမျှ အကြေးခွံများဟာ ရေထဲမြုပ်ကုန်တာ မြုပ်ကုန်မယ်။ ရေစီးနဲ့ ရေစုန်အရပ်ကို မျောလာရင် မျောလာပါလိမ့်မယ်။ အဲဒီထဲကမှ တစ်ခုထဲသောအဖိုးတန်လှတဲ့ အကြေးခွံ တစ်ခုကတော့ ရေထဲမမြုပ်၊ ရေစီးထဲလည်း မမျောဘဲ ရေဆန်ကို ပြန်လည် ဆန်တက်ပြီး မျောပါလိမ့်မယ်။



၄) အဲဒီအကြေးခွံဟာ အလွန် အဖိုးတန်လှတဲ့ အကြေးခွံပဲ ဖြစ်ပါတယ်။ သင်းခွေချပ်(ရေဆန်) အကြေးခွံကိုရရင် နတ်မျက်စိကဲ့သို့ ထွင်းဖောက်မြင်နိုင်တဲ့အစွမ်းကို ရပါပြီ။

၅) အဲဒီအကြေးခွံရဲ့ အသုံးဝင်မှုများကတော့ ဒီလို အဖိုးတန်အကြေးခွံကို ကိုင်ထားသူဟာ ဖုံးအုပ်ထားတဲ့ အရာရာတိုင်းကို မြင်နိုင်ပါတယ်။ အများစုက လောင်းကစားဝိုင်းများမှာ အသုံးပြုပြီး အောင်မြင်တဲ့ လောင်းကစားမှုကို ပြုလုပ်ကြပါတယ်။

ဒီလိုအကြေးခွံမျိုးကို တချို့ကတော့ ငွေကြေးမြောက်မြားစွာပေး၍ ဝယ်ယူပြီး မသမာမှုလုပ်ငန်းများမှာ အသုံးချကြပါတယ်။ လောင်းကစားရာမှာ ခွက်ပေါက်နိုင်တဲ့ နတ်မျက်စိအစွမ်းကို ရရှိစေမှာ ဖြစ်ပါတယ်။

## သတိပြုသင့်သည့် အချက်များ


သင်းခွေချပ်တစ်ကောင်ရရင် ထွင်းဖောက်မြင်နိုင်တဲ့ နတ်မျက်စိ အကြေးခွံရဖို့ လွယ်ကူပါတယ်။ ဒါပေမယ့် မသုံးတတ်ရင် အလွန် အန္တရာယ်ကြီးမားကြောင်းလည်း သင်ဟာ သိထားဖို့ လိုပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com





ဒီလို အဖိုးတန်တဲ့ တစ်ခုထဲသော သင်းခွေချပ်အကြေးခွံကို အသုံးချရာမှာ အများပြောစကားဖြင့် မလုပ်သင့်တဲ့ သတိပြုသင့်သည့်အချက်များလည်း ရှိပါတယ်။ အဲဒါကတော့ -

တကယ်လို့ သင်ဟာ အဖိုးတန်လှတဲ့ သင်းခွေချပ် အကြေးခွံကို ရခဲ့တယ်ဆိုပါစို့။ ဒီ အဖိုးတန်တဲ့အကြေးခွံကို ကျောက်ပြင်မှာ သွေးပြီး မျက်လုံးကို ကွင်းကြည့်ပါကလည်း လူရဲ့ခန္ဓာကိုယ်ကို ဖောက်ထွင်းပြီး မြင်ရပါတယ်။

ဒါပေမယ့် ဒီလိုလုပ်ပြီးတော့မှ ဖြေဆေးမရှိဘူးဆိုရင် (၂၄) နာရီကျော်တာနဲ့ သင့်မျက်လုံး ပေါက်ထွက်သွားမှာ ဖြစ်တာကြောင့် ဖြစ်ပါတယ်။

ခွက်ပေါက် ဂမုန်းလိုပါပဲ။ အဲဒီဂမုန်းဥကို မျက်လုံးမှာ ကွင်းလိမ်းပြီး လောင်းကစားမှုပြုကြသူများဟာ မျက်လုံးပျက်စီးကြရပါကြောင်း သုတ/ဖြစ်ရပ်ဆန်းကြယ်အဖြစ် ဖော်ပြလိုက်ရပါတယ်။

စိုးယဉ်ထွန်း



www.burmeseclassic.com

www.burmeseclassic.com


# မြန်မာ့ရိုးရာ အာရက်ချိန်မှတ်သားမှုများ



မြန်မာ့ဓလေ့ အာရက်ချိန်မှတ်သားစရာများမှာ ဗုဒ္ဓဘာသာဝင်တို့ လေ့လာသိမှတ်ထားရန် အလွန်မှ လိုအပ်ပါသည်။ ခေတ်ကာလ အချိန်အခါအရ တိုးတက်မှုနှင့် ဆုတ်ယုတ်မှုများကြောင့် ရှေးရိုးအစဉ် အလာကောင်းများ ပျောက်ပျက်နေပြီဖြစ်သည်။


အာရက်တက်ချိန်ပြောင်းလဲမှုသည် (၁၂)လရာသီတွင် မတူညီမှုများ ရှိပါသည်။ နေထွက်၊ နေသွားလမ်းကြောင်းကို ကြည့်ရှုပြီး ပြောင်းလဲသည့် အာရက်ချိန်ဟု သိထားရန်လည်း လိုပါသည်။

နေသည် ပြာသိုလမှ နယုန်လအထိ၊ ခြောက်လသောကာလ၌ တောင်ဘက်မှမြောက်ဘက်သို့ တဖြည်းဖြည်း နေ့စဉ်ပြောင်းလဲသွားလာနေသော "ဥတ္တရာယဉ်"ဖြင့် လည်းကောင်း၊ ဝါဆိုလမှ နတ်တော်လအထိ မြောက်ဘက်မှတောင်ဘက်သို့ တရွေ့ရွေ့ဖြင့် နေ့စဉ်လမ်းကြောင်းပြောင်းလွှဲ၍သွားသော "ဒက္ခိဏ"ယာဉ်ဖြင့်လည်းကောင်း သွားလာရွေ့ပြောင်းနေသည်ကို သိရှိရန်လိုအပ်ပါသည်။

နေသွားရာလမ်းကြောင်း ပြောင်းလဲမှုအရ အာရက်တက်


www.burmeseclassic.com

www.burmeseclassic.com

ချိန်မှာ ဖြစ်ပေါ်ပြောင်းလဲပုံကို ရှေးရှေးက နက္ခတ်ကြည့်ဆရာများ နှင့် ကျမ်းတတ်ဆရာတော်ကြီးများက ဆောင်ပုဒ်လင်္ကာများကို ရေးဖွဲ့၍ အလွယ်တကူ မှတ်သားနားလည် လေ့လာနိုင်ကြရန် ထားရစ်ခဲ့ပါသည်။

ရှေးဟောင်းဆောင်ပုဒ်လင်္ကာ၌ -

"ကူး . . သောင်းနေထုံ၊ ယုန် . . မြင်လှပဟန်၊ ခေါင် . . ပြတ်လယ်တို၊ ကျွတ် . . ဟိန်းထွတ်တင်၊ နတ် . . သားချိတ်ထိုး တွဲ . . သန်းခေါင်တွင်၊ ဆုန် . . ဖော်ဖိနင်း၊ ဆို . . ပြန်ဆယ်ထပ်၊ တော် . . ဖြိုပြန်နက်၊ မုန်း . . သက်အောင်ထိတ်၊ သို . . သိပ်စိုးနှံ၊ ပေါင်း . . သင်အင်ထွေ" ဟု ဖြစ်ပါသည်။

ဤမျှရေး၊ နံစနေမှာ သုညပြလျက်၊ ကွင်းသမျှ နံသင့်ဆိုလေ၊ လရေတွက်စစ်၊ နေထွက်ဖြစ်၏ ။ တစ်နာရီ ဆယ့်နှစ်မိအောင်၊ ထပ်ရည်ဖြည့်ရ၊ လိုသမျှသည် နေ့စကုန်ပျောက်ယွန်းချိန်တည်း။

လင်္ကာများ၏အဓိပ္ပါယ်အရ စနေနံကို သုညမှတ်ယူ၍ ကွင်းသမျှကို နံသင့်ပင်ယူရမည်။ နေထွက်ချိန်မှ တစ်နာရီနောက်ဆုတ်သော် အာရုဏ်ချိန်ကိုရ၏ ။ နေ့လယ် တစ်ဆယ့်နှစ်နာရီမှ နေထွက်ချိန်ကို နှုတ်သော် နေဝင်ချိန်ကိုရ၏ ။

လ၏အမည်၊ အာရုဏ်တက်ချိန် နာရီမိနစ်၊ နေထွက်ချိန် နာရီမိနစ်၊ နေဝင်ချိန် နာရီမိနစ်တို့ကို ဖော်ပြပါဇယားနှင့် တိုက်ဆိုင်ညှိနှိုင်းယူနိုင်လျှင် ပိုပြီး လွယ်ကူမည်ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com


ထိုသို့သော မြန်မာ့ရိုးရာ အာရုဏ်ချိန်မှတ်သားစရာများသည် သင့်အတွက် တန်ဖိုးဖြတ်မရသည့် သုတတစ်ခုပင်ဖြစ်သည်။ ဗုဒ္ဓဘာသာဓလေ့ထုံးအရရော မည်သည့်ဂမ္ဘီရပညာရပ်တွင်မဆို အာရုဏ်ချိန်တွင် ကောင်းမွန်သောမင်္ဂလာများ၊ လာဘ်လာဘတွင့် အစီအရင်များကို စီရင်နိုင်ပါသည်။

ထို့အပြင် သင်သည် ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်လျှင် အာရုဏ်ချိန်တွင် ဘုရားရှင်ကို ဆွမ်းကပ်လှူခြင်း၊ ရဟန်းသံဃာတို့ကို ဆွမ်းလောင်းလှူနိုင်ခြင်း စသည့် ကောင်းကျိုးတရားများကို ပြုနိုင်သလို၊ အိပ်ရာမှ စောစောနိုးထခြင်းအတွက် ကျန်းမာရေးနှင့်ပြည့်စုံသော အကျိုးတရားနှင့် ကျက်သရေမင်္ဂလာတို့ကိုပါ ရရှိပါလိမ့်မည်။

စိုးယဉ်ထွန်း

ကျမ်းကိုး -

မဟာဂန္ဓာရီပညာနှင့် ပရမတ္ထရှုပကျမ်းတို့ကို မှီငြမ်းပါသည်။

| လအမည်များ | အာရုဏ်ချိန် | | နေထွက်ချိန် | | နေဝင်ချိန် | |
|---|---|---|---|---|---|---|
| | နာရီ | မိနစ် | နာရီ | မိနစ် | နာရီ | မိနစ် |
| ဝါဆိုလ | ၄ | ၃၀ | ၅ | ၃၀ | ၆ | ၃၀ |
| တန်ခူး - သီတင်းကျွတ် | ၅ | ၀၀ | ၆ | ၀၀ | ၆ | ၀၀ |
| ကဆုန် - တော်သလင်း | ၄ | ၅၀ | ၅ | ၅၀ | ၆ | ၁၀ |
| နယုန် - ဝါခေါင်လ | ၄ | ၄၀ | ၅ | ၄၀ | ၆ | ၂၀ |
| တန်ဆောင်မုန်း - တပေါင်း | ၅ | ၁၀ | ၆ | ၁၀ | ၅ | ၅၀ |
| နတ်တော် - တပို့တွဲ | ၅ | ၂၀ | ၆ | ၂၀ | ၅ | ၄၀ |
| ပြာသိုလ | ၅ | ၃၀ | ၆ | ၃၀ | ၅ | ၃၀ |

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဒေဝီပန်းတို့နဲ့ ပါရမီလမ်းကို ရည်ရွယ်

အောင်ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com




"ဒေစီပန်းတွေက
သူမကို စကားပြောသည်။
"ငါတို့ဟာ မင်းတို့လူတွေလို
သက်ရှိတွေပါပဲ။
ငါတို့ဟာ တစ်ချိန်ကျရင်
မင်းတို့လို လူတွေဖြစ်လာမှာပါ"

သူမ ပန်းချီဆွဲနေကျ ပန်းခင်းကိုရောက်တော့ မနက်(၈) ထိုးနေပြီ ဖြစ်သည်။ သူမသည် အချိန်ကို များစွာ အလေးထားသူ ဖြစ်သည်။ သူမ၏ ကံကြမ္မာသည် အချိန်အပေါ်ကို မှီတည်နေသည်ဟု ယုံကြည်သည်။ ဗင်ဂိုးက နေကြာပန်းတွေကို ပန်းချီဆွဲပြီး သူမက ဒေစီပန်းတွေကို ပန်းချီဆွဲသည်။

ထို ပန်းခင်းတွင် ပန်းချီလာရောက် ရေးဆွဲနေသည်မှာ သုံးရက် ရှိပြီ။ ပန်းခင်းထဲတွင် ထိုင်၍ ပန်းချီဆွဲရသည်မှာ ကောင်းကင်ဘုံတွင် နေထိုင်ရသလိုမျိုး စိတ်ခံစားချက်ကို ပေးသည်။ (၈)နာရီ၊ (၄၅) သည် ချစ်ဦးသူနှင့် ဆုံတွေ့ရမည့် အချိန်ဖြစ်သည်။ ဘာကြောင့် သူမသည် ထိုသို့ ယုံကြည်နေမိမှန်း မသိချေ။

တစ်ခါတလေ ယုံကြည်ချက်တို့သည် အကြောင်းအကျိုး မရှိ။ ယုတ္တိဗေဒနည်း မကျပေ။ မနက်ခင်းတိုင်း၏ (၈)နာရီ၊ (၄၅) ရောက်တိုင်း ချစ်ဦးသူကို သူမ စောင့်မျှော်နေမိသည်။ သူမ ပန်းချီဆွဲသည်။ နောက် သူမ ပျောက်သွားပြီး ပန်းချီပဲ ကျန်ခဲ့သည်။ ထို့ကြောင့် ပန်းချီဆွဲရတာကို သူမ ကြိုက်နှစ်သက်ခြင်း ဖြစ်သည်။

သူမနာမည်က ဟေမာန်အေးချမ်း ဖြစ်သည်။ မိဘများ



www.burmeseclassic.com

www.burmeseclassic.com


ဘွဲ့ယ်လွန်သွားပြီ ဖြစ်ပြီး အဘိုးနှင့် နေထိုင်သည်။ ဟေမာန်၏ဘဝ တွင် ပန်းချီဆွဲတာရယ်၊ အဘိုးနှင့် စကားပြောတာရယ်၊ ဒီနှစ်ခုပဲ ရှိ၏ ။ ကိုယ် ဝါသနာပါသည့် အလုပ်တွင် ဘဝကို မြှုပ်နှံလုပ်ကိုင်ခြင်း သည် နှစ်လိုဖွယ်ကောင်းလှ၏ ။

ထိုသို့ ဘဝကို မြှုပ်နှံ၍ အလုပ်လုပ်သူသည် စကားပြောချင် စိတ် မရှိချေ။ ကိုယ် ခင်မင်သူများနှင့်သာ နည်းနည်းပါးပါး စကား ဆို၏ ။ ဟေမာန်လည်း ထိုအတိုင်းဖြစ်သည်။ (၈)နာရီ၊ (၄၅) ယံ့ကြည် ချက်ကလွှဲရင် သူ့မဘဝသည် ပန်းချီပဲဖြစ်သည်။

မိုးသည် သည်းထန်စွာ ရွာသွန်းနေသည်။ ထီး ကိုင်ဆောင် လေ့မရှိသော သူမသည် လက်ဘက်ရည်ဆိုင်တွင် မိုးခိုသည်။ အမှန် တော့ ဟေမာန်သည် မိုးရွာတာကို ကြိုက်နှစ်သက်သည်။ မိုးစက် တလေးတွေကို ချစ်၏ ။ ပန်းချီပစ္စည်းတွေ ပါလာလို့သာ မိုးခိုခြင်း ဖြစ်သည်။

သူမသည် မိုးရွာထဲ လျှောက်သွားနေရတာကို ဝါသနာပါ သည်။ မိုးရွာထဲသွားရတာလည်း သူမအဖို့ ဇိမ်ခံခြင်းတစ်မျိုးပါပဲ။ မိုးရွာခြင်းသည် လည်းကောင်း၊ နှင်းကျခြင်းသည် လည်းကောင်း၊ နေပူခြင်းသည် လည်းကောင်း သဘာဝသာ ဖြစ်၏ ။ ထို သဘာဝတရား အားလုံးကို ဟေမာန် နှစ်သက်၏ ။

❖

ကျော်ခေါင်၏ ဝါသနာမှာ စာဖတ်ခြင်းဖြစ်သည်။ အဲဘတ် ကမူး၏ "စည်းအပြင်ကလူ"စာအုပ်ကို အလွန် ကြိုက်နှစ်သက်၏ ။ ပြီးတော့ လေရှူးသုန်သုန်၊ ခန်းဆောင်နှီးအိပ်မက် စတာတွေဟာ သူ့ အနှစ်သက်ဆုံးစာအုပ်တွေ ဖြစ်၏ ။

ဒီနေ့ မြို့ထဲမှာ စာအုပ်ဝယ်ပြီး သူ ပြန်လာသည်။ ကားပေါ် တွင် ဖွင့်ထားသော သီချင်းသံကို နားထောင်ခံစားရင်း လိုက်လာ သည်။

မျိုးကြီးက -

www.burmeseclassic.com


"ရွှေငွေနဲ့ ဂုဏ်ဒြပ်တို့ မရှိလည်း
နေနိုင်ပါတယ် တစ်သက်လုံး"လို့ ဆိုနေသည်။
သူ အဲဒီ စာသားလေးကို အလွန် ကြိုက်နှစ်သက်၏။
"နေရောင်ခြည်လို မဟုတ်လည်းလေ
ကြယ်စင်လောက်တော့
ငါ့ရဲ့ လက်တစ်ကမ်းအတွေး
ကိုယ်တတ်စွမ်းသလောက်
အလင်းရောင် အနွေးဓာတ်ပေးခဲ့တယ်"
ထိုစာသားကတော့ သူ့ရင်ကို အတော်ထိသည်။

သူ့ခံစားချက်၊ သူ့ရည်ရွယ်ချက်နဲ့ အတော်ကိုက်ညီသည်။ ကျော်ခေါင်သည် သူနေထိုင်သော လူ့အဖွဲ့အစည်းကို တတ်စွမ်းသလောက်တော့ အလင်းရောင်၊ အနွေးဓာတ်ပေးချင်သည်။

စာပေရေးသားခြင်းဖြင့် အကျိုးပြုရန် ရည်ရွယ်ထားသည်။ အမှန်တော့ ကျော်ခေါင်သည် စာရေးဆရာပေါက်စ ဖြစ်သည်။ မအောင်မြင်သေးပေမယ့် ကြိုးစားပြီး စာရေးနေသည်။ ပြီးတော့ သူသည် တစ်နေ့ကို မနက်တစ်ခါ၊ ညတစ်ခါ ပုံမှန် တရားထိုင်သည်။

သူ တရားထိုင်ရခြင်း၏ အကြောင်းမှာ စိတ်ကို ဖြူစင်သန့်ရှင်းအောင်လို့ ဆေးကြောသည့်အနေဖြင့် ရည်ရွယ်ပြီး တရားထိုင်ခြင်း ဖြစ်သည်။ တရားဆိုသည်မှာ ဘဝအမောတွေကို ပြေပျောက်စေသည့် အကောင်းဆုံး ဆေးတစ်လက်ဖြစ်သည်။ စိတ်ဖိစီးမှုတွေကို ပြေပျောက်စေသည်။ နွမ်းနယ်နေတဲ့ ကိုယ့်နဲ့ စိတ်ကို အားသစ်လောင်း ရွှင်လန်းစေသည်။ ကျော်ခေါင်က ထိုသို့ ရိုးရိုးလေးပဲ တွေးပါသည်။


ကျော်ခေါင်သည် ဘယ်တော့မှ နာရီပတ်လေ့ မရှိပေ။ အချိန်ကာလကို စိတ်မဝင်စားချေ။ တစ်ခါတလေ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကူးပြောင်း ရောက်ရှိသွားတာတောင် သူ မသိ။ သူ သိသည်မှာ သူ့ရဲ့စာပေ ဖတ်ရှုမှုသာဖြစ်သည်။ တရားထိုင်ချင်လည်း အချိန်ကို ကန့်သတ်မထားပေ။



www.burmeseclassic.com

www.burmeseclassic.com





ဆာမှ စားသည်။ အိပ်ချင်မှသာ အိပ်သည်။ သူက နည်းနည်း ဂျစ်ပစီဆန်သည်။ ကားပေါ်က ဆင်းတော့ မိုးရွာလာသည်။ သူ့စာအုပ်တွေ မိုးစိုမှာ စိုးသောကြောင့် နီးစပ်ရာ လက်ဘက်ရည်ဆိုင်ထဲ ပြေးဝင်ထိုင်လိုက်ရသည်။

❖

အိန္ဒိယမှပြန်လာသော ငြိမ်းချမ်းသည် တစ်ကိုယ်ရေ တစ်ယောက်တည်းသမား ဖြစ်သည်။ အိန္ဒိယမှာ ဂန္ဓာရီပညာတွေကို လေ့လာသင်ယူပြီး ပြန်လာခြင်းဖြစ်သည်။ ငြိမ်းချမ်းသည် ဂန္ဓာရီပညာတွေကို အလွန် စိတ်ဝင်စား ဝါသနာပါသည်။ သူ့ဘဝကို မြှုပ်နှံ၍ လေ့လာ လိုက်စားသည်။

တကယ်တော့ ပညာရပ်တစ်ခုခုတွင် ဘဝကိုမြှုပ်နှံ၍ လေ့လာလိုက်စားရခြင်းသည် တန်ဖိုးရှိသော လူ့ဘဝကိုရရှိခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ပညာပါရမီဖြစ်သည်။ သူသည် အိန္ဒိယရှိ သီအိုဆိုဖီအသင်းဌာနချုပ်တွင် ဂန္ဓာရီပညာများကိုလေ့လာခဲ့သည်။ လူသားတွေအတွက် အကျိုးများနိုင်သော ပညာရပ်တစ်ခုအဖြစ် သူယုံကြည်သည်။

သူ ကားငှားပြီး အိမ်ပြန်လာသည်။ သူ့အိမ်သည် ဒေစီပန်းခင်း၏ဘေးတွင်ရှိသည်။ သူ ပြန်လာမည်ဆိုကတည်းက သူ့မိတ်ဆွေတစ်ယောက်က ရှာဖွေဝယ်ယူပေးထားခြင်း ဖြစ်သည်။ သူ လွန်ခဲ့တဲ့ (၅)နှစ်က အိန္ဒိယကို ထွက်သွားတဲ့အခါ သူ့အိမ်ကို ရောင်းပစ်ခဲ့သည်။ ထို့ကြောင့် အသစ်ပြန်ဝယ်ရခြင်း ဖြစ်သည်။ သူ အရင် နေထိုင်ခဲ့သောနေရာနှင့် အလှမ်းဝေးသောနေရာတွင် ဝယ်ယူခဲ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ငြိမ်းချမ်း၏ ရည်ရွယ်ချက်မှာ သူ့ဘဝကို ဇာတ်မြှုပ်ပြီး နေထိုင် ကျင့်ကြံသွားရန် ဖြစ်သည်။ ကားသမားကို လမ်းထိပ်တွင် ရပ်ခိုင်းပြီး သူ လမ်းထဲသို့ လမ်းလျှောက်ဝင်လာသည်။ သူ့တွင် ခရီးဆောင်အိတ်တစ်လုံး ကလွဲလို့ ဘာမှမပါချေ။ အဲဒီအချိန်မှာပဲ မိုးက ရွာလာသည်။ ဒါနဲ့ နီးစပ်ရာ လက်ဘက်ရည်ဆိုင်ထဲ ဝင်ထိုင် လိုက်ရသည်။

❖

စားပွဲတစ်လုံး . .၊

လူ(၃)ယောက် . .၊

ငြိုင်တူ ရောက်ရှိသွားသည်။ တစ်ယောက်မျက်နှာ၊ တစ် ယောက် ကြည့်မိကြသည်။ ထိုစားပွဲကလွဲလျှင် စားပွဲအလွတ် ထိုင် စရာ မရှိချေ။ အမျိုးသမီးက စပြောသည်။

“ဒီမှာပဲ ထိုင်ကြပေါ့၊ နေရာလွတ်မှ မရှိတာ”

ပြောပြောဆိုဆို ထိုအမျိုးသမီးက ဝင်ထိုင်လိုက်သည်။ သူတို့ နှစ်ယောက်လည်း တစ်ယောက်မျက်နှာ၊ တစ်ယောက်ကြည့်ကာ ဝင်ထိုင်လိုက်ကြသည်။ ထိုအချိန်တွင် လူတစ်ယောက်က ဦးလေးကြီး တစ်ယောက်ကို အချိန်နာရီမေး၏ ။

“ဦးလေး ဘယ်နနာရီ ရှိပြီလဲ”

ဦးလေးကြီးက သူ့လက်ပတ်နာရီကို ကြည့်ပြီး-

“ (၈)နာရီ ၄၅ ရှိပြီ”ဟု ဖြေသည်။

ထိုအချိန်တွင် ငြိမ်းချမ်းနှင့်ထိုင်နေသော အမျိုးသမီး မျက်နှာတွင် အရိပ်အယောင်တစ်မျိုး ဖြစ်သွားသည်ဟု ငြိမ်းချမ်း တွေ့လိုက်ရသည်။ သူတို့နှင့် တစ်ဝိုင်းထဲထိုင်နေသော သူနှင့် ရွယ်တူ လူကတော့ ဘာမှ စိတ်မဝင်စားသလို၊ မိုးရွာတာကိုသာ ကြည့်နေသည်။ စားပွဲပေါ်တွင် ထိုလူ ချထားသော စာအုပ်ကို ငြိမ်းချမ်း လှမ်းကြည့်မိသည်။ ဦးရွှေအောင်၏ “လေကကသားတို့၏

www.burmeseclassic.com


အနှိုင်းမဲ့ကျေးဇူးရှင်" စာအုပ် ဖြစ်သည်။

ဒါနဲ့ မိုးတိတ်တော့ စာအုပ်နှင့်လူက အရင် ထပြန်သည်။ သူနှင့် အမျိုးသမီး နှစ်ယောက်ပဲ ကျန်ခဲ့သည်။ သူက အမျိုးသမီး၏ ပန်းချီပစ္စည်းတွေကို ကြည့်ပြီး -

"ခင်ဗျား ပန်းချီဆွဲတာလား"

ထိုအမျိုးသမီးက စူးစမ်းသလိုကြည့်ရင်း -

"ဟုတ်ပါတယ် . . ကျွန်မ ဒေစီပန်းတွေကို ပန်းချီလာဆွဲတာပါ"

ငြိမ်းချမ်း၏ စိတ်ထဲတွင် ထိုအမျိုးသမီးနှင့် ရင်းနှီးချင်စိတ်ပေါ် လာသည်။ တစ်နည်းအားဖြင့် ထိုအမျိုးသမီးသည် ကိုယ်ရောင်ခြည် အလွန်ကောင်းသည်ကို သူ့ပညာဖြင့် တွေ့လိုက်ရသည်။ ငြိမ်းချမ်း စတင် မိတ်ဆက်လိုက်သည်။

"ကျွန်တော်က ငြိမ်းချမ်းလို့ ခေါ်ပါတယ်။ အခုမှ အိန္ဒိယက ပြန်လာတာပါ။ ဒေစီပန်းခင်းဘေးက အိမ်က ကျွန်တော့အိမ်ပါ"

ထိုအမျိုးသမီးကလည်း သူ့ကို ခင်မင်လိုဟန်ရှိပါသည်။

"ဟုတ်ကဲ့ . . ကျွန်မ နာမည်က ဟေမာန်အေးချမ်းပါ။ ပန်းချီဆရာမပေါ့"

"ကျွန်တော်ကတော့ ဂန္ဓာရီပညာကို လိုက်စားတဲ့သူပေါ့"

သူမ အံ့ဩသွားသည်။ အဘယ်ကြောင့်ဆိုသော် သူသည် ရှူးဖိနပ်နှင့် စတိုင်လ်ဘောင်းဘီ၊ တီရှပ်အဖြူကို ဝတ်ဆင်ထားသော ရုပ်ဖြောင့်ဖြောင့် လူငယ်တစ်ဦးဖြစ်နေသောကြောင့် ဖြစ်သည်။ သူက ရှင်းပြရသည်။

"ဒီလိုပါ . . ခင်ဗျားစိတ်ထဲမှာ ဂန္ဓာရီပညာကို လိုက်စားတဲ့သူဆိုတာ ဝတ်ဖြူစင်ကြယ်ဝတ်ပြီး ပုတီးကြီးနဲ့ လည်ပင်းမှာ ဆွဲထားတဲ့သူတွေကို သွားမြင်ယောင်တယ် ထင်တယ်"

"ဟုတ်တယ် . . ကျွန်မက အဲဒီလို မြင်တယ်"

"အဲဒါ မဟုတ်ဘူး . . အဲဒီ လူတွေကဟာ ဘုရားကြို ဘုရားကြားမှာ ဘာမှဖြစ်မလာဘဲ သေသွားတဲ့ လူတွေပါ"

www.burmeseclassic.com

www.burmeseclassic.com


သူမ နားလည် သဘောပေါက်သွားဟန် ရှိသည်။

"ရှင်ပြောတာ ဟုတ်ပါလိမ့်မယ် . . အဲဒီလို လူတွေနဲ့ တွေ့ခဲ့တယ်။ သူတို့က သာသနာပြုမယ်၊ သတ္တဝါတွေကို ကယ်မယ်လို့သာ ပြောနေတယ်၊ သူတို့ကိုယ်သူတို့တောင် လောကမှာ မရပ်တည်နိုင်ဘူး"

"ထားပါတော့ဗျာ . . ကျွန်တော်တို့ ဂန္ဓာရီပညာမှာ စည်းကမ်းရှိတယ်။ သူများအကြောင်း မကောင်း မပြောရဘူး၊ အတင်း မပြောရဘူးဆိုတာ"

သူမက နားထောင်နေရာမှ နာရီကြည့်ပြီး–

"ကျွန်မ သွားတော့မယ်"

ဟု ပြော၍ ချက်ချင်း ထပြန်သွားသည်။ ထိုနေ့က မိုးချုပ်ပြီးနောက် နေသာလေသည်။

❖

ငြိမ်းချမ်း သူ့အိမ်လေးကို ပြင်ဆင်နေရသည်မှာ တစ်ပတ်လုံးလုံး မနားရချေ။ အဓိကအချက် ပြင်ဆင်ရသည်မှာ ဖုန်တစ်စက်တောင် မရှိသော သန့်ရှင်းရေးမျိုး လုပ်ရသည်။ ပြီးနောက် လိုအပ်သော ပရိဘောဂများမှလွဲလို့ အပိုပစ္စည်းမရှိအောင် လုပ်သည်။

ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်အောင် လုပ်သည်။ အိမ်အတွင်းကိုရော အပြင်ကိုပါ ဖက်ဖူးစိမ်းရောင် ဆေးသုတ်သည်။ သစ်သားခြံဝင်းနှင့် တံခါးကို ဆေးအဖြူသုတ်သည်။ သန့်ရှင်း သပ်ရပ်မှုနှင့်အလှတရားသည် ဂန္ဓာရီပညာတွင် အရေးကြီးသည်။

ငြိမ်းချမ်း၏အိမ်တွင် ဘုရားစင်မရှိပေ။ မည်သည့် ဘာသာရေး အထိမ်းအမှတ် အဆောင်အယောင်မှ မရှိချေ။ အဘယ်ကြောင့်ဆိုသော် ငြိမ်းချမ်းသည် ဒြပ်မဲ့ဘုရားကို ယုံကြည်ကိုးကွယ်သူ ဖြစ်သည်။ စိတ်ကို ကိလေသာကင်းအောင် အဓိကထား ကျင့်ကြံသူ ဖြစ်သည်။

ဟောမာန်အေးချမ်းကို ဒေစီပန်းခင်းထဲမှာ မနက်(၈)နာရီ



www.burmeseclassic.com

www.burmeseclassic.com




ဆိုရင် အမြဲလို တွေ့ရသည်။ သူမနှင့် စကားပြောချင်သော်လည်း အနှောင့်အယှက် ဖြစ်သွားမှာစိုး၍ မသွားပါ။ အိမ်ပြင်ဆင်မှုကိစ္စ အားလုံးပြီးစီးသွားတော့လည်း စတင်ကျင့်ကြံသည်။

သူ အဓိကထား ကျင့်ကြံနေတာကတော့ ဆရာရှင်နှင့် တွေ့ဖို့ ဖြစ်သည်။ ဝိညာဏက္ခန္ဓာနဲ့ အရူပဘုံမှာ အာရုံကျက်စားနိုင်အောင် ကျင့်ရသည်။ ဝိညာဉ်ဘုံမှာ မကျက်စားနိုင်သေးရင် ဆရာရှင်နဲ့ မဆက်သွယ်နိုင်ပေ။ "မာယာဘုံတွင် ဆရာမရှာနဲ့"လို့ ဆိုစကားရှိသည်။ လူ့ပြည် ရုပ်လောကကို ဆိုလိုခြင်း ဖြစ်သည်။

သမာဓိ အထက်သို့ တက်ရာတွင် တစ်ဘုံချင်း၊ တစ်လွှာချင်း တက်သည်။ တစ်လွှာတက်မည်ဆိုက ညအခါ အိပ်မက်ထဲတွင် စမ်းသပ်မှု ပြုလုပ်သည်။ အောင်မြင်မှ နောက်ထပ်တစ်လွှာ တက်ခွင့်ရသည်။ ဂန္ဓာရီပညာကို လိုက်စားသူအဖို့ အိပ်မက်သည် အလွန်အရေးကြီး၏။ သစ္စာတရားတွေကို ဆရာရှင်က အိပ်မက်ဖြင့် စမ်းသပ်စစ်ဆေးလေ့ရှိသည်။

ရိုးသားဖြောင့်မတ်စွာ နေထိုင်ခြင်းနှင့် မေတ္တာဓာတ်တွေ လူ့လောကထဲသို့ ထုတ်လွှင့်နေခြင်းသည် သူ ကျင့်ကြံသော ဂန္ဓာရီပညာပင် ဖြစ်ပါသည်။

❖

ဟေမာန်သည် ပန်းခင်းထဲတွင် ပန်းရိုးဆွဲရင်း လက်ဖက်ရည်ဆိုင်တွင် ဆုံခဲ့ရသော လူနှစ်ယောက်အကြောင်း စဉ်းစားနေသည်။

www.burmeseclassic.com


တိုက်တိုက်ဆိုင်ဆိုင် ထိုလူနှစ်ယောက်နှင့် တွေ့ရသည့်အချိန်သည် (၈)နာရီ (၄၅)ဖြစ်နေသည်။

ကံတရားသည် သူ့ကို ကျီစယ်လေသလား။ ငြိမ်းချမ်းဆိုသည့်လူကတော့ သူမနှင့် စကားပြောခဲ့ရသည်။ ဟိုတစ်ယောက်ကတော့ ဘာစကားမှမဆို။ သူမ ရင်ခုန် လှုပ်ခပ်မိသည်မှာ ဘယ်တစ်ယောက်ဖြစ်လိမ့်မလဲ။ နှလုံးသားထဲမှာ ခုထိ အဖြေမထွက်သေးပါ။

ကျော်ခေါင်တစ်ယောက် ဦးရွှေအောင်၏စာအုပ်ကို ဖတ်ပြီး ဘဝပန်းတိုင်ကို တွေ့ရှိသွားသည်။ လူဖြစ်လာသည်မှာ လောကအကျိုးဆောင်ဖို့ မဟုတ်ပါလား။ လောကအကျိုးအတွက် အလုပ်လုပ်ပြီး မိမိအတ္တကို မေ့ထားရင် မဂ်လမ်းမှာ ဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်ပါသည်။

လောကတ္တစရိယလုပ်ငန်းကို ဖွဲ့နဘဲနဲ့ လုပ်တဲ့သူဟာ ဝိညာဉ်ရဲ့တန်ခိုးကို ရရှိစေသည်။ ဆရာဦးရွှေအောင်ရေးထားသလို -

"ဝိညာဏက္ခန္ဓာ၏ ဘဝအသိကို
ထက်မြက်သည်ထက် ထက်မြက်အောင်
ကြိုးပမ်းအပ်ပါသည်။"

ထိုအချိန်မှစ၍ ကျော်ခေါင် တရားထိုင်ရာတွင် ဝိညာဏက္ခန္ဓာ ထိရောက်အောင် သမာဓိကို မြှင့်တင်သည်။ ဘာဝနာ စပွားသူများသည် ဝင်လာသရွေ့ကို အကုန်လက်ခံထားသော ထုံထိုင်းမှု (Negative) သဘောရှိတတ်၏။ အန္တရာယ်ပင် ဖြစ်၏။ ကျော်ခေါင်ကတော့ ဒါကို ရှောင်ရှားနိုင်ခဲ့သည်။

မိမိ တိုးတက်မှုအတွက် ဘာဝနာပွားခြင်း မဟုတ်။ လူ့လောက အကျိုးဆောင်ရွက်နိုင်ရန် လိုအပ်သော လက်နက်ကိရိယာ တပ်ဆင်ခြင်းဖြစ်၏ ။ မိမိ တိုးတက်မှုမှာ ကွဲကူးရေး ဖြစ်၏ ။ ထိုသို့ ကျော်ခေါင် ခံယူသည်။ အိမ်မှာ ထိုင်ရသည်မှာ သိပ်မကောင်းပေ။

ကျော်ခေါင်တို့ အိမ်လေးက ကျဉ်းကျပ်လှသည်။ ဘုရား


www.burmeseclassic.com

www.burmeseclassic.com


မှာကျတော့ လူများသည်။ ထို့ကြောင့် ဒေစီပန်းခင်းမှာ သွားရောက်တရားထိုင်သည်။ လူရှင်းသလို ကျယ်ပြန့် လွင့်မျောမှုရှိသည့် ခံစားမှုကို ပေးလေသည်။ သစ်ပင်ပန်းမန်အနီးမှာ တရားထိုင်ရသည်မှာ ထူးခြားမှု တစ်စုံတရာ ရှိသည်။

❖

ဟောမာန်အေးချမ်း ပန်းခင်းကိုရောက်တော့ (၈) နာရီအတိ။ အားလုံး ပြင်ဆင်ပြီးတော့ ပန်းချီဆွဲသည်။ ဒေစီပန်းတွေက သူမကို စကားပြောသည်။

"ငါတို့ဟာ မင်းတို့လူတွေလို
သက်ရှိတွေပါပဲ။
ငါတို့ဟာ ဘဝ သံသရာ တိုးတက်မှုမှာ
မင်းတို့ထက် နောက်ကျနေတာပဲ
ကွာပါတယ်။ ငါတို့ဟာ တစ်ချိန်ကျရင်
မင်းတို့လို လူတွေဖြစ်လာမှာပါ"

ဟောမာန် လန့်သွားသည်။ ပန်းတွေက သူ့ကို တကယ် စကားပြောတာလား။ အာရုံမှား၊ အကြားမှားတာလား ဝေခွဲမရပေ။ စိတ်ကို တည်ငြိမ်အောင် ထိန်းပြီး ဆက်ဆွဲသည်။ လေညှင်းလေးတွေက သူမ၏ဆံနွယ်တွေကို တလူလူ လွင့်ပျံ့နေစေသည်။

ငြိမ်းချမ်း အိမ်အပေါ်ထပ်ကနေ ဟောမာန်အေးချမ်းကို ရော၊ လက်ဖက်ရည်ဆိုင်တွင် တွေ့ခဲ့သော လူကိုပါ မြင်နေရသည်။ တစ်ယောက်က ပန်းချီဆွဲနေပြီး တစ်ယောက်က တရားထိုင်နေသည်။ အလွန် ကျက်သရေ ရှိလှပြီး လှပသည့်မြင်ကွင်း ဖြစ်သည်။

ငြိမ်းချမ်း သန့်ရှင်းရေးလုပ်နေရာမှ ခဏ ရပ်ကြည့်မိခြင်းဖြစ်သည်။ သန့်ရှင်း သပ်ရပ်ခြင်း၊ အမွှေးနံ့သာ ထုံမွှမ်းခြင်း၊ ခန္ဓာကိုယ်ရော စိတ်ပါ စင်ကြယ်ခြင်း၊ သက်ရှိ တိရိစ္ဆာန် သွေးသား၊ နို့ ဟူသည့် ရှောင်ကြဉ်ခြင်းတို့သည် ဂန္ဓာရီသမားများအဖို့ အခြေခံအချက်များဖြစ်သည်။

www.burmeseclassic.com


ငြိမ်းချမ်းသည် ကံတရားကို ပြောင်းလဲ စွက်ဖက်ရန်အတွက် သဘာဝ၏ တန်ခိုးသတ္တိများကို အသုံးပြုခြင်းဖြစ်သော အင်း၊ အိုင်၊ ခလှဲ့၊ လက်ဖွဲ့၊ ဓာတ်ရိုက်၊ ဓာတ်ဆင်၊ ဓာတ်တိုး၊ နတ်ကိုး၊ ပွဲထိုး ပူဇော်ပသခြင်းစသော လောကီပညာ အစီအရင်များကို အားမကိုး၊ အသုံးမပြုသော ဂန္ဓာရီသမားဖြစ်သည်။

ကျော်ခေါင် တရားထိုင်ရာမှ နိုးထလာသောအခါ ကျေးငှက်ကလေးတွေ အော်မြည်သံကို ကြားရသည်။ ကောင်းကင်ကြီးကို မော့ကြည့်ကာ တိမ်ကင်းစင်သော ကောင်းကင်ပြာကြီးကို မြင်ရသည်။ မြင်ရခဲ့စွာဖြင့် အပြာရင့်ရောင်မဟုတ်ဘဲ အပြာနုရောင်ကောင်းကင်ကို မြင်တွေ့ရသည်။

သူ့တရားထိုင်ခြင်းသည် လောကမှ ထွက်ပြေး လွတ်မြောက်ချင်၍ မဟုတ်။ လောကအလှကို ခံစားတတ်ရန် ဖြစ်သည်။ လောကအလှကို သူသိသည်။ လောကုတ္တရာအလှကို သိမြင်ရန် မခဲယဉ်းပါ။

❖

ဟေမာန် ပန်းချီပစ္စည်းတွေသိမ်းပြီးတော့ ပြန်ရန် ထလိုက်သည်။ အဲအချိန်မှာ သူမဘက်သို့ လျှောက်လာသော လက်ဖက်ရည်ဆိုင်တွင် တွေ့ခဲ့သည့်လူကို မြင်လိုက်ရသည်။ ကမန်းကတမ်း နာရီကို ကြည့်မိတော့ (၈)နာရီ၊ (၄၅)ဖြစ်နေသည်။

ပင့်သက်ကိုရှိုက်ပြီး စိတ်ညစ်ညူးစွာ ခေါင်းခါလိုက်မိသည်။ အဲဒီလူက သူမကို လှည့်တောင်မကြည့်ဘဲ အေးဆေးညင်သာစွာ ထွက်သွားသည်။ သူမ စဉ်းစားတွေဝေရင်း လျှောက်လှမ်းလာရာ လက်ဖက်ရည်ဆိုင်နားအရောက် ငြိမ်းချမ်းဆိုသည့်လူကို လက်ဖက်ရည်ဆိုင်ထဲတွင် တွေ့လိုက်ရသည်။ သူကလည်း သူမကို တွေ့သွားသည်။ ထိုင်ရာမှ ထလာပြီး -

"မဟေမာန်အေးချမ်း လက်ဖက်ရည် သောက်ပါဦး . . စကားပြောရင်းပေါ့"

သူမကလည်း ထိုလူနှင့် စကားပြောချင်စိတ်ရှိပါသည်။

www.burmeseclassic.com



ထို့ကြောင့် နှစ်ယောက်သား ထိုင်ဖြစ်ကြသည်။ ငြိမ်းချမ်းက -

"ကျွန်တော် ဟေမာန်အေးချမ်းကို တွေ့တယ် . . မနက်ဆိုရင် ပန်းခင်းထဲမှာ ပန်းချီဆွဲနေတာ"



"ဟုတ်တယ် . . မနက် (၈) နာရီဆိုရင် ကျွန်မ ပန်းခင်းထဲ ရောက်ပြီ"

"ဟေမာန်အေးချမ်းက အချိန်ကို တော်တော် လေးစားတယ် ထင်တယ်"

"ဟုတ်တယ် . . ကျွန်မက အချိန်ကို အရမ်း အလေးထားတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မရဲ့ကံကြမ္မာက အချိန်အပေါ် မှီတည်နေတယ်လို့ ယုံကြည်တယ်။ ဒါနဲ့ စကားမစပ် ကျွန်မကို ဟေမာန်လို့ပဲ ခေါ်ပါ"

"ကောင်းပါပြီ . . ဟေမာန်"

"ကိုငြိမ်းချမ်း . . ဂန္ဓာရီကျင့်စဉ်တွေကို ကျင့်နေပြီလား"

"ဟုတ်ကဲ့ . . တစ်ပတ်လောက် အိမ်ကို ပြုပြင်သန့်ရှင်းရတာနဲ့ မလုပ်ဖြစ်ဘူး။ အခုတော့ စလုပ်နေပါပြီ"

"ကိုငြိမ်းချမ်းက ဘာကို ကျင့်ကြံတာလဲ"

"ကျွန်တော့် ကျင့်စဉ်ကတော့ မေတ္တာ ကမ္မဋ္ဌာန်း ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မေတ္တာဓာတ်လှိုင်းတွေကို လူ့လောကထဲ ထုတ်လွှင့်နေတာပါ"

"ကျွန်မက ဂန္ဓာရီပညာဆိုလို့ ထူးထူးဆန်းဆန်း ထင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်း သဘောကျစွာ ပြုံးလိုက်မိသည်။ "လူတွေဟာ ဂန္ဓာရီပညာကို နားမလည်နိုင်သေးပါလား"လို့ တွေးမိသည်။

"မဟုတ်ပါဘူး။ ဂန္ဓာရီပညာဆိုတာ ရိုးရိုးကျင့်၊ မြင့်မြင့်ကြံ ဆိုတဲ့အတိုင်း ကျင့်ကြံနေထိုင်တာပါပဲ။ နက်နဲတဲ့ပညာတွေတော့ အများကြီး ရှိပါတယ်။ လူအထင်ကြီးအောင် လုပ်ပြတာတော့ ဂန္ဓာရီ ပညာမှာ မရှိပါဘူး။ ဟေမာန်က ကျွန်တော့်ကို စူဠဂန္ဓာရီသမား မှော် ဆရာနဲ့ရောပြီး တွေးလိုက်တယ် ထင်တယ်"

"ကိုငြိမ်းချမ်းကို အထင်သေးလို့ မဟုတ်ပါဘူး။ ကျွန်မက မှော်ဆရာနဲ့ မှော်အတတ်ကိုပဲ ကြုံဖူး၊ ကြားဖူးတော့ ဂန္ဓာရီပညာနဲ့ သွားရောပြီး တွေးမိတာပါ။ အဲဒီ မှော်အတတ်နဲ့ ဂန္ဓာရီအတတ် မတူ ဘူးလား"

"မတူဘူး . . တူတယ်လို့ ပြောရမှာပဲ။ ဂန္ဓာရီပညာဆိုတာ သစ်ပင်ကြီးဆိုရင် မှော်အတတ်က အကိုင်းအခက်တွေပဲ။ ဂန္ဓာရီ ပညာ တစ်ပိုင်းတစ်စကိုယူပြီး ကိုယ်ကျိုးရှာ၊ လုပ်စားသူတွေကြောင့် မှော်ဆရာ၊ မှော်အတတ်လို့ ပေါ်လာတာပါ"

"အင်း . . ရှင် ပြောမှပဲ သိတော့တယ်"

"ထားပါတော့ဗျာ . . ကျွန်တော် ဝါသနာပါတဲ့ အကြောင်း ပဲ ပြောနေရတယ်။ ခင်ဗျား ဝါသနာပါတဲ့ ပန်းချီအကြောင်းလေး လည်း ပြောပါဦး"

"ပန်းချီအကြောင်း ပြောရမယ်ဆိုရင် ဆရာကြီး ရိုးရစ်ချ်က စပြောရမှာပဲ။ ကျွန်မ အကြိုက်ဆုံး ပန်းချီဆရာကြီးလေ။ သူက အရောင်အသွေး ရွေးချယ်တာ ရဲရင့်တယ်။ မြင်းကို အပြာရောင် ရေးခြယ်တယ်။ တောင်ကို အနီရောင်၊ အဆောက်အဦတွေကို ရောင်စုံခြယ်တတ်တယ်။ (၁၉၆၁) ဧပြီလမှာ အာကာသထဲရောက် နေတဲ့ ဂါဂါရင်က အာကာသမှာ သူမြင်ခဲ့ရတဲ့ ရှုခင်းကို မှတ်တမ်း တင်တယ်"

"ကမ္ဘာမြေ ပတ်ဝန်းကျင်က ရောင်ခြည်တွေ ဖြာထွက်နေ တယ်။ မိုးကုတ်စက်ဝိုင်းဟာလည်း လိမ္မော်ရောင် တောက်နေ



www.burmeseclassic.com

www.burmeseclassic.com


တယ်။ နောက်တော့ အရောင်တွေဟာ တဖြည်းဖြည်းနဲ့ အားလုံးဟာ သက်တန့်ရင့်ရောင် ဖြစ်သွားတယ်။ အပြာနုကနေ အပြာရင့် ခရမ်းရောင်ကနေ အနက်ရောင်၊ ဒီအရောင်တွေရဲ့အလှကို ပြောမပြတတ်ဘူး။ ရိုးရစ်ချ်ရဲ့ပန်းချီကားကို ကြည့်ရသလိုပဲလို့ စာအုပ်ထဲမှာ ကျွန်မဖတ်ရတယ်"

"ခင်ဗျား . . သူ့ပန်းချီကားတွေထဲမှာ ဘယ်ပန်းချီကားကို အကြိုက်ဆုံးလဲ"

"တမန်တော်ဆိုတဲ့ ပန်းချီကားပဲ။ အဲဒီပန်းချီကားထဲမှာ တမန်တော်ရဲ့ အနောက်ဘက်မှာ ရေခဲဖုံးလွှမ်းနေတဲ့ တောင်ကြောကြီး ရှိတယ်။ အဲဒီတောင်ကြောဟာ ခပ်မှောင်မှောင် အခန်းတွင်းကို အလင်းတာတ်တွေ ဟပ်နေတယ်။ တစ်နည်းဆိုရရင် အလင်းတာတ်တွေသယ်ဆောင်လာတဲ့ တမန်တော်ကို အလင်းတာတ်နဲ့ အသားပေး ဖော်ပြတာဖြစ်တယ်"

"ကျွန်တော်တို့ သီအိုဆိုဖီအသင်းချုပ်မှာ တမန်တော် ပန်းချီကား ရှိတယ်"

သူမက အံ့သြသွားဟန်ဖြင့် -

"ဟုတ်လား . . ရှင်တို့ ဂန္ဓာရီသမားတွေနဲ့ သူတို့ ဘယ်လိုပတ်သက်လို့လဲ"

ငြိမ်းချမ်း သဘောကျစွာ နစ်နစ်ခြိုက်ခြိုက် ရယ်မောမိသည်။ သူမက မျက်မှောက်ကုတ်ပြီး ကြည့်နေသည်။ ငြိမ်းချမ်းက ရှင်းပြရသည်။

"ရိုးရစ်ချ်က ဂန္ဓာရီသမားပဲလေ။ ရှမ်းဗလား တမန်တော်လည်း ဖြစ်တယ်။ ဗုဒ္ဓဘာသာ သာသနာ့ပြုပုဂ္ဂိုလ်လည်း ဖြစ်တယ်"

သူမက သက်ပြင်းချသည်။

"ကျွန်မ . . အဲဒီလောက်တော့ သိသင့်တယ်။ ကိုယ်ကြိုက်တဲ့ ပန်းချီဆရာတစ်ယောက်ရဲ့ဘဝအကြောင်းကိုပေါ့"

ငြိမ်းချမ်းက သူမ စိတ်မကောင်းဖြစ်သွားသဖြင့် စကားလွှဲလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော်တို့ ဂန္ဓာရီပညာမှာလည်း အရောင်တွေအကြောင်း ရှိတယ်ဗျ။ ခင်ဗျား စိတ်ဝင်စားလား"

သူမက စိတ်ဝင်စားသွားသည်။

"ဟုတ်လား . . ပြောပြပါဦး"

"ဒီလိုဗျ . . စိတ်အခြေအနေပေါ် မူတည်ပြီး ခန္ဓာကိုယ်မှာ အရောင်တွေ ထွက်တဲ့အကြောင်းပါ။ စနစ်တကျ လေ့ကျင့်ထားတဲ့ ဂန္ဓာရီသမားတစ်ယောက်ဟာ အဲဒီအရောင်တွေကို မြင်နိုင်တယ်"

"အသေးစိတ် ပြောပါဦး"

"အသေးစိတ်ပြောရရင် . . အနက်ရောင်ဟာ မုန်းတီးခြင်းနဲ့ ငြူစူစိတ်ကို ဖော်ပြတယ်။ အနီရောင်အမှိုင်းကနေ ပန်းဆီရောင်ရဲရဲအထိ အနီရောင်ဟူသ၍ ဒေါသစိတ်ကို ဖော်ပြတယ်"

"ဉာဏ်ပညာရဲ့ အရောင်ကရော"

"အဝါအရင့်၊ အနု၊ အဝါရောင်အမျိုးမျိုးဟာ ဉာဏ်ပညာနဲ့ ဉာဏ်ပညာ ကျက်စားရာကို ဖော်ပြတယ်။ ဥပမာ- ညစ်ပုတ်ပုတ် အဝါရင့်ရောင်ဟာ ကိုယ်ကျိုးစီးပွားအတွက် အာရုံစိုက်တဲ့ ဉာဏ်ပညာ ထက်မြက်ကြီးမြင့်မှုကို ဖော်ပြတယ်"

"လူတစ်ယောက်ဟာ သူ့ ကိုးကွယ်ရာဘုရားကို တကယ်ယုံကြည်လေးစား ချစ်မြတ်နိုးရင် ဘာအရောင်ထွက်သလဲ"

"ကြည်ပြာရောင်သန့်သန့် (နေဗီဘလူး)အရောင် ထွက်တယ်"

"ဘေးအန္တရာယ်ကို ကြောက်လို့ . . ဒါမှမဟုတ် ကိုယ်ကျိုးစီးပွားအတွက် ကိုးကွယ်တာဆိုရင်ရော"

"ဘေးအန္တရာယ်ကို ကြောက်လို့ ကိုးကွယ်တာဆိုရင် မှိုညစ်ညစ် အပြာရောင် ထွက်တယ်။ ကိုယ်ကျိုးစီးပွားအတွက် ကိုးကွယ်တယ်ဆိုရင် ညိုမဲရောင်လွှမ်းနေတဲ့ အပြာရင့်ထွက်တယ်"

"ဒါဆိုရင် . . ဒီအရောင်တွေကို မြင်ရရင် လူတွေမှာ သူတို့ ဘယ်စိတ်တွေဖြစ်နေလဲဆိုတာ လိမ်လို့ မရတော့ဘူးပေါ့"

"သေချာတာပေါ့ဗျာ"


www.burmeseclassic.com

www.burmeseclassic.com


သူမက လက်ပတ်နာရီကို ကြည့်သည်။

"စကားပြောရတာ ကောင်းပါတယ် . . နောက်နေ့မှ တွေ့ကြတာပေါ့။ ကျွန်မ ပန်းခင်းကို မနက်တိုင်း လာပါတယ်"

"ဟုတ်ကဲ့ . . မနက်ဖြန် ခင်ဗျား ပန်းချီဆွဲပြီးရင် ဒီလက်ဘက်ရည်ဆိုင်ကိုပဲ လာခဲ့ပါ။ ကျွန်တော် ရှိနေမယ်"

သူမက အတွေးတစ်ခု ဝင်သွားဟန်ဖြင့်–

"ဘယ်အချိန် ရှိမှာလဲ"

သူက လေးလေးနက်နက် တစ်လုံးချင်း ဖြေလိုက်သည်။

"၈ နာရီ ၄၅"

သူမ မသိမသာ တုန်လှုပ်သွားသည်။ ကိုယ့်ကိုယ်ကို အချိန်မီ ထိန်းလိုက်ဟန်ဖြင့် ချက်ချင်း လှည့်ထွက်သွားသည်။ ငြိမ်းချမ်း ရင်ထဲတွင် ဟေမာန်အေးချမ်းကို ပြောပြချင်သော စကားများကို မြှုသိပ်ထားရသည်။ အချိန်မတိုင်သေးပေ။

❖

ဟေမာန်အေးချမ်းသည် ကျော်ခေါင်ကို သတိရနေသည်။ သူမကတော့ ကျော်ခေါင်ဆိုတဲ့ နာမည်ကို မသိတဲ့အတွက် "စာအုပ်နှင့် လူ"ဟု ရင်ထဲတွင် မှတ်သားထားသည်။ ထိုလူသည် "လောကသားတို့၏ အနိူင်းမဲ့ကျေးဇူးရှင်"စာအုပ်ကို ဖတ်သည့်လူဖြစ်သည်။

သူကိုယ်တိုင်ကရော လောကသားတို့၏ အနိူင်းမဲ့ ကျေးဇူးရှင် ဖြစ်အောင် ကြိုးစားနေပါသလား။ ထိုကဲ့သို့ သူမရင်ထဲတွင် မေးခွန်း ထုတ်မိသည်။ နောက်တစ်ချက် "စာအုပ်နှင့်လူ"သည် နာရီ မပတ်၊ မဆောင်တာကို သတိထားမိသည်။

သူသည် အလွန် လွတ်လပ် ပေါ့ပါးဟန်ရှိသည်။ မျက်နှာက ကြည်လင်သန့်စင်သည်။ ရှပ်အကျီနှင့် ပုဆိုးကို သပ်သပ်ရပ်ရပ် ဝတ်ဆင်သည်။ သူ့မှာ နာရီ၊ လက်စွပ်၊ ဆွဲကြိုးစသော အဆင်တန်ဆာ ဘာမှမရှိပေ။ အရေးကြီးဆုံးကတော့ ဒီလူသည် အချိန်ကို သုံးကြည့်သည့် လူဖြစ်ပါသလား။


www.burmeseclassic.com

www.burmeseclassic.com





ဟောမှာန် ရင်ထဲမှာ မောပန်းနွမ်း လျနေသည်။

ပန်းခင်းထဲကို ရောက်တော့ ထုံးစံအတိုင်း (၈)နာရီအတိ။ ပန်းချီဆွဲရန် ပြင်ဆင်ပြီး မဆွဲဖြစ်ဘဲ ငေး ငိုင်နေမိသည်။ ရာသီဥတု သာယာတာကြောင့်လည်း ပါသည်။ ထို အချိန်မှာပဲ ရုတ်တရက် အနောက်တိုင်း ဝတ်စုံဝတ်ဆင်ထားပြီး အရပ် မြင့်မြင့်နှင့် ပုဂ္ဂိုလ်တစ်ဦး သည် သူ့ရှေ့ ရောက်လာသည်။

ထိုပုဂ္ဂိုလ်၏အရှိန်အဝါသည် အလွန် ပြင်းထန်သည်။ သူမ ရင်တွေ တလှပ်လှပ် တုန်ခါသွားသည်။ ထိုပုဂ္ဂိုလ်က ဒါကို သိဟန် ဖြင့် သူမကိုယ်ကို ခပ်လှမ်းလှမ်းကနေ ဖေ့ရမ်းသပ်ချလိုက်သည်။ အဲဒီတော့မှ တုန်ခါနေတာ ပျောက်သွားသည်။ ထိုပုဂ္ဂိုလ်ကပဲ စတင် စကားဆိုသည်။

"သမီးဟာ ငါ့ရဲ့ဘဝအဆက်ဆက်က တပည့်ပဲ။ ဒီဘဝမှာ သမီး ဆက်လက်ကျင့်ကြံ ပါရမီဖြည့်ဖို့ မေ့လျော့နေတယ်။ ဒါကို ငါ လာသတိပေးတာ။ သမီး လောကအကျိုးဆောင်ရမယ်"

သူမက အံ့အားသင့်ပြီး မေးမိသည်။

"Master ရဲ့နာမည်က ဘယ်လိုခေါ်ပါသလဲ"

"ငါ့နာမည်က M "

ထိုပုဂ္ဂိုလ်က တစ်ခွန်းတည်းဆိုပြီး လှည့်ထွက်သွားသည်။ သူမကို ပြုံးပြ နှုတ်ဆက်သွားသည်။ ထိုပုဂ္ဂိုလ်၏ အပြုံးကို သူမ တစ် သက်မေ့လို့ရမည် မဟုတ်ပါ။

သူမ အံ့ဩမှုတွေနဲ့ ပန်းချီဆက်မဆွဲဖြစ်တော့ဘဲ ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com


သည်။ လမ်းထိပ် လက်ဖက်ရည်ဆိုင်နားရောက်တော့ လက်ဖက်ရည်ဆိုင်ထဲမှာ ငြိမ်းချမ်းကို တွေ့လိုက်ရသည်။ ငြိမ်းချမ်းက သူမကို လက်လှမ်းပြသည်။ သူမ ဝင်ထိုင်လိုက်သည်။ နာရီကြည့်မိတော့ ၈ နာရီ ၄၅ တိတိ။ သူမ ဖျတ်ခနဲ လမ်းပေါ်ကို ကြည့်မိတော့ စာအုပ်နှင့်လူသည် လက်ဖက်ရည်ဆိုင်ရှေ့က ဖြတ်လျှောက်သွားသည်။ သူမရင်ထဲတွင် အမျိုးအမည်မသိ၊ ဝေဒနာတစ်မျိုး ခံစားလိုက်ရသည်။

ငြိမ်းချမ်းက -

"ခင်ဗျား စိတ်ရှုပ်ထွေးနေတယ် ထင်တယ်"

အဲဒီတော့မှ ဟေမာန်အေးချမ်း သတိပြန်ဝင်လာသည်။

"ဟုတ်တယ် .. ကျွန်မ ခုနကပဲ ထူးထူးဆန်းဆန်း ကြုံတွေ့လာရတယ်"

ဟေမာန်က အသေးစိတ် ရှင်းပြလိုက်သည်။

"Master M ဆိုတဲ့ ပုဂ္ဂိုလ်ကို ခင်ဗျား တစ်ခါမှ မတွေ့ဖူးဘူးပေါ့"

သူမ တွေဝေသွားသည်။

"အဲဒီလိုတော့ မဟုတ်ဘူး .. ရင်းရင်းနှီးနှီး သိသလိုပဲ၊ အိပ်မက်ထဲမှာလား၊ ဘယ်မှာတွေ့ဖူးလဲ ခွဲခြားမရဘူး"

"သူ့ရုပ်ကို မှတ်မိလား"

"ဟင့်အင်း .. ကျွန်မဆိုလိုတာ ရုပ်ရည် မဟုတ်ဘူး။ အဲဒီပုဂ္ဂိုလ်ရဲ့ဓာတ်လှိုင်းကို ဆိုလိုတာပါ။ အဲဒီဓာတ်လှိုင်းကို ကျွန်မ ရင်းရင်းနှီးနှီးသိတယ်"

ငြိမ်းချမ်း အဖြေသိနေသောပုစ္ဆာကို သူများကို ပြောပြချင်သည့် စိတ်မျိုး ဖြစ်ပေါ်လာသော်လည်း အချိန်မတိုင်သေးပေ။ သွယ်ဝိုက်ပြီးတော့ အရိပ်အမြွက်ပြော့မည်လို့ စိတ်ကူးလိုက်သည်။

"ကျွန်တော်တို့ ဂန္ဓာရီပညာမှာ ဆရာရှင်နဲ့ ဓာတ်ဆက်တယ်ဆိုတာ ရှိတယ်။ အဲဒီလို ဓာတ်ဆက်မိရင် ခေါင်းအတွင်းမှာ တင်းကြပ်မှု ခံစားရတယ်။ တရိပ်ရိပ် ရီဝေဝေ ခံစားရတယ်။ မခံချိ မချိသာ ဝေဒနာ ဖြစ်တတ်တယ်။ ထူးခြားချက်ကတော့ ခေါင်းအတွင်းမှာ၊


www.burmeseclassic.com

www.burmeseclassic.com


ဒါမှမဟုတ် နလုံးသားမှာ အသံ / ဂီတသံစဉ်တွေကို ကြားရတတ်တယ်"

ဟေမာန် အံ့ဩသွားသည်။

"ကျွန်မဖြစ်နေတာတွေနဲ့ တူလိုက်တာရှင်"

ငြိမ်းချမ်း သဘောကျစွာ ပြုံးမိသည်။

"ဟေမာန် ဂီတသံစဉ်တွေကိုရော ကြားလား"

"ကြားတယ် . . ဒါပေမယ့် တစ်နေရာရာက ဖွင့်ထားလို့ ကြားနေရတာလို့ ထင်မိတယ်"

"နောက်တော့ ဘာထူးခြားတာ ကြားသေးလဲ"

သူမ စဉ်းစားသွားသည်။

"ဟုတ်ပြီ . . ဒေဝီပန်းတွေက ကျွန်မကို စကားပြောတယ်"

ဒီတစ်ခါကျတော့ ငြိမ်းချမ်း အံ့ဩရမည့်အလှည့်ဖြစ်သည်။

"ဟုတ်လား . . ဘာတွေပြောသလဲ"

"သူတို့က ဘဝသံသရာခရီးမှာ နောက်ကျနေတာတဲ့။ တစ်ချိန်ကျရင် သူတို့ဟာ လူတွေဖြစ်လာမှာပါလို့ ပြောတယ်"

ငြိမ်းချမ်း ထိုအမျိုးသမီး၏ ပါရမီကို လက်ဖျားခါသွားသည်။ သူက ဆင့်ကဲဖြစ်စဉ်ကို သင်ကြားလေ့လာပြီးမှ သိရသည်။ ထိုအမျိုးသမီးကျတော့ သဘာဝတရားကတောင် စကားဆိုပြီး အသိပေးလေပြီ။ ငြိမ်းချမ်းမှ စတင်၍ စကားပျိုးထားချိန် ရောက်ပြီဖြစ်သည်။

"ဟေမာန်က အချိန်ကို အလေးအနက်ထားတယ်နော်"

"ဟုတ်ပါတယ် "

"ဒါဆိုရင် ကာလစက်နိယာမကို သိလား"


သူမ အလွန် စိတ်ဝင်စားသွားဟန်ဖြင့် မျက်လုံးတွေ ဝင်းလက်တောက်ပသွားသည်။

"ကျွန်မကို ပြောပြပါ"

"လူ့လောကတစ်ခုလုံးဟာ ကာလစက်နိယာမနဲ့ လွတ်


www.burmeseclassic.com

www.burmeseclassic.com

တယ်လို့ မရှိဘူး။ သက်ရှိ သက်မဲ့၊ အတွင်းအပြင် သဘာဝအားလုံးဟာ ကာလစက်နိယာမရဲ့ လွှမ်းမိုးခြယ်လှယ်မှုအရ လှုပ်ရှားနေကြရတယ်"

"ထပ်ရှင်းပြပါဦး"

"စပင်ဂဲလားက လူ့လောကရဲ့ ယဉ်ကျေးမှုနဲ့ လူ့အဖွဲ့အစည်းကြီးဟာ ပလူတိုဂြိုဟ် တစ်ပတ်လည်သော (၂၄၈)နှစ်လျှင် တစ်ကြိမ် ပြောင်းလဲတယ်လို့ ဆိုတယ်။ နယူတန်ကတော့ နှစ်ပေါင်း(၂၅၀)လျှင် တစ်ကြိမ်၊ လူ့လောကကြီးပြောင်းလဲနေတယ်လို့ ဆိုတယ်"

"နည်းနည်းလောက် ထပ်ပြောပါဦး"

ငြိမ်းချမ်း ရေနွေးတစ်ငုံလောက် သောက်လိုက်သည်။ ဟေမာန် စိတ်ဝင်စားစွာဖြင့် နားစွင့်နေသည်။

"စိတ်ပညာရှင်တွေနဲ့ စိတ်ခွဲပညာရှင်တွေကတော့ လူတွေရဲ့ ဇီဝကမ္မပြောင်းလဲမှုမှာ (၂၃)ရက်တွင် တစ်ကြိမ်၊ အာရုံခံစားမှုပြောင်းလဲမှုမှာ (၂၈)ရက်လျှင် တစ်ကြိမ်၊ စိတ်ဓာတ်ပြောင်းလဲမှုမှာ (၂၈)ရက်လျှင် တစ်ကြိမ် ဖြစ်တယ်လို့ ဆိုတယ်။ အဲဒီ ပြောင်းလဲမှုတွေကို (Bio Rythm) ဇီဝနရီ (သို့) ဇီဝကာလစက်လို့ ခေါ်ကြတယ်"

"ကံတရားနဲ့ ကာလစက်နိယာမနဲ့ ဘယ်လို ပတ်သက်မှုရှိသလဲ"

"ကံတရားဆိုတာ ကာလစက်နိယာမရဲ့အစိတ်အပိုင်းတစ်ခုပဲ။ "အဟောသိကံ"ဆိုတဲ့ စကားရှိတယ်။ ကံကြမ္မာတစ်ခုက သတ္တဝါတစ်စုံတစ်ယောက်ကို အကျိုးပေးဖို့ အချိန်စောင့်ရတယ်။ အချိန်ကာလလွန်သွားရင် အဟောသိကံဖြစ်သွားတယ်။ အကျိုးပေးခွင့် မရှိတော့ဘူး"

www.burmeseclassic.com


ဟေမာန်အေးချမ်း ငြိမ်သက်သွားသည်။ အလေးအနက် စဉ်းစားနေပုံရသည်။ ခဏကြာမှ -

"ကျွန်မ စိတ်ထဲမှာ ခံစားထင်မြင်တဲ့ အယူအဆတစ်ခု ရှိတယ်။ အဲဒီ အယူအဆကို ကျွန်မ ငယ်ငယ်လေးကတည်းက စွဲလမ်းနေမိတယ်"

"ပြောပါ . . ဟေမာန်"

"အဲဒီ အယူအဆကတော့ ကျွန်မတို့ဟာ ဘဝမှာ ဖြစ်ပြီးသားတွေ ထပ်ဖြစ်နေတယ်လို့ ခံစားရတယ်။ ဥပမာဆိုရင် လမ်းတစ်လမ်းကို ရောက်တယ်ဆိုပါတော့။ ဒီလမ်းကို ဘယ်တုန်းကမှ မရောက်ဖူးဘူး။ ဒါပေမယ့် ရောက်ဖူးသလို ခံစားရတယ်။ လမ်းတွေကို သိနေတယ်။ ဘယ်သွားရင် ဘယ်ကချိုးရင် ဘယ်ရောက်မယ်ဆိုတာ သိနေတယ်"

"အဲဒါ ဘာကြောင့်လဲ . . သိလား"

သူမ ခေါင်းခါသည်။ ငြိမ်းချမ်း အဖြေပေးလိုက်သည်။

"အဲဒါ သတိအားကောင်းလာလို့ ဖြစ်လာတာ။ သံသရာစက်ဆိုတဲ့ စကားရှိတယ်။ ထပ်ခါ ထပ်ခါ လှည့်ပတ်နေတဲ့အရာကို "စက်"လို့ ခေါ်ကြတယ်။ သံသရာစက်ဆိုတာ ဘဝတွေမှာ ထပ်ခါထပ်ခါကျော့ပြီး ဖြစ်ပျက်နေတာကို ဆိုလိုတယ်။ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ ဗြဟ္မာ ဖြစ်လိုက်၊ အပါယ်ဘဝခန္ဓာ ဖြစ်လိုက်နဲ့ ကျွန်တော်တို့ဟာမဖြစ်ဘူးတာ မရှိတော့ဘူး"

"သတိ အားကောင်းလာတဲ့အခါမှာတော့ အဲဒီလို သံသရာမှာ ထပ်ခါထပ်ခါ ဖြစ်ပျက်နေတာကို သတိထားမိလာတယ်။ ခင်ဗျားကြုံတွေ့သိနေတဲ့အရာကတော့ အနစား သတိထားမိခြင်းပေါ့ဗျာ"

သူမ သူ့စကားတွေကို ကျေနပ်သွားဟန်ဖြင့် ခေါင်းငြိမ့်သည်။ ပြီးတော့ ပြောသင့်၊ မပြောသင့် ချိန်ဆစဉ်းစားနေဟန်ဖြင့် ခဏကြာ ငြိမ်သက်သွားသည်။ မနက်ခင်းကား အလွန် လှပနေသည်။ နေရောင်ခြည်သည် ကြေးနီရောင်အသွေး သန်းနေသည်။

သစ်ပင်များ၊ ချုံပုတ်များသည် ခါတိုင်း မြင်နေကျပေမယ့်


www.burmeseclassic.com

www.burmeseclassic.com




ယခုအခါတွင် အလွှန်လုပ ရှုမငြီးဖြစ်နေသည်။ တကယ်တော့ သတ္တဝါတိုင်း၊ အရာဝတ္ထုတိုင်းသည် အလင်းတွေ ထုတ်လွှင့်နေပါသည်။ မမြင်ရတာသာ ရှိသည်။ သူမ တိတ်ဆိတ်နေရာမှ ဖြေးညှင်းစွာ စကားဆိုသည်။

"ကျွန်မ ယုံကြည်နေတာ တစ်ခုရှိတယ်။ အဲဒါက မနက်ခင်း ၈ နာရီ ၄၅ မှာ ကျွန်မ ချစ်သူနဲ့ တွေ့ရမယ်လို့ ခံစားယုံကြည်နေမိတယ်"

ငြိမ်းချမ်း ဖြေရှင်းရမည့်အချိန်သို့ ရောက်ချေပြီ။

"မနက်ခင်း (၈)နာရီ၊ (၄၅)ကတော့ ဟုတ်ပါပြီ . . ဘယ်နေ့၊ ဘယ်ရက်လဲ အတိအကျသိလား"

သူမ ခေါင်းခါသည်။ ငြိမ်းချမ်း . . ဒီနေရာမှာတော့ ကြွားတာမဟုတ်ဘဲ တန်ခိုးပြရတော့မည်။

"ကျွန်တော့်ကို ယုံပါ။ ကျွန်တော် ပြောပြမယ်"

သူမက မျက်လွှာပင့်ကြည့်သည်။ သူက သူမ၏မျက်လုံး တည့်တည့်ကို စိုက်ကြည့်ပြီး ပြောသည်။

(((( ကျွန်တော့်ကို ယုံပါ ))))
(((( ကျွန်တော် ပြောပြမယ် ))))
(((( ကျွန်တော့်ကို ယုံပါ ))))
(((( ကျွန်တော် ပြောပြမယ်))))
(((( ကျွန်တော့်ကို ယုံပါ ))))
(((( ကျွန်တော် ပြောပြမယ် ))))

သူမ မျက်လုံးဖွင့်လျက်သားနဲ့ အဆင့်မြင့် ညို့ချက်ကို


www.burmeseclassic.com

www.burmeseclassic.com


မိသွားသည်။ သူမကို အတိတ်ဘဝသို့ ခေါ်ဆောင်သွားပေးလိုက်သည်။ စာအုပ်နှင့်လူသည် အတိတ်ဘဝ (ပြီးခဲ့သည့် ဘဝက) သူမ၏ ချစ်သူဖြစ်သည်။ သူတို့ တစ်ယောက်ကိုတစ်ယောက် အလွန်ချစ်ကြသည်။

သူတို့၏ အချစ်လမ်းခရီးသည် ဖြောင့်တန်း ချောမွေ့သော်လည်း မထင်မှတ်ဘဲ ကြမ္မာဆိုး ဝင်လာသည်။ သူတို့နှစ်ယောက်ကားနှင့် ခရီးသွားရင်း ချစ်ကြည်စယ်လာရာ ကုန်တင်ကားကြီးနှင့် ဝင်တိုက်မိသည်။ နှစ်ယောက်စလုံး ချက်ချင်း သေဆုံးသွားကြသည်။ အချိန်ကား ၁၉၈၅၊ ဧပြီလ ၄ ရက် မနက်ခင်း (၈)နာရီ၊ (၄၅)ဖြစ်၏။

သူမ -

"အား! . ."

ကနဲ အသံကုန်ဟစ်၍ အော်သည်။

ဘေးပိုင်းမှ လူများက ထကြည့်ကြသည်။ သူက လက်ဖြင့်ဖေ့ရမ်း၍ တားလိုက်သည်။ သူ့အရှိန်အဝါကြောင့် ထိုသူတွေပြန်ထိုင်သွားကြသည်။ သူက ရေသန့်တစ်ဘူး မှာလိုက်ပြီး ရေနည်းနည်းကို ဖန်ခွက်ထဲသို့ ထည့်လိုက်သည်။ သူမ နာမည်ခေါ်ပြီး ထိုရေဖြင့် တောက်လိုက်သည်။

(((( ဟေမာန်အေးချမ်း ))))

(((( ဟေမာန်အေးချမ်း ))))

(((( ဟေမာန်အေးချမ်း ))))

သူမ မျက်တောင် ပုတ်ခတ်၊ ပုတ်ခတ်လှုပ်ကာ သတိဝင်လာသည်။ ငြိမ်းချမ်း ရေသန့်ဘူးကို ကမ်းပေးလိုက်သည်။

"ရော့ . . ရေအဝ သောက်လိုက်"

သူမက တုန်လှုပ်စွာဖြင့် ရေကို တရှိန်ထိုး မော့သောက်လိုက်သည်။ ရေသောက်ပြီးမှ ကိုယ့်ကိုယ်ကို ထိန်းချုပ်သွားနိုင်ဟန် ရှိသည်။

"အခု ခင်ဗျားသိပြီ မဟုတ်လား"

သူမ ဝမ်းနည်းသောလေသံဖြင့် -


www.burmeseclassic.com

www.burmeseclassic.com




"ဟုတ်ကဲ့ . . ကျွန်မ သိပါပြီ"

"ခင်ဗျား . . ဘာဆက်လုပ်မလဲ"

"ကျွန်မ မသိဘူး . . ကျွန်မကို အကြံဉာဏ်ပေးပါ"

ငြိမ်းချမ်း၏တာဝန်ကို အဆုံးသတ်ပေတော့မည်။

"သူ့နာမည်က ကျော်ခေါင်လို့ ခေါ် တယ်"

"ကျော်ခေါင် . . ဟုတ်လား!. ."

သူမ သူ့ချစ်သူ၏ နာမည်ကို သိလိုက်ရ၍ ဝမ်းသာသွားဟန် ရှိသည်။

"ဟုတ်တယ် . . သူဟာ အစတုန်းကတော့ မင်းနဲ့ ချစ်သူတွေ အဖြစ် ပြန်ဆုံမလို့ပဲ။ ဒါပေမယ့် . . ဒီဘဝမှာတော့ သူ့ရည်ရွယ်ချက်တွေ ပြောင်းလဲသွားပြီ"

"ဘယ်လို ပြောင်းလဲသွားတာလဲ"

"သူဟာ ဒီဘဝမှာ လောကအကျိုး ဆောင်ရွက်ချင်စိတ်တွေ ထက်သန်နေတယ်။ ဦးရွှေအောင်ရဲ့ လောကသားတို့၏ အနှိုင်းမဲ့ ကျေးဇူးရှင် စာအုပ်ကို ဖတ်လိုက်ရပြီးနောက်ပိုင်း သူ ဘုရားဆုပန်လိုက်တယ်။ ဒါကြောင့် ခင်ဗျားနဲ့ သူနဲ့ရှိတဲ့ ရေစက်ပြတ်တောက်သွားပြီ"

"ဘာကြောင့်လဲ"

"ဘာကြောင့်လဲဆိုတော့ သူဟာ လောကသားများကို ရှေ့ရှု

www.burmeseclassic.com




နေတယ်။ ခင်ဗျားကတော့ အတ္တသက်ဟာကို ရှေ့ရှုနေတယ်။ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတယ်"

"ဒါဆိုရင် ကျွန်မ ဘာလုပ်ရမလဲ"

"ခင်ဗျားကို ခင်ဗျားဆရာ လာပြောသွားပြီပဲ။ လောကအကျိုးဆောင်လုပ်ငန်းကို လုပ်ပေါ့။ အဲဒီလိုလုပ်ရင် ခင်ဗျား သူနဲ့ပြန်ဆုံရလိမ့်မယ်"

သူမသည် ဉာဏ်ရည်ထက်မြက်သည့် အမျိုးသမီးဖြစ်သည်။ ချက်ချင်း နားလည် သဘောပေါက်သွားသည်။

"ကျွန်မကိုကူညီတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်"

"ရပါတယ် . . ဂန္ဓာရီသမားဆိုတာ လူတွေကို ကူညီဖို့ဘဝမှာ ရပ်တည်ရှင်သန်နေတာပါ"

❖

မနက်စောစော ကျော်ခေါင် တရားထိုင်နေကျ ဒေစီပန်းခင်းကို ရောက်လာသည်။ စိတ်ငြိမ်အောင် ဒေစီပန်းတွေကို ကြည့်ပြီး ခန္ဓာကိုယ်ရော၊ စိတ်ပါ ဖြေလျော့နေသည်။ ဒိဋ္ဌဓမ္မလောကနှင့် ကင်းကွာပြီး အိပ်မက် စိတ်ကူးယဉ်လောကတွင် နေသူသည် ဘာဝနာပွားခြင်းဖြင့် အကျိုးမရှိပေ။

စိတ်ပိုင်းဆိုင်ရာ အဆင့်မှီသူသာ ဘာဝနာ ပွားသင့်သည်။


www.burmeseclassic.com

www.burmeseclassic.com



ဆိုသို့ ကျော်ခေါင် နားလည်ထားသည်။ စိတ်ငြိမ်သွားသည့် အချိန်မှာ ဒေစီပန်းတွေက သူ့ကို စကားပြောသည်။

"မင်း ငါတို့ကို ကူညီပါ၊
မင်း ငါတို့ကို ကူညီနိုင်ပါတယ်။
ဘယ်လိုကူညီရမလဲဆိုတော့
ငါတို့ကို အမြန်တိုးတက်ပါစေလို့
မေတ္တာပို့ပေးပါ"

ကျော်ခေါင် ဒေစီပန်းတွေပြောသည့်အတိုင်း ဒေစီပန်းတွေကို မေတ္တာပို့ပေးနေသည်။

"အမြန် တိုးတက်ပါစေ"

မေတ္တာစိတ်ဖြင့် ငြိမ်းချမ်းသော ကမ္ဘာလေးကို ကျော်ခေါင် ရောက်ရှိသွားသည်။ တရားထိုင်ပြီးလို့ ပြန်ရန် ထလိုက်သောအခါ ချောမောလှပတဲ့ အမျိုးသမီးတစ်ယောက် သူ့ဆီ လျှောက်လှမ်းလာသည်။ သူမက သူ့ကို ပန်းချီကားတစ်ချပ်ပေးသည်။ ပြီးတော့ လျှင်မြန်စွာ ထွက်ခွာသွားသည်။

ပန်းချီကားကို ကြည့်မိတော့ ဒေစီပန်းတွေကြားထဲမှာ တရားထိုင်နေသည့် သူ့ပုံကို ရေးဆွဲထားခြင်း ဖြစ်သည်။

အောက်ခြေတွင် -

"ပါရမီ ဖြည့်ဖက် ဖြစ်ပါရစေ"

ဆိုသည့် စာတမ်းလေး ပါနေသည်။

ကျော်ခေါင် ရင်ထဲတွင် နွေးထွေးပျံ့ကြည်နူးသွားသည်။ တစ်စုံတရာကို သတိရသွားသလို ရှိသည်။ သို့သော် ထိုအရာကို ခေါင်းထဲက မောင်းထုတ်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် သူသည် လောကသင်္ဂဟကို ရှေးရှု၍ လျှောက်ဖုံ့မှန်းနေသူ မဟုတ်ပါလား။

အောင်ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com


# ခရီးသွားခြင်းဆိုင်ရာ အခါပေးနည်းလမ်း



လူသည် အကြောင်းအရာအမျိုးမျိုးကြောင့် ခရီးယာယီ သွားလာရမှုများ ရှိသည်။ အမှုမဲ့၊ အမှတ်မဲ့သွားလျှင် အကြောင်း ကိစ္စလွဲချော်ခြင်း၊ အဆင်မပြေခြင်းများ ဖြစ်ရသည်။ စဉ်းစားဆင်ခြင်၍ သင့်တော်မှသွားလာခြင်းက ပို၍ ကောင်းမွန်သည်။

မသင့်သောအရပ်ကိုသွားလာခြင်းသည် ဘေးအန္တရာယ်နှင့် ကြုံတွေ့ရတတ်သည်။ မွေးနေ့ ခရီးသွားရှောင်ရှားခြင်း၊ တနင်္လာ နေ့ ခရီးသွားရှောင်ခြင်းများ ရှိသည်။ အခါမေးခြင်း၊ အရပ်ဒေသ သင့်၊ မသင့်များမေးစမ်းလေ့လာ၍ သွားခြင်းသည် အန္တရာယ် ကင်း၊ ဘေးရှင်း အကြံအောင်သည်များမှာ စံနာမူနာပြစရာ သမိုင်းဖြစ်ရပ် များရှိပါသည်။

သက္ကရာဇ် (၉၆၇)ခုနှစ်တွင် အင်းဝဘုရင်မင်းကြီး မင်းခေါင် သည် ဒလမြို့(တလမြို့) တလိုင်းမင်းနှင့် စစ်ဖြစ်လေသည်။ ဘုရင် မင်းခေါင်က သားတော်မင်းရဲကျော်စွာ စစ်မထွက်မီ၊ ပုဏ္ဏားတော် များ၊ ဗေဒင်ပညာရှိများ၊ မှူးကြီးမတ်ကြီးများကိုပါ အခါတော်ပေး


www.burmeseclassic.com

www.burmeseclassic.com





ရန် မေးမြန်းလေသည်။

ဗေဒင်ပညာရှိများနှင့် ပုဏ္ဏားတော်ကြီးများက အခါပေး လျှောက်တင်သည်မှာ -

"ယခုစစ်ချီမည့်အချိန်အခါတွင် သားတော်မင်းရဲကျော်စွာ သည် သက်တော်က နှစ်ဆယ့်ခြောက်နှစ်ဖြစ်ပါသဖြင့် စစ်ချီတိုက် ခိုက်ပါလျှင် အထူးအောင်ပွဲခံရပြီး မုချနိုင်သောပွဲဖြစ်ပါသည်၊ မင်းကြီး . ." ဟု လျှောက်တင်ကြသည့်အတိုင်း တလိုင်းတို့ကို နိုင် လိုက်လေသည်။

ဒုတိယအကြိမ်စစ်ချီရန်အကြောင်းတစ်ဖန် ဖြစ်ပေါ်လာခဲ့ ပြန်သည်။ ထိုစဉ်က မင်းရဲကျော်စွာ၏ အသက်သည် (၃၁)နှစ်ဖြစ် သည်။ ဘုရင်မင်းခေါင်သည် ရဟန်းပညာရှိများ၊ ပုဏ္ဏားတော်ကြီး များ၊ ဗေဒင်ပညာရှိများကိုပါ အခါတော်ပေး၍ တွက်ချက်ခိုင်းလေ သည်။ ရဟန်းပညာရှိများ၊ ပုဏ္ဏားတော်ကြီးများနှင့် ဗေဒင်ပညာရှိ တို့ကပါ မင်းရဲကျော်စွာ စစ်ချီရမည့်အရပ်သည် တောင်ဘက်အရပ် ဖြစ်နေပါသဖြင့် -

"မှန်ပါ . . မင်းကြီး၊ ယခုအခါသည် သားတော်၏အသက် သည် သုံးဆယ်စွန်း၍ တစ်နှစ်ဖြစ်ခြင်း၊ တောင်အရပ်ဒေသကို စစ် ချီရန် မသင့်ကြောင်းပါ . . ဘုရား" ဟု အားလုံးက တညီတညွတ်တည်း လျှောက်တင်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com




သို့သော် မင်းတို့၏မာန်နှင့် ရရှိဖူးသော အောင်ပွဲကြောင့်ရော၊ မင်းပျိုမင်းလွင်ဖြစ်သည့်အလျောက်၊ အခါတော်ပေးတို့၏ လျှောက်တင်စကားကို အလေးဂရုမပြု မနာယူဘဲ စစ်ချီလေသည်။ ဖခမည်းတော် ဘုရင်မင်းခေါင်က စိတ်ပူပန်မှုဖြစ်၍ အခါတော်ပေးများ၊ ဗေဒင်ပညာရှိများ၊ မှူးကြီးမတ်ရာများနှင့် တိုင်ပင်ဆွေးနွေး မေးမြန်းလေရာ–

"မှန်ပါ . . မင်းကြီး၊ သားတော်သည် ထိုခရီးမှ ပြန်လာနိုင်စရာ မရှိပါ. .ဘုရား" ဟု လျှောက်တင်လျှင် ဘုရင်မင်းခေါင်သည် လွန်စွာ အမျက်ထွက်၍ ထိုမှူးမတ်နှင့် ပုဏ္ဏားတော်များ၊ ဗေဒင်ပညာရှိများကိုပါ –

"သင်တို့အခါပေး၊ ဟောပြောချက်မှန်လျှင် မှန်၊ မမှန်လျှင် လွဲချော်ခဲ့သော်၊ သင်တို့အား ရေတွင်နှစ်၍ သတ်စေ" ဟု အမိန့်တော်ထုတ်ပြန်ထားပြီး ဗေဒင်ပညာရှိများ၊ ပုဏ္ဏားတော်ကြီးများ၊ မှူးမတ်တချို့ကို နောက်ထပ်မေးမြန်း ဆွေးနွေးခြင်းမပြုဘဲ ခစား၍ နေစေလေသည်။

သားတော်မင်းရဲကျော်စွာထံသို့ ခြေမြန်တော်ရဲမက်တို့ကို လွှတ်၍ အားပေးစကားပါးလေသည်။ မင်းရဲကျော်စွာကလည်း ဖခမည်းတော်က အားပေးအားမြှောက်စကားကြောင့် အထူးရဲတင်းစွာဖြင့် စစ်ရေးကို အတင်းပင် ထိုးဖောက်တိုက်ခိုက်လေသည်။

တလိုင်းမင်း(ဒလမင်း)နှင့် မျက်နှာချင်းဆိုင်တွေ့စဉ်၌ ဒလမင်း၏လှံချက်က နံကြားကို ထိုးမိပြီး စီးတော်ဆင်ပေါ်မှ ကျလေသည်။ တလိုင်းရဲမက်များက ဖမ်းဆီး၍ ဒလမင်း၏ရှေ့မှောက်သို့ ခေါ်ဆောင်

www.burmeseclassic.com

www.burmeseclassic.com




သွားကြရာ၊ ဒလမင်းက -

"တူတော်မောင် . . စိတ်မပူလေနှင့်။ အနာရောဂါပျောက်အောင် ဘကြီးတော်ဆေးဝါးများကုသပေး၍ နေပြည်တော်ကို ရောက်အောင် ပြန်ပို့ဆောင်ပေးမယ်"

ဒလမင်းကြီးက မင်းရဲကျော်စွာကိုပြောဆိုမိန့်ပေမယ့် ကျေးဇူးတော်အတင်မခံလိုသော မင်းဗျိုမာန်နှင့် -

"ရှုံး၍ သေရခြင်းကိုပဲ လိုပါတယ်၊ ဆေးဝါးမကုပါနဲ့ . . ဘကြီးတော်"ဟု ပြောပြီး အသေခံခဲ့လေသည်။ မင်းရဲကျော်စွာ စစ်ပွဲတွင်ကျဆုံးကြောင်းကို နေပြည်တော်မှ ဘုရင်မင်းခေါင်ထံသို့ ခြေမြန်တော်သတင်းရောက်လာသည်တွင် ဘုရင်မင်းခေါင်သည် သားတော်အတွက် များစွာယူကြုံးမရဖြစ်လေသည်။

မှူးမတ်များ၊ ပုဏ္ဏားစော်များ၊ ဗေဒင်ပညာရှိများက ဝိုင်းဝန်း နစ်သိမ့်ဖြောင့်ဖြတော့မှ စိတ်ဖြေ၍ ဗေဒင်ပညာရှိ၊ ပုဏ္ဏားတော်ကြီးများကို ဝန်ချတောင်းပန်ပြီး အထူးပူဇော်ကာ ပညာရပ်များအတွက်ပါ ဂုဏ်ထူးပြုပြီး ပူဇော်ထော်ပနာပြုလေသည်။

ထိုသည်ကိုအကြောင်းပြု၍ အခါမေးခြင်း၊ ဗေဒင်တွက်ခြင်းများပြုပြီး ဟောချက်နှင့်ရရှိသောအဖြေကို အလေးဂရုမပြုခြင်းကြောင့် မင်းငယ်မင်းရဲကျော်စွာမှာ စစ်မြေတွင် ကျဆုံးရခြင်းဖြစ်သည်ကို နာမူနာယူ၍ အခါမေး တွက်ချက်ကြည့်မိလျှင် သတိနှင့်

www.burmeseclassic.com

www.burmeseclassic.com





ယှဉ်၍ ဆင်ခြင်သွားလာပါက ဘေး
အန္တရာယ်ကင်း၍ လိုရာခရီးရောက်
ပြီး အောင်မြင်ပါလိမ့်မည်။

ဒါကြောင့် ခရီးယာဉ်
သွားသင့်၊ မသွားသင့်တို့ကို အရပ်
ရွေးခြင်း၊ တွက်ချက်ကြည့်နည်းမှာ
ကား . .

* အကြွင်း(၁)ရလျှင်
အရှေ့စူးစူးအရပ်ကို သွားရန်မသင့်
ပါ။

* အကြွင်း(၂)ရလျှင်
အရှေ့မြောက်ထောင့်အရပ်ကို သွား
ရန် မသင့်ပါ။

* အကြွင်း(၃)ရလျှင် မြောက်စူးစူးအရပ်ကို သွားရန် မသင့်
ပါ။

* အကြွင်း(၄)ရလျှင် အနောက်မြောက်ထောင့်အရပ်ကို
သွားရန် မသင့်ပါ။

* အကြွင်း(၅)ရလျှင် အနောက်စူးစူးအရပ်ကို သွားရန်
မသင့်ပါ။

* အကြွင်း(၆)ရလျှင် အနောက်တောင်ထောင့်အရပ်ကို
သွားရန် မသင့်ပါ။

* အကြွင်း(၇)ရလျှင် တောင်စူးစူးအရပ်ကို မသွားသင့်ပေ။

* အကြွင်း(၈)ရလျှင် အရှေ့တောင်ထောင့်အရပ်ကို
မသွားသင့်ပေ။

◆(၁) ကြွင်းသမားသည် အရှေ့စူးစူးအရပ်ကို (၄၉)နှစ်
အထက်တွင် သွားသင့်ပြီး အကျိုးပေးကောင်းသည်။

◆(၂) ကြွင်းသမားသည် အရှေ့မြောက်ထောင့်အရပ်ကို



www.burmeseclassic.com

www.burmeseclassic.com




(၅၀) နှစ်အထက်တွင် သွားသင့်ပြီး အကျိုးပေးကောင်းသည်။

◆(၃) ကြွင်းသမားသည် မြောက်စူးစူးအရပ်ကို (၅၁) နှစ် အထက်တွင် သွားသင့်ပြီး အကျိုးပေးကောင်းသည်။

◆(၄) ကြွင်းသမားသည် အနောက်မြောက်ထောင့် အရပ်ကို (၅၂)နှစ်အထက်တွင် သွားသင့်ပြီး အကျိုးပေးကောင်းသည်။

◆(၅) ကြွင်းသမားသည် အနောက်စူးစူးအရပ်ကို (၅၃)နှစ် အထက်တွင် သွားသင့်ပြီး အကျိုးပေးကောင်းသည်။

◆(၆) ကြွင်းသမားသည် အနောက်တောင်ထောင့်အရပ် ကို (၅၄)နှစ်အထက်တွင် သွားသင့်ပြီး အကျိုးပေးကောင်းသည်။

◆(၇) ကြွင်းသမားသည် တောင်စူးစူးအရပ်ကို (၅၅)နှစ် အထက်တွင် သွားသင့်ပြီး အကျိုးပေးကောင်းသည်။

◆(၈) ကြွင်းသမားသည် အရှေ့တောင်ထောင့်အရပ်ကို (၅၆)နှစ်အထက်တွင် သွားသင့်ပြီး အကျိုးပေးကောင်းသည်။

လူတစ်ဦးတစ်ယောက်ချင်းစီအတွက် အခါပေးခြင်းတွင် အသက်နှင့်တွက်ချက်ရသော ခရီးဖွားယီသွားသင့်၊ မသင့်တွက် နည်းပင် ဖြစ်သည်။

စိုးယဉ်ထွန်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဘဝသစ် တွက်တာ


တင့်ထူး (ဧရာဝတီ)



www.burmeseclassic.com

www.burmeseclassic.com





"ဟဲ့.. ညီမတို့
ဘာကြောင့် အသံတွေထွက်ပြီး
ငိုနေကြရတာလဲကွယ်၊
တော်တော်ကြာ.. လူမမာအမေ
ပိုပြီး စိတ်မကောင်း
ဖြစ်နေပါ့မယ်ကွယ့်၊
ဒီလို အခြေအနေမျိုးမှာ အမေ့ကို
သူပြုခဲ့သမျှ ကောင်းမှုတွေကို
ပြောပေးရတယ်ကွယ့်"

မိမိတို့အသက်ရှင်စဉ်က ကောင်းမှုကုသိုလ် မည်မျှပင်ပြုခဲ့စေကာမူ သေခါနီးအချိန်၌ ဖြစ်ပေါ်လာသော ကုသိုလ်စိတ်၊ အကုသိုလ်စိတ်တို့ကိုစွဲလမ်းကာ အကျိုးထင်သော ဘဝ၊ အကျိုးမထင်သော ဘဝသို့ ကူးရောက်ကြရလေသည်။

တကယ်တော့ အသက်အရွယ်အားဖြင့် လည်းကောင်း၊ ရောဂါဘယကြောင့် လည်းကောင်း၊ အန္တရာယ်တစ်စုံတစ်ရာကြောင့် လည်းကောင်း၊ လူတို့မှာ သေဘေးနှင့် ကြုံတွေ့ကြရလေသည်။

ထိုအခါ သေဆုံးခါနီး အသက်ငင်နေချိန်တွင် ထို လူမမာအား သူပြုခဲ့သော ကောင်းမှုကုသိုလ်များကို မြင်သိလေအောင် ပြောပြပေးခြင်း၊ အခြားကိစ္စများအား အာရုံမများရအောင် တရားခွေအခွေများ ဖွင့်လှစ်ပေးကာ ကြားနာစေခြင်း၊ ဘုရား၊ တရားစာများကို ရွတ်ဖတ်ပြပေးခြင်းများပြုပေးကာ ကောင်းမှု၌ စိတ်အာရုံရောက်ပြီး အသက်ထွက်စေခဲ့ခြင်းဖြင့် သေခါနီး အာသန္နကံစိတ်ဖြစ်စေခဲ့လျှင် ဘဝသစ်၌ ကောင်းသော ပဋိသန္ဓေဝိညာဉ်ကို ဖြစ်စေနိုင်ပါသည်။

ထိုကဲ့သို့လည်း မလှူ့ဆော်ပေးကြ၊ သေခါနီး ခွဲခွာရတော့မည်ကို ဝမ်းနည်းကြေကွဲကာ ငိုကြွေးနေကြပါက သေခါနီး လူမမာ



www.burmeseclassic.com

www.burmeseclassic.com


ကြားသိသွားခဲ့လျှင် အသက်ရှင်နေစဉ်က မည်မျှပင် ကောင်းမှု ကုသိုလ်များ ပြုလုပ်ခဲ့စေကာမူ သေခါနီးအချိန်၌ မသင့်မတင့်သော နှလုံးသွင်းမှုများဖြစ်ကြကာ ဘဝသစ်၌ဖြစ်သော ပဋိသန္ဓေဝိညာဉ်သို့ မဖြစ်နိုင်တော့ဘဲ သံယောဇဉ်များ၊ စီးပွားရေးများ၊ ပစ္စည်းဥစ္စာများကိုသာ စွဲလမ်းမှုဖြစ်ပြီး ပြိတ္တာဘဝသို့ ရောက်ရှိသွားနိုင်ပေသည်။

စာရေးသူတို့ အရပ်ဒေသတွင် ထိုသို့ သေဆုံးခါနီးအချိန်၌ မသင့်မတင့်သော နှလုံးသွင်းမိခဲ့သဖြင့် မကျွတ်မလွတ်ဖြစ်ခဲ့ရသောဘဝသို့ရောက်ခဲ့ရသည့် အဘွားအိုတစ်ဦးရှိခဲ့လေသည်။ ထိုအဘွားအိုအကြောင်းကိုတင်ပြပေးမှသာ အာသန္နကံအကြောင်းကို ပို၍ ထင်ရှားသိလွယ်မည်ပင် ဖြစ်ပါသည်။

❖

ဖြူးမြို့နယ်ထဲတွင်ရှိသော ဇေယျဝတီမြို့မှာ သကြားစက်ကြီး တစ်လုံးတည်ရှိနေသောကြောင့် မြို့မှာထင်ရှားလေသည်။ ထိုဇေယျဝတီပတ်ဝန်းကျင်၌ ကျေးရွာများ ပတ်ပိုင်းတည်ရှိနေပါသည်။

မြောက်ဘက်၌ လင်းယောခင်၊ ပြောင်သေ၊ ညောင်ပင်သာ၊ ခင်ပိုင်းရွာများ၊ တောင်ဘက်တွင် ဆာဂွန်း၊ သာမုကန်၊ ရေလျှံကြီးရွာများ၊ အနောက်ဘက်၌ ရမ်ပူ၊ ကျောင်းစု၊ ဂနက်စီ၊ ကြက်ပေါင်ချောင်းရွာများ၊ အရှေ့ဘက်တွင် ပျဉ်းမပင်၊ ဂျေပူ၊ လယ်ပြင်ကြီး၊ ပတ္တာ၊ ရွှေတိုက်ခင်ရွာများ ပတ်ပိုင်းလျက်တည်ရှိသည်။

ထိုရွာများတွင် နေထိုင်ကြသူတို့မှာ စပါး၊ ပဲ၊ ကြံတို့ကို စိုက်ပျိုး လုပ်ကိုင်ကြလေသည်။ ယခုဖော်ပြမည့် ရွာကလေးကတော့ ကျောင်းစုရွာပင် ဖြစ်သည်။ ထိုရွာတွင် သားသမီးလေးယောက်နှင့် မုဆိုးမကြီးဖြစ်သူ ဒေါ်ထားမေ နေထိုင်၏ ။ ဒေါ်ထားမေတွင် လယ်မြေ ဆယ်ဧကခန့်ရှိပြီး ထိုလယ်များမှာ ကျောင်းစုရွာ၏ မြောက်ဘက်၊ ကျောက်ကြီးချောင်းကမ်းဘေးတစ်လျှောက် တွင်


www.burmeseclassic.com

www.burmeseclassic.com


ရှိ၏ ။

မိုးတွင်းအခါတွင် တောင်ကျချောင်းဖြစ်သော ကျောက်ကြီးချောင်းမှာ ရေကြီးရေလျှံသည့်အခါ ချောင်းကမ်းဘေးရှိ လယ်မြေများထဲသို့ရေများလျှံသဖြင့် ရေပြန်လျော့သွားလျှင် လယ်ကွက်များထဲတွင် နန်းအနည်အနစ်များ တင်ကျန်ခဲ့သဖြင့် ဒေါ်ထားမေတို့၏ လယ်မြေများမှာ သဘာဝမြေဩဇာကောင်းပြီး မည်သည့်သီးနှံကိုစိုက်စိုက် အထူးပင် အထွက်ကောင်းလေသည်။

ဒေါ်ထားမေတို့က သူ၏ခင်ပွန်းမသေမီက မိုးအခါလယ်စိုက်သည့်အခါ လူနှင့်နွားများမှာ နံနက်စောစော လယ်ထဲသွားရ၊ လယ်ထဲသို့ နေမြင့်မှရောက်ပြီး ထယ်ထိုးရ၊ ညနေတွင်လည်း မိုးမချုပ်မီ လူနှင့်နွားများကို ရွာသို့ပြန်မောင်းခဲ့ရ၍ လူရော နွားတွေပါ သွားချည်၊ ပြန်ချည်လုပ်နေရသဖြင့် ပင်ပန်းရသောကြောင့် မိုးအခါတွင် လယ်ထဲမှာပင် တဲရှည်ရှည်တစ်လုံးထိုးပြီး တစ်ပိုင်းက လူနေ၏ ။ ကျန်တစ်ပိုင်းတွင် နွားများကိုထား၏ ။

ထိုသို့ လယ်ထဲတဲတွင်နေပြီးလယ်လုပ်ခဲ့သဖြင့် အသွားအပြန်လုပ်စရာမလိုတော့ဘဲ လယ်ထဲသို့စောစောဆင်းနိုင်၏ ။ ညနေဘက်တွင်လည်း မိုးချုပ်မှောင်ခါနီးအချိန်အထိ လုပ်ကိုင်နိုင်သဖြင့် အလုပ်တွင်ပြီး လယ်များကိုအချိန်မီ ထွန်ရက်စိုက်ပျိုးနိုင်လေသည်။

❖

"ဟဲ့ . . သားတို့၊ မင်းတို့ လယ်ဆင်းကြတော့မယ်ဆိုရင် ရွာနဲ့ လယ်ထဲကို နေ့စဉ် သွားချည်၊ ပြန်လှည့်မလုပ်ရအောင် လယ်ထဲမှာပဲတဲဆောက်ပြီး လူတွေရော နွားတွေပါနေပြီး လုပ်ကြပါလား . . သားတို့ရယ်၊ မင်းတို့ အဖေရှိစဉ်ကလည်း မိုးတွင်းမှာ ဒီလိုပဲ လယ်ထဲတဲမှာ လူရော၊ နွားတွေပါနေပြီး စိုက်ပျိုးလုပ်ကိုင်ခဲ့တာကွယ့်၊ နွေလယ်ထဲက သီးနှံတွေရိတ်သိမ်းပြီးမှ ရွာကိုပြန်ပြောင်းနေခဲ့ကြတာ သားတို့ရဲ့"

www.burmeseclassic.com

www.burmeseclassic.com





"ဟုတ်တယ် အမေ .. သားတို့လုပ်နေတဲ့လယ်က ရွာနဲ့ တစ်မိုင်လောက်ဝေးနေတာဆိုတော့ လယ်ထဲကိုစောစောမရောက်ကြဘူး။ ညနေဆိုလည်း မမှောင်ခင်ပြန်ကြရတယ်လေ၊ သားတို့က လယ်ထဲမှာတဲထိုးပြီး လယ်ဆင်းချင်ကြတာဗျ။ အိမ်မှာ အမေ တစ်ယောက်ထဲကျန်နေမှာ စိတ်မချလို့မပြောခဲ့ကြတာဗျ"

"အိုကွယ် .. အမေ နေရဲပါတယ်။ ရွာထဲဆိုတော့ အိမ်နီးနားချင်းတွေလည်း ရှိနေတာပဲလေ။ ပြီးတော့ အမေ့မြေးလေးတွေက ကျောင်းတက်နေကြတာဆိုတော့ အိမ်မှာ အမေနဲ့ပဲထားခဲ့ကြပေါ့၊ အမေ့အတွက် အဖော်ရတာပေါ့ကွယ်"

ထိုသို့ ညှိနှိုင်းပြီးကြသဖြင့် သည်နှစ်မိုးတွင်း၌ လယ်ထဲမှာနေကြပြီး လယ်လုပ်နိုင်ရန် တဲရှည်ရှည်ဆောက်ခဲ့ကြ၏ ။ တဲတစ်ပိုင်း၌လူနေပြီး ကျန်တစ်ပိုင်း၌ နွားများထားရန် ဖြစ်သည်။ မိုးဦးကျသည်နှင့် သားများလည်းမိသားစုများပါ လယ်ထဲတဲသို့ပြောင်းနေကြကာ လယ်လုပ်ခဲ့ကြတော့သည်။

"ကိုသာအေး .. ရှင် ဒီတဲနားက မြေကွက်လပ်ကလေးကို ထယ်ထိုးပေးပါလား တော်"

"ဟင် .. ဘာ စိုက်မလို့တုန်း မြမေရဲ့"

"ကျွန်မ ဒီအကွက်ကလေးကို ချဉ်ပေါင်တို့၊ ရုံးပတီသီးတို့၊ ငရုတ်တို့ စိုက်ထားမယ်လေ။ အပင်ဖြစ်လာရင် ခူးဆွတ်ပြီး ချက်စား



www.burmeseclassic.com

www.burmeseclassic.com


နိုင်တာပေါ့တော့"

"အေးပါကွာ . . ဒီအကွက်ကလေးက သိပ်ကျယ်တာမှ မဟုတ်ဘဲ။ ငါ ထယ်စောစောဖြုတ်လာပြီး ထိုးပေးပါ့မယ်ကွာ"

မြမေက နေ့ခင်းထယ်နားချိန်တွင် သာအေးအား အိမ်ဘေးနားတွင် တဲဆောက်စဉ်က ပိုနေသောဝါးများဖြင့် ဟင်းရွက်စင် ဆောက်ခိုင်း၏ ။ ထို စင်အောက်နားတွင် မြေတူးဆွ၍ သခွား ဗုံလုံတို့ကို စိုက်ထားလေသည်။

မိုးလယ်လောက်ရောက်သောအခါ လယ်ကွက်များလည်း ထယ်ကျွတ်ခဲ့၍ စပါးစိုက်ရန် သမန်းလူးကြလေပြီ။ ထိုအချိန်တွင် တဲဘေးမြေကွက်လပ်၌ စိုက်ထားသော ချဉ်ပေါင်၊ ရုံးပတီ၊ ငရုတ်တို့မှာတောဖြစ်၍ သန်သန်စွမ်းစွမ်း ဖြစ်လာကြ၏ ။

မြမေက ထမင်းတစ်အိုး တည်ထားပြီးလျှင် ပလိုင်းတစ်လုံး ခါးမှာချည်၍ ယက်သဲ့တစ်လက်နှင့် လယ်ကွက်တွေထဲ လိုက်ထိုးခဲ့သဖြင့် ငါးခုံးမ၊ ငါးဇင်ရိုင်း၊ ငါးသလဲထိုး၊ ကနန်းလုံးကလေးများပါ တစ်ဟင်းစားရလာခဲ့၏ ။

"ငါ . . ဒီ ငါးကလေးတချို့နဲ့ ချဉ်ပေါင်ရွက်ရောပြီး ချဉ်ရေဟင်းချက်မယ်။ ကျန်တဲ့ ငါးကလေးတွေကို ငရုတ်သီးစပ်စပ်ကလေးနဲ့ ဆီပြန်ချက်ရမယ်။ ပြီးတော့ ရေကျိုငါးပိရည်ကျိုပြီး ဗုံလုံသီးပြုတ်၊ သခွားသီးစိပ် နဲ့ အတို့အမြှုပ် လုပ်ရမယ်"

ကိုသာအေးက လယ်ထဲဆင်းကာ မြမေက တဲတွင် စားဖွယ် သောက်ဖွယ်ကို ဖွယ်ဖွယ်ရာရာကလေးဖြစ်အောင် စီမံချက်ပြုတ်နေရ လေသည်။

"ဟာ . . တယ်စားကောင်းပါလား ဟေ့၊ ကတွတ်ပေါက်တွေမှာ ညနေပိုင်းရောက်ရင်ခရာထောင်ပေးမယ် မြမေ၊ ခရာထောင်ထားရင် လယ်ထဲက ငါးမျိုးစုံရမှာပဲကွ"

"ဟုတ်တယ် . . အဲဒီ ဗုံလုံမျိုးက အရှည်မျိုးလေးပါ။ ခပ်မြင့်မြင့်ထိုးပေးရင် အသီးတွေပိုတောင် ရှည်ရှည်သီးလာကြမှာတော့"



www.burmeseclassic.com

www.burmeseclassic.com


ယခုတော့ လယ်ထဲတွင် နေကြပြီး လယ်လုပ်ခဲ့ကြသည်မှာ ထွန်တုံးပိတ်သိမ်းခဲ့ကြလေပြီ။ တဖြည်းဖြည်း မိုးပါသောကြောင့် စပါးများလည်း သီးလာကြပြီ ဖြစ်သည်။ မကြာတော့သည့်အချိန်တွင် စပါးရိတ်ကြရပြီး ပဲများကြဲကြရမည်။ ကြဲလည်း နှစ်ခေါက်တိုက်ထားသဖြင့် ကြဲခင်းကြီးမှာညို့နေအောင် ကောင်းလေသည်။

မိုးပြတ်ပြီး တန်ဆောင်မုန်းလထဲရောက်လျှင် သကြားစက်သို့ ကြံတိုက်ချကြရမည် ဖြစ်သည်။ ဆောင်းသီးနှံများ စိုက်ပြီးသွားကာ စပါးများလည်းနယ်၍ပြီးခဲ့ကြလျှင် ကြံစိုက်ရမည်။

“အင်း . . ကြံစိုက်ပြီးသွားရင်တော့ တစ်နှစ်တာလုပ်ငန်းကုန်ဆုံးပြီဖြစ်လို့ ရွာပြန်ပြောင်းနေကြရတော့မှာပါလား”

နွေအကုန်အထိ ရွာတွင် နေကြရ၏ ။ တစ်ဖန် မိုးဦးပြန်ရောက်လျှင် လယ်ထဲတဲသို့ရွှေ့လာကြရပြန်ကာ လယ်ဆင်းကြရလေသည်။

လယ်ထဲတဲတွင်နေကြပြီး လယ်ဆင်းနေကြသော တစ်နေ့တွင် ရွာတွင်နေသော မိခင်ကြီးဒေါ်ထားမေမှာ နေထိုင်မကောင်းသဖြင့် နေ့ဘက်တွင် လာရောက်ကြည့်ရှုကြပြီး ဆေးဆရာပင့်ကာ ဆေးတိုက်၊ ဆေးလိမ်းနှင့် ပြုစုပေးကြရ၏ ။

“အမေ . . သက်သာရဲ့လား ဟင်”

“အင်း . . သက်သာပါတယ်ကွယ်၊ အမေက အသက်ကရလာတော့ ဒီလိုပဲ၊ ကျန်းမာရေးလည်း မကောင်းနိုင်တော့ဘူးပေါ့ကွယ်”

“ငါ့သားကြီး တဲကိုပြန်တော့လေ၊ တဲမှာက မင်းမိသားစုပဲကျန်နေခဲ့တာ မဟုတ်လား”

“သားတို့ ညဘက်မှာ လာစောင့်အိပ်ပေးမယ်လေ”

“မလိုပါဘူး သားရယ် . . မင်းညီမတို့ လာစောင့်ပေးကြပါတယ်”

“ဒါဆိုရင် ကျွန်တော်တဲကို ပြန်တော့မယ် အမေ”

“ဪ . . အမေ၊ ည ဆေးသောက်ဖို့လည်း မမေ့နဲ့ဦး


www.burmeseclassic.com

www.burmeseclassic.com


နေ့ဘ်"

ရွာထဲတွင် ညီမတစ်ယောက်က အိုးခွဲနှင့်နေပြီး ကျန် ညီမ တစ်ယောက်ကတော့ ဇေယျာဝတီတွင် နေထိုင်လေသည်။ လယ်ထဲတွင် သားကြီးနှင့် သားငယ်တို့က လယ်လုပ်နေ၏ ။

❖

တစ်နေ့တွင် ဒေါ်ထားမေ မသက်သာသဖြင့် ဇေယျာဝတီမှ ညီမဖြစ်သူက အမေ့ကိုလှည်းနှင့်တင်ခေါ်သွားပြီး မြို့ဆေးခန်းတွင်ပြကာ ဆေးထိုးပေးလေသည်။

"ဟေ့ . . သာအေးတို့၊ မင်းတို့အမေ မသက်သာလို့ မင်းညီမက ဇေယျာဝတီက သူ့အိမ်ကိုလှည်းနဲ့ တင်ခေါ်သွားပြီလေ"

"ဟာ . . ဟုတ်လား၊ ဒါဆိုရင်တော့ ငါ ဇေယျာဝတီကို လိုက်သွားရမှာပေါ့"

သာအေးတို့ညီအစ်ကိုလည်း နံနက်ပိုင်းထယ်ဖြုတ်လျှင် နေ့လည်စာစားသောက်ပြီး ဇေယျာဝတီသို့လာခဲ့ကြလေသည်။

"ဟင် . . ညီမ၊ အမေ ဘယ်လိုနေသေးလဲ ဟင်"

"မသက်သာပါဘူး . . အစ်ကိုကြီးရယ်၊ အမေ့ အခြေအနေက ဒီတောင်က ကျော်မှကျော်နိုင်ပါ့မလား မသိဘူး"

"ဆရာဝန်နဲ့ပြပြီး ဆေးထိုးပေးတယ်ဆို . . ဆရာဝန် က ရော ဘာပြောသလဲ"

"ဆရာဝန်ကတော့ အမေ့ရောဂါကိုစမ်းသပ်ပြီး ဆေးထိုးပေးတာပဲ၊ အမေက အသက်ကရလာတော့ သိပ်တော့ . . မထိရောက်တော့ဘူး အစ်ကိုရဲ့"

ကိုသာအေးတို့ ညီအစ်ကိုမောင်နှမတွေမှာလည်း သူတို့၏ မိခင်ကြီး အိပ်ရာထဲ ဘုန်းဘုန်းလဲကာ မကျန်းမမာဖြစ်နေသဖြင့် စိတ်မချမ်းသာကြတော့ပေ။ နေ့ခင်းဘက်တွင် လယ်ထဲဆင်း လိုက်၊ ညဘက်ရောက်လျှင် အမေ လူမမာထံလာကြည့်လိုက်နှင့် မအားမလပ်နိုင်အောင် ဖြစ်ကြရလေသည်။

www.burmeseclassic.com





"အင်း . . အမေဟာ အဖေဆုံးသွားပြီးတော့ မုဆိုးမ ဘဝနဲ့ လယ်တွေကို လူငှားနဲ့ လုပ်ကိုင်ပြီး ငါတို့ကို ကြီးပြင်းလာအောင် ကျွေးမွေးပေးလာခဲ့တာပဲ။ ငါတို့ အချိန်တန်၊ လူလားမြောက်လာကြတော့ အိမ်ထောင်တွေကျကြ၊ အမေနဲ့မခွဲဘဲ ငါတို့ လယ်လုပ်ခဲ့ကြရတယ်"

"လယ်ထဲမှာတဲထိုးပြီး ရွှေ့ပြောင်းနေကြတော့ အမေဟာ တစ်ခါတစ်ရံ လယ်ထဲကိုလိုက်လာပြီး လယ်တွေအချိန်အခါမီ စိုက်နိုင်အောင်လုပ်ကြဖို့ တိုက်တွန်းခဲ့တယ်။ ပြီးတော့ တဲဘေးမှာ ဟင်းသီးဟင်းရွက်ပင်လေးတွေ စိုက်ထားရင် ရှုးဆွတ် ချက်ပြုတ်စားနိုင်ကြောင်း အကြံပြုခဲ့တယ်။ ပြီးတော့ လယ်ထဲတဲမှာနေပြီး လယ်လုပ်ကြတော့ ညမူညတာ သတိရှိကြဖို့ကအစ သတိပေးခဲ့ရှာတာပါလား"

ကိုသာအေးမှာ သူ၏မိခင်ကြီးအကြောင်း ပြန်တွေးကြည့်နေမိခြင်း ဖြစ်သည်။

"အင်း . . အမေ ဆေးကောင်းဝါးကောင်းနဲ့တွေ့ပြီး အမြန်ဆုံး သက်သာပျောက်ကင်းနိုင်ပါစေ အမေရယ်"

တစ်နေ့ခင်းတွင် ရွာမှညီမဖြစ်သူက ကိုသာအေးတို့ထံ အမေ အသည်းအသန်ဖြစ်နေ၍ အသက်စောင့်နေရပြီဖြစ်ကြောင်း၊ လူလွှတ်၍ အကြောင်းကြားလာခဲ့သဖြင့် နွားများအား ယောက်ဖဖြစ်သူကို ထိန်းကျောင်းထားရန် ပြောခဲ့ပြီး အမေရှိရာ ဇေယျဝတီသို့ ညီအစ်ကိုနှစ်ယောက်စလုံး အပြေးအလွှားလာခဲ့ကြလေသည်။

ကိုသာအေးတို့ရောက်လာကြတော့ အမေမှာ အိပ်ရာထဲ

www.burmeseclassic.com

www.burmeseclassic.com


ပက်လက်နှင့် အသက်မျှင်းမျှင်း ရှူနေရလေသည်။ ညီမဖြစ်သူတို့ကတော့ အမေ့ဘေးနားတွင်ထိုင်နေကြကာ ငိုယိုနေကြလေသည်။

"ဟဲ့ . . ညီမတို့ ဘာကြောင့် အသံတွေထွက်ပြီး ငိုနေကြရတာလဲကွယ်၊ တော်တော်ကြာ . . လူမမာအမေ ပိုပြီး စိတ်မကောင်းဖြစ်နေပါ့မယ်ကွယ့်၊ ဒီလို အခြေအနေမျိုးမှာ အမေ့ကို သူပြုခဲ့သမျှကောင်းမှုတွေကို ပြောပေးရတယ်ကွယ့်"

"အမေ . . သားတို့အားလုံး အမေ့နားမှာ ရှိနေကြတယ် အမေ၊ အမေ သားတို့အတွက် ဘာမှ နောက်ဆံမတင်းပါနဲ့ အမေ၊ အမေဟာ ရွာဦးဘုန်းကြီးကျောင်းဆောက်ခဲ့စဉ်က ကျောင်းဖြစ်မြောက်အောင် လှူဒါန်းပေးခဲ့တယ်လေ။ အဲဒီ လှူဒါန်းမှုတွေကို သတိရပါ အမေ"

"အမေ . . သမီးလေ . . အမေ တရားနာယူနိုင်အောင် ကက်ဆက်နဲ့ တရားခွေ ဖွင့်ပေးထားတယ်နော်၊ အမေ တရားနာယူပါ အမေ"

ဒေါ်ထားမေက အိပ်ရာထဲပက်လက်အနေအထားမှ သားသမီးများပြောသောစကားများကို ကြားမိကာ အိပ်ရက်မှ လက်အုပ်ချီထား၏ ။ တရားခွေမှတရားကိုလည်း ငြိမ်သက်စွာ နာယူနေလေသည်။

ထိုစဉ်တွင် ညနေမိုးချုပ်ခါနီးအချိန်တွင် လယ်ထဲ၌ နွားတွေကျောင်းနေသော ယောက်ဖဖြစ်သူက အမေ့အခြေအနေကိုသိရန်ရောက်လာခဲ့လေသည်။

ဒေါ်ထားမေမှာ ရောဂါအခြေအနေပို၍ ဆိုးလာသဖြင့် ဖောချွေးများပင် ပြန်လာလေသည်။ ထိုစဉ်တွင် အိမ်ပေါ်သို့ တက်လာခဲ့သောယောက်ဖက အသံကျယ်ကျယ်ဖြင့် ပြောလာခဲ့လေသည်။

"ကွာ . . ငါ လယ်ထဲမှာ နွားတွေကျောင်းနေရတာကလည်း မသက်သာပါဘူးကွာ၊ နွားတွေက စိုက်ခင်းတွေဘက်သွားလိုသွား၊ ကြံစိုက်ခင်းထဲ ဝင်လိုဝင်နဲ့ တော်တော် ဖိုဟ်ပျက်စရာ


www.burmeseclassic.com

www.burmeseclassic.com




ကောင်းတယ်ကွာ"

ဇော်ချွေးများပြန်နေသော မိခင်ကြီးမှာ တရားခွေမှ တရားသံကို နားထောင်နေရာမှသူ့နွားတွေ အကြောင်း ပြောလာသံကို ကြားသိသွားကာ မကြာမီတွင် မေးတစ်ချက်ထိုး၍ ကွယ်လွန်သွားခဲ့တော့ သည်။

"ယောက်ဖရာ . . မင်း အိမ်ပေါ်တက်လာတာများ အခြေအနေလေး ဘာလေး အကဲခတ်ရောပေါ့ကွာ၊ မင်း နွားတွေမနိုင်တဲ့ အကြောင်းပြောလိုက်တဲ့အသံကို အမေဟာ ဇောအာရုံဝင်နေစဉ်မှာ ကြားသွားခဲ့ပြီး ဆုံးသွားရပြီကွ။ ဒီလိုအချိန်မှာ လူမမာအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာစကားမျိုး မပြောရဘူးကွ"

"အေးကွာ . . ငါလည်း သတိမထားမိလို့ ပြောခဲ့မိတာပါကွာ"

မိခင်ကြီးအား သုံးရက်ထားကာ သဂြိုဟ်ခဲ့ကြလေသည်။ ခုနစ်ရက်ကြာတွင် ရက်လည်ဆွမ်းသွတ်ကာ အမျှအတန်းပေးဝေခဲ့ကြလေသည်။

တစ်ညနေတွင် ကိုသာအေးမှာ လယ်ထဲရှိလယ်ကွက်လပ်တစ်ကွက်တွင် နွားများကို ကျောင်းနေ၏ ။

"တောက် . . တောက်"

"ဟဲ့ . . နွားတွေ ကြံခင်းဘက်ကို မသွားကြနဲ့ ဟဲ့"

"ဟင်! . . ဒီ နွားငေါက်သံဟာ အမေ့အသံနဲ့ တူလိုက်တာ၊ အမေ နွားတွေကို စွဲလမ်းပြီး မကျွတ်မလွတ်ဖြစ်နေရှာတယ်

www.burmeseclassic.com

www.burmeseclassic.com


ထင်တယ်"

"ဖြစ်တော့ ဖြစ်နိုင်တာပဲ . . ယောက်ဖဖြစ်သူက လူနာ အခြေအနေကိုမကြည့်ဘဲ နွားတွေဆိုးကြောင်း၊ လူမမာ အသက်ထွက်ခါနီးမှာ ညည်းပြီးပြောလိုက်လို့ အမေဟာ သူ့နွားတွေကို စိတ်စွဲသွားပြီး ဒီ နွားငေါက်သံပြုခဲ့တာပဲ ဖြစ်မယ်"

ထို နွားငေါက်သံအကြောင်း ကျန်သောညီအစ်ကို မောင်နှမများအား ပြောပြခဲ့သဖြင့် စိတ်မကောင်းဖြစ်ကြကာ အမေ မကျွတ်မလွတ်ဘဝမှ ကျွတ်လွတ်နိုင်အောင် အမေ့အတွက် ရည်စူးပြီး သံဃာများပင့်ဖိတ်၍ ဆွမ်းကျွေးပြီး မိခင်ကြီးအား အမျှအတန်း ပေးဝေခဲ့ကြလေသည်။

"အင်း . . အမေ့အတွက် ကောင်းမှုကုသိုလ်ပြုပေးပြီး အမျှအတန်းပေးဝေခဲ့ကြလို့ အမေ သာဓုခေါ်နိုင်ခဲ့ပြီး မကျွတ်မလွတ်ဘဝက လွတ်မြောက်ပြီး ကောင်းရာမွန်ရာဘဝကို ကူးသွားခဲ့ပြီ ထင်တယ်၊ နောက်ထပ် နွားငေါက်သံ မကြားရတော့ဘူး"

ထိုအခါမှပင် ကိုသာအေးတို့ ညီအစ်ကိုမောင်နှမတို့မှာလည်း စိတ်လက်ချမ်းသာသွားကြကာ မိမိတို့လုပ်ကိုင်ရသော လယ်ယာအလုပ်များကို အေးချမ်းစွာပင် လုပ်ကိုင်ခဲ့ကြလေတော့သတည်း။ ။

BURMESE CLASSIC

တင့်ထူး (ဇေယျာဝတီ)

www.burmeseclassic.com